# မောင်ရဲနိုင်

မောင်ပေါက်ကျိုင်းသို့
စကားလက်ဆောင်

င်ငံခြားတွင် သွားလာ၊
ဝက်ဆံ၊ နေထိုင်၊ လုပ်ကိုင်၊
ငွေစုနှင့်ပစ္စည်းဝယ်ရေး အကြံပြုချက်များ



ဂုဏ်ထူးစာပေ

ဘာရတီ စာပေ
မှ
ထုတ်ဝေ၍
**ဂုဏ်ထူးစာပေ**
အမှတ် ၂၀၉၊ ၃၃-လမ်း၊ ရန်ကုန်မြို့၊
ဖုန်း (၇၄၅၁၀)
မှ
ပြည်လုံးကျွတ် ဖြန့်ချီသည်။

မောင်ရဲနိုင်

# မောင်ပေါက်ကျိုင်းသို့
# စကားလက်ဆောင်

(နိုင်ငံခြားတွင် သွားလာ ဆက်ဆံနေထိုင်
လုပ်ကိုင်ငွေစုနှင့်ပစ္စည်းဝယ်ရေး အကြံပြုချက်များ)

စာမူခွင့်ပြုချက် (၃၄၄/၉၁) (၁၀)

မျက်နှာဖုံး ခွင့်ပြုချက် (၂၊ ၆/၉၂) (၉)

၁၉၉၂-ခု၊ နိုဝင်ဘာလ

ပထမအကြိမ်

အုပ်ရေ(၁၀၀၀)

တန်ဖိုး ၆၅ ကျပ်

ထုတ်ဝေသူ ဦးဘသိ
(ဝ၇ဝ၁)
ဘာရတီစာပေ
အမှတ် ၆၆-၁၂၃ လမ်း၊
မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။

ပုံနှိပ်သူ ဦးနန္ဒ (ဝ၃၅၉၇)
သီရိနန္ဒာပုံနှိပ်တိုက်
အမှတ် ၂၁၅၊ ၃၂ လမ်း၊ ရန်ကုန်မြို့။

အဖုံးရိုက် ဦးမြသိန်း (ဝ၁၄၂၇)
သိန်းမြင့်ဝင်းအော့ဖ်စက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံး ငွေကြည်

## စာရေးသူ၏အမှာ

ကျွန်တော်သည် အင်္ဂလန်တွင်ပညာသင်ပြီး၊ ထိုင်းသို့ သုံးခေါက်၊ ဂျပန်သို့တစ်ခေါက် ရောက်ခဲ့ပါသည်။

တစ်ချိန်ချိန်တွင် စာအုပ်ရေးမည်ဆိုပြီး အချက်အလက်များကို လေ့လာစုဆောင်းခဲ့ပါသည်။ အလွှာအသီးသီးရှိ မြန်မာများ၊ နိုင်ငံခြားသားများနှင့်လည်း ပေါင်းသင်းဆက်ဆံပြီး သူတို့ဘဝကို တစ်စေ့တစ်စောင်း လေ့လာခဲ့ပါသည်။ နိုင်ငံအသီးသီးရှိ ဆွေမျိုး မိတ်ဆွေသင်္ဂဟများနှင့်လည်း ယနေ့တိုင် စာဖြင့်ဆက်သွယ်နေပါသည်။

ယခုအခါတွင် မြန်မာလူငယ် အတော်များများသည် ကမ္ဘာအရပ်ရပ်သို့သွားရောက်အလုပ်လုပ်နေကြပါပြီ။ နောင်တွင် သွားလတ္တံ့သော လူငယ်များအတွက် နိုင်ငံခြားတွင် မိမိတို့ကြုံတွေ့ရမည့်အခြေအနေနှင့် မိမိတို့အလိုက်အထိုက် နေထိုင် ဆက်ဆံသွားလာ ပေါင်းသင်းကြရမည့်ဘဝကို ကြိုတင်မျှော်မှန်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဤစာအုပ်ကို ပြုစုရခြင်းဖြစ်ပါသည်။

ကျွန်တော့်ထံ ဤစာအုပ်၏ ချို့ယွင်းအားနည်းချက်များ ဖြည့်စွက်သင့်သော အချက်များရှိပါက ချီးမြှင့်ကြပါရန် လေးစားစွာ မေတ္တာရပ်ခံပါသည်။

ဆန္ဒပြည့်ဝပြီး အကြံ အောင်မြင်ကြပါစေ။

မောင်ရဲနိုင်

[၂၁၊ ဖေဖော်ဝါရီ၊ ၁၉၉၀]

# မာတိကာ

## အပိုင်း(၁)

## အခန်း (၁)

### နိုင်ငံခြားသို့ သွားရောက်ပုံ အမျိုးမျိုး


၁။ ကျွန်ုပ်လာသောကမ္ဘာ ၁

၂။ အာရှတိုက်၏ခရီးသွားလာရေးလုပ်ငန်း ၃

၃။ မြန်မာတို့နိုင်ငံခြားသို့သွားရောက်ပုံအမျိုးမျိုး ၅

(က) ဆေးကုသရန်သွားခြင်း ၆

(ခ) အလည်အပတ်သွားခြင်း ၆

(ဂ) မိမိအစီအစဉ်ဖြင့်ပညာသင်သွားခြင်း ၇

(ဃ) အချိန်ကာလ ကန့်သတ်ချက်အတွင်း
သွားရောက်အလုပ်လုပ်ခြင်း ၇

(င) အမြဲတမ်းပြောင်းရွှေ့အခြေချခြင်း ၈

(စ) အစိုးရပညာသင်အဖြစ်
သွားရောက်ခြင်း ၈

(ဆ) ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ
လေ့လာရေးခရီးစဉ်များ သွားရောက်
ခြင်း ၉

## မာတိကာ


၄။ နိုင်ငံကူးလက်မှတ်အမျိုးမျိုး ၁၀
၅။ ပြည်ဝင်ခွင့်လက်မှတ်(ဝါ) ဗီဇာအမျိုးမျိုး ၁၁
၆။ မြန်မာနိုင်ငံမှ ထွက်ခွာလျှင် လိုအပ်မည့် အဓိက စာရွက်စာတမ်းများ ၁၃


### အခန်း (၂)
### လေယာဉ်ခရီးစဉ်


၁။ လေကြောင်း ကုမ္ပဏီများ ၁၆
(က) မြန်မာပြည် (မင်္ဂလာဒုံလေဆိပ်)မှ စီးနင်းနိုင်သောလေကြောင်း ကုမ္ပဏီများ ၁၇
(ခ) နိုင်ငံခြား လေယာဉ်ကွင်းကြီးများမှ စီးနင်းနိုင်သော ကမ္ဘာ့လေကြောင်း ကုမ္ပဏီများ ၁၇
၂။ ခရီးသွားမှု ဆောင်ရွက်ပေးသူများ ၁၉
၃။ ကမ္ဘာ့လေကြောင်း ခရီးအကွာအဝေးနှင့် ပျံသန်းချိန် ၂၂
၄။ မင်္ဂလာဒုံလေဆိပ်မှ ထွက်ခွာခြင်း ၂၆
(က) ခရီးစဉ်နှင့်ထိုင်ခုံနေရာအတည်ပြုချက် ရယူခြင်း ၂၆
(ခ) လေယာဉ်ကွင်းဆင်းရန်ပြင်ဆင်ခြင်း ၂၉
(ဂ) မင်္ဂလာဒုံလေယာဉ်ကွင်းတွင် ၃၂
(ဃ) ရန်ကုန်--ဗန်ကောက်လေယာဉ်ပေါ်တွင် ၃၈


## မာတိကာ


(င) ဒွန်မွန် လေဆိပ်တွင် ၄၅
(စ) ဗန်ကောက်တွင် တစ်ညအိပ်ကာ လေယာဉ်ပြောင်းစီးခြင်း ၅၆
(ဆ) နိုင်ငံခြား လေယာဉ်ကြီးပေါ်တွင် (စီးနင်းစားသောက်ပုံ၊အကောက်ခွန် လွတ် ဝယ်နိုင်သော ပစ္စည်းများ၊ အကောက်ခွန်လွတ်သယ်ယူခွင့်၊နာရီ ခြားနားမှုများ) ၇၄
(ဇ) လမ်းခရီးနိုင်ငံများတွင် လေယာဉ် ဆင်းသက်ခြင်း။(လေဆိပ်အသီးသီးရှိ အကောက်ခွန်လွတ်ဆိုင်များတွင်ပစ္စည်း ဈေးနှုန်းများ၊ ငွေလဲလှယ်နှုန်းများ) ၉၀
(ဈ) ခရီးဆုံးလေဆိပ်သို့ ရောက်ရှိခြင်း ၉၄


### အပိုင်း (၂)

### နိုင်ငံခြားတွင်နေထိုင်စားသောက်ရေး


၁။ လေဆိပ်မှ တည်းခိုရာသို့ ၉၆
၂။ တည်းခိုနေထိုင်စရာအမျိုးမျိုး ၁၀၄
(က) အနောက်တိုင်းဟန် ဟိုတယ်ကြီးများ ၁၀၅
(ခ) တိုင်းရင်းသားရိုးရာဟိုတယ်များ ၁၀၈
(ဂ) မိုတယ်များ ၁၀၉

(ဃ) Bed and Breakfast Hotel. ၁၁၀
(င) Bed Sitter ခေါ် အခန်းငယ်များတွင် နေခြင်း ၁၁၁
(စ) အိမ်ရှင်နှင့်အတူ နေထိုင်စားသောက်ရသော အိမ်များ ၁၁၂
(ဆ) အခန်းငှားနေခြင်း ၁၁၇
(ဇ) အဆောင်များ ၁၂၃
(ဈ) ပြင်ပအဆောင်များ ၁၂၉
(ည) အခြေကျနေသော ပြည်ပရောက်မြန်မာများအိမ်တွင်နေခြင်း ၁၃၁

၃။ နိုင်ငံခြားတွင် စားရေးသောက်ရေး ၁၃၄

(က) ဟိုတယ်များ ၁၃၅
(ခ) စားသောက်ဆိုင်များ ၁၃၆
(ဂ) သက်သာစားသောက်ဆိုင်များ ၁၃၆
(ဃ) လမ်းဘေးဆိုင်ကလေးများ ၁၃၈
(င) ကိုယ်တိုင်ချက်ပြုတ်စားခြင်း ၁၄၃

၄။ မြန်မာသံရုံးနှင့်ဆက်သွယ်ခြင်း ၁၄၉

(က) နိုင်ငံရပ်ခြားရှိ မြန်မာသံရုံးများ စာရင်းနှင့်လိပ်စာ ၁၅၁
(ခ) မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများ ၁၆၀



## အပိုင်း (၃)
## နိုင်ငံခြားတွင်သွားလာရေး

၁။ လေယာဉ်ဖြင့် ၁၆၂
၂။ မြေပေါ်ရထားဖြင့် ၁၆၂
၃။ မြေအောက်ရထားဖြင့် ၁၆၅
၄။ ဘတ်(စ)ကားဖြင့် ၁၆၆
၅။ တက္ကစီကားဖြင့် ၁၆၈
၆။ ကားငှားပြီး ကိုယ်တိုင်မောင်းခြင်း ၁၆၉
၇။ ကားဝယ်ပြီးကိုယ်တိုင်မောင်းခြင်း ၁၇၁
၈။ ကားကြုံစီးပြီး သွားလာခြင်း ၁၇၈
၉။ ခြေလျင်လျှောက်ခြင်း ၁၇၉
၁၀။ ခရီးသွားအေဂျင်စီများ အစီအစဉ်ဖြင့် သွားလာခြင်း ၁၈၀
၁၁။ ခရီးသွားအတွက် အထောက်အကူများ ၁၈၅
၁၂။ မျက်စိလည်သော် ၁၈၇
၁၃။ မကျန်းမာသူများ သတိပြုဖွယ် ၁၈၇

## အပိုင်း (၄)
## နိုင်ငံခြားတွင်ပညာဆည်းပူးခြင်း

၁။ တက္ကသိုလ်များ၊ကောလိပ်များ၊ကျောင်းများ ၁၈၈
၂။ ဌာနဆိုင်ရာသင်တန်းများ ၁၈၉

၃။ ဘာသာစကား အခက်အခဲရှိခဲ့သော် ၁၉၀
၄။ ဆရာ ကျောင်းသား ဆက်ဆံရေးနှင့် ကျောင်းသားချင်းဆက်ဆံရေး ၁၉၁

အပိုင်း (၅)
နိုင်ငံခြားတွင်အလုပ်လုပ်ခြင်း

၁။ မြန်မာသံရုံးတွင် ၁၉၅
၂။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် ၁၉၇
၃။ အစိုးရဌာနများတွင် ၁၉၈
၄။ ပုဂ္ဂလိကအဖွဲ့အစည်းများတွင် ၂၀၀
၅။ ကိုယ်ပိုင်လုပ်ငန်းများ ၂၀၃
၆။ သတိပြုရန်အချက်များ ၂၀၇
(က) လိုက်နာရန်အချက်များ
(ခ) ရှောင်ကြဉ်ရန်ကိစ္စများ

အပိုင်း (၆)
ပျော်စရာရွှင်စရာ

၁။ မိတ်ဆွေဖွဲ့ခြင်း ၂၁၁
၂။ ရိုးရာပွဲလမ်းသဘင်များ ၂၁၄
၃။ ပျော်ပွဲစားရုံများ ၂၁၇
၄။ အရက်ဆိုင် ၂၁၈

မာတိကာ

၅။ ကစားခုန်စား ၂၂၀
၆။ ပြတိုက်များ ၂၂၃
၇။ အလည်အပတ်သွားခြင်း ၂၂၈
၈။ စာကြည့်တိုက်များ ၂၂၈
၉။ လောင်းကစားခြင်း ၂၃၀
၁၀။ ရုပ်မြင်သံကြား ရုပ်ရှင်၊ ပြဇာတ် ၂၃၁
၁၁။ မီးနီရပ်ကွက်များ ၂၃၃

အပိုင်း (၇)
ငွေစုခြင်း

၁။ ဘဏ်များနှင့်ဆက်သွယ်ခြင်း ၂၃၄
၂။ ငွေလဲခြင်း ၂၃၆
၃။ ငွေလွှဲခြင်း ၂၃၇

အပိုင်း (၈)
ပစ္စည်းဝယ်ခြင်း၊ ပို့ခြင်း

၁။ ဈေးဆိုင်အမျိုးမျိုး ၂၃၉
(က) Market
(ခ) Crocery
(ဂ) Butcher
(ဃ) Minimarket, Shopping Moll

(င) Department Store
(စ) Supermarket
(ဆ) Specialized stores
(ဇ) Mail Order
(ဈ) အခြား
၂။ နေ့စဉ်သုံးပစ္စည်းဝယ်ခြင်း ၂၄၄
(က) အစားအသောက်
(ခ) အခြား
၃။ ပစ္စည်းကြီးများ ဝယ်ခြင်း ၂၄၆
၄။ မြန်မာနိုင်ငံသို့ ပြန်ပို့ရန် ပစ္စည်းဝယ်ခြင်းနှင့် ပြန်ပို့ခြင်း ၂၄၇
(က) မော်တော်ကား
(ခ) လျှပ်စစ်နှင့် အိမ်ဆောက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ
(ဂ) အမှတ်တရ ပစ္စည်းများနှင့် အိမ်တွင်းသုံး ပစ္စည်းငယ်များ
၅။ ဘာတွေ ဝယ်သင့်သလဲ၊ ဘာတွေမဝယ်သင့်သလဲ ၂၄၉

အပိုင်း (၉)
ဆက်သွယ်ရေး

၁။ စာတိုက် ၂၅၂
(က) ရိုးရိုးစာ



(ခ) စာပို့သင်္ကေတ
(ဂ) စာအဆင့်အတန်း
(ဃ) အမြန်စာလုပ်ငန်း
(င) ချောထုပ် လုပ်ငန်း
၂။ ကြေးနန်းနှင့် တဲလက် ၂၅၅
၃။ တယ်လီဖုန်း ၂၅၅
(က) အဝေးဆက်
(ခ) ငွေမကုန်သောနည်း
၄။ ဖက်စီမီလီ ၂၅၈

အပိုင်း (၁၀)
ကျန်းမာရေး

၁။ ကြိုတင်ကာကွယ်ခြင်း ၂၆၀
၂။ ကုသခြင်း ၂၆၀
(က) နိုင်ငံတော်မှ တာဝန်ယူခြင်း
(ခ) အမျိုးသား ကျန်းမာရေး အာမခံစနစ်
(ဂ) လူနာ၏ တာဝန်ဖြင့် ကုသရေး
(ဃ) ကုမ္ပဏီကြီးများမှ တာဝန်ယူခြင်း

အပိုင်း (၁၁)

၁။ အပြန်ခရီး စီစဉ်ခြင်း ၂၆၅
၂။ ထုပ်ပိုးခြင်းနှင့် ပို့ဆောင်ခြင်း ၂၆၆
၃။ အပြန်ခရီး လေယာဉ်ပေါ်နှင့်လေယာဉ်ကွင်း အကောက်ခွန်လွတ် ဆိုင်တွင်ဝယ်ခြင်း ၂၆၈

## မာတိကာ


၄။ လမ်းခုလတ် တိုင်းပြည်တွင် ၂၆၇
၅။ မင်္ဂလာဒုံ လေဆိပ်တွင် ၂၇၀

နောက်ဆက်တွဲများ

(က) Some Differences in British and American English. ၂၇၂
(ခ) အသုံးဝင်မည့် ထိုင်းစကားအချို့ ၂၇၇
(ဂ) Twenty Useful Japanese Expression. ၂၈၀
(ဃ) ထုတ်ကုန် ပါမစ်မလိုဘဲ ပြည်ပသို့ ယူဆောင်ခွင့်ပြုသော ပစ္စည်းများ ၂၈၃
(င) သွင်းကုန် ပါမစ်မလိုဘဲ အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် ပြည်တွင်းသို့ တင်သွင်းခွင့်ပြုသော ပစ္စည်းများ ၂၈၆
(စ) အရေအတွက်နှင့် တန်ဖိုး အကန့်အသတ်မရှိ တင်သွင်းနိုင်သော ပစ္စည်းများ ၂၉၀
(ဆ) ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းဆိုင်ရာ သိအပ်သည်များ ၂၉၃
(ဇ) Average Temparature (c), and Time. ဇယား
(ဈ) Tables of weights and Measures and Currency Exchange Rate. ။
(ည) Clothing Sizes ။


# အပိုင်း (၁)

## အခန်း (၁)

## နိုင်ငံခြားသို့သွားရောက်ပုံ အမျိုးမျိုး

### ၁။ ကျုံ့လာသောကမ္ဘာ။

လွန်ခဲ့သော နှစ်ပေါင်း (၇၀၀) ကျော်က မွန်ဂိုကေရာဇ် ဂျင်ဂျစ်ခန် (**Jenghis Khan**)သည် သူ၏ သိန်းပေါင်းများစွာသော မြင်းစစ်သည်များဖြင့် အနယ်နယ်သို့ လှည့်လည်ကာ ယခုအခေါ် မွန်ဂိုလီးယား၊ ကိုရီးယား၊ တရုတ်ပြည်၊ အာဖဂန်နစ္စတန်၊ အာရှတိုက်အလယ်ပိုင်းရှိ နိုင်ငံများကို သိမ်းပိုက်ခဲ့ပါသည်။ သူ၏ လက်နက်နိုင်ငံတော်သည် အရှေ့ဘက်တွင် ပစိဖိတ်သမုဒ္ဒရာကမ်းခြေမှ အနောက်ဘက် ကက်စပီယံပင်လယ်အထိ ကျယ်ပြန့်ခဲ့ပါသည်။ ဤနယ်မြေများပေါ်တွင် အင်ပါယာထူထောင်ရေးမှာ ၁၂၀၆ ခုနှစ်မှ ၁၂၂၄ ခုနှစ်အထိ (၁၈)နှစ် ကြာပါသည်။

လွန်ခဲ့သောနှစ်ပေါင်း (၅၀၀)ခန့်က ပေါ်တူဂီလူမျိုး နယ်ပယ်သစ် ရှာဖွေစွန့်စားရေးသမား ဗက်စကိုဒါဂါးမား (Vasco da Gama)သည် ရွက်သင်္ဘောများဖြင့် သက္ကရာဇ် (၁၄၉၇)တွင် ဥရောပမှ စထွက်ပြီး၊ အာဖရိကတိုက်ကို ပတ်လျက် အိန္ဒိယနိုင်ငံတောင်ပိုင်း၊ ကလိကပ် (Calicut) မြို့သို့ (၁၄၉၉)တွင် ရောက်ခဲ့သည်။ ၂ နှစ်ကြာခရီး ဖြစ်သည်။

လွန်ခဲ့သော နှစ် (၂၀၀) ကျော်တွင်မူ အင်္ဂလိပ်လူမျိုး သင်္ဘောကပ္ပတိန် ဂျိမ်း(စ)ကွတ် (James Cook) သည် ကမ္ဘာတစ်ပတ် ရေကြောင်းခရီးကို (၁၇၆၈)မှ (၁၇၇၁) ခုအထိ (၃) နှစ်အတွင်း အောင်မြင်စွာ သွားခဲ့သည်။

(၁၉၂၇)တွင် အမေရိကန်လေယာဉ်မှူး ချာလ်(စ) လင်းဘတ် (Charles Augustus Linbergh)သည် နယူးယောက်မြို့မှ ပါရီမြို့သို့ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကာ လမ်းတွင် ရပ်နားခြင်းမပြုဘဲ အဖော်မပါ တစ်ဦးတည်း ပျံသန်းခဲ့ရာ သူရဲကောင်းတစ်ယောက်အဖြစ် နာမည်ကြီး ခဲ့ပါသည်။

ယနေ့အခါတွင် ဘိုရင်း ၇၄၇၊ အဲယားဘတ်(စ်)စီဒီ၊ ၁၀ စသော ခရီးသည်တင် လေယာဉ်ကြီးများသည် ခရီးသည်များကို ရာဖြင့်ချီကာတင်ပြီး၊ အမေရိကန် အရှေ့ဘက်ကမ်း မြို့ကြီးများမှ လန်ဒန်၊ ပါရီ၊ ဖရန့်ဖတ် (ဂျာမဏီ)



မြို့ကြီးများသို့ ၈-နာရီကျော်ရုံလေးဖြင့် အရောက်ပို့နေကြပြီ။ အသံထက်မြန်သော ကွန်းကော့ (Concorde)ခရီးသည်တင် လေယာဉ်ကြီး ဆိုပါလျှင် ဤခရီးစဉ်ကို ၆-နာရီဖြင့် ပျံကြပြီ။ ကမ္ဘာ့အဝေးဆုံး နေရာနှစ်ခုကို တိုက်ရိုက်ပျံသန်းမည် ဆိုက ၁၂-နာရီအတွင်း ရောက်နိုင်ကြပြီ။

ကမ္ဘာ့မြေကြောကျုံ့လာပြီ။

## ၂။ အာရှတိုက်၏ ခရီးသွားလာရေးလုပ်ငန်း။

အာရှတိုက် နိုင်ငံအတော်များများတွင် စီးပွားရေး တိုးတက်လာခြင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သွားလာမှု အချုပ်အချယ်များ ပယ်ဖျက်လာခြင်း၊ နည်းပညာအမျိုးမျိုး တိုးတက်လာခြင်းကြောင့် ခရီးသွားလာရေး လုပ်ငန်းသည် အရှိန်အဟုန်ဖြင့် ကြီးထွားလာပါသည်။

ထိုင်းနိုင်ငံဆိုလျှင် (၁၉၈၈)ခုနှစ်တွင် ကမ္ဘာအရပ်ရပ်မှ အကြောင်းအမျိုးမျိုးဖြင့် ရောက်လာကြသော ခရီးသွား (၄.၂)သန်း ရှိသည်။ (၁၉၈၇)တွင်ထက် (၂၁%) တက်လာခြင်း ဖြစ်သည်။ နိုင်ငံခြားဝင်ငွေ အရဆုံးလုပ်ငန်းအဖြစ် ဆန်တင်ပို့မှုနေရာကို ခရီးသွားလုပ်ငန်းက (၁၉၈၂) ကစပြီး အစားထိုးယူလိုက်လေပြီ။ (၁၉၈၈)တစ်နှစ်တည်း၏ ဝင်ငွေပင် အမေရိကန်ဒေါ်လာ (၂.၄)ဘီလျံရှိသည်။ သွယ်ဝိုက်

ရနိုင်သော အကျိုးကျေးဇူးကလည်း အမြောက်အမြား။ (တစ်ဘီလျံ=၁၀၀၀၀၀၀၀၀၀၀)

နီပေါနိုင်ငံတွင်မူ (၁၉၈၈)ခုနှစ် ဤလုပ်ငန်း၏ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၆၅ သန်းရှိရာ နိုင်ငံ၏အကြီးမားဆုံးဝင်ငွေ ဖြစ်သည်။

ဟောင်ကောင်၏ (၁၉၈၈)အလားတူဝင်ငွေမှာ အမေရိကန် ဒေါ်လာ (၄.၃)ဘီလျံဖြစ်ရာ နယ်မြေ၏ တတိယအကြီးဆုံးဝင်ငွေ ဖြစ်သည်။

သီရိလင်္ကာ၏ အနောက်တောင်ယွန်းယွန်းရှိ လူဦးရေသောင်းဂဏန်းမျှသာရှိသော . မောလဒိုက် (**Maldives**) ကျွန်းစုနိုင်ငံကလေးပင် (၁၉၈၈) ဤလုပ်ငန်း ဝင်ငွေမှာ ဒေါ်လာ (၇၇)သန်း ရှိသည်။

(၁၉၈၈)တွင် အာရှနိုင်ငံနှင့် ဒေသအချို့သို့လာရောက်သူ ခရီးသည် ဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| **နိုင်ငံ/ဒေသ** | **ခရီးသည်ဦးရေ** (သန်းဂဏန်းဖြင့်) |
|---|---|
| တရုတ် | ၃၁.၇ |
| ဟောင်ကောင် | ၅.၅ |
| အိန္ဒိယ | ၁.၂ |
| အင်ဒိုနီးရှား | ၁.၃ |
| ဂျပန် | ၂.၄ |
| မလေးရှား | ၃.၅ |
| ဖိလိပိုင် | ၁.၀ |
| စင်္ကာပူ | ၄.၁ |
| တောင်ကိုးရီးယား | ၂.၃ |
| တိုင်ဝမ် | ၁.၉ |
| ထိုင်း | ၄.၂ |



ထိုသို့ လာကြသူများအနက် အလည်အပတ်၊ လေ့လာရေး၊ အစိုးရကိစ္စ၊ စီးပွားရေးကိစ္စ စသည်ဖြင့် အမျိုးမျိုး ပါဝင်ကြပါသည်။

## ၃။ မြန်မာတို့ နိုင်ငံခြားသို့ သွားရောက်ပုံအမျိုးမျိုး။

မြန်မာတို့ နိုင်ငံခြားသို့သွားရောက်ရာတွင် အောက်ပါတို့အနက် တစ်မျိုးမျိုးဖြင့် သွားကြပါသည်။

(က) ဆေးကုသရန်သွားခြင်း
(ခ) အလည်အပတ်သွားခြင်း
(ဂ) မိမိအစီအစဉ်ဖြင့် ပညာသင်သွားခြင်း
(ဃ) အချိန်ကာလ ကန့်သတ်ချက်အတွင်း သွားရောက်အလုပ်လုပ်ခြင်း

(င) အမြဲတမ်း ပြောင်းရွှေ့အခြေချခြင်း
(စ) အစိုးရပညာသင်အဖြစ် သွားရောက်ခြင်း
(ဆ) ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ လေ့လာရေးခရီးစဉ်များ အတွက် သွားရောက်ခြင်း
(ဇ) သံတမန်ရေးရာတာဝန်ဖြင့် သွားရောက်ခြင်း
(ဈ) နိုင်ငံကူးလက်မှတ်အမျိုးမျိုး
(ည) ပြည်ဝင်ခွင့်(ဗီဇာ)အမျိုးမျိုး
(ဋ) မှီခိုသူများ

(က) **ဆေးကုသရန်သွားခြင်း။** ။မြန်မာနိုင်ငံ ဆေးကောင်စီ၏ စိစစ်ထောက်ခံချက်ဖြင့် သွားရပါသည်။ လူနာပြုစုရန် အဖော်လိုအပ်သည်ဟု ထိုအဖွဲ့မှ ထောက်ခံပါက အဖော်ခေါ်သွားနိုင်ပါသည်။ သာမန်အားဖြင့် မိမိစရိတ်ဖြင့် သွားရပါသည်။ နိုင်ငံခြားသုံးငွေလဲလှယ်ရန် လျှောက်ထားခွင့်ရှိပါသည်။

(ခ) **အလည်အပတ်သွားခြင်း။** ။နိုင်ငံခြားရှိ ဆွေမျိုးမိတ်ဆွေသင်္ဂဟတစ်ဦးဦးက အသွားအပြန် လေယာဉ်လက်မှတ်နှင့် နိုင်ငံခြားတွင် နေထိုင်စားသောက် သွားလာစရိတ်အားလုံးကို တာဝန်ယူပါမည်ဟူသော ဖိတ်ခေါ်စာကို အထောက်



အထားအဖြစ် တင်ပြလျက် နိုင်ငံကူးလက်မှတ် (Passport) လျှောက်ထားရပါသည်။ လေယာဉ်ခရီးပေါ်တွင် အသေးသုံးအဖြစ် လိုအပ်မည့် နိုင်ငံခြားငွေ အနည်းငယ်သာ လျှောက်ထားလဲလှယ်ခွင့် ရှိပါသည်။ အများဆုံး တစ်နှစ်အထိ အလည်အပတ် သွားလာနေထိုင်ခွင့် ရနိုင်ပါသည်။

(ဂ) **မိမိအင်္ဂ၊အစင်ဖြင့် ပညာသင်သွားခြင်း။** ။လေယာဉ်အသွားအပြန်၊ နိုင်ငံခြားတွင် နေထိုင်စားသောက်၊ အသွားအလာ ပညာသင်စရိတ်ကို နိုင်ငံခြားရှိ တစ်ဦးဦး၊ တစ်ဖွဲ့ဖွဲ့မှ ကျခံရပါမည်။ လေယာဉ်ခရီးအတွင်း အသေးသုံးဆောင်ငွေ အနည်းငယ်သာ နိုင်ငံခြားသုံးငွေအဖြစ် လျှောက်ထားလဲလှယ်သွားနိုင်ပါသည်။

(ဃ) **အချိန်ကာလ ကန့်သတ်ချက်အတွင်း သွားရောက်အလုပ်လုပ်ခြင်း။** ။သင်္ဘောသားအလုပ်၊ မြေပြင်ပေါ်အလုပ် စသည်ဖြင့် နှစ်ကာလ တစ်စုံတစ်ရာအတွင်း နိုင်ငံခြားသို့ သွားရောက် အလုပ်လုပ်ခြင်း ဖြစ်ပါသည်။ သင်္ဘောသားအလုပ်အတွက် သီးခြား လုပ်ထုံးလုပ်နည်း ချမှတ်ထားပါသည်။ မြေပြင်တွင် အလုပ်လုပ်ခြင်းများအတွက် အလုပ်ခန့်ထားမည့် အဖွဲ့အစည်းက မည်သည့်အလုပ်၊

လစာ မည်မျှ၊ လေယာဉ်လက်မှတ် ပို့ပေးမည် စသည်ဖြင့် ဖော်ပြထားသော အလုပ်ခန့်စာကို တင်ပြလျက်၊ နိုင်ငံကူးလက်မှတ် လျှောက်ထားရပါမည်။အာရှနိုင်ငံအချို့နှင့် ဩစတေးလျစသော နိုင်ငံများ သွားရောက်လိုမှု၊ ထိုအလုပ်ခန့်စာသည် မှန်ကန်ကြောင်း ထိုနိုင်ငံများရှိ မြန်မာသံရုံး၏ စိစစ်ထောက်ခံချက်ပါရန် လိုအပ်ပါသည်။

( င ) **အမြဲတမ်း ပြောင်းရွှေ့ အခြေချခြင်း။** ။ဤအတွက်လည်း လျှောက်ထားနိုင်ပါသည်။(**Certificate of Identity**) ဟူသော မည်သူမည်ဝါဖြစ်ကြောင်း ထောက်ခံချက်လက်မှတ် တောင်းခံပြီးလည်း ထွက်ခွာနိုင်ပါသည်။

( စ ) **အစိုးရပညာသင်အဖြစ် သွားရောက်ခြင်း။** ။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံခြားအစိုးရများ၊ ဌာနများ၊ ကျောင်းများ စသည်တို့မှ ချီးမြှင့်သော ပညာသင်ဆုအတွက် မြန်မာနိုင်ငံဝန်ထမ်းများ၊ ကျောင်းသူ ကျောင်းသားများကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပဏာမရွေးချယ်ကာ နိုင်ငံခြားပညာသင်စိစစ်ရေးအဖွဲ့၊ ဝန်ကြီးများရုံးမှ နောက်ဆုံးရွေးချယ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်



ငံကူးလက်မှတ် ထုတ်ပေးပါသည်။ ချီးမြှင့်ထောက်ပံ့သော နိုင်ငံခြား အဖွဲ့အစည်းများက အသွားအပြန် လေယာဉ်ခရီးစရိတ်၊ နိုင်ငံခြားတွင် နေထိုင် စားသောက် သွားလာ ပညာသင်စရိတ်ကို ကျခံလေ့ရှိပါသည်။ လေယာဉ်ခရီးတွင် အသေးသုံးအဖြစ် မိမိကိုယ်ပိုင်ငွေဖြင့် နိုင်ငံခြားသုံးငွေ အနည်းငယ် လဲလှယ်ခွင့်ရှိပါသည်။ဝတ်စုံစရိတ်ကိုလည်း ကျပ်ငွေတစ်ထောင်နှင့်ညီမျှသော နိုင်ငံခြားငွေ လဲလှယ်သွားနိုင်ပါသည်။ အအေးပိုင်းဒေသသို့ သွားခဲ့ဖူး၍ ဝတ်စုံစရိတ် ထုတ်ခဲ့ဖူးသူသည် ၃-နှစ်အတွင်း အအေးပိုင်းဒေသတစ်ရပ်ရပ်သို့ ထပ်မံသွားရက ဒုတိယအကြိမ်တွင် ဝတ်စုံစရိတ် မရတော့ပါ။ အပူပိုင်းဒေသအတွက်လည်း အလားတူပင် ဖြစ်ပါသည်။သို့သော် အပူပိုင်းမှ အအေးပိုင်း(သို့မဟုတ်)အအေးပိုင်းမှ အပူပိုင်း အပြောင်းအလဲဖြစ်ပါက ဝတ်စုံစရိတ် ရနိုင်ပါသည်။ ထိုငွေတစ်ထောင်ကို သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပေးပါသည်။

(ဆ) **ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ လေ့လာရေးခရီးစဉ်များ သွားရောက်ခြင်း။** ။အစိုးရပညာသင်အဖြစ် သွားရောက်ခြင်းကဲ့သို့ပင် ဖြစ်ပါသည်။

**(ဇ) သံတမန်ရေးရာတာဝန်ဖြင့် သွားရောက်ခြင်း။**
မြန်မာနိုင်ငံတော်၏စရိတ်ဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံ တက်ရောက်ခြင်း၊ မြန်မာ့သံရုံးများတွင် သွားရောက်အမှုထမ်းခြင်း၊ အခြားသော အပြည်ပြည်ဆိုင်ရာညီလာခံများကို သွားရောက်တက်ခြင်း ဖြစ်ပါသည်။ ဤ ပုဂ္ဂိုလ်များသည် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ သံတမန်အထူးအခွင့်အရေးများ ရရှိကြပါသည်။

၄။ **နိုင်ငံကူးလက်မှတ် အမျိုးမျိုး။** ။အဓိက အားဖြင့် နိုင်ငံကူးလက်မှတ် (၃)မျိုး ရှိပါသည်။

(က) **သာမန်နိုင်ငံကူးလက်မှတ် (Ordinary passport)** မှာ ကိုယ်ရေး ကိုယ်တာ ကိစ္စ အမျိုးမျိုးဖြင့် သွားလာရေးအတွက် ရရှိသော နိုင်ငံကူးလက်မှတ်ဖြစ်ပါသည်။ အနီရောင်ဖြစ်သည်။

(ခ) နိုင်ငံတော်တာဝန်နှင့် သွားလာရသော ပြည်သူ့ဝန်ထမ်းများအတွက် ထုတ်ပေးသော နိုင်ငံကူး လက်မှတ်မှာ အစိမ်းရင့်ရောင်ဖြစ်သည်။ **အထူး နိုင်ငံကူးလက်မှတ် (Special passport)** ဟုခေါ်သည်။

(ဂ) **သံတမန်ရေးရာတာဝန်** ဖြင့် သွား ရ သူ များအတွက်မှာ အပြာနုရောင်ဖြစ်သည်။ **(Diplomatic passport)** ဟုခေါ်ပါသည်။ နိုင်ငံခြား လေဆိပ်ကြီးများတွင် အစိမ်းရောင်နှင့် အပြာနုရောင် နိုင်ငံကူးလက်မှတ်များအတွက် ဂိတ်ပေါက် သီးခြားထားတတ်ကြသည်။ အဝင်အထွက်တွင် ရှာဖွေစစ်ဆေးမှုနည်းပါးပါသည်။ အကောက်ခွန် လုံခြုံရေးစသော ဝန်ထမ်းများက ဆက်ဆံရာတွင်လည်း ပိုမိုလေးစားမှုပြသည်ကို ကြုံရပါသည်။ ရိုးရိုးနိုင်ငံကူး လက်မှတ်ကိုင်ဆောင်သောသူများအပေါ် ယဉ်ကျေးစွာမဆက်ဆံဟု မဆိုလိုပါ။ သို့သော် ထိုခရီးသည် မျိုးမှာ အများစုဖြစ်၍ အဝင်အထွက် ဂိတ်ပေါက်များတွင် တန်းစီကြရပါသည်။



၅။ **ပြည်ဝင်ခွင့် လက်မှတ် (ဝါ) ဗီဇာ (Visa) အမျိုးမျိုး။** ။နိုင်ငံခြားတိုင်းပြည်တစ်ပြည်သို့ သွားရောက်လိုပါက ထိုနိုင်ငံကို ကိုယ်စားပြုဖွင့်ထားသော သံရုံးတွင် ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားရယူရပါသည်။ ပညာသင်ဗီဇာ (Students Visa)၊ ခေတ္တအလုပ်လုပ် နေထိုင်ခွင့်ဗီဇာ၊ အမြဲတမ်းအခြေချနေထိုင်ခွင့်ဗီဇာ (Emigrant Visa) စသည်ဖြင့် နိုင်ငံကူးလက်မှတ်တွင် ထိုကဲ့သို့အမျိုးမျိုးရှိပါသည်။ ယခုအခါတွင် လက်တွေ့ သွားလာရာတွင် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ သွားလာရာတွင် ကြားနိုင်ငံတစ်နိုင်ငံတွင် လေယာဉ် လွှဲပြောင်းစီးရန် တစ်ရက်နှစ်ရက် နေရခြင်းများရှိရာ

ထိုကြားနိုင်ငံအတွက် ခေတ္တဝင်ရောက်ခွင့် (**Transit Visa**) မလိုတော့ပါ၊ ဥပမာ—မြန်မာနိုင်ငံမှ ဂျပန်သို့သွားခဲ့လျှင်၊ မင်္ဂလာဒုံလေဆိပ်မှ ဗန်ကောက်လေဆိပ်သို့ ခရီးတစ်ထောက် သွားရပြီး၊ ဗန်ကောက်တွင် လေယာဉ်ပြောင်းကာ တိုကျိုသို့ခရီးဆက်ရပါသည်။ နေ့ချင်း လေယာဉ်မရက ဗန်ကောက်တွင် ညအိပ်ရပ်နားရခြင်းအတွက်ထိုင်းနိုင်ငံ၏ဗီဇာ မလိုပါ။

ထို့ပြင် နိုင်ငံအတော်များများတွင် ကမ္ဘာလှည့်ခရီးသွားလာရေးလုပ်ငန်းသည် နိုင်ငံခြားငွေအတော်များများရသောလုပ်ငန်းဖြစ်လေရာ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြရန် ဆွဲဆောင်ရေးအတွက် ကမ္ဘာလှည့်ခရီးသည်ဗီဇာ (**Tourist Visa**) ကို ရက်သတ္တတစ်ပတ်၊ နှစ်ပတ်၊ တစ်လ စသည်ဖြင့် အလွယ်တကူ ထုတ်ပေးသည်များရှိပါသည်။ ဥပမာ—မြန်မာ၊ တရုတ်ပြည်။

အချို့နိုင်ငံများတွင်မူ အလည်အပတ် လာခြင်းအတွက် မိမိနှင့်သဘောတူထားသည့် နိုင်ငံများမှ နိုင်ငံသားများ အတွက် (၃) လအထိ ဗီဇာလုံးဝမလိုဘဲ ခွင့်ပြုပါသည်။ ဥပမာ—တောင်ကိုရီးယားသည် ကမ္ဘာ့နိုင်ငံအတော်များများမှ လာရောက်လည်ပတ်ခြင်း၊ ခေတ္တနေထိုင်ခြင်းအတွက် (၃) လအထိ ဗီဇာမလိုဘဲ ခွင့်ပြုပါသည်။



ပို၍ သွားလာမှု လွတ်လပ်သည်မှာ အမေရိကန်၊ အနောက်ဥရောပနှင့် ဩစတေးလျနိုင်ငံများဖြစ်သည်။ ဤဒေသသုံးခုအတွင်းဗီဇာမလို လွတ်လပ်စွာသွားလာနိုင်ပါသည်။ နိုင်ငံကူးလက်မှတ် (**Passport**) ကိုလည်း နိုင်ငံသားများထံ တစ်ပါတည်း အမြဲပေးအပ်ထားသဖြင့်၊ နိုင်ငံခြားသို့ ၎င်းတို့သွားလိုပါက လေယာဉ်ရုံး (သို့မဟုတ်) မိမိအိမ်နှင့်အနီးဆုံး ခရီးသွားအေဂျင်စီ (**Travel Agency**) ရုံးများတွင် လေယာဉ်၊ ရထား၊ သင်္ဘောလက်မှတ်ဝယ်ပြီး တက်စီးသွားရုံသာ။ ဘယ်ကိုမျှ လျှောက်လွှာတင်နေရန် မလိုပါ။ မိမိအိမ်ကကားကို ချက်ချင်းထုတ်မောင်းသွားရုံသာ။ သင်သည် မူးယစ်ဆေးဝါးမှောင်ခိုသမား သို့မဟုတ်အကြမ်းဖက်သမား တစ်ယောက်ဟု မသင်္ကာဖွယ်ရာ သတင်းမရထားပါက နယ်စပ်တွင် သင့်ကို မည်သူမျှ စစ်ပင်စစ်လိမ့်မည်မဟုတ်ပေ။

**၆။ မြန်မာနိုင်ငံမှထွက်ခွာလျှင် လိုအပ်မည့် အဓိကစာရွက်စာတမ်းများ။**

(က) လေယာဉ်လက်မှတ် လိုပါမည်။

(ခ) ဆေးထိုးလက်မှတ်လိုပါမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က သတ်မှတ်ထားသော လက်မှတ်ဖြစ်ပါသည်။ (**International Certifi-**

cate of Vaceination) အဝါရောင်ခေါက်ချိုးပုံစံလေးဖြစ်ပြီး ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနက သင့်အား ကျောက်နှင့်ဝမ်းရောဂါ ကာကွယ်ဆေးထိုးပေးပြီး နေ့ချင်းထုတ်ပေးသောလက်မှတ်ဖြစ်ပါသည်။ (နိုင်ငံတိုင်းအတွက်မလိုပါ)

(ဂ) လူဝင်မှုနှင့်ပြည်သူ့အင်အားဦးစီးဌာနကထုတ်ပေးသောထွက်ခွာခွင့်လက်မှတ် (Departure Form) အတိုကောက်အားဖြင့် (D Form) လိုပါသည်။

(ဃ) နိုင်ငံခြားငွေ တရားဝင်လဲလှယ်ခွင့်ပြုကြောင်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (Myanma Foreiga Trade Bank) အတိုကောက်အားဖြင့် (M.F.T.B.) မှ ခွင့် ပြု ချက် (P Form) နှင့် နိုင်ငံခြားငွေ မှတ်ပုံတင်ကဒ် (Fereign Exchange Register) လိုပါသည်။ နိုင်ငံခြားသို့သွားရောက်အလုပ်လုပ်သူများအတွက် အခြားလိုအပ်ချက်များ ကြိုကြိုတင်တင်လုပ်သွားရန်လိုသည်ကို သတိပြုပါ။



(င) နိုင်ငံကူးလက်မှတ် (Passport) မှာ သင့်အဖို့ အရေးအကြီးဆုံး ဖြစ်သည်ကို သတိပြုပါ။ မပျောက်ပါစေနှင့်၊ ခါးပိုက်နှိုက် မခံရပါစေနှင့်၊ ကျွန်တော့်တူတစ်ယောက် ပတ်စ်ပို့ ဂျပန်တွင်ပျောက်သွား၍ အများကြီး ကသိကအောက် ဖြစ်ရဖူးပါသည်။ မြန်မာအစိုးရကထုတ်ပေးလိုက်သော ပတ်စ်ပို့တွင် မိမိ ဝင်ရောက်လိုသောနိုင်ငံအမည်များပါ တရားဝင်ရေးသွင်းထားပြီးဖြစ်ရေးကိုလည်း ကြိုကြိုတင်တင် ဆောင်ရွက်ထားပါ။

*

အခန်း (၂)

## လေယာဉ် ခရီးစဉ်

၁။ လေကြောင်းကုမ္ပဏီများ။

(က) မြန်မာပြည် (မင်္ဂလာဒုံ လေဆိပ်)မှ စီးနင်းနိုင်သော လေကြောင်းကုမ္ပဏီများ။

– မြန်မာ့လေကြောင်း ပို့ဆောင်ရေး လုပ်ငန်း (ရန်ကုန်-ဗန်ကောက် ခရီးစဉ်နှင့်၊ ရန်ကုန်-ဟောင်ကောင်ခရီးစဉ်)

– **Bangla Beman (Bangladesh)** (ရန်ကုန်-ဗန်ကောက်နှင့် ရန်ကုန်-ဒက္ကာ၊ လန်ဒန်ခရီးစဉ်တွင် လမ်း၌ လေယာဉ် ပြောင်းစီးရ)

– **Aeroflot (Soviet Union)** (ရန်ကုန်-ဗီယင်ကျင်းနှင့် ရန်ကုန်-နယူးဒေလီ၊ တပ်ရှိကင့်)

– **Trade Wind** (ရန်ကုန်- စင်္ကာပူ ခရီးစဉ်)

– **CAAC (People's China)** (ရန်ကုန်၊ ကူမင်း၊ ပီကင်း၊ ပြုံယန်း)



(ခ) နိုင်ငံခြား လေယာဉ်ကွင်းကြီးများမှ တစ်ဆင့် စီးနိုင်သော လေကြောင်း ကုမ္ပဏီများ။
(ပိုင်ရှင်နိုင်ငံ ဒေသအလိုက် ဖော်ပြချက်။

**Aeroflot** = ဆိုဗီယက်
**Air France** = ပြင်သစ်
**Air India** = အိန္ဒိယ
**Air New zealand** = နယူးဇီလန်
**British Airways** = ဗြိတိသျှ
**Calidonian Airline** = အမေရိကန်
**Cathay Pacific** = ဟောင်ကောင်
**C A A C** = ပြည်သူ့တရုတ်ပြည်
**China Airlines** = ထိုင်ဝမ်
**Continental Airline** = အမေရိကန်
**Delta** = အမေရိကန်
**Egyptian Airline** = အီဂျစ်
**Garuds Indonesia** = အင်ဒိုနီးရှား
**Gulf Airline** = ပါရှန်ပင်လယ်ကွေ့ အာရပ်နိုင်ငံများ
**Japan Airline (J A L)** = ဂျပန်
**Kuwait Airways** = ကူဝိတ်
**K L M (Royal Dutch Airline** = နယ်သာလန်

| | |
|---|---|
| Korean Airline | – တောင်ကိုရီးယား |
| Lufihansa | – ဂျာမဏီ |
| Malaysian Airline (M A S) | = မလေးရှား |
| Northwest Airlines | = အမေရိကန် |
| Pan American | |
| Pan Am | = အမေရိကန် |
| Philipines Airlines | = ဖိလိပိုင် |
| Quantas | = ဩစတေးလျ |
| Royal Canadian Airlines | = ကနေဒါ |
| Royal Jordanian Airline | = ဂျော်ဒန် |
| Swissair | = ဆွစ်ဇာလန် |
| Scandinavian Airline Systems | = စကင်ဒီနေဗီးယားနိုင်ငံများ |
| Singapore Airline | = စင်ကာပူ |
| Saudi Air | = ဆော်ဒီအာရေဗျ |
| Sabena World Airways | = ဘယ်လ်ဂျီယံ |
| Thai International | = ထိုင်း |
| Trans World Airways | = အမေရိကန် |



(မှတ်ချက်=မြန်မာများသည် ကမ္ဘာအရပ်ရပ်သို့ သွားလာရာတွင် လောလောဆယ် အခြေအနေတွင် ဗန်ကောက်မြို့ ဒွန်မွန်လေဆိပ် (**Don Muang Airport**) မှတစ်ဆင့် လေယာဉ်ပျံ ပြောင်းစီးမှုများပါသည်။ ထိုလေဆိပ်တွင် အထက်ဖော်ပြပါ လေယာဉ်အတော်များများ ဝင်ထွက်မှု ရှိသောကြောင့် ဖြစ်ပါသည်။)

## ၂။ ခရီးသွားမှု ဆောင်ရွက်ပေးသူများ။

ကမ္ဘာ့အရပ်ရပ်ကို သွားလာရေးမှာ အလွန်တရာ ခေတ်စားသောလုပ်ငန်း ဖြစ်ပါသည်။ ကိစ္စ အမျိုးမျိုးအတွက် သွားခြင်း၊ အလည်အပတ်သွားခြင်း စသည်ဖြင့် အစုံပင်။ ဥပမာ ၁၉၈၈ ခုနှစ်တွင် ဂျပန် (၈)သန်း နိုင်ငံခြားသို့ သွားရောက်ခဲ့ကြပါသည်။ ထို့ကြောင့် ခရီးတိုဖြစ်စေ၊ ကမ္ဘာတစ်ပတ်ဖြစ်စေ သွားလိုပါက လေကြောင်းခရီး အတွက် အောက်ဖော်ပြပါ နေရာများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

(က) အပြည်ပြည်ဆိုင်ရာ လေကြောင်းကုမ္ပဏီများ။

(ခ) **Tourist Agencies, Travels Agencies** စသည်ဖြင့် နယ်လှည့်ခရီးသွားလာရေးလုပ်ငန်း ကိုယ်စားလှယ် လုပ်ငန်းများ။ ထိုလုပ်ငန်းများတွင်

တစ်ဦးချင်း သွားရေး၊ ပုံသေ လှည့်လည်ရေးခရီးစဉ်(Package Tour)တွင် ပါဝင်ရေး၊လေယာဉ်စင်းလုံးငှား သွားလာရေး(Chartered Flight) အတွက်လည်း စိတ်ချလက်ချ ဆောင်ရွက်နိုင်ပါသည်။

(ဂ) လျှော့ဈေး ခရီးစဉ်များ (Discount Flights or Discount Tours) အထက်ပါ (က) နှင့် (ခ)တို့နှင့် စာလျှင် အလွန်ဈေးချိုပါသည်။ *သို့ရာတွင် လူလိမ်များက* မက်လုံးပေး တည်ထောင်ထားသော (Bogus Agencies) ခေါ် ကုမ္ပဏီလိမ်များနှင့်ကြုံလျှင် ငွေ ဆုံးရှုံးသော မကာ ကသိကအောက် ဖြစ်တတ်ပါသည်။ စိတ်ချရလျှင် စီးပျော်ပါသည်။ ကုန်ကျစရိတ် တစ်ဝက် သက်သာပါသည်။ ဥပမာ ဗြိတိန်နိုင်ငံ ဘာမင်ဂန် (Birmingham) လေဆိပ်မှ ဗြိတိန်နေ အိန္ဒိယလူမျိုးများ အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊ ပါကစ္စတန်လူမျိုးများ ပါကစ္စတန်သို့ လည်းကောင်း အလည်ပြန်ကြရာတွင် လျှော့ဈေး ခရီးစဉ်များဖြင့် လေယာဉ်ခများ အသွား အပြန်လက်မှတ်ခ (round trip ticket)ခမှာ လေယာဉ်ကုမ္ပဏီကြီးများ၏ ၁/၃ ခန့်သာ ကုန်ကျပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အမြဲတမ်း ဝန်ထမ်း



အဖွဲ့အစည်း မထားခြင်း၊ လေယာဉ် မထားဘဲ လိုမှသာ စင်းလုံးငှားခြင်း၊ လေယာဉ်နှင့် လိုက်ပါသော လေယာဉ်ဝန်ထမ်းဦးရေနည်းပါးခြင်း၊ လေယာဉ်ပေါ် အစားအသောက်မှာ ပုံမှန်လေကြောင်း ကုမ္ပဏီကြီးများတွင်ကဲ့သို့ အလွန်အမင်း အဆမတန် ကောင်းမွန် များပြားစွာ မကျွေးခြင်းကြောင့် စရိတ် ကုန်ကျစရိတ် သက်သာကြောင်း မေးမြန်းသိရှိရပါသည်။ ဈေးချိုသဖြင့် လေယာဉ်ပျက်ကျမှာ မကြောက်ပါနှင့်။ မောင်းသူလည်း အသက်နှင့်ပါ။ လူများလျှင် များသလို လေယာဉ်အမျိုးမျိုးကို ငှားသုံးပါသည်။ ကမ္ဘာတွင် အကြီးဆုံး လူစီးလေယာဉ်ဖြစ်သော ဘိုရင်း-၇၄၇ အထိ ငှားသုံးကြောင်း စာရေးသူ မျက်မြင် ကိုယ်တွေ့ ဖြစ်ပါသည်။ ထို့ပြင် အချို့သော နိုင်ငံလေကြောင်း ကုမ္ပဏီများသည် မိမိတို့ ဝန်ထမ်းများအား လုပ်သက်ဆုအဖြစ် ဝန်ထမ်းမိသားစုများအား ရံဖန်ရံခါ လေယာဉ်စီးပြီး ကမ္ဘာသို့ လည်ပတ်ခွင့်ပေးတတ်ပါသည်။ ထိုအခါ အချို့ဝန်ထမ်းများက မိမိတို့ အခမဲ့ရသော လေယာဉ်စီးခွင့်လက်မှတ်ကို မိမိတို့ မသုံးဘဲ လျှော့ဈေးဖြင့် ပြန်ရောင်းခြင်း အနည်းအကျဉ်း ရှိတတ်ပါသည်။ ဤလက်မှတ်မျိုးလည်း ဈေးချိုပါသည်။

## ၃။ ကမ္ဘာ့လေကြောင်းခရီးအကွာအဝေးနှင့် ပျံသန်းချိန်။

မြန်မာနိုင်ငံ မင်္ဂလာဒုံလေဆိပ်နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒွန်မွန်လေဆိပ်သည် (၃၆၁)မိုင် (၅၈၁ ကီလိုမီတာ) ကွာဝေးပါသည်။ ရန်ကုန်မှ မန္တလေးအထိခန့် ဖြစ်ပါသည်။ လေယာဉ်ပျံသန်းချိန်မှာ ၁-နာရီ ၁၀-မိနစ် ဖြစ်ပါသည်။ လေယာဉ်စက် စတင်လည်ချိန်မှ လေယာဉ်ဘီး ရပ်သွားချိန်အထိ တွက်ထားခြင်း ဖြစ်ပါသည်၊

မြန်မာတို့အနေဖြင့် ဗန်ကောက်မှ တစ်ဆင့်သာ ကမ္ဘာ အရပ်ရပ်သို့ ခရီးဆက်လေ့ အများဆုံး ရှိသည့်အတွက် ဗန်ကောက်ကို ဗဟိုပြုထားသော အကွာအဝေးနှင့် ပျံသန်းချိန်များကို ထိုင်းအင်တာနေရှင်နယ် လေကြောင်းကုမ္ပဏီကြီး၏ တရားဝင် ထုတ်ပြန်ထားချက်အတိုင်း ဖော်ပြလိုက်ပါသည်။ ပျံသန်းချိန်တွင် အသွားခရီး (Outbound)နှင့် အပြန်ခရီး (Return) တစ်ခါတစ်ရံ မတူသဖြင့် နှစ်မျိုးလုံးကို ဖော်ပြထားပါသည်။

ထို့အပြင် အသွားအလာ များသော နာမည်ကျော် မြို့ကြီးများအကြား အကွာအဝေးနှင့် နွေရာသီ ပျံသန်းချိန်ကိုလည်း အောက်တွင် ဖော်ပြလိုက်ပါသည်။



### Avera ges Distence and Flying Time From Bargkck to Other Places (Summer)

| Sector | Distances Miles/Kms | Flying Time Outbound | Return |
|---|---|---|---|
| Beijing | 2048/3296 | 4.45 | 5.00 |
| Calcutta | 999/1608 | 2.25 | 2.15 |
| Colombo | 1480/2382 | 3,15 | 3.15 |
| Copenha gen | 5344/8601 | 11.30 | 10.40 |
| Delhi | 1812/2917 | 3:50 | 3.40 |
| Dhaka | 592/1532 | 2.20 | 2.10 |
| Franfurt | 5570/8963 | 12,00 | 11.25 |
| Hanoi | 610/ 981 | 1.50 | 1.40 |
| Ho Chi Minn | 460/ 741 | 1.35 | 1.30 |
| Hong K ong | 1063/1711 | 2.40 | 2 40 |
| Karachi | 2300/3701 | 4.50 | 4,40 |
| Kuala L umpur | 749/1205 | 1.50 | 1.50 |
| London | 5928/9590 | 12.25 | 12.00 |
| Manila | 1367/2199 | 3.05 | 3·10 |

| | | | |
|---|---|---|---|
| Nagoya | 2691/4330 | 5.30 | 5.45 |
| Osaka | 2601/4185 | 5.15 | 5.30 |
| Paris | 5848/9412 | — | 11.45 |
| Perth | 3327/5353 | 6.30 | 6.40 |
| Ridyadh | 3569/5743 | 7.35 | 7,05 |
| Rome | 5493/8841 | 11.30 | 11.45 |
| Singapore | 897/1443 | 2.10 | 2.10 |
| Stockholm | 5133/8260 | 11,10 | 10.25 |
| Sydney | 4684/7538 | 8 40 | 9.30 |
| Taipei | 1544/2485 | 3.30 | 3.30 |
| Tokyo | 2884/4642 | 5.4 5(747) | 6.10 |
| | | 6.00( AB6) | 6:30 |
| Vientiane | 310/ 499 | 1.05 | 1,00 |
| Zurich | 5604/9019 | 12,20 | 11.35 |
| | Others | | |
| Amsterdan-Bangkok | 5699/9171 | 11,30 | 12·00 |
| Amst-London | 230/ 370 | 1.05 | 1.00 |
| Amst-Paris | 247/ 397 | 1 05 | 1.00 |



| | | | |
|---|---|---|---|
| Copenhagen-Paris | 623/1002 | 1.50 | 1.55 |
| " -London | 608/ 978 | 1.50 | 1.55 |
| " -Zurich | 589/ 948 | 1.40 | 1 45 |
| Delhi-London | 4180/6727 | 9.15 | 9.00 |
| " -Paris | 4077/6562 | 9.15 | 8.45 |
| Hong Kong-Seoul | 1292/2078 | 3.10 | 3.35 |
| " -Taipei | 483/777 | 1.30 | 1·35 |
| Jakata-Singapore | 549/883 | 1.30 | 1.30 |
| Karachi-Muscat(Oman) | 565/910 | 1,35 | 1,35 |
| London-Rome | 895/1441 | 2,20 | — |
| Madrid-Rome | 826/1330 | 2.00 | 2.20 |
| Manila-Osaka | 1662/2674 | 1.30 | 3.55 |
| " .Taipei | 731/1179 | 1.50 | 1,50 |
| Melbourne-Sydney | 438/705 | 1.20 | 1,20 |
| Paris-Rome | 683/1099 | 2.00 | 2.00 |
| Penang-Phukat(Thai) | 237/381 | 0.50 | 0.50 |
| Phuket-Singapore | 607/976 | 1.35 | 1.35 |
| Seattle(US)-Tokyo | 4754/7651 | 9 45 | 8.30 |
| Seattle-Dallas(US) | 1656/2666 | 4 00 | 3.25 |

(May vary according to weather and airways routes)

## ၄။ မင်္ဂလာဒုံလေဆိပ်မှ ထွက်ခွာခြင်း။

### (က) ခရီးစဉ်နှင့် ထိုင်ခုံနေရာ အတည်ပြုချက်ရယူခြင်း။

မိမိ၏ ခရီးအတွက် လေယာဉ်လက်မှတ်ကို နိုင်ငံခြားမှ တင်ပို့လိုက်သည့်အခါဖြစ်စေ၊ ရန်ကုန်ရှိ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (သို့မဟုတ်) သံရုံး (သို့မဟုတ်) တရားဝင်ရရှိသော နိုင်ငံခြားငွေဖြင့် လေယာဉ်လက်မှတ် ဝယ်ယူခွင့်ရသည့်အခါ မည်သည့် လေကြောင်းကုမ္ပဏီလက်မှတ်ဟုသာ သတ်မှတ်ချက် ရပါလိမ့်မည်။ ထိုအခါ မိမိအနေဖြင့် လေယာဉ်လက်မှတ် (သို့မဟုတ်) အထောက်အထား မှတ်တမ်းကိုယူပြီး သက်ဆိုင်ရာလေယာဉ်ရုံးသို့ သွားရပါမည်။ အသွားခရီးအတွက်သာ လက်မှတ်ဖြစ်ပါက **(One way Ticket)**ဟု ခေါ်ပါသည်။အသွားအပြန်လက်မှတ်ဖြစ်ပါက **(round-trip ticket)**ဟုခေါ်ပါသည်၊ **Return-trip ticket** ဟုလည်း ခေါ်သည်။

လေယာဉ်ရုံးတွင် မိမိ စီးနင်းလိုသောနေ့နှင့် ခရီးစဉ်ကို ပြောပြပါ။ ရန်ကုန်မှတိုက်ရိုက်ရောက်သောခရီး၊ ကြားနိုင်ငံတစ်ရပ်ရပ် (ဥပမာ—ထိုင်းနိုင်ငံ၊ ဗန်ကောက်)မှတစ်ဆင့် သွားရမည်ခရီးဟူ၍ နှစ်မျိုးရှိပါသည်။ တိုက်ရိုက်ခရီးဖြစ်က မိမိ



စီးနင်းမည့်နေ့နှင့် ခရီးစဉ်အမှတ် **(Flight Number)**ကို သေချာအောင်လုပ်ပြီးလျှင် ဤအဆင့်ပြီးပါပြီ။

မိမိသွားလိုရာ လမ်းဆုံးခရီးသည် တိုကျိုဖြစ်သည်ဆိုပါစို့။ ရန်ကုန်မှဗန်ကောက်သို့ ပထမသွားပြီး၊ ဗန်ကောက်မြို့မှ ဒွန်မွန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တိုကျိုသို့သွားမည့် လေယာဉ်ပြောင်းစီးရပါသည်။ ဤအတွက် ရန်ကုန်လေယာဉ်ရုံးက အစအဆုံး စီစဉ်ပေးပါသည်။ရန်ကုန်မှ ဗန်ကောက်သို့ မြန်မာ့လေကြောင်းဖြင့် သွားပြီး ဒွန်မွန်လေဆိပ်တွင် တိုကျိုသို့ ဂျပန်လေကြောင်း **(JAL)** သို့မဟုတ် လေယာဉ်တစ်စီးစီးဖြင့် ထိုနေ့တွင် ဆက်စီးသွားရေးကို စီစဉ်ပေးပါလိမ့်မည်။ လေယာဉ်လက်မှတ် စာအုပ်ငယ်အတွင်းရှိ ဖြတ်ပိုင်းကလေးများတွင်လည်း တိုကျိုအထိ မည်သည့်လေယာဉ်၊ မည်သည့် ပျံသန်းမှု ခရီးစဉ်၊ မည်သည့်အချိန် စသည်တို့ကို ရေးပေးပါလိမ့်မည်။ **(JAL)** မစီးလို၍ အခြား စီးလိုသောလေယာဉ်ရှိလျှင်လည်း မိမိဆန္ဒကို ပြောနိုင်ပါသည်။ အကယ်၍ ထိုနေ့ လေယာဉ်ခရီးစဉ်မရှိ၍ ဗန်ကောက်တွင် ည အိပ်ရပါက လေဆိပ်မှ အတော်အသင့် ကောင်းသော ဟိုတယ်သို့အသွား

အပြန် တက္ကစီစီး၍၊ ဟိုတယ်တွင် တည်းခိုခ၊ တည်းခိုချိန်အတွင်း လိုအပ်မည့် နံနက်စာ- နေ့လယ်စာ၊ ညစာအတွက် လေကြောင်းကုမ္ပဏီက ကြိုတင် စီစဉ်ပေးထားရပါသည်။ ထိုအတွက် ငွေကြေးလည်း ကျခံပေးပါသည်။ ဤအစီအစဉ်များကိုလည်း လေယာဉ်ရုံးနှင့် သေချာအောင် ညှိနှိုင်းလုပ်သွားပါ။

တစ်ကမ္ဘာလုံးရှိ ခရီးသည် လေကြောင်းပို့ဆောင်ရေး လုပ်ငန်းများကို ညှိနှိုင်း ပေးသော အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့ (International Air Transport Association I A T A) ဟူ၍ရှိပါသည်။ ကုလသမဂ္ဂ၏အထူးအဖွဲ့ (Specialised agency) ဖြစ်ပါသည်။ ဤအဖွဲ့၏ ကမကထပြုမှုကြောင့် လေကြောင်းကုမ္ပဏီကြီးသော်လည်း အခြေခံစည်းမျဉ်းများ အတူတူပင် ဖြစ်ပါသည်။ ကုမ္ပဏီ၏ ကြီးမှု၊ သေးမှု၊ အဆင့်မြင့်မှု၊ နိမ့်မှုသာ ကွဲပါသည်။ ထို့ကြောင့်ပင် လေကြောင်း ကုမ္ပဏီ တစ်ခုသည် မိမိလေယာဉ် မသွားသော ဒေသအတွက် အခြားလေယာဉ်ဖြင့် သွားရေးကို မိမိ၏လေယာဉ်လက်မှတ်ဖြင့် ပင်စီစဉ်ပေးနိုင်ခြင်းဖြစ်ပါသည်။



## (ခ) လေယာဉ်ကွင်းဆင်းရန်ပြင်ဆင်ခြင်း။

မိမိအား လိုက်ပါ ပို့ဆောင်ပေးမည့် ဆွေမျိုးမိတ်ဆွေများ မင်္ဂလာဒုံလေဆိပ်တွင် ဝင်ခွင့်ရရေးအတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းထံ စာဖြင့် ကြိုတင်လျှောက်ထားရသည်ကို သတိပြုပါ။ ဝင်ခွင့်တွင် နှစ်ပိုင်းရှိပါသည်။ ပထမဦးစွာ ပြည်တွင်း ခန်းမဆောင် (Domestic Lounge) သို့ လူအတော်အသင့်များများ ဝင်ခွင့်ရပါသည်။ နိုင်ငံခြားခန်းမဆောင် (Foreign Lounge) တွင်းသို့ (၂) ဦးခန့်သာ ဝင်ခွင့်ပြုလေ့ရှိသည်။

ပစ္စည်းများ ထုပ်ပိုးရာတွင် အကြမ်းအားဖြင့် ၂-ပိုင်းခွဲ၍ ထုပ်ပိုးရပါသည်။ မိမိလက်ဖြင့်ဆွဲသွားမည့် ပစ္စည်းမှာ ၁၀-ပေါင် (၅ ကီလို) အထိ အခမဲ့ခွင့်ပြုပါသည်။ ငွေကြေး၊ ခရီးသွားအထောက်အထား စာရွက်စာတမ်းများ၊ သော့တွဲ၊ မျက်မှန်၊ ဆေးဝါး စသော မိမိအသုံးအဆောင်များ တစ်ပါတည်း ပါဖို့လိုပါသည်။ ဒုတိယအမျိုးအစားမှာ လေယာဉ်သို့ အပ်လိုက်ရမည့် ပစ္စည်းများ (Baggage) ဖြစ်ပါသည်။ ပေါင် ၄၀ (၂၀ ကီလို) အထိ ရိုးရိုးတန်းခရီးသည်များ အခမဲ့သယ်နိုင်ပါသည်။ ပေါင် ၄၀ ဆိုသည်မှာ သာမန်အားဖြင့် နိုင်ငံခြားသွားမည့်

မြန်မာတစ်ဦးအတွက် ကောင်းစွာလုံလောက်ပါသည်။ ၁၀ ပိဿာခန့် ဖြစ်ရာ အရွယ်အသင့်၊ အဝတ်အစား သေတ္တာတစ်လုံးစာ ဖြစ်ပါသည်။ ထိုထက်များပါက မိမိစရိတ်ဖြင့် တန်ဆာခပေးသယ်ရပါသည်။ လေကြောင်း ပို့ဆောင်ခမှာ ဈေးကြီးသည်ကိုသတိပြုပါ။ နိုင်ငံခြားသွားခါနီး လူကြုံပေး ပစ္စည်း အများကြီး သယ်သွားရတတ်သော ဒုက္ခကိုသတိပြုပါ။ ထိုသို့ တန်ဆာလုပ်ရာတွင် မိမိစီးမည့်လေယာဉ်ဖြင့် တစ်ပါတည်းပါလာမည့် အထုပ်များကို **(Accompanied baggage)** ဟုခေါ်ပါသည်။ နောက်လေယာဉ်များဖြင့်မှ လိုက်ကောင်းလိုက်လာမည့် အထုပ်အပိုးများကို **(Unaccompanied baggage)** ဟုခေါ်ပါသည်။ ဤနည်းက တန်ဆာခအကုန်အကျ ပိုသက်သာပါသည်။ (အပြန် ခရီးတွင် သုံးသင့်က သုံးရန်ဖြစ်ပါသည်။)

လေယာဉ်လက်မှတ် စာအုပ်ငယ် အဖုံး၏ အတွင်းပိုင်းတွင်ခရီးသည်များလိုက်နာရန်အချက်များနှင့် ရရှိသောအခွင့်အရေးများကိုရေးထားပါသည်။ ဂရုစိုက်ပြီး ကြိုတင်ဖတ်ထားပါ။ လေယာဉ်ခ အခမဲ့ယူသွားနိုင်သော ပစ္စည်းများတွင် လက်သုံးတူရိယာ၊ လက်သုံးအားကစားပစ္စည်း၊



အမျိုးသမီး အလှပြင်ဘူး၊ လူနာဖြစ်က ဘီးတပ်ခေါက်ကုလားထိုင်၊ ချိုင်းထောက်စသည်တို့ ဖြစ်ပါသည်။ ကုန်သွယ်ရေးဝန်ကြီးဌာနမှထုတ်ကုန်ပါမစ်မလိုဘဲ ပြည်ပသို့ယူဆောင်ခွင့်ရှိသောပစ္စည်းများကို နောက်ဆက်တွဲ "ဆ" တွင် ဖော်ပြထားပါသည်။

**(Baggage)** အဖြစ် သယ်ရမည့်ပစ္စည်းများအတွက် လုံခြုံခိုင်ခံ့ရေးနှင့် သော့ခတ်ရေးကို ဂရုပြုပါ၊ စင်္ကာပူ၊ မလေးရှား စသော နိုင်ငံများတွင် ဘိန်းဖြူသယ်ဆောင်သောပြစ်မှုမှာ သေဒဏ်ဖြစ်ပါသည်။ မသမာသူ တစ်ဦးက မိမိ၏ အထုပ်မှ ဇစ်ကိုဖွင့်ပြီး ဘိန်းဖြူကို ခေတ္တသိမ်းထားဆဲ အာဏာပိုင် များက မိသွားလိုက်လျှင် မတွေးရဲအောင်ပင်။

လေယာဉ်လက်မှတ်စာအုပ်ငယ်တွင် မင်္ဂလာဒုံလေဆိပ်ရှိ လေယာဉ်ကုမ္ပဏီအတွက် ခရီး **(Departure)** ကောင်တာသို့အရောက် သတင်းပို့ရမည့် အချိန် ရေးထားပါသည်။ **(Check-in-time)** ဟုခေါ်ပါသည်။ လမ်းခရီးတွင် ကားအသွားအလာ ကျပ်ချိန်၊ ကားမတော်တဆပျက်က ကားပြောင်းစီးရန်တို့ကို ကြိုတင်စဉ်းစားပြီး

သတ်မှတ်ချိန်ထက်အနည်းငယ်စောရောက်အောင် သွားပါ။ အချိန်ကပ်ပြီးသွားခြင်းဖြင့် စိတ်မောရမည့် ဒုက္ခကိုရှောင်ပါ။ စောလွန်း၍ အိမ်တွင် အစားအသောက် စားချိန်မရလည်း ကိစ္စမရှိပါ။ မင်္ဂလာဒုံလေယာဉ်ကွင်းတွင် မြန်မာကြိုက်အစားအစာများဖြစ်သည့် မုန့်ဟင်းခါး၊ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်တို့ ဝယ်စားနိုင် ပါသည်။ ဈေးအထူးမကြီးလှပါ။ လေယာဉ်စတက်ပြီး ငြိမ်သွား သွား ချင်း လည်း လေယာဉ်က အစားအသောက်ကျွေးပါသည်။ အခမဲ့ဖြစ်သည်။

(ဂ) မင်္ဂလာဒုံလေယာဉ်ကွင်းတွင်။

မင်္ဂလာဒုံလေယာဉ်ကွင်း ခြံစည်းရိုးဂိတ်တံခါးဝ လုံခြုံရေးတွင် ဝင်ခွင့်လက်မှတ်ကို ပြဝင်ပါ။

အဆောက်အဦ ပင်မတံခါးမှဝင်ပြီး လက်ဝဲဘက် ချိုးလိုက်လျှင် လက်ဝဲ နံရံဘက်တွင် လေကြောင်းကုမ္ပဏီကောင်တာများ တွေ့ပါလိမ့်မည်။ မိမိနှင့်ဆိုင်ရာကောင်တာကို အလွယ်တကူတွေ့နိုင်ပါသည်။ များများစားစားမရှိလှပါ။

ထိုကောင်တာတွင်မိမိ၏ နိုင်ငံကူးလက်မှတ်နှင့် လေယာဉ် လက်မှတ်ကိုပြပါ။ ထိုင်ခုံနေရာကို



သတ်မှတ်ပေးပါလိမ့်မည်။ လေယာဉ် ပျံသန်းစဉ်တွင် အောက်ရှုခင်းကို ကြည့်နိုင်ရန် ဘေးခုံရနိုင်က ယူပါ။ **Window Seat** ဟု ခေါ်ပါသည်။ မိမိပါလာသော အထုပ်အပိုးများကို ချိန်တွယ်ကြပါလိမ့်မည်။ ပေါင် ၄၀ ထက်ပိုက ပေါင်ပိုအတွက် ပေးရပါမည်။ အထုပ် အရေအတွက်တိုင်း တန်ဆာလက်မှတ် ဖြတ်ပိုင်းကလေးများ ပေးပါလိမ့်မည်။ ထိုလက်မှတ်တိုင်းတွင် နံပါတ်စဉ်ရိုက်ထားပါသည်။ထိုလက်မှတ်ကို ၂ ပိုင်းဖြတ်ပြီး တစ်ပိုင်းကို မိမိအထုပ်တွင် ချည်ပေးပြီး တစ်ပိုင်းကို မိမိအား ပေးပါလိမ့်မည်။ ထိုလက်မှတ်ဖြတ်ပိုင်းငယ်ကလေးများကို **Bagage checks** ဟု ခေါ်ပါသည်။ မပျောက်မပျက်ရအောင် သိမ်းထားရန် လိုပါသည်။ ထိုလက်မှတ်ပြပြီး အထုပ်အပိုးများ ပြန်ရွေးရန် လိုပါမည်။

မိမိသည် ထိုင်းနိုင်ငံမှ တစ်ဆင့် လေယာဉ်ပျံပြောင်းစီးရမည် ဆိုပါက တန်ဆာ လုပ်နည်း (၂) မျိုးအနက် မိမိကြိုက်ရာနည်းကို သုံးနိုင်ပါသည်။ ဥပမာ—တိုကျိုကို ဆက်သွားရမည်ဆိုပါစို့။ ပထမနည်းမှာ အထုပ်အပိုးများကို လေကြောင်း ကုမ္ပဏီများကပင် လေယာဉ် ပြောင်းတင်သွားသော နည်း ဖြစ်ပါသည်။ ဤနည်းသုံး

မည်ဆိုပါက တန်ဆာ ဖြတ်ပိုင်းတွင် **NRT** (တိုကျို Narita လေဆိပ်အတိုကောက်)ဟု ရေးထားပါလိမ့်မည်။ ဗန်ကောက်တွင် မိမိက ပြန်ရွေးပြီး ဗန်ကောက်လေဆိပ်တွင်မှ တန်ဆာလုပ်မည်ဆိုက တန်ဆာဖြတ်ပိုင်းတွင် **BKK** ဟု ရေးပါလိမ့်မည်။ စာရေးသူအနေဖြင့် အကြံပေးလိုသည်မှာ ဗန်ကောက်တွင်နေ့ချင်းလေယာဉ်ပြောင်းစီးရမည်။အဝတ်အစားလဲရန်မလို(လေဆိပ်တွင်လေအေးစက်တပ်ထား၍ချွေးမထွက်ပါ)ပါက၊ပထမနည်း ဖြစ်သော လေကြောင်း ကုမ္ပဏီ အစီအစဉ်ဖြင့်သာ လမ်းဆုံးအထိ သယ်သွားပါစေ။ မိမိသယ်ရပိုးရ သက်သာပါသည်။ ဗန်ကောက်တွင်ညအိပ်ရမည် ဆိုပါကမူ ဒုတိယနည်း ဖြစ်သော မိမိပစ္စည်းကို ဗန်ကောက်တွင် ပြန်ရွေးမည့်နည်းကို သုံးပါ။ ဗန်ကောက်သည် ရန်ကုန်လောက်ပူပါသည်။ ဟိုတယ်များတွင် လေအေးစက်ရှိသော်လည်း လမ်းပေါ်တွင် ပူအိုက်ပါသည်။

ဤသို့တန်ဆာကိစ္စများ ပြီးပါက သင့်အား လေယာဉ်ပေါ်တက်ခွင့် လက်မှတ် (**Boarding pass**) ပေးပါလိမ့်မည်။ ဤ လက်မှတ်မှာအနံ ၂ ½လက်မအလျား ၆လက်မခန့် ကဒ်ပြားငယ်ဖြစ်ပါသည်။ ကဒ်ပြားပေါ်တွင် လေယာဉ်ပေါ်ရှိ



ထိုင်ခုံများ၏အနေအထား (**Seating Plan**) ကို ပုံနှိပ်ထားပြီး မိမိထိုင်ရမည့် ခုံနံပါတ်ကို ဖော်ပြထားလေ့ရှိပါသည်။ ထိုနောက် ကောင်တာတွင် မိမိ ထုတ်ပြထားသည့် အထောက် အထား မှတ်တမ်းများကို ပြန်ယူရန် မမေ့ပါနှင့်၊ နိုင်ငံကူးလက်မှတ်မပျောက်ရန် ထပ်သတိ ပေးပါစေ။

ထိုနောက် ကောင်တာရှေ့ ခန်းမကြီးအတွင်းရှိ ခုံတန်းရှည်များတွင် လိုက်ပို့ကြသူများနှင့် စကားစမြည် ပြောဆိုနိုင်ပါသည်။ သို့မဟုတ် အပေါ်ထပ် . စားသောက်ခန်းများတွင် တက်ရောက် စားသောက်နိုင်ပါသည်။ အပေါ်ထပ် လက်ယာဘက်အခန်းမှာ လက်ဖက်ရည် ကော်ဖီ မုန့်များ ရနိုင်ပါသည်။ လက်ဝဲဘက်အခန်းတွင်မူ အရက်ပါ ရပါသည်။ မိမိအတွက် ပထမဆုံးအကြိမ် နိုင်ငံခြားခရီးဖြစ်ပါက အရက်ကို ယခုအချိန်တွင် မသောက်ရန် အကြံပြုလိုပါသည်။ ဤဆိုင်များမှာ မြန်မာငွေဖြင့် စားသောက်ရသောဆိုင်များ ဖြစ်ပါသည်။

လေယာဉ်ထွက်ရန် နီးသောအခါ နိုင်ငံခြားခန်းမဆောင် (**Foreign Lounge**) သို့ ဝင်ပါ။ မိမိ အထုပ်အပိုးများကို အလုပ်သမားများက သယ်ပေးခြင်းအတွက် အလုပ်သမားခ ပေးရပါ

မည်။ ဝင်ပေါက်မှာ အောက်ထပ်ရှိ လက်ယာဘက်တံခါးပေါက် ဖြစ်ပါသည်။ တံခါးဝတွင် စာရေးထားပါသည်။ ဤအခန်းတွင်းသို့ ဝင်သည့်အခါ မိမိကိုယ်တိုင်နှင့် လုံခြုံရေးမှ ခွင့်ပြုထားသူများ (၂ဦး)သာ ဝင်ခွင့်ရှိပါတော့သည်။ ကျန်လူများကိုမူ နှုတ်ဆက်သွားပါတော့။ သို့သော် ကျန်လူများသည်လည်း လေဆိပ်လသာဆောင်မှစောင့်နေပြီး သင်လေယာဉ်ပေါ်အတက်တွင် နောက်တစ်ကြိမ် နှုတ်ဆက်နိုင်ပါသေးသည်။

နိုင်ငံခြားခန်းမဆောင်သို့ ရောက်သောအခါ သင်၏ အထုပ်အပိုးသေတ္တာများကို ဖွင့်စစ်ပါလိမ့်မည်။ အကောက်ခွန်ဌာန ဝန်ထမ်းများက စစ်ပါလိမ့်မည်။ရွှေကျောက်မျက်ရတနာများယူသွားပါက သူတို့ကို ပြောပါ။ မှတ်တမ်းတင်ထားပါလိမ့်မည်။ သင် မြန်မာပြည်ပြန်လာက ပြန်ယူလာရပါမည်။ လူဝင်မှုကြီးကြပ်ရေးဌာနကလည်း ထိုနေရာတွင် ရှိပါသည်။ ဤသို့ စစ်ဆေးပြီးသောအခါ တန်ဆာများကို သော့ပြန်ပိတ်ကာ ထားခဲ့ပြီး၊ သင့်လက်ဆွဲကိုသာ ဆွဲပြီး နားနေခန်းသို့ တည့်တည့် ဆက်လျှောက်သွားပါ။ သင်၏ လက်ဝဲလက်ယာတွင် အကောက်ခွန်လွတ် ပစ္စည်း



အရောင်းဆိုင်ကလေးများ ရှိပါသည်။ နိုင်ငံခြားနှင့်စာလျှင် အသေးစားလေးသာ ဖြစ်ပါသည်။ ပန်းချီ ပန်းပု စသော မြန်မာ့အနုပညာလက်ရာများ၊ နိုင်ငံခြားအရက်များ ရောင်းပါသည်။နိုင်ငံခြားငွေဖြင့်, ဝယ်ရပါသည်။ ဗိုလ်ချုပ်ဈေးအလယ်တန်းလောက်တွင် ဈေးသက်သာသောဆီဆေး၊ ရေဆေးပန်းချီများ၊ ကောက်ရိုးပန်းချီများ၊ ပန်းပုလက်ရာများ စသည်တို့ မြန်မာငွေနှင့် ဝယ်ရသဖြင့် မြန်မာအများကမူ ဗိုလ်ချုပ်ဈေးတွင်သာ လက်ဆောင်ပစ္စည်းလေးများ ဝယ်သွားလေ့ရှိပါသည်။ ရှေးဟောင်းအနုပညာလက်ရာများ ပြည်ပသို့ တင်ပို့ခွင့်မရှိသည်ကို သတိပြုပါ။

လေယာဉ်ပေါ်တက်ရန် ခေါ်ပြီဆိုပါက ဤအခန်းအထိ လိုက်ပို့သူများကို နှုတ်ဆက်ပြီး သင့်လက်ဆွဲကိုသင်ဆွဲလျက် ကွင်းထဲသို့ လမ်းလျှောက်သွားပါတော့။ ထွက်ပေါက်မှ ထွက်လိုက်လျှင် လက်ယာဘက် အပေါ်ထပ်ရှိ လသာဆောင်ကို မော့ကြည့်ပါ။ သင့်ကို လိုက်ပို့သူများနှင့် နောက်ဆုံး (မပြန်မချင်း)အနီးကပ် စကားလှမ်းပြောရန် အခွင့်အရေး ဖြစ်ပါသည်။ ယာဉ်မှူးစပြီး သင်၏ တစ်ယောက်တည်း ကမ္ဘာကို ရင်ဆိုင်ရမည့်ခရီး

စလေပြီ။ လေယာဉ်သည် လေဆိပ်နှင့် ခပ်လှမ်းလှမ်းတွင် ရပ်ထားလေ့ ရှိပါသည်။ မိုးရွာနေလျှင် မှူကား ပို့ပေးတတ်ပါသည်။

လေယာဉ်လှေကားရင်းတွင် လေယာဉ်ဝန်ထမ်းအချို့ စောင့်နေပြီး သင်၏ လေယာဉ်တက်ခွင့် လက်မှတ်ဖြတ်ပိုင်းကို သိမ်းပါသည်။ လေယာဉ်လှေကားထိပ်တွင် နောက်ပြန်လှည့်ပြီး လက်ဝှေ့ရမ်း နှုတ်ဆက်နိုင်ပါသေးသည်။ ထင်ထင်ရှားရှားတော့ မမြင်ရတော့ပါ။ လေယာဉ်ပေါက်ဝတွင် လေယာဉ်မှူး(ကပ္ပတိန်) ပိုင်းလော့များနှင့် လေယာဉ်မယ်များ(Stewardess)က ကြိုဆိုနေပါသည်။ နိုင်ငံခြားမှ လေကြောင်းကုမ္ပဏီများက လေယာဉ်သား (Crew) အားလုံးတွင် ထူးခြားသော နှစ်လိုဖွယ်အပြုံးကို တွေ့ရပါသည်။ ထိုင်းအင် တာ နေ ရှင် နယ် ဗန်ကောက်ရှိ သင်တန်းကျောင်းကို စာရေးသူ သွားရောက်လေ့လာခဲ့စဉ်က သင်တန်းပေါင်း မြောက်မြားစွာတွင် "ပြုံးနည်း" သင်ခန်းစာလည်းပါကြောင်း တွေ့ခဲ့ရပါသည်။

(ဿ) ရန်ကုန်ဗန်ကောက် လေယာဉ်ပေါ်တွင်။

ရန်ကုန်ဗန်ကောက် လေယာဉ်များမှာ ခရီးတိုအတွက်သုံးသော လေယာဉ်ငယ်နှင့် အလတ်စား



များသာ ဖြစ်ပါသည်။ လေ ယာဉ် ပေါ် တွင် အလယ်လမ်း(aisle) တစ်လမ်းသာ ရှိပါသည်။ အထက်တန်းနှင့် ရိုးရိုးတန်းဟူ၍ ခွဲမထားပါ။ မိမိတွင် အထက်တန်း လက်မှတ် ရှိလျှင်လည်း ဗန်ကောက်အထိတော့ ရိုးရိုးတန်းသာရှိပါသည်။ စီးကရက် သောက်ခွင့်ရှိသောအပိုင်းနှင့် မရှိသောအပိုင်းလည်း ခွဲမထားပါ။ အိမ်သာ (toilet) မှာ ပဲ့ပိုင်းတွင် ရှိပါသည်။ အတွင်း၌လူရှိလျှင် (Occupied) လူလွတ်လျှင် (Vacant)ဟု တံခါးလက်ကိုင်နားတွင် စာသား ပေါ်နေပါသည်။

ထိုင်ခုံနံပါတ်ကို ဂဏန်းနှင့် အက္ခရာပေါင်းပြီး ဖော်ပြထားလေ့ ရှိပါသည်။ ဂဏန်းမှာ အတန်းနံပါတ်ဖြစ်ပြီး၊ အက္ခရာမှာ ထိုအတန်းတွင်းမှ ခုံနေရာဖြစ်ပါသည်။ (ABCD) စသည်ဖြင့် လက်ဝဲမှ စရေတွက်ပါသည်။ ရှာရခက်သည်ထင်လျှင် လေယာဉ်မယ်ကိုသာ မေးပါ။ နိုင်ငံခြားသွား လာ နေထိုင် ရေး တွင် မေးပါများစကားရဟူသော မောင်ပေါက်ကျိုင်းထုံးသာ နှလုံးမူပါ။ သို့သော် ပေါကြောင်ကြောင်မေးခွန်း မမေးမိအောင်တော့ သတိပြုပါ။

သင်၏ အထုပ်အပိုး ထားရန် (၂) နေရာရှိပါသည်။ လေယာဉ်အမိုးအောက်ရှိ စင်(အံဖုံး

တံခါးပါတတ်သည်)နှင့် ထိုင်ခုံအောက်တွင် ဖြစ်ပါသည်။ သင်၏ထိုင်ခုံအောက်တွင် အသက်ကယ်ဘောလည်း ရှိပါသည်။ သင်၏ ရှေ့ခုံနောက်ကျော တွယ်ကပ်ထားသောအိတ်တွင် မူးဝေ၍ အန်လိုကအန်နိုင်ရန် ပလပ်စတစ်အိတ်ရှိပါသည်။

လေယာဉ်စက် စတင်နှိုးလျှင် ဦးပိုင်းတွင် မီးလင်းလာပြီး ဆေးလိပ် မသောက်ရ (No Smoking)၊ ထိုင်ခုံခါးပတ်များပတ်ပါ (Fasten Seatbelts) ဟူသော စာတန်းများ ပေါ်လာပါမည်။ ထိုအခါ ခါးပတ်ပတ်ပါ။ လေယာဉ်သည် လေယာဉ်ပြေး လမ်းအတိုင်း အရှိန်ယူ ပျံတက်သွားပြီး အပြင်သို့ ရောက်သွား၍ ငြိမ်သွားသောအခါ လေယာဉ်မယ်က အရေးပေါ် အသက်ကယ်ဘောသုံးနည်းနှင့် အောက်စီဂျင် ရှူနည်းပြမည်။ ထို့နောက် ခရီးသည်များကို အစားအသောက်စကျွေးပါလိမ့်မည်။ မြန်မာလေယာဉ်ဖြစ်က လက်ဘက်ရည်(သို့မဟုတ်)ကော်ဖီ သင်ရွေးချယ်ရာကို တိုက်ကျွေးပါလိမ့်မယ်။ ထို့အပြင် ကိတ်မုန့် (သို့မဟုတ်) ဆင်းဒဝစ်နှင့် အသီးအနှံ (လိမ္မော်သီး (သို့မဟုတ်) ငှက်ပျောသီး)ကျွေးပါသည်။ ထိုင်းလေယာဉ် ဖြစ်ပါက ဥရောပစာ (သို့မဟုတ်) ထိုင်းအစာ အတော်များများ ကျွေး



ပါသည်။ ထိုင်းအစာမှာ မြန်မာလျှာနှင့်လိုက်ပါသည်။ စားကြည့်စေချင်ပါသည်။ မြန်မာနှင့်ထိုင်း ခရီးစဉ် လေထဲတွင် မိနစ် ၅၀ ခန့်အတွင်း ယူနီဖောင်း လှလှကလေးများ ဝတ်ထားသည့် ထိုင်းလေယာဉ်မယ် ကလေးများက အစားအသောက်များကို လှည်းဖြင့် တင်တွန်းလာပြီး ခရီးသည်များအား စေ့စေ့အောင် တစ်ဦးချင်း တည်ခင်းပေးသွားပုံ၊ စားပြီးက သိမ်းဆည်းသွားပုံမှာ နှေးနှေးကွေးကွေးလည်း မဟုတ်၊ ပြာလောင်လည်း ခတ်မနေဘဲစနစ်တကျရှိလှပါသည်။ စနစ်တကျ လေ့ကျင့်ထားမှု၏ အကျိုးတရားပင်။

အစားအသောက် စားသည့်အခါ သင့်ရှေ့ ထိုင်ခုံကျောဘက်တွင်ကပ်ထားသောခေါက်စားပွဲငယ်ကလေးကို လှန်ချပြီး ထိုစားပွဲပေါ်တွင် တင်စားပါ။ ဇွန်း၊ခက်ရင်း၊ဓါး၊ တူများကိုသုံးစွဲစားသောက်နိုင်ပါသည်။ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ဩစတြေလျတို့နှင့် အာရှတိုက်ရှိ ဥရောပအစာကျွေးသော ဟိုတယ်များတွင် ခက်ရင်းနှင့် ဓါးကို အများဆုံးသုံးပြီး စားလေ့ရှိပါသည်။ ခက်ရင်းကို ဘယ်လက်ဖြင့်ကိုင်ပြီး၊ ဓါးကို ညာလက်ဖြင့် ကိုင်စားရပါသည်။ စွပ်ပြုတ်သောက်ဇွန်း၊ ကော်ဖီဖျော်သောဇွန်း၊ အလားလိုးသည့်

အသွားတက်သောဒါး၊ ခက်ရင်းနှင့် တွဲပြီးစားသည့် အသွားတုံးဒါး၊ ထောပတ် (သို့မဟုတ်) ဒိန်ခဲလိမ်းသောဒါး စသည်ဖြင့် သူ့နေရာနှင့်သူ သုံးစွဲရသဖြင့် စနစ်တကျ ယဉ်ကျေးစွာ စားသောက်နည်း (Table manners) ကို နိုင်ငံခြားမသွားမီကတည်းကပင် သင်ယူ လေ့ကျင့်သွားရန် အကြံပြုပါသည်။ အာရှနိုင်ငံသို့ သွားမည်ဆိုက တူနှင့်စားနည်း လေ့ကျင့်သွားပါ။ မြန်မာ့ထမင်းဝိုင်းတွင် မြန်မာ့ယဉ်ကျေးမှုသည် အရေးကြီးသလိုပင်၊ သူတို့နေရာတွင်လည်း သူတို့ဓလေ့ကို လိုက်နာရပါမည်။ (Table manners) ဖြင့် လူ့အဆင့်အတန်းကို အကဲခတ်တတ်ပါသည်။

လေယာဉ်ပေါ်မှ အောက်ကို လှမ်းကြည့်လိုက်လျှင် ရွှေတိဂုံစေတီတော်၊ ရန်ကုန်မြစ်၊ မြန်မာ့ပင်လယ်ပြင်၊ တနင်္သာရီတိုင်းမှ ကျွန်းများနှင့် သဘာဝ တောတောင်များမှာ အလွန် လှပါသည်။

အပျင်းပြေဖတ်လိုလျှင် ထိုင်းလေယာဉ် ဖြစ်ပါက **Time, Newsweek, Baugkok Post, The Nation, Sawasdee** စသော အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် မဂ္ဂဇင်းနှင့် သတင်း



စာများ လေယာဉ်မယ်ထံ တောင်းဖတ်ပါ။ စီးကရက် သောက်လိုလျှင် ထိုင်းစီးကရက်နှင့် အင်္ဂလိပ်၊ အမေရိကန် စီးကရက်များ ဝယ်သောက်ပါ။ အကောက်ခွန်လွတ် (**Duty Free**) ဖြစ်၍ ဈေးသက်သာပါသည်။

လေယာဉ်ဆင်းခါနီးပါက လူဝင်မှုကြီးကြပ်ရေးအတွက် ခရီးသည်တိုင်း ဖြည့်ရန် လက်ဝါးခန့်ပုံစံငယ်လေး တစ်ရွက်စီ လာပေးပါလိမ့်မည်။ **Disembarkation Form** ဟု ခေါ်ပါသည်။ သင်၏ အမည်၊ နိုင်ငံသား ပတ်(စ)ပို့ အမျိုးအစားနှင့်နံပါတ်၊ ထိုင်းတွင် တည်းခို နေထိုင်မည့်နေရာ၊ ခရီးဆုံးအရပ် စသည်တို့ ဖြစ်ပါသည်။ မခက်ပါ။ သို့ရာတွင် သင့်အနေဖြင့် မသေချာက လေယာဉ်မယ်ကို မေး၍ ဖြည့်ပါ။ ထိုင်း လေယာဉ်မယ်တိုင်းသည် မြန်မာ လေယာဉ်မယ်တို့ကဲ့သို့ပင် ဘွဲ့ရများ ဖြစ်ပါသည်။ ဗန်ကောက်ရှိ ထိုင်းအင်တာနေရှင်နယ် လေကြောင်းကုမ္ပဏီ၏ သင်တန်းကျောင်းကြီးတွင် အင်္ဂလိပ်စကား သင်တန်း တက်ပြီးသူများဖြစ်၍ အင်္ဂလိပ်စကားကို ကောင်းကောင်းပြောတတ်ကြပါသည်။ ၁၉၈၆ ထိုင်းမယ်ဘွဲ့ရ **Taweeporn Klungploy** သည် ၁၉၈၉ တွင် လေယာဉ်မယ် ဖြစ်လာခဲ့ပါသည်။

**Disembarkation Form** — မှာ လေဆိပ်လူဝင်မှုကြီးကြပ်ရေးကောင်တာတွင် ပေးအပ်ရန်ဖြစ်ပါသည်။

လေယာဉ်သည် ဗန်ကောက်မြို့ပေါ်သို့ ဝဲနေသောအခါ အောက်သို့ ငုံ့ကြည့်လိုက်လျှင် ဗန်ကောက်တစ်မြို့လုံးတွင် ဖြောင့်တန်းသော တူးမြောင်းများ ယှက်နေသည်ကို တွေ့ရပါမည်။ ဗန်ကောက်မြို့သည် ချောက်ဖယား (**Chao Phya River**) မြစ်ဝနား မြေနိမ့်ညွန့်ပျောင်းဒေသတွင် တည်ထားသောမြို့ ဖြစ်သဖြင့် တူးမြောင်းများ အမြောက်အမြားဖောက်ထားရခြင်းဖြစ်ပါသည်။ မကြာခဏ မြို့ပေါ်တွင် ရေလျှံသဖြင့် သဘာဝရေနုတ်မြောင်းများအပြင် ရေစုပ်စက်များပါ သုံးစွဲပြီး ရေထုတ်ရပါသည်။ အရှေ့တိုင်း၏ ဗင်းနစ်မြို့ဟုပင် တင်စားခေါ်ကြပါသည်။ လေယာဉ်ပေါ်မှ မြင်ရသော မြို့ကြီး၏ အခြား ထူးခြားချက် နှစ်ရပ်မှာ ခေတ်မီလှပသော တိုက်တာကြီးများ အမြောက်အမြားရှိခြင်းနှင့် အိမ်ခေါင်မိုးများသည် သွပ်ရောင်၊ အစိမ်းရောင် (သို့မဟုတ်) ဟသ်ပြဒါးရောင် သစ်လွင်တောက်ပြောင်နေခြင်း ဖြစ်ပါသည်။ သံချေးရောင်သွပ်မိုးများ မတွေ့ရပါ။ ဓနိနှင့် သက်ကယ်မိုးများကိုလည်း ကျေးလက်ဒေသတွင်သာ တွေ့ရပါသည်။



## (c) ဒွန်မွန် (Don Muang) လေဆိပ်တွင်။

ဒွန်မွန်လေဆိပ်သည် အရှေ့တောင်အာရှတွင် အကြီးဆုံးလေဆိပ်ဖြစ်ပါသည်။ ဗန်ကောက်မြို့၏ ဆင်ခြေဖုံး ဒွန်မွန်အရပ်တွင် တည်ထားသဖြင့် ဒွန်မွန်လေဆိပ်ဟု ခေါ်တွင်ခြင်း ဖြစ်ပါသည်။ မြို့လယ်မှ လမ်းပေါ်တွင် ယာဉ်မရှုပ်ချိန် ကားဖြင့် လာမည်ဆိုလျှင် နာရီဝက်ခန့်လာရပါသည်။ ယာဉ်ကျပ်ချိန်ဖြစ်က စိတ်ပျက်စရာ ကောင်းလောက်အောင် ကြာပါသည်။ ဤလေဆိပ်သို့ ကမ္ဘာအရပ်ရပ်မှ လေကြောင်းကုမ္ပဏီအကြီးစား၊ အလတ်စားတို့မှ လေယာဉ် အတော်များများ ဆိုက်ကပ်ကြပါသည်။ (၅)မိနစ်လျှင် လေယာဉ် တစ်စင်းခန့် အတက်အဆင်းရှိနေပါသည်။

လေယာဉ်အမျိုးအစားအားဖြင့်လည်း ကမ္ဘာကျော် ခရီးသည်တင်လေယာဉ်ကြီး များဖြစ်သည့် **Boeing 747, DC 10. Airbus—300** နှင့် **Airbus 300–600** တို့ အားလုံး ဆင်းတက်ကြပါသည်။ ထို့အပြင် ကုန်တင် လေယာဉ်ကြီးများကိုလည်း တွေ့ရပါသည်။ **Concord** တော့ မဆင်းပါ။

လေဆိပ်ပင်မ အဆောက်အအုံသည် သုံးထပ်ဖြစ်ပြီး အဓိကအားဖြင့် အဝင်ခရီးသည်များ

ခန်းမ (Arrivals lounge) အတွက် ခရီးသည် [illegible] ခန်းမ (Departure lounge)၊ ခရီးကူးပြောင်းသူများ ခန်းမ (Transit lounge)။ အကောက်ခွန်လွတ် ဆိုင်များ၊ (Duty free shops) နှင့် စားသောက်ဆိုင်များ ရှိပါသည်၊

လေယာဉ်ပေါ်သို့ ဆင်းရန်တက်ရန် အတွက် ဝင်ပေါက် ထွက်ပေါက်များ ခရီးစဉ်အလိုက် သတ်မှတ်ထားရာ Gates ဟု ခေါ်ပါသည်၊ Gates ပေါင်း (၄၁) ခု ဟု ထင်ပါသည်၊ စာရေးသူ ၁၉၈၈ က ဂျပန်သွားစဉ်က ထွက်ပေါက် အမှတ် (၃၁)ကို သုံးရပါသည်။ (၃၁) သည် အဆုံးမဟုတ်သေးသည်ကို သတိပြုမိခဲ့ပါသည်။ Gates များမှတစ်ဆင့် လေယာဉ်ကြီးများအပေါက်သို့ Air Condition တပ်ထားသည့် အလုံမိုးပျံ့တံတားများနှင့် ဆက်သွယ်ထားသဖြင့် ခရီးသည်များသည် လေယာဉ်နှင့်လေဆိပ် အဆောက်အဦ အကြား Air–Conditioned အခြေအနေ အတွင်းမှသာပင် တောက်လျှောက် ကူးပြောင်းနိုင်ပါသည်။ ထို့အပြင် လမ်းမလျှောက်လိုပါက လေဆိပ် အဆောက်အဦ အတွင်းတွင် အထက်အောက် သာမက မျက်နှာပြင်ညီတွင်ပါ လျှောစက်လျှောခါးပတ်တပ်ထားသည်ကို သုံးနိုင်ပါသည်။



ရန်ကုန်နှင့် ဗန်ကောက်အကြား ပြေးဆွဲနေသည့် မြန်မာလေယာဉ်များရော၊ ထိုင်းလေယာဉ်များပါ အရွယ်အစား ငယ်ကြပါသည်။ ထို့ကြောင့် လေယာဉ်ကွင်း အဆောက်အဦ၏မိုးပျံ့ဂိတ်တံတားတွင် ကပ်မရပ်ကြရပါ။ ခပ်လှမ်းလှမ်းတွင်ရပ်ပြီး၊ ခရီးသည်များကို ဘတ်စ်ကားဖြင့် ပို့ပေးပါသည်။ ဘတ်စ်ကားမှာ လေယာဉ်ကွင်းများတွင် သုံးလေ့ရှိသည့် ထိုင်ခုံအနည်းငယ်သာပါသည့် မတ်တတ်ရပ်စီးရန် နေရာများ ထားသော ဘတ်စ်ကားမျိုး ဖြစ်ပါသည်။ ထိုဘတ်စ်ကားက သင့်အား Arrivals Lounge ခန်းမသို့ သယ်လာပါလိမ့်မည်။ ဤတွင် ခရီးသည် ၃ - မျိုး ၃ - စား ပေါ်လာပါလိမ့်မည်။ ဗန်ကောက် တွင် လမ်းဆုံးမည့် ခရီးသည်များ၊ ဒွန်မွန် လေဆိပ်တွင် နာရီ အနည်းငယ်ခန့် ရပ်နားပြီး ခရီးဆက်မည့်သူများ၊ ဗန်ကောက်မြို့တွင် ရက်အနည်းငယ်နေပြီး ခရီးဆက်မည့်သူများ ဟူ၍ ဖြစ်ပါသည်။

ဗန်ကောက်တွင် ခရီးဆုံးသူအဖို့ Arrivals Lounge) တွင် မိမိ၏ပတ်စ်ပို့၊ ဗီဇာ၊ ဆေးထိုးလက်မှတ်၊ Disembarkation Form တို့ကို Immigration နှင့် Customs ဝန်ထမ်းများထံ

တွင် ပြရပါမည်။ မိမိ၏ အထုပ်အပိုးများကို ပြရပါသည်။ မပြမီ အထုပ်အပိုးရွေးရန် နေရာသို့ သွား၍ ရွေးရပါသည်။ ထိုနေရာတွင် ဆုံလည် ခါးပတ်ကြိး(Rotaling belt) လည်နေပါသည်။ ထို ခါးပတ်ပေါ်တွင် လေယာဉ် အလိုက် ခရီးသည်များ၏ (baggages) များပါ လည်ပတ်နေပါသည်။ မိမိ၏လက်မှတ်ကိုပြပြီး ရွေးယူရုံသာ။ လေယာဉ်ပေါ်မှ ပစ္စည်းများကို လေယာဉ်ပေါ်မှတစ်ဆင့် ဤခါးပတ် (Conveyor belt) ပေါ်သို့တင်လိုက်သဖြင့် ဤနေရာသို့ ရောက်လာခြင်းဖြစ်ပါသည်။ ဤရွေးရန်နေရာတွင် ဝန်ထမ်းမရှိဘဲ ဤအတိုင်း ထားသဖြင့် လက်မှတ်ဖြတ်ပိုင်း မပြရဘဲ ကိုယ့်ပစ္စည်းကိုယ် ယူခဲ့ရတာမျိုးလည်း ကိုယ်တိုင် နှစ်ကြိမ် ကြုံဖူးပါသည်။

အဝင် ခရီးသည်များအတွက် အကောက်ခွန်နှင့် လူဝင်မှု ကောင်တာ အမြောက်အမြားရှိပါသည်။ သံတမန် ပတ်(စ)ပို့နှင့် အထူး ပတ်(စ)ပို့ ကိုင်ဆောင်သူများအတွက် သီးခြား ကောင်တာများ ရှိပါသည်။ တန်းစီရသက်သာပါသည်။ တလေးတစား ဆက်ဆံမှု ရရှိပါသည်။ အရှာအဖွေမရှိပါ။အကောက်ခွန် အရာရှိအနေနှင့် (Anything to declare Sir?) ဟု မေးလျှင်



မိမိက (No, I've nothing to declare.) ဟု ပြောလိုက်ရုံသာ။ ထိုအခါ သေတ္တာအထုပ်အပိုးတို့ကို ဖွင့်မကြည့်တော့၊ လိုအပ်သော တံဆိပ်များ ရိုက်ပေးခြင်း၊ လက်မှတ် ထိုးပေးခြင်းတို့ လုပ်ပေးပါလိမ့်မည်။

ဒွန်မွန်လေဆိပ်တွင် နာရီအနည်းငယ် ရပ်နားပြီး ခရီးဆက်ရမည့်သူအဖို့ လုပ်ရန်မှာ ပထမဦးစွာ မိမိဆက်လက်စီးနင်းလိုက်ပါမည့် လေယာဉ်ကုမ္ပဏီ၏ (Transit counter) သို့ သွားပြီး မိမိ၏ လေယာဉ် လက်မှတ်နှင့် ပတ်(စ)ပို့ ကိုပြပြီး ရှေ့ခရီးစဉ်အတွက် စီစဉ်ကာ မိမိသည်ဆေးလိပ်ကြိုက်သူဖြစ်က ဆေးလိပ်သောက်ခွင့် ရှိသောအပိုင်း (Smoking section) တွင် ထိုင်ခုံနေရာရွေးပါ၊ ဆေးလိပ်မုန်းက (Nonsmoking Sector) ကို ရွေးပါ။ ပထမတန်းတွင် ဖြစ်စေ၊ ရိုးရိုးတန်းတွင် ဖြစ်စေ၊ ဆေးလိပ် သောက်ရန် အပိုင်းက နောက်ပိုင်း၊ ဆေးလိပ် မသောက်ရသောအပိုင်းက ရှေ့ပိုင်းဖြစ်တတ်ပါသည်။ သင်စီးမည့် လေယာဉ်သည် (Bosing 747) ဖြစ်က ပထမတန်း သည် အပေါ်ထပ် (Executive Class) သည် အောက်ထပ်ရှေ့ပိုင်း၊ ရိုးရိုးတန်း သည် အောက်ထပ် နောက်ပိုင်း ဖြစ်ပါသည်။

ခရီးသည်တင် လေယာဉ်များတွင် ဤလေယာဉ်သည်သာ (၂) ထပ် ရှိပါသည်။ ကျန်လေယာဉ်များမှာ တစ်ထပ် ဖြစ်ပါသည်။ ပထမတန်းခရီးသည်က ရှေ့ပိုင်း (Executive class) က အလယ်ပိုင်း၊ ရိုးရိုးတန်းခရီးသည်က နောက်ပိုင်း ဖြစ်ပါသည်။ထိုင်ခုံနေရာအတွက် (Transit counter) တွင်(Window seat) ယူလိုက ပြောကြည့်ပါ။ ရှိသေးက ရနိုင်ပါသည်။ အောက်ကိုကြည့်နိုင်ပါသည်။ အလယ်ခုံများက အောက်ကို မမြင်ရပါ။

ဤကိစ္စများ စီစဉ်ပြီးက သင့်အဖို့ နောက်စီးရမည့် လေယာဉ်ပေါ်တက်ချိန်ကိုစောင့်ရုံသာ။ (Transit lounge) တွင် ဆိုဖာထိုင်ခုံများကို နေရာအနှံ့ ချထားပါသည်။ ထိုနေရာများတွင် ထိုင်စောင့်ပါ။ ထိုသို့ထိုင်စောင့်ရသော နာရီများကို စိတ်ဝင်စားဖွယ်ရာ အသုံးချနည်းကို အတွေ့အကြုံများ ပေးပါရစေ။

ဗန်ကောက်မြို့ ဒွန်မွန်လေဆိပ်သည် တစ်နှစ်လျှင် အစင်အထွက် ခရီးသည် (၈) သန်းကျော်ရှိရာ အသားဖြူ၊ အသားဝါ၊ အသားညို၊ အသားမဲ စသည်ဖြင့် လူမျိုးစုံပါဝင်သည်။ (Transit



lounge) ဆိုဖာများပေါ်တွင် ထိုင်ရင်း ကမ္ဘာအရပ်ရပ်က လူများနှင့် စကားပြောရ သည်မှာ အရသာတစ်ခု၊ တစ်ကြိမ်က အီရန်နှင့် အီရတ်စစ်ဖြစ်နေချိန်တွင် စာရေးသူသည် အီရန်လူငယ်လေးတစ်ဦး အီရတ်သူငယ်မလေးတစ်ဦးနှင့် ဤနေရာတွင် မိတ်ဆွေဖြစ်ဖူးရုံမက သူတို့ကိုပင် စာရေးသူက မိတ်ဆက်ပေးလိုက်ပါသေးသည်။ မိတ်ဆက်ရာတွင် အီရန်နှင့်အီရတ် ပြောင်းပြန်လူလွဲပြောမိ၍ သူတို့ရယ်ကြသည်။ တိုင်းပြည်နှစ်ပြည် စစ်ဖြစ်နေသော်လည်း သူတို့ လက်ဆွဲ နှုတ်ဆက် ကြပါသည်။ တကယ်တော့ ကမ္ဘာပေါ်တွင် "လူ" ဟူသော လူမျိုးတစ်မျိုးသာရှိသည်ဟု စာရေးသူထင်ပါသည်။

ဒွန်မွန်လေဆိပ်သည်မြန်မာနိုင်ငံ၏လေကြောင်းဂိတ်ဝဖြစ်သဖြင့် ခရီးသွား မြန်မာများကိုလည်းတွေ့တတ်ပါသည်။ တစ်ခါတစ်ရံ မြန်မာထင်၍ မြန်မာလိုနှုတ်ဆက်လိုက်မှ အင်ဒိုနီးရှား၊ဖိလစ်ပိုင်၊ ထိုင်း၊ နီပေါ ဘူတန် စသဖြင့် တစ်ဦးဦးဖြစ်နေတတ်သည်။

ဒုတိယအပျင်းဖြေနည်းမှာ လုပ်ငန်းအရသွားလာလှုပ်ရှားနေသူများကို ထိုင်ကြည့်နေခြင်းဖြစ်

သည်။ လေယာဉ်မှူးများ၊ ပိုင်းလော့များ၊ လေယာဉ်မယ်များ၊ လေကြောင်းကုမ္ပဏီများမှ မြေပြင်ဝန်ထမ်းများမှ ဒွန်မွန်လေဆိပ်၏သန့်ရှင်းရေးဝန်ထမ်း လူငယ်များအထိ ဖြစ်သည်။

လေယာဉ်ဝန်ထမ်းများ၏ထူးခြားသောအသွင်သဏ္ဌာန်မှာ ကျန်းမာသန့်စွမ်း ဖျတ်လတ်သွက်လက်ခြင်း၊ ရှင်လန်းသည့် မျက်နှာပေးရှိခြင်း၊ ယူနီဖောင်းများဖြင့် ကြည့်ကောင်းခြင်း ဖြစ်ပါသည်။ မြေပြင်ဝန်ထမ်းများ၏ ထူးခြားချက်မှာ လူတိုင်းလိုလိုတွင် ကျား မ မရွေး လက်သီးဆုပ်ခန့် **Walkie Talkie** ခေါ် ရေဒီယိုစကားပြောစက်ငယ်လေးများကိုင်ထားခြင်းဖြစ်ပါသည်။ သူတို့သည် သွားရင်းလာရင်း အလုပ်လုပ်ရင်း လေယာဉ်နှင့်လည်းကောင်း၊ ကောင်တာများနှင့်လည်းကောင်း ရံဖန်ရံခါ စကားပြောနေကြပါသည်။

ကျွန်တော် သဘောအကျဆုံးမှာ ဒွန်မွန်လေယာဉ်ကွင်းမှ အဆောက်အဦသန့်ရှင်းရေးအလုပ်သမားငယ်များ ဖြစ်ပါသည်။ အသက် (၂၀) ပတ်ဝန်းကျင် ယောကျ်ားလေး မိန်းကလေးများဖြစ်ကြပါသည်။ယောကျ်ားလေးများက ဘောင်း



ဘီရှည် ယူနီဖောင်းနှင့် ရှူးဖိနပ်စီးပါသည်။မိန်းကလေးများက ဂါဝန်နှင့်အသားရောင်ခြေအိတ်ရှည်နှင့် ရှူးနှင့်ဖြစ်ပါသည်။ သူတို့လက်ထဲတွင် အရိုးရှည် **Brush** ၊ အမှိုက်သိမ်းဂေါ်ပြားငယ်၊ အဝတ်စပါလာပြီး တာဝန်ကျရာနေရာတွင်အစဉ်လှည့်လည်လျက် သန့်ရှင်းရေးလုပ်နေကြပါသည်။ ကြမ်းကို တိုက်နေသည်။ (**Brush** အရှည်ဖြင့် မတ်တတ်ရပ်တိုက်ပါသည်)မှန်တွင်ဖုန်တွေကသုတ်သည်။ ထို့ကြောင့်လည်း ဗန်ကောက်လေဆိပ်အဆောက်အအုံသည်ဖုန်ထူသောအပူပိုင်းဇုံဖြစ်ပါလျက် တောက်ပြောင်နေခြင်းဖြစ်မည်။ ကာရံထားသော မှန်များသည် ကြည်လင် တောက်ပြောင်နေသည်။ ဤဝန်ထမ်းငယ်များသည် လေဆိပ်တွင် ရာထူးအနိမ့်ဆုံး ဝန်ထမ်းများဖြစ်ရာ၊ လေယာဉ်မယ်များလောက် ဥပဓိရုပ်နှင့် အဝတ်အစား မကောင်းသော်လည်း ညစ်ပတ်ပေရေမနေကြ။ သပ်သပ်ရပ်ရပ်ပင်။ ဟိုနားသည်နားတွင်ချထားသော ဝေဆာနေသည့် သစ်ခွပန်းအိုးများကလည်း လေဆိပ်၏အလှကိုတိုးစေပါသည်။

နောက်အချိန်ဖြုန်းရန်တစ်နည်းမှာအကောက်ခွန်လွတ် အရောင်းဆိုင်များကို လိုက်ကြည့်ခြင်းနှင့် ပစ္စည်းဝယ်ခြင်းဖြစ်ပါသည်။ **Transit Lounge**

အနားတွင် အကောက်ခွန်မဲ့ဆိုင်များကို အစီအရီ တွေ့ရပါမည်။ လေယာဉ်ကွင်းဘက် အကျဆုံးနေရာတွင် ထိုင်းသစ်ခွပန်းအမျိုးမျိုး အရောင်းဆိုင်ရှိသည်။ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ ကဲ့သို့ပင် သစ်ခွပန်းအမျိုးမျိုးရှိသော နိုင်ငံဖြစ်သည်။ မျိုးသစ်များကို သိပ္ပံနည်းဖြင့်စပ်ကြသည်။ စနစ်တကျစိုက်ကြသည်။ လှပသော စက္ကူနှင့် ပလပ်စတစ်ဘူး အရွယ်အစားအမျိုးမျိုးတွင်ထည့်ကာ တာရှည်ခံအောင်စီမံပြီးရောင်းသည်။ အချို့ ပန်းဘူးမှာ ၄-၅ ပေ ခန့်အထိရှည်သည်။ ဥရောပခရီးသည်နှင့် အမေရိကန် ခရီးသည်များ အများဆုံးဝယ်ကြသည်။ ဤနည်းဖြင့် နိုင်ငံခြားငွေရသည်။ ပန်းဈေးမှာ မသေးလှ၊ စာရေးသူ မဝယ်နိုင်ပါ။

အခြားဆိုင်များလည်းရှိပါသည်။ နိုင်ငံအရပ်ရပ်က အကောင်းစားစီးကရက်များ၊ ရေမွှေးနှင့် အခြားအလှကုန်များ၊ အဝတ်အစားများ၊ ချောကလက်များ၊ အမှတ်တရပစ္စည်းများနှင့် ထိုင်းအနုပညာလက်ရာများ ဖြစ်ပါသည်။ ဝယ်သည့်အခါ မိမိ၏အမည်နှင့် လေကြောင်းခရီးစဉ်ကို အရောင်းစာရေးမအား ပြောပြရုံသာ။ အရေအတွက် အကန့်အသတ်မရှိ၊ ဘာမှတ်တမ်းကိုမျှ ပြရန်မလို၊ အပြင်နှင့်စာလျှင် ဈေးချိုသည်။



အကောက်ခွန်အတွက် မပေးရ၍ဖြစ်သည်။ အမေရိကန်ဒေါ်လာ၊ ဗြိတိသျှစတာလင်ပေါင်စသော ကမ္ဘာ့သုံးငွေများနှင့်ဝယ်ရသည်။ ဘတ်ဖြင့်လည်း ဝယ်နိုင်သည်။ စီးကရက်ဝယ်ရာတွင် တစ်ဘူးချင်း ဝယ်မရ၊ ကာတွန်းလိုက်ဝယ်မှ ရသည်။

အချိန်ဖြုန်းရန် နောက်တစ်နည်းမှာ စားသောက်ခန်းများဖြစ်ပါသည်။ အနောက်တိုင်း၊ တရုတ်၊ ထိုင်း အစားအသောက်များ ရသည်။ ထိုင်းအစာ စမ်းစားကြည့်ဖို့ ထပ်ပြီးအကြံပြုပါရစေ။ စပ်စပ်ချဉ်ချဉ် အရသာမှာ မြန်မာ့ အကြိုက်ဖြစ်ပါသည်။ သို့သော်ငွေစုလိုသူအဖို့ ဘာမျှ မစားရန် အကြံပြုပါရစေ။ လေယာဉ်ပေါ်ရောက်လျှင် အဝအပြဲစားရပါမည်။ အခမဲ့ဖြစ်ပါသည်။

ဤ အပျင်းဖြေနည်းတွင် နစ်မြောမနေရန်တော့ သတိပြုပါ။ လေယာဉ် လွတ်သွားလျှင် အခက်အခဲ တွေ့မည်။ မည်သည့်လေယာဉ်ခရီးစဉ် မည်သည့်အချိန်တွင် မည်သည့်ဂိတ်မှထွက်မည်ကို အသံချဲ့စက်ဖြင့် ထိုင်းမိန်းကလေးတစ်ဦးက အမြဲ ကြေငြာနေပါသည်။ ထိုင်းတို့ အင်္ဂလိပ်စကားပြောသည်မှာ မြန်မာ့နားတွင် မပီသပါ။ နားလည်ဖို့ခက်နိုင်ပါသည်။ ဤအတွက် မပူပါနှင့်။ ပေ ၃၀၊ ၄၀ လောက်တွင်တစ်ခုထားသော တယ်

လီဗီးရှင်းများက ဤအစီအစဉ်ကို အမြဲပြနေပါသည်။ သွားလိုရာခရီး (**destination**)၊ ခရီးစဉ်အမှတ် (**Flight No.**) ဂိတ်ပေါက်နံပါတ် (**Gate No.**) နှင့် ထွက်ခွာအချိန် (**Departure Time**) ကို အင်္ဂလိပ်ဘာသာဖြင့် အမြဲ ကြေငြာနေပါသည်။ ရံဖန်ရံခါ ကြည့်ပါ။ မိမိခရီးစဉ်နီးလာလျှင် ဆိုင်ရာဂိတ်အနီးသို့ သွားနေပါ။ ထိုနေရာတွင်လည်း ထိုင်ခုံများ အလုံအလောက် ချထားသဖြင့် အေးအေးသက်သာ နေထိုင်နိုင်ပါသည်။ လေဆိပ်အတွင်း ဆိုင်းဘုတ်များ၊ လမ်းညွှန်အမှတ်အသားများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားပါသည်။

## (စ) ဗန်ကောက်တွင် တစ်ညအိပ်ကာ လေယာဉ်ပြောင်းစီးခြင်း။

လေယာဉ်ခရီးစဉ်များ၏ လက်ရှိအခြေအနေအရ၊ မြန်မာပြည်မှစထွက်တွင် လေယာဉ်ပြောင်းပြီး ခရီးဆက်လိုပါက ဗန်ကောက်တွင် ညအိပ်မှုကြုံခဲ့ပါသည်။ ဗန်ကောက်မှာ အခြားနိုင်ငံအသီးသီးသို့ထွက်သော လေယာဉ်မျိုးစုံရှိသည် ဖြစ်ပါသည်။ သို့သော် ဗန်ကောက်မှတစ်ဆင့် မြန်မာပြည်သို့အပြန်တွင် ညအိပ်ရတတ်ပါသည်။



အခြေခံသဘောမှာ ခရီးသည်တစ်ယောက်၊ ခရီးအစမှ အဆုံးအထိ သွားလာ နေထိုင် စားသောက်ရေးအတွက် လေယာဉ်ကုမ္ပဏီများတွင် တာဝန် ရှိသည်ဟူသောမှုကို အခြေခံပါသည်။ စာဖတ်သူအနေဖြင့် လေယာဉ်ထိုင်ခုံ တစ်နေရာ ရရှိရေးအတွက် လေကြောင်း ကုမ္ပဏီကို ကပ်နေရသည်ဟူသောအမြင်ကို လုံးဝ ဖျောက်လိုက်ပါ။ လေယာဉ် ထိုင်ခုံလေးတစ်နေရာ ရောင်းရရေးအတွက်ခရီးသည်ကို လေယာဉ်ကုမ္ပဏီက မျက်နှာချိုသွေးနေရသည်ဟူသော အမြင်ကို ပြောင်းယူလိုက်ပါ။

ဤကိစ္စနှင့် ပတ်သက်၍ စာရေးသူ၏ အတွေ့အကြုံကို ပြောပြလိုပါသည်။ လွန်ခဲ့သော (၁၁) နှစ်ကျော်က ဖြစ်ပါသည်။ စာရေးသူသည် ဗြိတိန်နိုင်ငံ စကော့တလန်နယ် အီဒင်ဘာရာမြို့တွင် ရောက်နေပါသည်။ နောက် ရက်သတ္တပတ် (၂) ပတ်ကြာလျှင် အမိမြေသို့ ပြန်ရတော့မည်။ စာရေးသူ ဦးနှောက် ခြောက်နေသည်။ အပြန်ခရီးတွင် အထုပ်အပိုး များမည်။ လူကြုံ လက်ဆောင်ပစ္စည်း များမည်။ ဆွေမျိုး မိတ်ဆွေသင်္ဂဟ အတွက် ပစ္စည်းလည်း များမည်။ ဤအခြေအနေကို အတွေ့အကြုံအရ သိပြီး ဖြစ်၍

ရန်ကုန်ရှိ ကုလသမဂ္ဂဌာန ကိုယ်စားလှယ်ရုံးမှ စာရေးသူအတွက် အပြန်ခရီးတွင် အသုံးပြုရန် သာမန်ရရှိသော အခလွတ် သယ်ဆောင်ခွင့်ထက် ပိုပြီး ပေါင်( ,၀) အတွက် တန်ဆာလက်မှတ်ပါ ဝယ်ပေးလိုက်သည်။ ထိုတန်ဆာလက်မှတ် ပျောက်နေပြီ။ ဒေါင်းတောက်အောင်ရှာသည်။ မတွေ့၊ မိမိစရိတ်ဖြင့် ပေးရကအလေးချိန်တစ်ပေါင်လျှင် ငွေ (၅) ပေါင်ကျော်သည်။ နည်းနည်းနောနော မဟုတ်။ ထိုတန်ဆာလက်မှတ်ရှိကြောင်းအထောက်အထားဟူ၍ ရန်ကုန်ရှိကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံးမှ ရန်ကုန်ရှိ (**British Airways Corp**) သို့ ရေးပေးသော စာတစ်စောင်၏ မိတ္တူသာရှိသည်။ ထိုစာမှာ လေယာဉ်ကုမ္ပဏီရုံးက တန်ဆာလက်မှတ် ထုတ်ပေးကြောင်း အထောက်အထားစာမဟုတ်။ လေယာဉ် စီးရမည့်နေရာမှာ အီဒင်ဘာရာမြို့မှ မိုင် (၄၀၀) ခန့် ဝေးသော လန်ဒန်မြို့ပြင်မှဟီသရိုးလေဆိပ် (**Heathrow Airport**)။ အချိန်မရှိ။ မတတ်နိုင်ပြီ။

စာရေးသူသည် ဘီဒင်ဘာရာမြို့ (**Princess Street**) ရှိ (**British Airways Corporation**) ၏ ရုံးခွဲသို့သွားသည်။ ထိုရုံး၏ အကြီးဆုံးအရာရှိမှာ ဌာနခွဲမန်နေဂျာ ဖြစ်ကြောင်း တယ်လီဖုန်း



(**Directory**) အရသိရှိရသည်။ ထိုရုံးမှာအတော်လေး မြင့်မားသော အဆောက်အအုံ ဖြစ်သည်။ အောက်ထပ်သို့ ဝင်သွားသောအခါ ကောင်တာတွင် တန်းစီ ထိုင်နေသည့် အသက်(၂၀) အရွယ်လူငယ်စန်ထမ်းကလေးများကို တွေ့သည်။ အမျိုးသမီးက များသည်။ စာရေးသူက အနီးဆုံး မိန်းကလေးတစ်ဦးထံသွားပြီး ဌာနခွဲမန်နေဂျာနှင့် တွေ့လိုကြောင်း ပြောပြသည်။

ထို မိန်းကလေးက ကျွန်တော့်အား မန်နေဂျာနှင့် တွေ့နိုင်ပါသည်။ သို့သော်လည်းသူ ကူညီနိုင်တာရှိက၊ သူသိခွင့်ရှိက သိပါရစေဟု ပြောသည်။ ကျွန်တော်ကမူ ဤမျှ ရာထူးငယ်ရွယ်သူ တစ်ဦး ဘာလုပ်ပေးနိုင်မှာလဲဟု သူ့အပေါ်အားမကိုးပါ။ သို့သော် အားနာသဖြင့် အကျိုးအကြောင်း ပြောပြလိုက်သည်။ ထိုအခါ သူက သူ့ ဘေးရှိ ကွန်ပျူတာကို ဟိုနှိပ်သည်နှိပ် လုပ်သည်။ တယ်လီဖုန်းဖြင့်လည်း တစ်ခါသက်သည်။ ထို့နောက် သူက ကျွန်တော့်အား လူကြီးမင်း ပြောတာတွေ အကုန်မှန်ပါတယ်၊ ဒါပေမယ့် ကျွန်မ ဝမ်းနည်းတာက ကျွန်မတို့ ကုမ္ပဏီက လေယာဉ်ဟာ ၁၉၇၆ ခု၊ အောက်တိုဘာလ (၁) ရက်နေ့ကစပြီး ရန်ကုန်ကို မဆင်းတော့ပါဟု

ပြောပါသည်။ ဤတွင် ကျွန်တော် ပျာသွားပါပြီ။ ကုန်ပိုတန်ဆာလက်မှတ် ပျောက်၍ လာခဲ့ရာ၊ ကျွန်တော့် အတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်က ဝယ်ပေးခဲ့သောလန်ဒန်မှ ရန်ကုန်အပြန်လက်မှတ်ပါ အလကား ဖြစ်သွားပြီလားဟု စိုးရိမ်သွားခြင်း ဖြစ်ပါသည်။

သို့သော် မောင်ပေါက်ကျိုင်းထုံး နှလုံးမူပြီး ကျွန်တော်က ပြန်မေးသည်။

"ဒါဖြင့်ရင် ကျွန်တော် ဘာဆက်လုပ်ရင် ကောင်းမလဲဗျာ"

ထိုအခါသူငယ်မက ကျွန်မတို့အနေနဲ့ "ကျွန်မတို့ ထုတ်ရောင်းခဲ့တဲ့ လက်မှတ်အတွက်တာဝန်ယူပါတယ်။လူကြီးမင်းအပြန်ခရီးကိုတခြားလေယာဉ်တွေနဲ့ လူကြီးမင်း ဆန္ဒအတိုင်းအပိုစီစဉ်ပေးပါမယ်"ဟု ပြုံးရွှင်စွာ ပြောပါသည်။ "လူကြီးမင်းရဲ့ ပစ္စည်းတန်ဆာ အတွက်ပါ စီစဉ်ပေးပါ့မယ်"ဟု ဆိုပါသည်။

ကျွန်တော့်အဖို့ ဤမျှရာထူးငယ်သော ဝန်ထမ်းကလေး၏ ပြောစကားကို ယုံရခက်နေပါသည်။ သို့သော်—

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော် (၂၂၊၁၂၊၇၆) မှာ လန်ဒန် ဟီသရိုးလေဆိပ်က ပြန်ချင်ပါတယ်။ ခရစ်



စမတ်အမီ အိမ်ပြန်ရောက်ချင်ပါတယ်"ဟု ပြောလိုက်ပါသည်။

ထိုအခါမိန်းကလေးက သူ့ကွန်ပျူတာကို ဟိုနှိပ် သည်နှိပ် လုပ်ပြီးပြန်မေးပါသည်။

"ကျွန်မတို့ ဒီက ရန်ကုန်ကိုတိုက်ရိုက်ပျံသန်းတဲ့ လေယာဉ်တော့ အောက်တိုဘာ (၁)ရက်ကစပြီး ဘာမှ မရှိတော့ဘူး၊ ဒါပေမယ့် ကလကတ္တားက တစ်ဆင့်ဖြစ်စေ ဗန်ကောက်မှတစ်ဆင့်ဖြစ်စေပြန်မယ်ဆိုရင်ရပါတယ်၊လူကြီးမင်းဆန္ဒကို ကျေးဇူးပြုပြီး သိပါရစေ။"

ကျွန်တော့်အနေဖြင့် အလာခရီးတွင် ကာလကတ္တားဘက်က လာခဲ့သည်။ ဗန်ကောက်ကို မရောက်ဖူးသေး။ ကျွန်တော့် သူငယ်ချင်းတစ်ဦးက မြန်မာနိုင်ငံမှ မထွက်ခွာမီက သင်ပေးခဲ့သည်။ မသိရင် မေး၊ လိုသာရှိရင် တောင်းသာတောင်းကြည့်။ ထိုမိန်းကလေး လုပ်ပေးနိုင်မည်ဟုတော့ မထင်မိ။ အထူးသဖြင့်ဗန်ကောက်မှာမြန်မာပြည်ကိုကျော်ပြီး ပျံရမည်ဖြစ်၍—

"ကျွန်တော် ဗန်ကောက်က တစ်ဆင့် ပြန်ချင်ပါတယ်။ ဗန်ကောက်မှာ တစ်ညအိပ် နေချင်တယ်။ **Boeing 747** နဲ့လဲ ဗန်ကောက်ကို သွားချင်တယ်။ ဗန်ကောက်မှာ လေယာဉ်ကွင်းမှ ဟိုတယ်ကို တက္ကစီနဲ့ အသွားအပြန်သွားဖို့၊ ဟိုတယ်ကောင်းကောင်းတစ်ခုမှာ တည်းခိုဖို့နဲ့ စားသောက်စရိတ်ကို

လေကြောင်းကုမ္ပဏီက စီစဉ်ကျခံပေးမယ် ထင်ပါတယ်၊ ဗန်ကောက်က ရန်ကုန်ကိုတော့ ဘာနဲ့ပဲ သွားရ သွားရ လန်ဒန်ကထွက်ခွာချင်တဲ့နေ့ကတော့ (၂၂-၁၂-၇၆) ရန်ကုန် ရောက်ရက်ကတော့ (၂၄-၁၂-၇၆) ဟုပြောလိုက်သည်။

ထိုအခါ ကောင်တာမိန်းကလေးသည် သူ့ ကွန်ပျူတာကို ဟိုနှိပ်သည်နှိပ် လုပ်ပြန်သည်။ တယ်လီဖုန်းဆက်သည်။ ထို့နောက် သူက—

"လူကြီးမင်း ဆန္ဒအတိုင်း ဖြစ်နိုင်လို့ ကျွန်မ ဝမ်းသာပါတယ်။ လူကြီးမင်း (၂၂-၁၂-၇၆)နေ့ (၁၀း၅၀)မှာ ဟီသရိုးလေဆိပ် ကွမ်းတပ်(စ) (Quantas) လေကြောင်း ကောင်တာမှာ သတင်းပို့ပါ။ ကွမ်းတပ်(စ)ရဲ့ Boeing 747 နဲ့ ဗန်ကောက်အထိ သွားပါ။ (၂၃-၁၂-၇၆)နေ့ ဗန်ကောက် စံတော်ချိန် (၁၄း၃၀)မှာ ဗန်ကောက်ကို ရောက်ပါမယ်။ လေဆိပ်ကို လာကြိုပြီး အာရှဟိုတယ် (The Asia Hotel)ကို ခေါ်သွားပါလိမ့်မယ်။ အဲဒီဟိုတယ်မှာ တစ်ယောက်ခန်း စီစဉ်ပေးပါမယ်။ ညစာနဲ့နောက်တစ်နေ့ နံနက်စာ အတွက် တာဝန်ယူပါတယ်။ (၂၄-၁၂-၇၆)နေ့ (၁၄း၃၀)မှာ ဗန်ကောက်က ရန်ကုန်ကို မြန်မာလေယာဉ်နဲ့ ဆက်သွားရပါမယ်။ လူကြီးမင်း ပေါင်ပိုလက်မှတ်အတွက်လည်း ပူစရာ မလိုပါဘူး၊ ရပါစေ့မယ်၊ လူကြီးမင်း သဘောတူမတူ သိပါရစေ"ဟု ဆိုပါသည်။



ဤမျှ အဆင်ပြေနေသည့်အတွက် ကျွန်တော့်အဖို့ ယုံရခက်ကြီး ဖြစ်နေပါသည်။ သဘောတူပါသည်ဟု ပြန်ပြောလိုက်ပါသည်။ ထိုခလေးမက ဤသို့ စီစဉ်ပေးလိုက်ကြောင်း ထောက်ခံစာလည်း ထုတ်မပေးသဖြင့် ကျွန်တော့်တွင် မယုံမရဲ ဖြစ်နေသည်။ ကျွန်တော့်အဖို့ ထောက်ခံစာလိုချင်သောအကျင့်က ပါနေသည်။ သူက မပေးသဖြင့် ယူမလာရ။ သို့သော် (၂၂-၁၂-၇၆)တွင် လန်ဒန်မြို့၊ ဟီသရိုးလေဆိပ် ကွမ်းတပ်(စ)ကောင်တာတွင် အစစအဆင်ပြေတော့မှ "ဒါဟာ စီမံခန့်ခွဲရေး တော်တာပါလား၊ ကြိုးနီစနစ် မရှိဆိုတာဒါပါလား"ဟု ပညာရသွားပါသည်။

ဗန်ကောက်တွင် တစ်ညအိပ်ရမည့် ခရီးသည်အတွက် တွေ့ကြုံရမည့် အစီအစဉ်ကို စပါမည်။

လေယာဉ်ရုံး၏အဝင် ခရီးသည်ကောင်တာ (Arrivals Counter)တွင် လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်နှင့် ဆေးထိုးလက်မှတ်များ စိစစ်ပြီးနောက် ထိုဂိတ်များကအထွက်တွင် သင်၏အမည်ကို ထိုင်းအမျိုးသားတစ်ဦးက စက္ကူပေါ်တွင် ရေးကာ ထောင်ပြပြီး စောင့်ကြိုနေပါလိမ့်မည်။ ထိုနေရာတွင် အလားတူ စက္ကူထောင်ကာ စောင့်ကြိုနေသူများ အမြဲရှိပါသည်။ မိမိနာမည်ကို ထောင်ပြနေသူထံ သွားကာ မိမိအမည်ကို ပြောပြပါ။ သူက မိမိကို ခေါ်သွားပြီး တက္ကစီတစ်စင်းပေါ်သို့ ပို့ပါလိမ့်မည်။ ထိုတက္ကစီပေါ်တွင် မိမိတစ်ဦးတည်း ဖြစ်ကောင်းဖြစ်မည်။ ခရီးဖေါ်

ပါကောင်း ပါပါလိမ့်မည်။ မိမိအတွက် ဟိုတယ်တွင် တည်းခိုရမည့် အချိန်အလိုက် ညစာ၊ နံနက်စာ၊ နေ့လယ်စာ စားရမည့် လက်မှတ်များလည်း ပေးပါလိမ့်မည်။

ဟိုတယ်ရှေ့တွင် ကားရပ်လျှင် ရောင်စုံ ယူနီဖောင်းကို တောက်ပ ခန့်ညားစွာ ဝတ်ထားသည့် တံခါးစောင့် (**doorman**)က ကားတံခါးနှင့် ဟိုတယ်တံခါးကို ဖွင့်ပေးပါလိမ့်မည်။ (**Bell boy**) သို့မဟုတ် (**Bell hop**) ခေါ် ဟိုတယ်ဝန်ထမ်းကလေးက သင့် အထုပ်အပိုးကို သယ်ပေးပြီး ညွှန်ကြားကောင်တာ (**Reception counter**)သို့ ခေါ်သွားပါလိမ့်မည်။ တံခါးစောင့်ကို ဘောက်ဆူး (**tip**) အနည်းငယ် ပေးခဲ့ပါ။ ညွှန်ကြားကောင်တာတွင် သင် အခန်းရလိုမှု အတွက် ပုံစံငယ်လေးကို ဖြည့်ပေးလိုက်ပါ။ သင့်အတွက် အခန်း သတ်မှတ်ပေးပါလိမ့်မည်။ အခန်းသော့လည်း ပေးပါမည်။ သင့်တွင် အဖိုးတန်ပစ္စည်းများ ပါလာပါက ထိုကောင်တာတွင် (**Deposit box**) တစ်ခု တောင်းပါ။ ထိုအတွက် ငှားခ မပေးရပါ။ စပေါ်ငွေသာ ပေးရပါသည်။ ထိုသေတ္တာသော့ ပြန်အပ်က စပေါ်ငွေ ပြန်ရပါလိမ့်မည်။

မိမိ၏အခန်းသော့တွင် နံပါတ်ပါသည်။ နံပါတ်သုံးလုံး၊ သို့မဟုတ် လေးလုံးပါသည်။ ခုဂဏန်းနှင့် ဆယ်ဂဏန်းသည် အခန်းနံပါတ် ဖြစ်သည်။ ရာဂဏန်းနှင့် ထောင်ဂဏန်းသည် အထပ်နံပါတ် ဖြစ်ပါသည်။ ဥပမာ (၆၁၈)ဆိုလျှင်



(၆)ထပ်ရှိ အခန်းနံပါတ်(၁၈)ဖြစ်ပါသည်။ (၁၁၁၈)ဆိုလျှင် အထပ် (၁၁)ရှိ အခန်း(၁၈)ကို ဆိုလိုသည်။

သင်၏ အထုပ်အပိုးများကို သယ်ပေးနေသည့် ဟိုတယ်ဝန်ထမ်းငယ်က သင့်အား အနီးဆုံး ဓာတ်လှေကားသို့ ခေါ်သွားပါလိမ့်မည်။ ဓာတ်လှေကား အရေအတွက်မှာ ဟိုတယ်အရွယ်အစားကိုလိုက်၍ရှိသည်။ ဓာတ်လှေကားတံခါးများသည် အလိုအလျောက် ပိတ်သည်၊ ဖွင့်သည်။ ထိုထက်မြန်မြန်ဖွင့်ပိတ်လိုက ဓာတ်လှေကားအတွင်းအပြင်ရှိ ခလုတ်ကို နှိပ်ပေးရသည်။ အဖွင့် ခလုတ်ကို < > ဟူ၍ အမှတ်အသားပြထားပြီးအပိတ်ခလုတ်ကို > < ဟူ၍ ပြထားသည်။ မိမိသွားလိုသော အထပ်နံပါတ်ပြထားသည့် ခလုတ်ကိုနှိပ်ရသာ။ နံပါတ်များကို အင်္ဂလိပ်ဂဏန်းဖြင့် ရေးထားသည်။

သွားလိုရာအထပ်ကို ရောက်သောအခါ ဓာတ်လှေကားတံခါးသည် အလိုအလျောက်ပွင့်သွားပြီး မိမိ၏အခန်းတွင်းအထိ ဟိုတယ်ဝန်ထမ်းငယ်က လိုက်ပို့ပါလိမ့်မည်။ သူ့ကို ဘောက်ဆူးပေးဖို့လည်းမမေ့ပါနှင့်။ အခန်းတွင်းသို့ရောက်ပြီး မိမိအခန်းတံခါးကို အပြင်မှ လက်ကိုင်ဘုကိုလှည့်ပြီး မဖွင့်စေလိုပါက အတွင်းလက်ကိုင်ဘု၏အလယ်ရှိ ခလုတ်ကိုဖိလိုက်ပြီး တံခါးကိုပိတ်ပါ။ မိမိအခန်းကို တစ်စုံတစ်ယောက်က တံခါးမခေါက်စေလိုလျှင် "**Don't Disturb**" ဟူသော ကွင်းပါသည့်ကဒ်ပြားကို တံခါးအပြင်လက်ကိုင်ဘုတွင်ချိတ်

ထားပါ။ ထိုင်းနိုင်ငံတွင် ပြည့်တန်ဆာလုပ်ငန်းမှာ မှတ်ပုံတင်ပြီး တရားဝင်လုပ်ကိုင်သော လုပ်ငန်းဖြစ်ရာ တက္ကစီကားမောင်းသမားများကအစ၊ တံခါးစောင့်၊ သင့်အခန်းသို့ ပစ္စည်းသယ်ပြီး လိုက်ပို့သည့် ဟိုတယ်ဝန်ထမ်းငယ်အထိ သင့်ကို ဆွယ်ပါလိမ့်မည်။ ဧည့်ခန်းတွင် ထိုင်နေလျှင်လည်း မိန်းကလေးကိုယ်တိုင်က အင်္ဂလိပ်စကား မတတ်တတတ်ဖြင့် လာမေးတတ်ပါသည်။ ယဉ်ယဉ်ကျေးကျေးဖြင့် ပြန်ငြင်းပါ။

လေယာဉ် ခရီးသည်များ တည်းခိုရသော ဟိုတယ်မှာ အတော်အသင့်ကောင်းမွန်သော ဟိုတယ်များဖြစ်ပါသည်။ ခန်းလုံးပြည့် ကော်ဇောခင်းထားမည်။ လေအေးစက်ရှိမည်။ အိစက်သောအိပ်ရာပေးမည်။ ခြင်ထောင်မလိုပါ။ ရေချိုးခန်းနှင့် အိမ်သာ သီးသန့်ပါသည်။ တစ်ကိုယ်လုံး ဆင်းစိမ်ရန် ရေချိုးအင်တုံကြီး၊ မျက်နှာသစ်အင်တုံတို့ပါမည်။ ဟိုတယ် တံဆိပ်ဖြင့် ဆပ်ပြာမွှေး အနည်းဆုံး တစ်နေ့နှစ်တုံး လဲပေးမည်။ သွားတိုက်ဆေး၊ သွားပွတ်တံ နေ့ခဉ်လဲပေးမည်။ မျက်နှာသုတ်ပဝါ အကြီးအသေးများ နေ့စဉ်လဲပေးမည်။ ဘီရိုကြီးပေးမည်။တစ်ခြမ်းတွင်ကုတ်အင်္ကျီနှင့်ဘောင်းဘီများ ချိတ်ထားနိုင်သည်။ ကျန်တင်ခြမ်းတွင် ဆင့်များရှိသည်။ မှန်တင်ခုံနှင့် စာရေးစားပွဲရမည်။ ရေခဲသေတ္တာရှိ ရေခဲသေတ္တာတွင် အရက်မျိုးစုံ၊ ဘီယာမျိုးစုံနှင့် အချိုရည်မျိုးစုံရှိကောင်းရှိမည်။ ပုလင်းငယ် ဘူးငယ်များ ဖြစ်သည်။ မိမိလိုသလိုသုံးဆောင်ပြီး ဟိုတယ်မှထွက်က ကျသင့်ငွေရှင်း



ပေးရသည်။ ရုပ်မြင်သံကြားစက်ရှိသည်။ ၈-မျိုး (8 channels) မှ ကြိုက်ရာရွေးကြည့်နိုင်သည်။ အင်္ဂလိပ်၊ အမေရိကန် ရုပ်ရှင်များ ထိုင်းဘာသာ အသံထွက်ဖြင့် ကြားရမည်။ ဟိုတယ်တယ်လီဖုန်း အော်ပရေတာမှ တစ်ဆင့် တစ်ကမ္ဘာလုံးသို့ ဆက်နိုင်သော တယ်လီဖုန်းရှိသည်။ ကျသင့်ငွေကို ဟိုတယ်မှအထွက်တွင် ရှင်းရသည်။ ဟိုတယ် စ,တည်းခြင်းကို (**check-in**) ဟုခေါ်ပြီး ထွက်ခွာခြင်းကို (**check-out**) ဟုခေါ်သည်။

ရေချိုးခန်းရှိ ရေဘုံဘိုင်များတွင် အနီရောင်အကွက်ကလေးပါသော ဘုံဘိုင်မှ ကျက်ကျက်ဆူရေနွေးထွက်သည်။ အစိမ်းရောင်ရေဘုံဘိုင်မှ ရေအေးထွက်သည်။ မိမိကြိုက်သလို စပ်သုံးရုံသာ။ အစားအသောက်ကို မိမိအိပ်ခန်းတွင်စားလိုက ဖုန်းဆက်၍ပို့ခိုင်းနိုင်သည်။ (**Room Service**)ဟုခေါ်သည်။ ဤအတွက် ငွေပိုပေးရသည်။ ဟိုတယ်အောက်ဆုံးထပ်တွင် အောက်ပါတို့ရှိတတ်သည်။

- **Reception Counter**
- **Money Exchange Counter**
- **Restaurents** (ဥရောပ၊ ထိုင်း၊ တရုတ်အစား အသောက် အရက် မျိုးစုံရသည်။)
- **Message Parlour** (အနှိပ်ခံသော နေရာ၊ မိမိ အခန်း ဖုန်းဆက်ခေါ်ပြီး အနှိပ်ခံလျှင်လည်းရတတ်သည်။)

- Lounge (ဧည့်ခန်းကျယ်) **(or)** Lobby
- Night Club
- Post Office
- Shops

စသည်တို့ ဖြစ်ပါသည်။

ဟိုတယ် ခြံဝင်းထဲတွင် တက္ကစီကားများလည်း ရှိသည်။ **Limousine Taxi** ခေါ် ကားကြီးဖြစ်ကာ လေအေးစက်ပါသည်။ ဈေးကြီးသည်။ ရိုးရိုးဆီဒင်ကား တက္ကစီရှိသည်။ ဗန်ကောက်တွင် သုံးဘီး တက္ကစီသည် ဈေးအချိုဆုံးဖြစ်သည်။

မိမိသည် လေကြောင်းကုမ္ပဏီ၏ ဧည့်သည် ဖြစ်သဖြင့် ဟိုတယ်အောက်ထပ်ရှိ စားသောက်ဆိုင်ကြီးများ အနက်မှ တစ်ခုခုကိုဝင်ပြီး အစားအသောက်လက်မှတ်ကို ပေးလိုက်ရသာ။ မိမိစားနိုင်သော အစားအသောက်နှင့် ပတ်သက်၍ အများဆုံးမည်မျှ တန်ဘိုးအထိ စားနိုင်သည်ကို ထိုဖြတ်ပိုင်းလက်မှတ်တွင် ဖော်ပြထားသည်။ ညစာ (**dinner**) အတွက် သတ်မှတ်ချက်ငွေထက် နေ့လည်စာ (**Lunch**) ကနည်းသည်။ နေ့လည်စာ (**Lunch**) ထက်နံနက်စာကနည်းသည်။ သို့သော်လည်း အတော်ပင် ကောင်းကောင်း စားနိုင်ပါသည်။ ထိုသတ်မှတ်ငွေ ဆိုရာတွင် အစားအသောက်ကုန်ကျငွေနှင့် ဟို



တယ်ခွန် (**Service Charges**) များ ပါဝင်သည်။ အရက်ဘိုးကို မိမိဘာသာ ကျခံရတတ်သည်။ ထို့ကြောင့် အစားအသောက်မှာရာတွင် အစားအသောက်နှင့် ဈေးနှုန်းစာရင်း (**Menu**) ကိုကြည့်ပြီးမှ အကြမ်းဖျင်းတွက်ပြီး မှာသင့်ပါသည်။ ညစာအတွက် ဘတ် ၄၀၀ မှ ၆၀၀ အထိ စားခွင့်ရှိတတ်သည်။ လျှော့စားလျှင်လည်း ပိုငွေပြန်ထုတ်ခွင့်မရှိ။

ဟိုတယ်တွင် တည်းရာတွင် နောက်နေ့လယ် သည်အချိန်တွင် လေယာဉ်ကွင်း အရောက်သွားရမည်ကို ချိန်ပြီးမှ မြို့ပေါ်တွင် မိမိလည်ပတ်ရေးကို စီစဉ်ပါ။ လိုအပ်သော ထိုင်းဘတ်ငွေကို မိမိတွင်ပါလာသော အမေရိကန်ဒေါ်လာ၊ ဗြိတိသျှ စတာလင်ပေါင်၊ ခရီးသွား ချက်လက်မှတ်တို့ဖြင့် အောက်ထပ်ရှိ ငွေလဲကောင်တာတွင်လိုသလောက်သာလဲပါ။ အချိန်မရွေး (၂၄) နာရီပတ်လုံး အကန့်အသတ်မရှိ လဲနိုင်ပါသည်။ ဘာထောက်ခံစာမျှ မလိုပါ။ ဘဏ်များ၏လဲလှယ်နှုန်းနှင့် အနည်းအကျဉ်းသာ ကွာသောကြောင့် မိမိ အဖို့ မနစ်နာပါ။ မြန်သည်။လွယ်သည်။ကြည်ကြည်ဖြူဖြူရှိသည်။ ဟိုတယ်တစ်ခုလုံးရှိ ဝန်ထမ်းအားလုံးက သင့်အပေါ်အထူး အရေးကြီးပုဂ္ဂိုလ်လို ဆက်ဆံ လိမ့်မည်။ အခြားသူများ အပေါ်၌လည်း ထိုအတိုင်းပင်။ ဤသည်မှာ ဟိုတယ်၏ ဝတ္တရား။ သူတို့အကျိုးစီးပွားအတွက်အရေးကြီးဆုံး အချက်။ အပြိုင်အဆိုင် စီးပွားရေးတွင်အောင်မြင်မှု သော့ချက်တစ်ခု။ သင် အိမ်ရာထလျှင်အိပ်ရာသိမ်းရန်မလို။ အခန်းတွင်ဖုန်ဖုံးဝ

မရှိ။ လာရှင်းပေးမည့် ဝန်ထမ်းရှိသည်။ သူ့အတွက်လည်း ဘောက်ဆူးနည်းနည်း ပေးရသည်။

သင် ရှောင်ရန် တစ်ခုရှိသည်။ အိပ်ရာပေါ်တွင်ဆေးလိပ် မသောက်ရန် ဖြစ်ပါသည်။ သင် ဝါသနာပါက အမျိုးသမီးခေါ်နိုင်သည်။ ဤအတွက် ဟိုတယ်ကို ခွင့်တောင်းရန် မလို။ တည်းခတစ်ယောက်စာ ထပ်မပေးရ။ ဟိုတယ်နှင့် သူတို့ ဝေစု ခွဲသည် ထင်ပါသည်။ မည်သို့ခွဲသည်မသိပါ။ ထိုအမျိုးသမီးမျိုး ဟိုတယ်တွင် အမြောက်အမြားရှိသည်။ သူတို့၏ ထူးခြားချက်မှာ အဖြူရောင်ဝတ်စုံ လှလှကလေးများ ဝတ်တတ်ခြင်းနှင့် ရေမွှေးအလွန်သုံးခြင်း ဖြစ်ပါသည်။ တစ်ညလျှင် ဘတ်တစ်ထောင်ခန့် ပေးရသည်ဟု သိရပါသည်။ ဤကိစ္စမျိုး ရှောင်နိုင်လျှင် အကောင်းဆုံး ဖြစ်ပါသည်။ **Vietnam Rose** ဟု အရပ်ခေါ် ကာလသား ရောဂါတစ်မျိုးသည် အလွန်ဆိုးသည်ဟု ကြားမိပါသည်။ ဗီယက်နမ်စစ်ပွဲကာလက ထိုင်းသို့လာရောက်အပန်းဖြေကြသောအမေရိကန်စစ်သားများ ထားခဲ့သည့် လက်ဆောင်ဟု ဆိုသည်။

ဟိုတယ်မှ ထွက်တော့မည်ဆိုလျှင် **Reception** ကောင်တာတွင် ကျသင့်ငွေ (တည်းခိုခနှင့် သာမန် စားသောက်ခ မပါ) ရှင်းပြီး အခန်းသော့အပ်ရသာ။ သင့်အား လာကြိုသောကားဖြင့် လေဆိပ်လိုက်သွားပါ။ လေဆိပ် အဆောက်အအုံ၏ **(Departure Lounge)**သို့ သွားပါ။ မြို့ထဲမှ



လာသော ကားလမ်းသည် လေဆိပ်အဆောက်အအုံသို့ မဆိုက်စလောက် လွန်အောင် သွားပြီးမှ ပြန်ကွေ့ ဝင်ရသဖြင့် **(Departurs Lounge)** ကို အရင် ရောက်ပါသည်။ ကားပေါ်က ဆင်းလိုက်လျှင် လက်ဝဲဘက်ရှိ အဆောက်အအုံအဝတွင် ဗိုလ်အုန်းသီး ကလေးလက်တွန်း လှည်းကဲ့သို့ ခေါက်၍ရသော လှည်းကလေးများ စီထားသည်ကို တွေ့ရမည်။ ထိုလှည်းတစ်စင်းပေါ်တွင် မိမိပစ္စည်းတင်ပြီး ခန်းမတွင်းသို့ တွန်းသွားပါ။ အလာခရီးခန်းမ **(Arrivals Lounge)** တွင်လည်း အလားတူလှည်းကလေးများ ရှိသည်။ မည်သူ့ကိုမျှ ပြောရန်မလိုဘဲ အားလုံး အခမဲ့ ငှားနိုင်သည်။ ကူလီငှားရန်မလိုပါ။ အဆောက်အအုံ အဝင်အထွက် မှန်တံခါးမကြီးများ အားလုံးသည် လူအနားရောက်လာလျှင် အလိုအလျောက် ပွင့်သည်။ ဖြတ်သွားပြီးက အလိုလိုပိတ်သွားသည်။

ဒွန်မွန် လေဆိပ်ခန်းသို့ ပထမဆုံးအကြိမ်ရောက်ဖူးစဉ်က ကျွန်တော် ဂနိုင်ကျပုံကို ဝန်ခံပါရစေ။ စာရေးသူသည် လှည်းကလေး တွန်းပြီး ထွက်မည် လုပ်စဉ် စာရေးသူရှေ့မှ ယိုးဒယားမလေးတစ်ဦးက ဂါဝန်တိုကလေးဖြင့် မှန်တံခါးမ ရှိရာသို့ လျှောက်သွားသည်။ သူတံခါးဝ ရောက်သောအခါ မှန်တံခါးရွက်နှစ်ခု ဘေးသို့ ရွေ့ပြီးပွင့် သွားသည်။ ထိုမိန်းကလေး လက်ဖြင့် မဖွင့်ကြောင်းကား သေချာသည်။ တစ်ယောက်ယောက်ကများတစ်နေရာရာက ခလုတ်နှိပ်ပေး၍

လားဟု ထင်မိသည်။ သူလဲဖြတ်သွားရော ပိတ်သွားပြန်သည်။ ဘေးဘီကြည့်သောအခါတွင် ခလုတ်နှိပ်ပေးနေသောလူဟု ထင်စရာမတွေ့၊ စာရေးသူမှာ တောကျသည် ဆိုသော်လည်း သတိတော့ထားသည်။ ကိုယ်တိုင် ကိုးရိုးကားယားအဖြစ်တော့မခံ။ နောက်တစ်ယောက် ဖြတ်သွားတာကိုကြည့်ဦးမည်။ ဟော–နောက်တစ်ယောက် ဖြတ်ပြန်ပြီ၊ မှန်တံခါးပွင့်သွားသည်။ ပြန်ပိတ်သွားသည်။ စာရေးသူလည်း ဟန်ပါပါ ခပ်တည်တည်ပင် စေ့နေသော မှန်တံခါးရှိရာသို့ လှည်းကိုတွန်းသွားသည်။ အနားရောက်သော် မှန်တံခါးပွင့်သွားသည်၊ စာရေးသူဖြတ်သွားသည်၊ တံခါး ပြန်ပိတ်သွားပြီ။ ဤကား လွန်ခဲ့သော (၁၄) နှစ်က အခြေအနေ။

(Departure Lounge)တွင် လေယာဉ်ကုမ္ပဏီ၏ ကောင်တာပေါင်း မြောက်မြားစွာကို တွေ့ရပါသည်။ ရာပေါင်းများစွာသော လူမျိုးစုံ ခရီးသည်များလည်း ရှိနေပါသည်။ လေယာဉ်ကုမ္ပဏီကြီးများဆိုလျှင် ခရီးစဉ်အလိုက် ကောင်တာပေါင်း မြောက်မြားစွာ ပြိုင်တူ ဖွင့်ထားရပါသည်။ မြန်မာလေကြောင်း ပို့ဆောင်ရေးက ကောင်တာတစ်ခုသာ ယူထားလေ့ရှိပါသည်။ မိမိနှင့်ဆိုင်ရာ ကောင်တာကို အင်္ဂလိပ်ဘာသာ ဆိုင်းဘုတ်များ ဖတ်ပြီးရှာပါ။ ခက်ခဲနေက ယူနီဖောင်းဝတ်ထားသူတစ်ဦးဦးသာ မေးပါ။

ဆိုင်ရာလေယာဉ်ကုမ္ပဏီ၏ ကောင်တာတွင် ထိုင်ခုံနေရာယူခြင်း၊ ပစ္စည်းအထုပ်အပိုးများ ချိန်တွယ်အပ်နှံခြင်း၊ လေ



ယာဉ်ပေါ်တက်လက်မှတ် (Boarding Pass)ယူခြင်းတို့ လုပ်ပါ။ (Baggage)များ ဤနေရာတွင် အပ်ထားခဲ့ပါ။ သင်သည် လေဆိပ်မှ မြို့ထဲသို့ ထွက်သွားပြီးမှ ပြန်ဝင်ခြင်း ဖြစ်သဖြင့် (Airport Fees) ပေးရပါသည်။ ၁၉၈၈ အဖိုးအခမှာ ဘတ်(၁၅၀)ဖြစ်သည်။ ၁၉၇၆ က ဘတ်(၅၀)ဖြစ်သည်။ အမြဲ ဈေးတက်နေသည်ကို သတိပြုပါ။

ကောင်တာတွင် ဤကိစ္စများပြီးက စစ်ဆေးရေးဂိတ်များကိုဖြတ်ပြီး အတွင်းဆောင်သို့ ဝင်ပါ။ ထုံးစံအတိုင်း အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး စစ်ဆေးမှုများအပြင် လုံခြုံရေးစစ်ဆေးမှုလည်း ပြုလုပ်ပါသည်။ လေယာဉ် အပိုင်စီးမှုများ၊ ဗုံးဖောက်ခွဲမှုများ ကမ္ဘာအရပ်ရပ်တွင် ဖြစ်တတ်၍ လုံခြုံရေးစစ်ဆေးမှုများ ယခင်ကထက် ပိုလာပါသည်။ သင်၏ ခန္ဓာကိုယ်ကို စက်ကိရိယာငယ်တစ်ခုဖြင့် (၆)လက်မ အကွာခန့်မှ ရှပ်ကာ လက်နက် ပါ မပါ ရှာပါလိမ့်မည်။ သင်၏ လက်ဆွဲအိတ်ကိုလည်း လျှောစက်ခါးပတ်ငယ်တစ်ခုပေါ် တင်ပေးလိုက်ရပါသည်။ ထိုအိတ်သည် လျှောခါးပတ်ပေါ်တွင် အလိုက်သင့် ပါသွားပြီး စစ်ဆေးရေးစက်အောက်မှ ထွက်သွားကာ တစ်ဖက်သို့ ရောက်သွားပြီးမှ သင်ပြန်ယူရပါမည်။

အတွင်းဆောင်သို့ ရောက်သွားသောအခါ အကောက်ခွန်မဲ့ ဆိုင်များကိုကြည့်ခြင်း၊ စားသောက်ဆိုင်များတွင် စားသောက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ သင်သည် ခရီးဆက်

ရဦးမည် ဖြစ်သဖြင့် ဘာပစ္စည်းမျှ မဝယ်သင့်ပါ။ စီးကရက်နှင့် အရက်ကလည်း လေယာဉ်ပေါ်ရောက်မှဝယ်နိုင်ပါသည်။ အချိန်ကျရောက်သောအခါ ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း လေယာဉ်ပေါ် တက်သွားပါ။ တစ်ခါမျှ နိုင်ငံခြားခရီး မသွားဘူးကလည်း အားငယ်ရန်မရှိပါ။ မည်သူ့ကိုမျှလည်း ခယရန် မလိုပါ။ ခရီးသည်တစ်ဦး၏ အခွင့်အရေးအားလုံး မိမိရပါမည်။ ခရီးသည်နှင့် လေယာဉ်ကုမ္ပဏီကြားတွင် မိမိက ကျေးဇူးရှင်ဖြစ်သည်။ **Customer is always right** ဟူသော ဆိုရိုးစကားရှိသည် မဟုတ်ပါလော။ ယနေ့ကမ္ဘာတွင် ကမ္ဘာ့ လေကြောင်းကုမ္ပဏီကြီးများသည် သူ့ထက်ငါ အပြိုင် အဆိုင် ခရီးသည်များကို ဆွဲဆောင်နေရသည် မဟုတ်ပါလော။ မျက်နှာ ရှစ်ခေါက်ချိုးဖြင့် ဆက်ဆံသော ဝန်ထမ်းမျိုးကို မည်သည့်လေကြောင်းကုမ္ပဏီများကမျှ ကြာကြာခန့်ထားလိမ့်မည် မဟုတ်။

## (ဆ) နိုင်ငံခြားလေယာဉ်ကြီးပေါ်တွင်။

လေယာဉ်ဝန်ထမ်းများက ခေါ်သည့်အခါ မိမိလည်း အခြားသူများနှင့် အတူလိုက်သွားပါ။ စီးမည့်လေယာဉ်သည် (**Boeing 747, DC 10, Airbus 300**, သို့မဟုတ် (**Airbus 300-600**) အမျိုးအစား ဖြစ်ပါက လေယာဉ်သည် ကြီးသဖြင့် ဂိတ်ပေါက်ရှိ မိုးပုံ့တံတားမှ လေယာဉ်အပေါက်နှင့် တိုက်ရိုက် ဆက်ထားသော လမ်းအတိုင်းလျှောက်သွားပြီး လေ



ယာဉ်တွင်းသို့ တိုက်ရိုက်ဝင်ရုံသာ။ လေယာဉ် သေးလျှင်မူ ခပ်လှမ်းလှမ်းတွင် ရပ်ထားမည်ဖြစ်ရာ လေယာဉ်ကုမ္ပဏီမှ စီစဉ်ပေးသော ဘတ်စ်ကားဖြင့် လေယာဉ်ရှိရာသို့ သွားရပါမည်။

အထက်အပိုဒ်တွင် ဖော်ပြထားသော လေယာဉ်ကြီးများတွင် လေယာဉ်ဦးမှ ပဲ့ပိုင်းအထိ လူသွားလမ်း (**aisle**)နှစ်လမ်း ရှိပါသည်။ လေယာဉ်အလတ်နှင့်အငယ်များတွင်မူ တစ်လမ်းသာ ရှိပါသည်။ လေယာဉ်ကြီးများတွင် ဘေးဘက်ခုံတန်းများ ဘယ်ဘက်တွင် (၃)ခုံတွဲ တစ်တွဲ၊ အလယ်တွင်(၄-၅)ခုံ တစ်တွဲစီရှိပြီး၊ ညာဘက်တွင် (၃)ခုံတွဲ တစ်တွဲ ရှိပါသည်။ မိမိ၏ ခုံနံပါတ်ကို မိမိရထားသော (**Boarding Pass**)တွင် ဖော်ပြထားပါလိမ့်မည်။ ခုံနံပါတ်တွင် ဂဏန်းနှင့် နံပါတ်တွဲ ရေးထားရာနံပါတ်များမှာ လေယာဉ် အလျားလိုက် ခုံတန်း နံပါတ်ဖြစ်ပါသည်။ (**A,B,C,D**) စသည်မှာ ထိုအတန်းတွင် လက်ဝဲဘက်ပြတင်းနှင့် ကပ်လျက်ခုံကို (**A**)ဟု သတ်မှတ်ပြီး စတင် ရေတွက်ထားသော ထိုင်ခုံအမှတ်အသား ဖြစ်ပါသည်။

ပြတင်းတွင် အသေပိတ်ထားသည့် ဖောက်ထွင်းမြင်နိုင်သော ဖိုင်ဘာမှန်နှင့် ထိုအပေါ်မှ လိုအပ်မှ ဆွဲချနိုင်သော လိုက်ကာ (**Sun Shade**)ရှိပါသည်။ မိမိ၏ရှေ့ခုံနောက်ကျောတွင် ကပ်ထားပြီး လိုအပ်မှ ခလုတ်ဖွင့်ကာ ချချရသော စားပွဲငယ် (**Folding Table**)နှင့် ထိုစားပွဲအောက်ကပ်လျက်

အိတ်ငယ်မှာ မိမိနှင့်ဆိုင်ပါသည်။ အိတ်ထဲတွင် မဂ္ဂဇင်းများနှင့် အန္တရာယ်ကင်းရေး ညွှန်ကြားချက်(Safty Instuction) ရှိပါသည်။ ဤညွှန်ကြားချက်ကို ဖတ်ကြည့်သင့်ပါသည်။ ခေါက်စားပွဲငယ်မှာ မိမိရှေ့ခုံတွင် ကပ်ထားခြင်း ဖြစ်သော်လည်း မိမိအသုံးပြုနေစဉ် ထိုရှေ့ခုံ၏ ကျောမှီသည် မတ်လိုက်လှန်လိုက် လုပ်သည့်တိုင်အောင် ထိုစားပွဲသည် နေရာမရွေ့သွားပါ။

ထိုင်ခုံလက်တင်များသည် အပေါ်ကို လှန်ခေါက်ထား၍ ရပါသည်။ သီချင်းနားထောင်ရန် (headphone) တပ်ရန်နေရာ၊ ရုပ်ရှင်ကြည့်ရာတွင်နှင့် တေးဂီတနားထောင်ရန် ရွေးချယ်နိုင်သည့်ခလုတ် (Selector seitch for movie sound track/music)အသံအတိုးအကျယ်ခလုတ်(Volume control)မှာ (B-747. A-300, A-300—600) တို့တွင် လက်ယာဘက်လက်တင်အတွင်းဘက်တွင် ကပ်မြှုပ်ထားပါသည်။ ၎င်းခလုတ်များသည် (DC 10)တွင်မူ လက်ဝဲဘက် လက်တင်ဘေးဘက်တွင် ကပ်မြှုပ်ထားပါသည်။ ထိုင်ခုံကို မတ်ရန်လှန်ရန် ညှိသော ခလုတ် (button to adjust the seat position) နှင့် မီးခလုတ်နှင့် လူခေါ်ခလုတ် (call button) တို့သည် (B 747) နှင့် (DC 10)တို့တွင် လက်ယာဘက်တန်း ဘေးတွင် ကပ်ထားပြီး လူခေါ်ခလုတ် (call button)နှင့် မီးခလုတ်သည် (A-300) နှင့် (A 300—600) တို့တွင် ခရီးသယ်၏ ဦးခေါင်းပေါ်တွင် ရှိပါသည်။



လေယာဉ်သည် (Boeing-747)ဖြစ်က နှစ်ထပ်ရှိပါသည်။ အပေါ်ထပ်သည် အထက်တန်းဖြစ်ပါသည်။ (Airbus) သို့မဟုတ် (DC 10)ဖြစ်က တစ်ထပ်ဖြစ်သည်။ ရှေ့ပိုင်း အခန်းသည် ပထမတန်းဖြစ်ပြီး အလယ်သည် Executive (or) Business class ဖြစ်လျက် နောက်ပိုင်းအခန်းသည် ရိုးရိုးတန်း ဖြစ်ပါသည်။ ရိုးရိုးတန်းကို (Economy class, Tourist class)စသည်ဖြင့် ခေါ်ကြပါသည်။ အတန်းတိုင်းတွင် ဆေးလိပ်သောက်နိုင်သောအပိုင်း (smoking section) နှင့် ဆေးလိပ်မသောက်ရသောအပိုင်း (Non smoking section)ဟူ၍ ရှိပါသည်။ ဆေးလိပ်မသောက်ရသော အပိုင်းက ရှေ့၊ ဆေးလိပ်သောက်ခွင့်အပိုင်းကနောက် ဖြစ်ပါသည်။

အိမ်သာများ (Toilets) သည် လေယာဉ်အလယ်ပိုင်းတွင်လည်းကောင်း၊ နောက်ပိုင်းတွင် လည်းကောင်း ရှိပါသည်။ လေယာဉ်ကြီးလျှင် ကြီးသလို အရေအတွက်များပါသည်။ အခန်းများ အလွန်သန့်ရှင်းသည်။ အမွှေးအကြိုင်ဘူးငယ် ပုလင်းငယ် အမြောက်အမြား ထိုအခန်းများတွင် ထားသည်။ အခမဲ့သုံးနိုင်ပါသည်။ လေယာဉ် ကုမ္ပဏီတံဆိပ်များနှင့် ဖြစ်၍ အချို့ခရီးသည်များ အမှတ်တရဆိုပြီး ယူသွားတတ်ကြသည်။

လေယာဉ်စက်နှိုးချိန်မှ အမြင့်သို့ရောက်ချိန်အထိ မီးနီကလေးများဖြင့် ဦးပိုင်းတွင်လည်းကောင်း၊ ခါးလယ်တွင်လည်းကောင်း ဆေးလိပ်မသောက်ရ (No Smoking)၊ ထိုင်ခုံ

ခါးပတ်များပတ်ထားပါ၊ (Fasten Seat-belts) ဆိုသည့် စာသားများ ပေါ်နေပါလိမ့်မည်။ လိုက်နာဆောင်ရွက်ပါ။ စာတမ်းငြိမ်းသွားသောအခါ ခါးပတ်ချွတ်နိုင်ပါပြီ။ ဆေးလိပ်သောက်နိုင်ပါပြီ။

ထို့နောက် လေယာဉ်မယ်ကလေးများထွက်လာပြီး လေယာဉ် ဦးပိုင်းတွင်လည်းကောင်း၊ လေယာဉ်အလယ်ပိုင်းတွင်လည်းကောင်း မတ်တတ်ရပ်ကာ အသံချဲ့စက်မှ အရေးပေါ်လျှင် အောက်စီဂျင်ရှူခွက် အမိုးပေါ်က ကျလာသောအခါ မည်သို့ရှူရသည်။ အသက်ကယ်အင်္ကျီကို မည်သို့ဝတ်ရသည်ကို ရှင်းပြစဉ် လေယာဉ်မယ်ကလေးများက သရုပ်ပြကြပါလိမ့်မည်။ ယိမ်းကနေသလိုပင်။

ထို့နောက် ခရီးသည်များကို ကြိုဆိုသည့်အနေဖြင့် ရှန်ပိန်၊ အချိုရည် စသည်တို့ကိုလိုက်တိုက်ပါလိမ့်မည်။ ကြိုက်ရာသောက်ပါ။ အခမဲ့ဖြစ်ပါသည်။ ထို့နောက် နံနက်စာ (Breakfast)၊ နေ့လယ်စာ (Lunch)၊ ညစာ (Dinner)၊ ညလယ်စာ (Supper) စသည်ကို အချိန်အလိုက် ကျွေးပါလိမ့်မည်။ ဥရောပစာ၊ တရုတ်စာ၊ လေကြောင်းကုမ္ပဏီ၏ နိုင်ငံ (ထိုင်း၊ ဂျပန်)၏ အစာ စသည်ဖြင့် ကြိုက်ရာစားနိုင်ပါသည်။ မိမိရှောင်သောအသားရှိကလေယာဉ်မယ်ကိုပြောပါ။ သက်သတ်လွတ်စားသူဖြစ်ကလည်း ပြောသာပြကအဆင်ပြေအောင် စီစဉ်ပေးပါလိမ့်မည်။ ထိုသို့မစားမီ အရက်နှင့်



အချိုရည်များ အခမဲ့ တိုက်ပါလိမ့်ဦးမည်။ ခေတ်မီလေယာဉ်ကြီးတစ်စင်း၏ မီးဖိုချောင်မှအစားအသောက်ပွဲပေါင်းနှစ်သောင်း ပြင်ဆင်ပေးနိုင်ပါသည်။

အရက်အမျိုးမျိုး စာရင်းကို တောင်းကြည့်ပါ။ ဝီစကီအမျိုးမျိုးတွင် နာမည်ကျော်များဖြစ်သော (Johnny Wal. ker, Black Label, Chivas Regal, Old Parr, Ballantines,) စသည်များ၊ နာမည်ကျော် ကော့ညက်နှင့် ဘရန်ဒီများဖြစ်သော (Camus VSOP, Martell, Hen. nesy, Remy Martin X.O) စသည်များ၊ နာမည်ကြီးဝိုင်များဖြစ်သည့် [Cizano Bianco] စသည်ဖြင့် [White Wine, Red Wine] စသည်များ၊ [Beefeater] စသောဂျင်အရက်များ၊ ဗော့ကာ [Vcdka]၊ ဆာကေ [Sake]၊ ဘီယာအမျိုးမျိုး [Coca Cola, Pepsi Cola, Coke] စသော အချိုရည်သံဘူးများ၊ သံပုရာရည် [Lime juice]၊ ရှောက်ရည် [Lemon juice]၊ လိမ္မော်ရည် [Orange juice]၊ ဆန်းကစ်ရည် [Sunkiss juice]၊ ဂရိတ်ဖရုရည် [Grapefruit juice] စသည်များကို ကြိုက်ရာမှာပြီးကြိုက်သလောက် အခမဲ့သုံးဆောင်နိုင်ပါသည်။ အမြည်းလည်းအခမဲ့ရသည်။ စာဖတ်ရင်း သွားရည်ယိုနေပြီလား ချစ်စွာသောစာဖတ်သူ။ လေယာဉ်ကွင်းအရောက် လှည်းနှင့်တင်တွန်းသွားရအောင်တော့ အလကားရတိုင်း မလုပ်လိုက်ပါနဲ့ခင်ဗျာ။ လွန်ခဲ့သော ၁၄–၅ နှစ်ကဆိုလျှင် အရက်များကို

အထက်တန်းခရီးသည်များသာ အခမဲ့သောက်ရပြီး ရိုးရိုးတန်းခရီးသည်များက ဝယ်သောက်ရပါသည်။ အချိုရည်ကိုမူ လူတိုင်း အခမဲ့ရပါသည်။ အကောက်ခွန်မဲ့ဖြစ်၍ အရက်ဈေးမှာ ပြင်ပတွင်ထက် ဈေးချိုပါသည်။ ယခုမူ လေယာဉ်ကုမ္ပဏီများ အပြိုင်အဆိုင် ခရီးသည်များကို ဆွဲဆောင်ရသဖြင့် အရက်များ အခမဲ့ဖြစ်လာပြီး အစားအသောက်ကို (မျဉ်းကြောင်းပါ) ကောင်းအောင် ညှို့အောင် ပြိုင်ကြသည်။ ယှဉ်ပြိုင်စီးပွားရေးစနစ်၏ စားသုံးသူအတွက် အကျိုးပင်။

အစား အသောက် စားသည့် အခါ လက်သုတ်ပဝါ (Napkin) ကို ပေါင်ပေါ်ဖြန့်ခင်းပြီး စားပါ။ ဇွန်းများ၊ ခက်ရင်းများ၊ ဓါးများကို သူ့နေရာနှင့်သူ စနစ်တကျ သုံး၍စားပါ။ တူနှင့်စားလိုကလည်း တူတောင်းပါ။ ဂျပန်တူဖြစ်ပါက တူနှစ်ချောင်း၏အရင်းသည် မခွါရသေးပါ။ ပူးလျက်သားဖြစ်သည်။ အသစ်ချတ်ချွတ်ဆိုသော သဘောဖြစ်၏။ သွားကြားထိုးတံ [Tooth-pick] လည်း လိုလျှင် တောင်းပါ။ အရှေ့တိုင်းလေယာဉ်များက တစ်ပါတည်းပေးတတ်ပါသည်။

ထိုအစာကြီးများအကြား လက်ဖက်ရည်၊ ကော်ဖီ၊ နွားနို့ နှင့် မုန့်မျိုးစုံ၊ ချောကလက်စသည်တို့လည်း မကြာခဏ ကျွေးပါသည်။ လေယာဉ်မယ်များသည် အမြဲလိုလို အလုပ်ရှုပ်နေကြပါသည်။ ယူနီဖောင်းလည်း ခဏခဏလဲသည်။ ပွဲကြည့်နေသလိုပင်။



ခရီးသည်များ မပျင်းရအောင် ရုပ်ရှင်ပြသည်။ အင်္ဂလိပ်ဘာသာ၊ လေယာဉ်ကုမ္ပဏီ၏ တိုင်းရင်းဘာသာ ကြိုက်ရာ အသံဖြင့် ကြည့်နိုင်သည်။ လက်တင်အတွင်းရှိ ဆိုင်ရာခလုတ်ဖြင့် ရွေးရုံသာ။ တေးဂီတလည်း နား ထောင် နိုင် သည်၊ [ear phone] ဖြင့် နားထောင်ရသည်။ စာနယ်ဇင်းလည်း ကြိုက်ရာမေးပြီး လိုက်ပေးသည်။

လေယာဉ်ပေါ်တွင် အကောက်ခွန်လွတ် ဝယ်နိုင်သော ပစ္စည်းစာရင်းကို လိုက်ဝေပါလိမ့်မည်။ အဓိကပစ္စည်းမှာ စီးကရက်၊ အရက်၊ ရေမွှေးနှင့် အလှကုန်များ၊ အထိမ်းအမှတ် ပစ္စည်းကလေးများဖြစ်သည်။ အချို့အထိမ်းအမှတ်ပစ္စည်းကလေးများ၊ သော့ကွင်း၊ ဖဲထုပ်၊ အရက်ပုလင်းအငယ်စားလေးများကို အခမဲ့ပေးသည်။ ယောကျ်ားများက အရက်နှင့် စီးကရက်အဝယ်များပြီး အမျိုးသမီးများက အလှကုန်နှင့် ရေမွှေးအဝယ်များသည်။ အရက်မှာ မြို့ပေါ်ဈေးနှင့်စာလျှင် အဆမတန် ဈေးချိုလှပါသည်။ စီးကရက်လည်း အလားတူပင်။ (Malborough, Camel, Lucky Strike, Kent, 555, Dunhill, Black and White Marcovich) စသော နာမည်ကျော် စီးကရက်များ ဖြစ်ပါသည်။ ရေမွှေးများမှာလည်း ကမ္ဘာ့ထိပ်တန်းများ ဖြစ်သည်။ အပြင်နှင့်စာလျှင် သက်သာသည့်တိုင်အောင် ဈေးအတော်မြင့်၏။

စာဘတ်သူများ ခန့်မှန်းနိုင်အောင် ၁၉၇၉၊ အောက်တိုဘာလ အတွင်းက (Thai International) လေယာဉ်ပေါ်၏

ရောင်းဈေးကို ဖော်ပြလိုက်ပါသည်။ ထို့အပြင် ထိုပစ္စည်းများကို နိုင်ငံအတွင်း အကောက်ခွန်မဲ့ တင်သွင်းယူဆောင်ခွင့်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီကြသဖြင့် ထိုလအတွင်းတွင် နိုင်ငံအသီးသီးတွင် သတ်မှတ်ထားချက်ကိုပါ စုပေါင်းတင်ပြလိုက်ပါသည်။

## DRINKS

| pRICE LIST (Oct: 1989) | In US Dollar |
|---|---|
| Johnnie Walker (Black Label) 75 cl | 13 |
| Chivas Regal 75 cl | 15 |
| Camus Napoleon 70 cl | 35 |
| Henessy X.O 70 cl | 60 |
| Remy Martin X:O 70 cl | 60 |

## TOBACCO

| | | |
|---|---|---|
| Thai cigarettes | Per carton | 4.50 |
| American | (200) | 8,00 |
| English | | 8.50 |
| Japanese | | 8 00 |
| Cigarellos' 10 | | 3.00 |



| | |
|---|---|
| Cigars 50s (Davidoff mini size) | 26 |

## PERFUMES

### Christian Doir

| | |
|---|---|
| DIORISSIMO Perfume | 36 |
| MISS DIOR EAUDE TQILE HE 112 ML | 38 |
| POISON Esprit de perfume 12 ML | 50 |

### Guerlain

| | |
|---|---|
| MITSUKO Perfume 3/4 oz | 39 |

### Nina Rices

| | IN US Dollar |
|---|---|
| L' AIR DU TEMPS Perfume atomizer 13 ML | 35 |
| L' AIR DU TEMPS Eaude Toile the Anomizer 60 ML | 26 |

### Channel

| | |
|---|---|
| CHANNEL No. 5 Perfume 1/6 oz | 44 |
| COCO Eau de Perfume, 50 ML | 41 |

**Cacharel**

ANAIS ANAIS EAUDE Toilette spray, 100 ML — 27

**Jean Patou**

JOY Eau de perfume. 30 ML — 34

**Paco Rabanne**

POUR HOMME Eau de Toilette, 120 ML — 35

**Yves St: Laurent**

OPIUM perfume 14 oz — 50
KOUROS Eaude Toilette, 50 ML — 24
PARIS Eaude Toilette, 75 ML — 33

**Este'e Lauder**

WHITE LINEN EAUDE Perfume — 32



## COSMETICS

PRICE LISTS (Oct: 1989) — In US Dollar

**Lancome**

NIOSOME SYSTEM (Anti-Age cream) 50 ML — 35
FESTIVAL COUCKER Make-up Palette with Keracils — 28
SATIN LIPSTICK-set of 3 shades — 33

**Elizabeth Arden**

COLOUR LUXURIES (Make-up Kit) — 27
COLOURS-TO-GO (Slimeline Make-up Kit) — 17
VISIBLE DIFFERENCE (Cream) — 29
LUXURY LIPSTICKS TRIO — 33

**YSL**

AQUARELLE (Make-up Kit) — 40

**Christian Doir**

COMPACT POWDER — 22

## INFLIGHT INFORMATION (Oct; 1989)

### DUTY FREE (Subject to Change)

| Country | Liquour | Cigarette | Perfume |
|---|---|---|---|
| Australia | 1 litre | 200 | reasonable qty |
| Bahrain | 2 bottles | 400 | ” |
| Bangladesh | 1 bot | 200 | ” |
| Brunei | 1 bot | 200 | ” |
| Canada | 1 litre | 200 | 1/2 litre |
| China | 2 litres | 400 | reasonable qty |
| Denmark | 1 litre | 400:200 | 50 gm |
| France | 1 litre | 400.200 | 50 gm<br>1/4 litre cologne |
| Greece | 1 litre | 200 | 50 gm<br>1/4 litre cologne |
| Hongkong | 1 bot<br>(wine only) | 100 | reasonable qty |
| India | 1 litre | 200 | reasonable qty<br>1/4 litre cologne |
| Indonesia | 2 litre | 200 | reasonable qty |
| Italy | 1 litre | 200 | ” |



| Country | Liquour | Cigarette | Perfume |
|---|---|---|---|
| Japan | 3 bottles | 400 | 50 gm |
| Malaysia | 1 quart | 400;200 | 50 gm<br>1/4 litre cologne |
| Myanmar | 1 litre | 200 | 1/2 litre |
| Neitherlands | 1 litre | 400.200 | 50 gm |
| Newzealand | 1 litre | | 1/4 iitre cologne |
| Oman | None | 200 | 1/4 litre cologne |
| Pakistan | None | 200 | reasonable qty<br>1 bot: cologne |
| Phillipines | 1 quart | 400 | reasonable qty |
| Saudi Arabia | None | 600 | reasonable qty |
| Singapore | 1 litre | | ” |
| South Korea | 2 bots | 400 | 50 gm |
| Spain | 1 litre | 200 | 1/4 litre cologne |
| Sri Linka | 2 bottles | 200 | small qty |
| Sweden | 1 litre | 400·200 | up to 100 francs for non-residents, up to 200 francs for residents |
| Taiwan | 1 bot | 200 | reasonable qty |
| Thailand | 1 litre | 200 | ” |
| U K | 1 litre | 200 | 1/4 litre celogne |

| | | | |
|---|---|---|---|
| USA | 1 US fuart | 200 | reasonable qty |
| W Germany | 1 litre | 400:200 | " |

*=Residents of Europe only.

×=Additional Japanese made cigarettes allowed tax-free,

လက်ဆောင်ပစ္စည်းများ ပေးသည့်အခါတွင်လည်း ဘာတွေရှိသည်ကိုမေးပြီး ကြိုက်ရာတောင်းနိုင်ပါသည်။ စာရေးသူ ဂျပန်မှအပြန်တွင် လေယာဉ်မယ်ကလေးက JAL တံဆိပ်ပါသော ပလပ်စတစ် ဖဲထုပ်ကလေးတစ်ထုပ် လက်ဆောင်ပေးပါသည်။ စာရေးသူက မြန်မာပြည်တွင် ပိုကာကစားရာတွင် နှစ်ထုပ်ကစားရသဖြင့် နှစ်ထုပ်ရနိုင်ကလိုချင်ကြောင်း ရယ်စရာအဖြစ်ပြောပါသည်။ ဂျပန်မကလေး ဘယ်လိုသဘောပေါက်သွားသည်မသိ "ဟိုက်" ဟုဆိုကာပြုံးပြီး ခေါင်းညွတ်အရိုအသေပြုလျက် ဦးခန်းသို့ပြန်သွားပြီးနောက် ဖဲထုပ်နှစ်ထုပ်ယူပြီး ထပ်ပေးသဖြင့် ၃ ထုပ်ဖြစ်သွားသည်။

လေယာဉ်ခရီးရှည်တွင် ကသိကအောက် ဖြစ်တတ်သောကိစ္စတစ်ရပ်မှာ ကမ္ဘာတစ်ရပ်နှင့်တစ်ရပ် နေထွက်ချိန် နေဝင်ချိန် မတူကြသဖြင့် (Time Zone) အမျိုးမျိုးကို တစ်ရက်တည်းဖြတ်ရသည့်အခါ၊ ခန္ဓာကိုယ်အတွင်း ကျင့်သားရနေသော အချိန်နာရီ (human clock) နှင့် ပြင်ပမှပြောင်းလဲနေသည့် နာရီများဖြစ်ပါသည်။ အရှေ့အရပ်ကို နေကိုဆန့်ကျင်လျက်သွားရက အချိန်သည် တိုသွားသည်။ အနောက်အရပ်သို့နေနှင့်အတူသွားရက အချိန်သည် ရှည်သွားသလိုဖြစ်သည်။ လူခန္ဓာကိုယ်အတွင်းမှ နာရီမှာ အကျင့်ရှိထားသောအချိန်အတိုင်း ဆာလောင်သည်။ အိပ်ချင်လာသည်။ ထိုသို့အချိန်နှစ်ခု မကိုက်ညီသည့်အခါ ခွန်အားနည်းသူဖြစ်ကမအီမသာ ဖြစ်တတ်ပါသည်။ နေမကောင်းလျှင် လေယာဉ်မယ်ကိုပြောပါ။ သူတို့မှာဆေးပါသည်။ သင်တန်းပေးထားသည်။ အတွေ့အကြုံရှိသည်။ ကျွန်တော် ကိုယ်တိုင်တော့ကမ္ဘာ့အဝေးဆုံးနှစ်နေရာကို တောက်လျှောက်ပျံသန်းခဲ့ဖူးသည့်တိုင်အောင် ဘာမျှမဖြစ်ပါ။ နေရာဒေသအလိုက် မိမိလက်ပတ်နာရီကို ပြောင်းရွှေ့ပေးဖို့သာ မမေ့ပါနှင့်။ နေရာဒေသအလိုက် အချိန်နာရီများ ကွာခြားမှု အချို့ကိုလည်း "က" ဇယားပြု၍ ဖော်ပြလိုက်ပါသည်။ နောက်ဆက်တွဲ "က" တွင် ဂရင်းနစ်စံတော်ချိန် (GMT) နှင့် ကွာခြားပုံကို ဆက်လက်ဖော်ပြထားပါသည်။



### ရန်ကုန်ကိုဗဟိုပြု၍ ကွာခြားသောနာရီများ

\+ မြန်မာပြည်ထက်စောခြင်း
\- မြန်မာပြည်ထက် နောက်ကျခြင်း

| | | | |
|---|---|---|---|
| ဂျကာတာ၊ ဗန်ကောက် | + | ၁/၂ | နာရီ |
| ကွာလာလန်ပူ၊ စင်္ကာပူ၊ မနီလာ၊ ပီကင်း | + | ၂ ၁/၂ | နာရီ |

| | | |
|---|---|---|
| ဆိုး(လ်)၊ တိုကျို | + ၂ ၁/၂ | နာရီ |
| ဆစ်ဒနီ | + ၄ ၁/၂ | နာရီ |
| ဒက္ကာ | − ၁/၂ | နာရီ |
| ကိုလံဘို၊ နယူးဒေလီ | − ၁ | နာရီ |
| အစ္စလမ်မဘာတ် | − ၂ | နာရီ |
| အနောက်ဥရောပ (ကုန်းပိုင်း) | − ၅ ၁/၂ | နာရီ |
| လန်ဒန် | − ၆ ၁/၂ | နာရီ |
| နယူးယောက်၊ ဝါရှင်တန်၊ ကိုရှန်တို | − ၉ ၁/၂ | နာရီ |
| မက္ကစီကို | −၁၀ ၁/၂ | နာရီ |

(ပိုမိုပြည့်စုံစွာ လေ့လာလိုက နောက်ဆက်တွဲတွင် ကြည့်ပါ)

## (ဇ) လမ်းခရီးနိုင်ငံများတွင် လေယာဉ်ဆင်းသက်ခြင်း။

မိမိသွားမည့်ခရီးသည် ရှည်လျားလွန်းက လမ်းခရီးနိုင်ငံများတွင် လေယာဉ်ခေတ္တဆင်းသက် ရပ်နားတတ်ပါသည်။ နာရီဝက်မှ တစ်နာရီကျော် နှစ်နာရီခန့်အထိ ကြာတတ်ပါသည်။ လေယာဉ်ဝန်ထမ်းများ လူလဲခြင်း၊ လေယာဉ်ဆီဖြည့်ခြင်းစသည်တို့ကိုလည်း မူလကကြိုတင်သတ်မှတ်ထားကပြုလုပ်ပါသည်။ အချို့လေဆိပ်တွင်သည်း စားနပ်ရိက္ခာတင်ခြင်း အမှိုက်သရိုက်စွန့်ခြင်းကို ပြုလုပ်ပါသည်။

ထိုသို့ ရပ်နားစဉ် ခရီးသည်များကို လေဆိပ်အဆောက်အအုံအတွင်းသို့ ဝင်ခွင့်ပြုသည်လည်းရှိပါသည်။ မပြုသည်လည်း ရှိပါသည်။ နိုင်ငံရေး၊ လုံခြုံရေးနှင့် အခြားအခြေအနေများအရဖြစ်ပါသည်။ အရှေ့အလယ်ပိုင်းနိုင်ငံအချို့တွင် ဝင်ခွင့်ပြုပါသည်။ ဆင်းခွင့်ရ မရကို လေယာဉ်မှူးက ကြေငြာပေးပါသည်။ ဥပမာ ဘာရိန်း လေဆိပ်။ အချို့တွင်လည်းမပြုပါ။ ဥပမာ/ဒိုဟာ (Dohar) လေဆိပ် ဆင်းကြည့်ခွင့်ရပါက တစ်ခါတစ်ရံ ခရီးသွားသူဖြစ်လျှင် ဗဟုသုတအဖြစ် ဆင်းကြည့်သင့်ပါသည်။ လေဆိပ်ရှိ အကောက်ခွန်လွတ်ဆိုင်များတွင် ပစ္စည်းများဝယ်လိုက ဝယ်နိုင်ပါသည်။ မဝယ်လျှင်လည်း ကြည့်ရတာ ပျော်စရာ ကောင်းပါသည်။ နိုင်ငံအလိုက် အနုပညာလက်ရာများကို တွေ့နိုင်ပါသည်။ ကာလကတ္တား၊ ဘာရိန်းစသော လေဆိပ်များတွင်မူ မြန်မာများစိတ်ဝင်စားသည့် ပစ္စည်းမျိုး မတွေ့ရပါ။ ဒွန်မွန် (ဗန်ကောက်)၊ ကိုက်တက် Kai Tak (ဟောင်ကောင်)၊ နရီတာ (တိုကျို)၊ ချာလ်(စ)ဒီဂေါလေဆိပ် (ပဲရစ်)၊ကင်နေဒီလေဆိပ် (နယူးယောက်)၊ ဟီသရိုး (လန်ဒန်) စသော လေဆိပ်ကြီးများတွင်မူ ဆိုင်အလွန်များပြားပြီး ပစ္စည်းစုံလင်လှပါသည်။ လေဆိပ်အသီးသီး၏ အကောက်ခွန်လွတ်ဆိုင်များမှ ဈေးနှုန်းအချို့ကို (နောက်ဆက်တွဲ က- တွင် ဖော်ပြဖော်ပြလိုက်ပါသည်။

ပစ္စည်းများကို ဝယ်ယူရာတွင် ဆိုင်ရာနိုင်ငံသုံးငွေ၊ ကမ္ဘာတွင် ခိုင်မာသောငွေ (Hard Currencies - အမေရိကန်ဒေါ်လာ၊ စတာလင်ပေါင် စသည်များ)ဖြင့် ဝယ်နိုင်ပါ

သည်။ ဆိုဗီယက်ယူနီယံ၏ငွေ ရူဘယ်(Ruble)မှာ တရားဝင် လဲလှယ်နှုန်းအားဖြင့် အမေရိကန်ဒေါ်လာထက် တန်ဖိုးကြီး သော်လည်း အရှေ့ဥရောပနှင့် ဆိုဗီယက်ယူနီယံ ပြင်ပတွင် လေဆိပ်များတွင်ရော၊ ဘဏ်များ၊ ငွေလဲလှယ်ရေးဆိုင်များ၊ ဟိုတယ်များတွင် လဲလှယ်ရန် လက်မခံကြောင်း သိရပါသည်။ ငွေလဲလှယ်နှုန်းများမှာ (Standard Chartered Bank)၏ (၁၄-၉-၈၉)နေ့ ငွေလဲလှယ်နှုန်းအရ အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံအသီးသီး၏ ငွေကြေးပမာဏကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။ လဲလှယ်နှုန်းမှာ အပြောင်းအလဲရှိပါသည်။

**Money Exchange Rates for US Dollar 1 (14-9-89)**



| Country/Region | Currency | Value of US Dollar 1 |
|---|---|---|
| Australia | Australian Dollar | 1.29 |
| Bangladesh | Taka | 31.15 |
| Brunei | Brunei Dollar | 1.97 |
| Canada | Canadian Dollar | 1.18 |
| Egypt | Egyptian Pound | 2·56 |
| Eire | Irish Pound | 0.74 |
| Fiji | Fiji Dollar | 1.52 |
| France | French France | 6.65 |
| Germany (FRG) | Deutche Mark | 1.97 |
| Hongkong | Hongkong Dollar | 7.81 |
| India | India Rupee | 16.75 |
| Indonesia | Rupiah | 17,90 |
| Israel | Chekels | 2,00 |
| Italy | Lira | 1414 |
| Japan | Yan | 146 |
| Kenya | Kenya shilling | 21.43 |
| Korea (South) | Won | 670.00 |
| Lebanon | Lebanese Pound | 539.82 |
| Macau | Pataca | 8.06 |
| Malaysia | Ringgit | 2.07 |
| Myanmar | Kyat | 6.46<br>(45 1·3-89) |
| Nepal | Nepalese Rupee | 23.99 |
| Netherlands | Guilder | 2.22 |
| New Zealand | NZ Dollar | 1.69 |
| Pakistan | Pakistan Rupee | 20.59 |
| Papua New Guinea | Kina | 0,87 |
| Singapore | Singapore Dollar | 1.98 |
| South Africa | Rand | 2.82 |

| | | |
|---|---|---|
| Sri Lanka | SL Rupee | 39.82 |
| Switzerland | Swiss France | 1.70 |
| Taiwan | NT Dollar | 25.90 |
| Tanzania | Tanzanian Shilli ng | 144.34 |
| Thailand | Baht | 26.05 |
| Uganda | Uganda Shiliing | 199.96 |
| United Kingdom | Pound Sterling | 0.64 |

## (ဈ) ခရီးဆုံးလေဆိပ်သို့ ရောက်ရှိခြင်း။

လေဆိပ်များသို့ ဆင်းသက်ခါနီးတိုင်း မည်သည့်နေရာ ရောက်တော့မည်၊ မည့်သည့်၊ အချိန်တွင်ရောက်လာမည် ထိုလေဆိပ်တွင် ရာသီဥတု မည်သို့ရှိသည်ကို လေယာဉ်မှူးက အသံချဲ့စက်ဖြင့် ကြေငြာပါသည်။ အသံချဲ့စက်ဖြင့် ကြေငြာရာတွင် ဆေးကြော်ငြာရောင်းသလို မခံသာလောက်အောင် မဆူညံပါ။ ကြားသာရုံသာ ဖြစ်ပါသည်။ လေဆိပ်ရှိ (Immigration) ကောင်တာတွင် ပေးရမည့်(Dlsemb rk·ation Form) တစ်စောင်ကိုဖြည့်ပါ။ ကော်ပီပွားရန် မလိုပါ။

ထို့နောက် လေဆိပ်တွင် ပြသရမည့် အောက်ပါမှတ်တမ်းတို့ကို (Attachie Case) ဖြစ်စေ၊ တစ်ခုခုတွင် အလွယ်တကူ ထုတ်နိုင်သွင်းနိုင်သော နေရာတွင် ထားပါ။



Passport

Visa

International Certificate of Vaccination (လိုကောင်းမှလိုမည်)

Disembarkation Form

မိမိစီးသောလေယာဉ်ကလည်း လေယာဉ်ကြီးမျိုးဖြစ်ပြီး လေဆိပ်ကလည်း ခေတ်မီလေဆိပ်ဖြစ်ပါက လေယာဉ်ပေါက်က ထွက်လျှင်ထွက်ချင်း လေဆိပ် အဆောက်အဦနှင့် လေယာဉ်ဆက်ထားသော လေလုံမိုးလုံ အအေးစက်တပ်တံတား ပေါ် လမ်းလျှောက်သွားလျှင် အဆောက်အဦ တွင်းသို့ ရောက်သွားပါမည်။ လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းများကလည်း လေယာဉ်ပေါက်ဝ တစ်ဖက်တစ်ချက်မှ တန်းစီရပ်နေပြီး ခရီးသည်များကို ပြုံးပန်းဖြင့် နှုတ်ဆက်ကြပါလိမ့်မည်။သက်ဆိုင်ရာ စစ်ဆေးရေးကောင်တာများသို့ သွားရောက်ရန် ဆိုင်းဘုတ်နှင့် မြှားများ ပြထားပေလိမ့်မည်။ ထိုမြှားများအတိုင်းသာလိုက်ပြီး လျှောက်သွားပါ။ ပတ်စ်ပို့နှင့် ဗီဇာစစ်ဆေးသော ကောင်တာ၊ လူဝင်မှုကြီးကြပ်ရေး ကောင်တာ၊ ဆေးလက်မှတ် စစ်ဆေးသော ကောင်တာ စသည်ဖြင့် အဆင့်ဆင့် စစ်ဆေးခံပြီးနောက် သင် တန်ဆာလုပ်ခဲ့သော (Baggages) များရွေးရန် နေရာသို့ သွားပါ။ သင်၏ပစ္စည်း အထုပ်အပိုးများသည် ဆုံလည် (rotating belt) ပေါ်တွင် အဆင်သင့် ရောက်နေသည်ကို တွေ့ရ

ပါမည်။ ထိုနေရာတွင် (**baggage checks**) ခေါ်တန်ဆာလက်မှတ်ဖြတ်ပိုင်းငယ် (ပန်းနုရောင်)ကို ပြပြီး ရွေးရုံသာ။ အကောက်ခွန်မှသင့်အထုပ်ကိုဖွင့်ကြည့်လေ့မရှိပါ။ (**Anything to declare sir?**) ဟုမေးလျှင် (**No, I've nothing to declare!**) ဟု ပြန်ပြောရုံသာ။ လေယာဉ်ပေါ်မှ ထွက်ပြီး ယခုအထိ ကိစ္စအားလုံးမှာ ၁၅ မိနစ်ခန့် အတွင်း အကုန် ပြီးပါသည်။ ဌာန အသီးသီးမှ တာဝန်ကျစစ်ဆေးရေး ကောင်တာဝန်ထမ်းသည် မိမိတို့တာဝန်ကို သွက်သွက်မြန်မြန် လုပ်ပေးကြပါသည်။ ခရီးသည် ရပ်နေစဉ် မိမိတို့အချင်းချင်း စကား ပြောနေကြသည်ဟူ၍လည်း မရှိပါ၊ ခရီးသည်၏ အရက်ပုလင်း၊ စီးကရက်ဘူးနှင့် အခြားပစ္စည်းများထဲမှ ဝေမျှပေးရန် အလှူခံခြင်းမျိုးလည်း မရှိပါ။ ရရန်လည်း မမျှော်လင့်ကြပါ။ ခရီးသည်များကလည်း မိမိအတွက် အဆင်ပြေရန် အလိုက်တသိ လက်ဆောင်ပေးရခြင်းမျိုး မတွေ့မမြင်ဘူးပါ။ ပြည်သူ့ဝန်ထမ်း၏ သိက္ခာသမာဓိကို ထိန်းကြပါသည်။

ထိုပစ္စည်းရွေးသည့် အနားတွင် ခေါက်၍ရသော လက်တွန်းလှည်းကလေး အမြောက်အမြားကိုစီထားသည့် အနက်က တစ်စီးကိုယူပြီး မိမိပစ္စည်းများတင်တွန်းကာ အဆောက်အအုံအပြင်သို့ ထွက်ပါ။ ခရီးသည်အားလုံး ဤ အတိုင်းသာ ကိုယ့်ပစ္စည်းကိုယ် တွန်းသွားကြပါသည်။ အချို့ခရီးဆောင် အိတ်များမှာလည်း ဘီးများအဆင်သင့် ပါသဖြင့်



ဆွဲသွားရုံသာ။ လေဆိပ်မှန်တံခါးမကြီးများလည်း လူအနားရောက်လျှင် အလိုလိုပွင့်သွားပြီး အပြင်ထွက်သွားလျှင် ပြန်ပိတ်သွားပါသည်။ အဆောက်အအုံအပြင်ရောက်က ပစ္စည်းကို ကားပေါ်တင်ပြီးလျှင် လှည်းကို ထိုနေရာတွင် အများနည်းတူ စီထားခဲ့ပါ။ ဤအတွက် လှည်းငှားခ မပေးရပါ။

*

# အပိုင်း (၂)

## နိုင်ငံခြားတွင် နေထိုင် စားသောက်ရေး

### ၁။ လေဆိပ်မှ တည်းခိုရာသို့

အချို့နိုင်ငံများတွင် လေဆိပ်နှင့်မြို့မှာ အလှန်ဝေးပါသည်။ ဥပမာ ဟီသရိုးလေဆိပ် (Heathrow Airport) နှင့် လန်ဒန်မြို့လယ်သည် မိုင် ၃၀ ခန့်ဝေးပါသည်။ နရိတာလေဆိပ် (Narita International Airport) နှင့် တိုကျိုမြို့လယ်သည်မိုင်၄၀ခန့်ဝေးပါသည်။ထို့ကြောင့် လေဆိပ်မှ မြို့တွင်းရှိ (City Terarinal) ခေါ် သတ်မှတ်နေရာသို့ လေယာဉ်ကုမ္ပဏီမှ စီစဉ်ပေးသော လေပူ လေအေးစက်ပါ ဇိမ်ခံဘတ်(စ) ကားကြီးများဖြင့် တာဝန်ယူ ပို့ပေးပါသည်။ ထို (City Terarinal) မှသာ မိမိသွားလိုရာသို့ ဆက်သွားရန်ဖြစ်ပါသည်။ ဒွန်မွန်လေဆိပ်တွင်မူ လေဆိပ်မှ ဗန်ကောက်မြို့တွင်းသို့ တိုက်ရိုက်သွားကြရပါသည်။

လေဆိပ်မှ သွားပုံသွားနည်းတွင် အစီအစဉ် အမျိုးမျိုး ရှိပါသည်။



အစိုးရဝန်ထမ်းများ၊ နိုင်ငံခြားအဖွဲ့အစည်းတစ်ရပ်ရပ်၏ ထောက်ပံ့စရိတ်ဖြင့် သွားခြင်းဖြစ်က ထိုအဖွဲ့အစည်းက လေဆိပ်တွင် လာကြိုသော အစီအစဉ် ရှိတတ်ပါသည်။ လာမကြိုသည်များလည်းရှိပါသည်။သက်ဆိုင်ရာမြန်မာသံရုံးသို့ ကြိုတင်အကြောင်းကြားထားသဖြင့် လာကြိုခြင်းများလည်းရှိသည်။ အရပ်သားများအနေဖြင့် နိုင်ငံခြားတွင် အလုပ်သွားလုပ်ခြင်းဖြစ်၍ ထိုကုမ္ပဏီဝန်ထမ်းများက လာကြိုခြင်း၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများက လာကြိုခြင်းတို့လည်း ရှိနိုင်ပါသည်။ ထိုစဉ် လာကြိုသူများသည် စစ်ဆေးရေးကောင်တာများမှ ထွက်ထွက်ချင်းနေရာတွင် စောင့်ပြီး ကြိုလေ့ရှိပါသည်။ လေဆိပ် အဆောက်အအုံကြီးများမှာ အလွန်ကြီးမားပြီး လူလည်း အလွန်များသဖြင့် လူချင်းလွဲမကုန်ရန် ဖြစ်ပါသည်။ ခရီးသည်နှင့် လာရောက်ကြိုသူသည်တစ်ဦးနှင့်တစ်ဦးမမြင်ဘူးသူများဖြစ်က ခရီးသည်၏အမည်ကို စာရွက်ကြီးတစ်ရွက်ပေါ်တွင် စာလုံးကြီးကြီးဖြင့်ရေးကာ ကြိုသူကထောင်ကိုင်ထားပြီး စောင့်နေတတ်ပါသည်။ ထိုအခါ ခရီးသည်က စာရွက်ထောင်စောင့်နေသူများထဲမှ မိမိနာမည်ကိုင်ထားသူကို သွားပြီး မိတ်ဆက်ရုံသာ။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန (Japan International Coperation Agency) က မိမိဖိတ်ထားသော ဧည့်ကိုကြိုပုံမှာ အလွန်စနစ်ကျပါသည်။ နာရီတာလေဆိပ်တွင် ကောင်တာ အသီးသီးကို လွန်သွားသောအခါ သင်ပုန်းတစ်ခုကို တွေ့ရပါသည်။ ထိုသင်ပုန်းတွင် မိမိအမည်နှင့် နိုင်ငံအမည်

ရေးထားသော စာအိတ်တစ်အိတ်ကို တွေ့ပါလိမ့်မည်။ထိုစာ အိတ်ကိုဖောက်ဖတ်ပါ။ ကြိုဆိုရေးအစီအစဉ်ရေးထားသော စာတွေ့ပါမည်။ထိုစာက မိမိအားပထမဦးစွာအဆောက်အအုံ တံခါးမများအနီးရှိ ဧည့်ခံကြိုဆိုရေး ကောင်တာ (Hospitality Counter) သို့သွားပါဟုဆိုပါမည်။ ထိုအတိုင်းသွား လိုက်ပါ။ ထိုကောင်တာတွင် ဤစာအိတ်ကိုပြလျှင်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ပြောလိုက်ပါက ကောင်တာမှမိန်းကလေး များသည် သင့်အား သင့်အမည်နှင့် သင့်တိုင်းပြည်အမည် ဖော်ပြထားသော ရင်ပတ်တံဆိပ်ငယ် တစ်ခုနှင့် လေဆိပ်မှ (City Terarinal) သို့သွားရန် (Limousine Bus) ကား လက်မှတ်တစ်စောင် ပေးပါလိမ့်မည်။ မှတ်ပုံတင်စစ်ခြင်း ပတ်(စ)ပို့စစ်ခြင်း လုပ်မနေပါ။ ခရီးသည် စိတ်ချမ်းမြေ့ ရေးကိုအလေးထားကြပါသည်။ ရင်ပတ်တံဆိပ်မှာ $၂\frac{၁}{၂}\times၁\frac{၁}{၂}$ လက်မခန့်ရှိပြီး လက်ဝဲဘက် ရင်အုံရှိ ကုတ်အင်္ကျီ အပေါ် အိတ်တွင်ညှပ်ပြီးချိတ်နိုင်ရန်ညှပ်ငယ်လေးပါသည်။ လာသော ကိစ္စအလိုက် အဝေးမှခွဲမြင်နိုင်ရန် တံဆိပ်အရောင်ကလည်း ခွဲခြားထားပါသည်။ ပလတ်စတစ်တံဆိပ်ဖြစ်ပါသည်။

ထိုကောင်တာမှ ၁၄—၅ လှမ်းသွားပြီး လက်ယာဘက် ကြည့်လိုက်လျှင် (Limousine Bus) များ တန်းစီရပ်ထား သော ထွက်ပေါက်သို့ရောက်ပါမည်။ ထိုကားကြီးများသည် ၃—၄ မိနစ်လျှင် တစ်စင်းထွက်ပါသည်။ မှီရာကားကိုစီးသွား ရုံသာ။ ကားကြီးများသည် အပူအအေးပေးစက်များ တပ်



ထားပြီး ထိုင်ခုံများသည် ကျယ်ပြန့်ကာ အလွန်အိစက်ညက် ညောပါသည်။ ပတ်ပတ်လည်မှန်ကြီးများ ကာထားသဖြင့် မြို့၏ရှုခင်းကိုလည်း ကောင်းကောင်းကြည့်နိုင်ပါသည်။

ကားရှုပ်ချိန် ကားရှင်းချိန်အလိုက် တစ်နာရီ နှစ်နာရီခန့် မောင်းပြီးလျှင် (City Terarinal) ကိုရောက်ပါမည်။ ကား ပေါ်ကဆင်းလိုက်လျှင် အသင့်စောင့်နေသော ကြိုဆိုရေး ဝန်ထမ်းက သင့်ရင်ပတ်မှ တံဆိပ်အရ သိရသဖြင့် လာနှုတ် ဆက်ပြီး ချက်ချင်းပင် တက္ကစီကားဖြင့် တည်းခိုရာနေရာသို့ ပို့ပါလိမ့်မည်။ တည်းခိုရာနေရာတွင် သင့်ကိုအပ်ပြီးမှ နှုတ် ဆက်ပြီး သူပြန်ပါလိမ့်မည်။

အလားတူပင် ဖိတ်ကြားချက်အရ သင်တန်းတက်ရန်၊ ဆွေးနွေးပွဲတက်ရန် လာကြသူများကို ထိုင်းနိုင်ငံက ကြိုဆိုပုံ မှာ ပို၍ပင်နွေးထွေးသည်ဟု စာရေးသူ အတွေ့အကြုံအရ ပြောလိုပါသည်။

၁၉၇၅ ခုနှစ်က စာရေးသူသည် ထိုင်းနိုင်ငံသို့ ပညာရပ် နှီးနှောဖလှယ်ပွဲအတွက် သွားခဲ့ပါသည်။ ဌာနဆိုင်ရာအချင်း ချင်း တဲလက်စ်ဖြင့် ကြိုတင်ပြီး လာမည့် လေယာဉ်ခရီးစဉ်ကို ပြောထားသောကြောင့် လူဝင်လူထွက် စစ်ဆေးရေးကောင် တာ အဝတွင် သက်ဆိုင်ရာဌာနမှ စီမံခန့်ခွဲရေးအရာရှိ မစ္စတာ ဆွန်ပွန်း (Mr. Sompong) ဆိုသူက စာရေးသူအမည် ရေး ထားသော စက္ကူကိုထောင်ကာ ကြိုနေပါသည်။ ကျွန်

တော်က စတင်နှုတ်ဆက်သောအခါ သူကလည်း လိုက်လိုက်လှဲလှဲ ပြန်လည်နှုတ်ဆက်ပြီး စာရေးသူ၏ ပစ္စည်းတင်လှည်းငယ်ကိုပါ ကူတွန်းပေးပြီး ကားရပ်ထားရာသို့ သွားကြပါသည်။ ထိုနေ့မှာ တနင်္ဂနွေနေ့ဖြစ်ပြီး မွန်းလွဲ (၃) နာရီခန့်ဖြစ်ပါသည်။ သူက ကျွန်တော့်အား ထိုင်းသို့ ရောက်ဖူးသလားဟုမေးရာ ဗန်ကောက်ကိုရောက်ဖူးကြောင်း၊ နယ်စပ်မြို့ဖြစ်သော မဲဆိုင်သို့ တာချီလိတ်မှတစ်ဆင့် အကြိမ်ကြိမ်ရောက်ဖူးကြောင်း၊ ထိုင်းအစာ ချဉ်ချဉ် စပ်စပ်ကို ကြိုက်ကြောင်း၊ ထိုင်းနိုင်ငံလုပ် မဲခေါင်ဝီစကီမှာလည်း ဈေးချိုပြီး အရသာအလွန်သင့်သဖြင့် ကြိုက်ကြောင်း ပြောပါသည်။

ထိုအခါ သူက ယနေ့အဖို့ ညှော်ကြိုရန်မရှိတော့ကြောင်း သူအလုပ်အားကြောင်း စာရေးသူအတွက်တည်းရန်စီစဉ်ပေးထားသည့် မိဒိုဟိုတယ်သို့ မသွားမီ လမ်းတွင်အလွန်ကောင်းသော ထိုင်းစားသောက်ဆိုင်ကလေး ရှိကြောင်း၊ မဲခေါင်ဝီစကီ ပုလင်းပြားလေးတစ်လုံးနှင့် ထိုင်းဟင်းလျာ များဖြင့် မြိန်ကြရအောင်၊ ဒါ အစိုးရစရိတ်မဟုတ်၊ မိမိက ပုဂ္ဂိုလ်အရ ညှော်ခံချင်လို့ပါဟု ဖိတ်သည်။ ထိုဆိုင်ကလေးမှာ ငယ်သော်လည်း အလွန်သပ်ယပ် သန့်ရှင်းပါသည်။ အစားအသောက်ကလည်း အလွန် ခံတွင်းတွေ့ပြီး ကျွန်တော်တို့နှစ်ယောက်မှာ ရှယ်တူများလည်းဖြစ်ရာ ချက်ချင်းပင် သူငယ်ချင်းဖြစ်သွားကြသည်။ ကျွန်တော်မပြန်မချင်း အချိန်ရလျှင်ရသလို နေ့စဉ်လိုပင် သူနှင့်ကျွန်တော် ပင်ပေါင် ရိုက်ကြပါသည်။



ကြိုမည့်သူ မရှိ၍မိမိအစီအစဉ်ဖြင့် သွားရမည်ဆိုလျှင်လည်း စာဖတ်သူအဖို့ အားငယ်ရန်မရှိပါ။ ဗန်ကောက်တွင် ဆိုလျှင် သုံးဘီးတက္ကစီ၊ ရိုးရိုးဆလွန်းကားတက္ကစီနှင့် (Limousine Taxi ခေါ်သော လေအေးစက်တပ်ထားသော တက္ကစီတို့ ရှိပါသည်။ သုံးဘီးမှာ ဈေးအချိုဆုံး ဖြစ်ပြီး (Limousine Taxi)မှာဈေးအကြီးဆုံးဖြစ်ပါသည်။မီတာနှင့်မဟုတ်ပါ။မငှားမီ ဈေးမေးပြီး ဆစ်ရပါသည်။ နိုင်ငံခြားသားဖြစ်က ပိုပြောတတ်ပါသည်။ ဈေးဆစ်လျှင် သူပြောသောဈေး၏ သုံးပုံနှစ်ပုံလောက်တွင် တည်တတ်ပါသည်။

လန်ဒန်၊ အနောက်ဥရောပနှင့် တိုကျိုစသော နေရာများတွင်မူ မီတာချိုးပါသည်။ မီတာကျသလောက် ပေးရပါသည်။ ကွေ့ပတ်ပြီးမောင်းသော "ညစ်" ခြင်းမျိုး မရှိပါ။ လန်ဒန်တက္ကစီသမားများကိုမူ မီတာအရ ကျသည့်ငွေအပြင် (Tip)ခေါ် ဘောက်ဆူး အနည်းငယ်ပေးရပါသည်။ ဗြိတိန်တွင် နေရာ အတော်များများတွင် (Tips) ပေးရသည်မှာ ယဉ်ကျေးမှုအစဉ်အလာ တစ်ရပ်သဖွယ် ဖြစ်ပါသည်။ ဂျပန်၊ တရုတ်ပြည် စသည်တို့၌မူ (Tips) ပေးသော ဓလေ့မရှိပါ။ ဂျပန်တို့သည် (Tips) မပေးရသော်လည်း အစွမ်းကုန်တာဝန်ကျေ ပျူငှာကြပါသည်။ ထိုင်းတွင်မူ (Tips)စနစ် အလွန်ခေတ်စားပါသည်။ မပေးလျှင်ပင် တောင်းတတ်ပါသည်။ အနောက်ဥရောပနှင့် အမေရိကန်တွင်လည်း (Tips)စနစ်ရှိပါသည်။

**၂။ တည်းခိုနေထိုင်စရာအမျိုးမျိုး။**

တည်းခိုနေထိုင်ရာတွင်လည်း မိမိ၏ဝင်ငွေထွက်ငွေ သုံးစွဲနိုင်မှု အခြေအနေနှင့် အကြိုက်အလိုက် အမျိုးမျိုးတည်းခိုနိုင်ပါသည်။ အကြမ်းဖျင်းအားဖြင့် အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။

အနောက်တိုင်းဟန် ဟိုတယ်ကြီးများ၊

တိုင်းရင်းသားရိုးရာ ဟိုတယ်များ၊

(**Motel**) ခေါ် မော်တော်ကား မောင်းလာသော ခရီးသည်များအတွက် ဟိုတယ်များ၊

(**Bed and Breakfast**) ခေါ် နေရာထိုင်ခင်းနှင့်နံနက်စာသာရသော ဟိုတယ်များ၊

(**Bed–Sitter**) ခေါ် အခန်းငယ်များ၊

အိမ်ရှင်နှင့်အတူ နေထိုင်စားသောက်ရသော အိမ်များ၊

(**Flat**) ခေါ် လူနေအိမ်ခန်း ငှားရမ်းနေခြင်း၊ အဆောင်များ၊

နိုင်ငံခြားရောက် မြန်မာများအိမ်တွင်နေခြင်း၊



(က) **အနောက်တိုင်းဟန် ဟိုတယ်ကြီးများ။** ။ **Hilton, Sheraton** စသော ဟိုတယ်လုပ်ငန်း ကုမ္ပဏီကြီးများသည် ကမ္ဘာအရပ်ရပ်ရှိ မြို့ကြီးများ၊ အပန်းဖြေစခန်းများတွင် ဇိမ်ခံဟိုတယ်ကြီးများ ဖွင့်သည်။ ဒေသခံဟိုတယ်လုပ်ငန်းစု (**Hotel Chains groups**)များကလည်း အလားတူပင် အကောင်းစား ဟိုတယ်ကြီးများဖွင့်ကြသည်။ ဟိုတယ်အဆင့်ကို **Three Star Hotel, Four Star Hotel, Five Star Hotel** စသည်ဖြင့် သတ်မှတ်ကြပါသည်။ တည်းခိုခမှာ တိုင်းပြည်အလိုက် ကွဲပြားကြပါသည်။ တစ်ကမ္ဘာလုံးတွင် အဆင့်တူ ဟိုတယ်များအတွင်း ဟိုတယ်ခဈေးအကြီးဆုံးမှာ ဂျပန်ဖြစ်ပါသည်။ အထူးသဖြင့် မြေယာဈေးနှုန်းသည် တိုကျိုတွင် အလွန် မြင့်သောကြောင့်ဖြစ်သည်။ ဟိုတယ်ခမှာ အမေရိကန်နှင့် ဥရောပထက်ပင် ဈေးကြီးသည်။ ဟိုတယ်ခန်းများမှာ တစ်ယောက်ခန်း (**Single room**)၊ နှစ်ယောက်ခန်း၊ (**Double room**)နှင့် ခန်းတွဲ (**Suite**) ဟူ၍ရှိသည်။(**Suite**)မှာ အိမ်တစ်ဆောင်ကဲ့သို့ အခန်းစုံပါသဖြင့် ဈေးအကြီးဆုံးဖြစ်ပါသည်။အကောင်းစား ဟိုတယ်ကြီးများတွင် တည်းခိုခမှာ တစ်ယောက်ခန်းအတွက် တနေ့တည်းခမှာအမေရိကန်ဒေါ်လာ၁၀၀ နှင့်အထက်တွင် ရှိတတ်ပါသည်။ ဗန်ကောက်ရှိအကောင်းစား ဟိုတယ်ကြီးအချို့ အကြောင်း နမူနာ ပြောပြလိုပါသည်။

**Airport Hotel** သည် ဒွန်မွန်လေဆိပ်၏ လမ်းတစ်ဖက် မျက်နှာချင်းဆိုင်တွင်ရှိသည်။ လေဆိပ်တွင်းမှ မိုးပျံတံတားဖြင့် ဟိုတယ်သို့ ကူးသွားနိုင်သည်။ မိုးပျံတံတားမှာ မိုးလုံလေလုံဖြစ်ပြီး လေအေးစက် တပ်ထားသည်။ (**Thai International**) စီးသောခရီးသည်များဖြစ်က ၁၀ ရာခိုင်နှုန်း တည်းခိုခလျှော့ပေးသည်။ နေ့လယ်ဘက် (၀၈၀၀) နာရီမှ (၁၈၀၀) နာရီအတွင်း ခဏတဖြုတ်တည်းလိုပါက ၃ နာရီ ထက်မပိုသော အချိန်အတွက်တစ်ယောက်ခန်းဘတ် (၃၅၀)၊ နှစ်ယောက်ခန်း ဘတ်(၄၀၀)ဖြင့် နေနိုင်သော အစီအစဉ် ရှိသည်။

**Dusit Thani** ထိုင်း ဟိုတယ်လုပ်ငန်းစုမှ **Dusit Thani Hotel Bangkok** သည် **Rama IV** လမ်းမကြီးပေါ်တွင်ရှိပြီး၊ အခန်း ၅၂၅ ခန်းရှိသည်။ ဆက်သွယ်ရန်အတွက် တယ်လီဖုန်းနှင့် တဲလက်(စ်) သာမက **Telefax** ပါရှိသည်။

ဗန်ကောက်ရှိ အခြားသောထိပ်တန်းဟိုတယ်ကြီးများမှာ **The Mandarin Bangkok, The Montien Hotel Bangkok, Siam City Hotel, The Central Plaza Bangkok, Oriental, Hotel Shangri-La Hotel, Royal Orchid sheraton'** စသည်ဖြင့် ဖြစ်ပါသည်။

အလတ်စားဟိုတယ်များမှာ **The Asia Hotel, Mido Hotel, Narai** စသည်ဖြင့် ရာနှင့်ချီရှိပါသည်။ တည်းခိုခမှာ



တစ်ရက်လျှင် တစ်ယောက်အတွက် ဒေါ်လာ(၃၅)ပတ်ဝန်းကျင် (ဘတ်-၈၀၀) တွင် ရှိပါသည်။ ညေ့်ကျသော ရာသီတွင် ဈေးတက်၍ ညေ့်ပါးရာသီတွင် လျှော့ဈေး(**Discount rate**) ရှိပါသည်။ လူများ များတည်းလျှင် လျှော့ဈေးဆွေးနွေးနိုင်ပါသည်။ လူများသဖြင့် ၅၀ ရာခိုင်နှုန်း လျှော့ပေးသည်ကို ကြုံဖူးပါသည်။

ထိုအကောင်းစားနှင့် အလတ်စား ဟိုတယ်များတွင် အောက်ဆုံးထပ်၌ စားသောက်ဆိုင်ကြီးတစ်ဆိုင်မှ သုံးဆိုင်၊ **Night club**၊ ဈေးဆိုင်များ၊ စာတိုက်၊ ဆံသနှင့်အလှပြင်ဆိုင်၊ **Tourist** လုပ်ငန်းကောင်တာ၊ ညေ့်ကြိုခန်းတို့ ရှိတတ်ပါသည်။ ရေကူးကန်လည်းအောက်ထပ်တွင်ဖြစ်စေ၊ အပေါ်ထပ်တွင်ဖြစ်စေ ရှိပါသည်။

ညေ့်သည်တစ်ဦး ဟိုတယ်ရှေ့သို့ ကား ရောက်လာလျှင် တံခါးစောင့် (**doorman**) က ကားတံခါး လာဖွင့်ပေးပါသည်။ သူသည် ခန့်ညားတောက်ပြောင်သော သက္ကလတ်ယူနီဖောင်း၊ အရာရှိများဆောင်းလေ့ရှိသော ဦးထုပ်၊ရင်ပတ်တွင်လည်း စလွယ်များတံဆိပ်များတပ်ဆင်ထားသောကြောင့် ဖီးမာရှယ်ကြီးလားထင်ရသည်။ ဤတံခါးဝက ဖီးမာရှယ်ကြီးကို tip နည်းနည်းပါးပါး ပေးရန် မမေ့ပါနှင့်။ သင့် အထုပ်အပိုးများကို **bell-hop** (သို့မဟုတ်) **bell-boy** ခေါ် အလုပ်သမားလေးကသယ်ပြီး **Reception** ခေါ် ညေ့်ကြိုကောင်တာသို့ ဦးဆောင် ခေါ်သွားပါလိမ့်မည်။ ထိုကောင်တာရှိ

အမျိုးသား အမျိုးသမီးဝန်ထမ်းများသည် အင်္ဂလိပ်စကား ကို ကောင်းကောင်းပြောတတ်ပါသည်။ ထိုကောင်တာတွင် ဟိုတယ်တွင် စတင်တည်းလိုကြောင်း ပုံစံငယ်ကလေးကို ဖြည့် ပေးပါ။ မြစ်ရှုခင်းကိုမြင်ရသောအခန်း စသည်ဖြင့် မိမိလိုရ အခန်းမျိုးတောင်းပါ။ ရှိသေးက ရပါသည်။

မိမိအခန်းကို သိရပြီးသောအခါ အခန်းသော့ ပေးပါ လိမ့်မည်။ မိမိအထုပ်အပိုးများကို မူလဝန်ထမ်းကပင် ဆက် သယ်လာပြီး နီးရာဓာတ်လှေကားမှတစ်ဆင့် ခေါ်သွားကာ အခန်းထဲ အရောက် ပို့ပေးပါလိမ့်မည်။ သူ မပြန်မီ သူ့ကို လည်း tip အနည်းငယ် ပေးလိုက်ပါဦး။ ဤဟိုတယ်မျိုး တည်းခိုရပုံနှင့် ပတ်သက်၍ ယခင်အခန်းတွင်ပါခဲ့ပြီးဖြစ်၍ ထပ်မရေးလိုတော့ပါ။ ငွေစုဆောင်းရန် ရည်ရွယ်ချက်ဖြင့် သွားလာရသည့် ဝင်ငွေလည်း အလွန် မများသောမြန်မာ များအဖို့ ဤဟိုတယ်မျိုး မတည်းသင့်ကြောင်းသာ အကြံ ပြုပါရစေ။

(ခ) **တိုင်းရင်းသားရိုးရာ ဟိုတယ်များ။** ။မိမိရောက် အရပ်တွင် တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ထုံးစံ အစားအသောက်တို့ကို လေ့လာ စမ်းသပ်လိုသူမျာ တည်းသင့်ပါသည်။ ထိုင်းနိုင်ငံတွင် ဆိုလျှင် ချဉ်ချ စပ်စပ် ထိုင်းအစာကို စားရမည်။ ဂျပန်တွင်ဆိုလျှ လည်း ဂျပန်ဆွဲတံခါးဖြင့် ကာထားသည့် အခန်း



တွင် ကြမ်းပြင်ပေါ်တွင် တာတာမိ (**Tatami**) ခေါ် မြက်ဖျာခင်း၍ အပေါ်မှ ဂွမ်းကတ် ထပ်ခင်းကာ အိပ်ရမည်။ ဆရှိမိ (**shshimi**)၊ ဆုကိယာကိ (**Suki-yaki**)၊ တိုဟူး (**Tofu**)စွပ်ပြုတ်စသော ဂျပန်အစား အသောက်များကို ဂျပန်ပုံစံအတိုင်း ကြမ်းပြင်ပေါ် တွင် တင်ပျဉ်ခွေ ထိုင်ကာ စားပွဲခုံပုတွင် တင်၍စား ရမည်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်တို့တွင် မဆလာ ကောင်းကောင်းနှင့် ပူပူစပ်စပ်ဟင်းများ၊ ထောပတ်နှင့် ပဲဟင်းကောင်းကောင်း သွေးနိုင်သည်။ အနောက်ဥရောပနှင့် အမေရိကန် ကျေးလက်များရှိ **Inn** များတွင် ဝိုင်နှင့် အရက် ကောင်းကောင်း၊ ဒိန်ခဲ ကောင်းကောင်းနှင့် လတ်ဆတ်သော အသားဟင်း များကို ရိုးရာဓလေ့အတိုင်း စားရမည်။ ဤနေရာလေး များမှာ မိသားစု တစ်ပိုင်တစ်နိုင် (အလုပ်သမား အနည်းငယ်နှင့်) လုပ်ငန်းကလေးများဖြစ်ပြီး ဖော် ရွေသည်။ အကုန်အကျ သက်သာသည်။ တိုင်းရင်း သားဓလေ့ကို အနီးကပ် မြင်ရသည်။ အခြားဒေသ ခံမဖောက်သည်များနှင့်လည်း မိတ်ဆွေဖြစ်လွယ်သည်။

(ဂ) **မိုတယ်များ(Motels)။** ။တစ်နေရာနှင့်တစ်နေရာသို့ ကားမောင်းကာ ခရီးသွားသူများ ကားရော လူပါ တစ်ညတာ တည်းခိုလို့ရှိသောလမ်းဘေး ဟိုတယ်မျိုး ဖြစ်ပါသည်။ အစားအသောက်ပါရသည်။ ဈေးနှုန်း

မှာသင့်သည်။ အမေရိကန်တွင်ခရီးသည်များ အသုံးများသည့် ဟိုတယ်မျိုးဖြစ်သည်။

(ဃ) Bed and Breakfast Hotel။

တစ်ကိုယ်ရေ တစ်ကာယသမား၊ လူငယ်များ၊ အလုပ်သမားများအတွက် အနောက်နိုင်ငံများတွင် ခေတ်စားသော ဟိုတယ်ငယ်လေးများ ဖြစ်ပါသည်။ အချို့ဟိုတယ်များတွင် ပိုင်ရှင်မိသားစုပါနေသည်။ ဗြိတိန်နိုင်ငံတွင်ဆိုလျှင် မြို့ပြအခြေအနေ၊ ဟိုတယ်၏ အခြေအနေအရ တစ်နေ့လျှင် ၂ ပေါင်မှ ၆ ပေါင် အတွင်း ပေးရတတ်ပါသည်။ တည်းခိုသူ တစ်ဦး အတွက် အခန်းတစ်ခန်း အိပ်ရာခုတင် တစ်စုံ (ခြင်မရှိ၍ ခြင်ထောင်မလိုပါ)၊ဘီရိုတစ်လုံး၊ စာရေး စားပွဲတစ်စုံ ပေးသည်။အချို့တွင် သီးသန့်ရေချိုးခန်း နှင့် အိမ်သာတွဲလျက်ပါပြီး အချို့တွင် အများနှင့် ရောသုံးရပါသည်။ နံနက် အိပ်ရာနိုးနိုးချင်း စားရ သည့် နံနက်စာကို ဟယ်မှ ထမင်းစားခန်းတွင် ကျွေးသည်။ ဧ း အများစုပေါင်း သုံးရသည်။ တစ်ကိုယ်ရေတစ်ကာယသမားများအနေဖြင့် နေ့လယ် စာကို အလုပ်ခွင် သို့မဟုတ် ကျောင်းရှိဆိုင်၊ သို့ မဟုတ် နီးရာဆိုင်တွင်စားတတ်ပြီး ညနေစာကိုလည်း မြို့ထဲရှိ ကြုံရာဆိုင်တွင် စားတတ်သောကြောင့် အဆင်



ပြေပါသည်။ ကုန်ကျစရိတ်လည်း နည်းပါသည်။ လွတ်လပ်ပြီး ကြာကြာနေရန် တတ်နိုင်သောနေရာ မျိုး ဖြစ်ပါသည်။ ဟိုတယ်ကြီးများလို အကုန်အကျ မများပါ။ ပြင်ပ ဈေးချိုသော အစားအသောက် (နောက်အခန်းများတွင် ဆက်ရှင်းပါမည်)ကို ဝယ် စားပြီး ငွေစုနိုင်သောနေရာမျိုးဖြစ်သည်။ဤဟိုတယ် လေးမျိုး အနောက်နိုင်ငံများတွင် အများအပြား ရှိပါသည်။

(င) Bed-Sitter ခေါ် အခန်းငယ်များတွင်နေခြင်း။

အနောက်နိုင်ငံများတွင်မိသားစုဦးရေနှင့်စာလျှင် နေအိမ် ကြီးနေသူများက မိမိတို့ နေထိုင်သော အိမ်ရှိ အခန်းပို တစ်ခန်းနှစ်ခန်းကို နေရုံ နေလိုသူ တစ်ဦးချင်းသမားများအား ငှားရမ်းခြင်း ဖြစ်ပါ သည်။ အစားအသောက် မကျွေးပါ။ ချက်စားခွင့် လည်း မရှိသည်က များပါသည်။ ငှားလိုသူများ သည် မြို့အလိုက် ထုတ်ဝေသော သတင်းစာများ တွင် ကြော်ငြာတတ်ပါသည်။ နေလိုသူက ဖုန်းဖြင့် ဖြစ်စေ၊ ကိုယ်တိုင်သွားရောက်၍ဖြစ်စေ စုံစမ်းနိုင် ပါသည်။ ဈေးချိုပါသည်။ (၁½)ပေါင်မှ (၂) ပေါင်အတွင်းသာ ပေးရတတ်ပါသည်။ ရေချိုးခန်း နှင့် အိမ်သာ သီးခြားပါသည်လည်း ရှိသည်။ တွဲသုံး

ရသည်လည်းရှိသည်။ အနောက်နိုင်ငံများတွင် တရား ဥပဒေအရ မဟုတ်သော်လည်း အသား အရောင် ခွဲခြားမှု အများအပြား ရှိသေးသည်။ အိမ်ရှင် အတော်များများသည် အသားမဲများ၊ အာရှသား များကို မငှားလိုစိတ် ရှိတတ်ပါသည်။ သတင်းစာ တွင် ကြော်ငြာတွေတွေ့ချင်း စုံစမ်းခြင်းဖြစ်ပါလျက် လူဖြူမဟုတ်မှန်းသိလျှင် မငှားလိုသဖြင့် "ဝမ်းနည်း ပါတယ်၊ ငှားပြီး သွားလို့ပါ"ဟု အလိမ္မာဖက်ပြီး ငြင်းတတ်သည်။ ဤအချက်ကို သတိပြုပါ။ သို့သော် အာရှတိုက်သား အတော်များများမှာ အနောက် နိုင်ငံများတွင် အခြေချ နေထိုင်လျက်ရှိရာ ၎င်းတို့ နေသောအိမ် ဖြစ်က အဆင်ပြေပါသည်။ အာရှတိုက် သားချင်း ဖြစ်က ဘာသာတူသည်ဖြစ်စေ၊ မတူသည် ဖြစ်စေ ဓလေ့ထုံးစံချင်း တူညီမှု များစွာ ရှိသဖြင့် နီးနီးစပ်စပ်နေရေးတွင် ပိုမိုအဆင်ပြေပါသည်။

**(စ) အိမ်ရှင်နှင့်အတူ နေထိုင်စားသောက်ရသောအိမ်များ။**

အနောက်တိုင်းမိသားစုများအပါအဝင် အချို့ မိသားစုများသည် နေအိမ်ကျယ်ပြီး သားငယ် သမီး ငယ် ပြုစုစောင့်ရှောက်ရန် မရှိသည့်အခါ ဝင်ငွေ အပိုရလိုသဖြင့် တစ်ဦးတည်းသမားများကို နေအိမ် တွင် နေထိုင်ခွင့်ပေးပြီး ၎င်းတို့အား နံနက်စာနှင့်



ညနေစာပါ ချက်ပြုတ်ကျွေးမွေးပါသည်။ထိုအတွက် တစ်ရက်လျှင် မည်မျှ၊ ရက်သတ္တတစ်ပတ်လျှင် မည်မျှ စသည်ဖြင့် အိမ်ရှင်မ (Landlady)ကိုပေးရပါသည်။

၁၉၇၆ အတွင်းက ဗြိတိန်နိုင်ငံ ဂလောက်စတာ မြို့၊ (Gloucester–ဟု စာလုံး ပေါင်းသော်လည်း ဂလောက်စက်စတာဟု အသံမထွက်ပါ။ Warcester Lescester စသော မြို့များတွင်လည်း 'စက်' ဟူသော အသံကို ဖျောက်ပြီး ဝေါ့စတာ၊ လက်(စ)တာစသည်ဖြင့် အသံထွက်ပါသည်။) ဟတ်ကယ်(လ်)ကုတ် ရပ်ကွက် (Hueclecote) တွင် မစ္စစ် အက်သရင်တန် (Mrs, Ethrington)၏အိမ်တွင် စာရေးသူ နေဖူးပါသည်။ မစ္စစ် အက်သရင်တန်မှာ အသက် (၅၀)ခန့် အင်္ဂလိပ်မကြီးဖြစ်ပြီး၊ ခင်ပွန်းဖြစ်သူမှာ ဗြိတိသျှဘုရင်မရေတပ်တွင် အမှုထမ်းသူ ဖြစ်၍ နိုင်ငံခြားသို့ ရောက်နေပါသည်။ (၁၅) နှစ်နှင့် (၁၃)နှစ်အရွယ် သားနှစ်ယောက်နှင့် နေအိမ် တွင် ကျန်ခဲ့ပါသည်။ ထို့ကြောင့် စာရေးသူ တက်ရောက်သင်ကြားနေသော ကျောင်းနှင့် ဆက် သွယ်ပြီး ကမ္ဘာအရပ်ရပ်မှလာသော ကျောင်းသား များကို သူ့အိမ်တွင် လက်ခံပါသည်။ အိမ်မှာ (၃)ထပ်အပြင် ထပ်ခိုးခန်းတစ်ခန်းလည်း ပါသည်။ အောက်ထပ်တွင် ဧည့်ခန်း၊ ထမင်းစားခန်းနှင့် မီးဖို

ရေချိုးခန်း ရှိပါသည်။ ကျန်အထပ်များတွင် အိမ်ရှင်မိသားစုများက အိပ်ခန်း(၂)ခန်း၊ ကျွန်တော်၊ဘင်္ဂလားဒေ့ရှ်မှတစ်ဦး၊ အီရတ်နှင့် တောင်ယီမင်တို့မှ အာရတ်(၂)ဦး၊ တန်ဇန်းနီးယားမှ (၂)ဦး တစ်ယောက် တစ်ခန်း နေကြပါသည်။ ကိုးကွယ်မှုဘာသာအားဖြင့် ဗုဒ္ဓဘာသာ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဟူ၍ အတော်စုံပါသည်။ တစ်ရက်လျှင် ၄-ပေါင်နှင့် ၅၀-ပဲနိပေးရပါသည်။ အလွန်သန့်ပြန့်၍ ကောင်းမွန်သော အိပ်ရာတစ်စုံ၊ မှန်တင်ခုံ၊ ဘီရို၊ စားပွဲ၊ အပူပေးစက်၊ စားပွဲတင်မီးအိပ် စသည်ဖြင့် တစ်စုံစီရပါသည်။ ကော်ဇောအပြည့် ခင်းထားပါသည်။ နံနက်စာ၊ ညနေစာ၊ ညလယ်စာတို့ကို အိမ်ရှင်မကိုယ်တိုင် အလျှံပယ် ပြင်ဆင် ကျွေးပါသည်။ အင်္ဂလိပ်ဟင်းလျာ စုံလင်သည်။ စေတနာ ကောင်းသည်။

အိပ်ရာသိမ်းခြင်း၊ ဝီးကရက်ပြာခွက်၊ အမှိုက်ခြင်းသွန်ပေးခြင်းကအစ ဆောင်ရွက်ပေးပါသည်။ အင်္ဂလိပ်ထုံးစံအတိုင်း ဇွန်း၊ ခက်ရင်း၊ ဓား၊ ပန်းကန်အမြောက်အမြားဖြင့် စားသောက်ရပါသည်။ အားလုံး ပြိုင်တူစားရန်မလိုပါ။ စားချင်သောအချိန်တွင် စားနိုင်ပါသည်။ ရေချိုးခန်းနှင့်အိမ်သာမှာ တစ်ထပ်လျှင် တစ်တွဲစီရှိပါသည်။ အထဲတွင် ဘူး၊ ပုလင်း၊



ခွက်ငယ်များဖြင့် အမွှေးအကြိုင်အမျိုးမျိုးရှိပါသည်။ ရေပူရေအေး ဘုံဘိုင်များမှရေကို ကြိုက်သလိုစပ်ချိုးနိုင်ပါသည်။ ပန်းပွားနှင့်ချိုးချိုး၊ အင်တုံကြီးထဲတွင် စိမ်စိမ် ကိုယ့်သဘော။ ဆပ်ပြာရည်စပ်ရန် အမွှေးအကြိုင်ပုလင်းများလည်း ပေးထားပါသည်။

အနောက်တိုင်း ရေချိုးခန်းဓလေ့ (၂) ခုကို ကြုံကြိုက်၍ တင်ပြလိုပါသည်။ တစ်ခုမှာရေချိုးပြီးပါကရေချိုးခန်းကြမ်းပြင်၊ရေချိုးအင်တုံမှအစတစ်ခန်းလုံးတွင် ရေစက်များကျန်မနေရန် ရေချိုးသူက တဘက်ကြီးတစ်ခုနှင့်သုတ်ပေးခဲ့ရပါသည်။ကျင်းကြီးကျင်ငယ်စွန့်ပြီးကလည်း ရေဆွဲချရသည့်အပြင် မိမိလက်ကို ဆပ်ပြာနှင့် ဆေးကာ ဆိုင်ရာတဘက်နှင့် သုတ်ရပါသည်။ ထို့ကြောင့် သူတို့ရေချိုးခန်းတွင် တဘက်နှင့်မျက်နှာသုတ်ပဝါ အရွယ်အစားစား (၅)ခုလောက်ရှိတတ်ပါသည်။ အသုံးမလွဲရန် သတိပြုပါ။ ကြွေအင်တုံငယ်နှစ်ခုတွင်လည်း အမြင့်အင်တုံသာ မျက်နှာသစ် သွားတိုက်ရန်ဖြစ်ပြီး၊ အနိမ့်မှာ အမျိုးသမီးများ ဆေးကြောရန်ဖြစ်ပါသည်။ ယောကျ်ားများ သုံးရန်မဟုတ်ပါ။

နံနက်စာကို (၇) နာရီခန့်၊ ညနေစာ (**dinner**) ကို ညနေ (၆) နာရီခန့်တွင် ကျွေးပြီး ညလယ်စာ

(Supper) ကို (၉) နာရီခန့်တွင် ကျွေးပါသည်။ တစ်နေ့တာ အစားအစာများအနက် ညနေစာသည် အများဆုံးစားရသော အနပ်ဖြစ်ပါသည်။ နေ့လယ်စာကို ကျောင်းတွင်ဝယ်စားပါသည်။

အဝတ်အစားကိုမူ မိမိဖာသာ အဝတ်လျှော်စက် အဝတ်ခြောက်စက်တွင်ထည့်ကာ လျှော်ဖွပ်အခြောက်လှန်းပြီး မီးပူတိုက်ခန်းတွင်မီးပူတိုက်ရပါသည်။ အစားအသောက်ကို လှက်တင်စားရှုံ သက်သက်သာ။ ထိုအတွက် ပေးရသော အဖိုးအခမှာ မြန်မာ မျက်စိဖြင့်ကြည့်လျှင် အတော်များပါသည်။ တစ်နေ့တာပေးရငွေမှာ ဟောင်ကောင်၊ ထိုင်ဝမ်၊ တောင်ကိုရီးယားမှလာသော အသင့်အတင့် ရှပ်အင်္ကျီလက်ရှည် ၄-ထည်ခွဲနှင့် ညီပါသည်။ ငွေစုလိုသော မြန်မာလူငယ်များအဖို့ ဤတည်းခိုနေထိုင်နည်းကို မသုံးသင့်ပါ။ ငွေစုရန်မရည်ရွယ်ဘဲ ကိုယ်ပိုင်အချိန် များများရရန်လိုသူများအတွက်မူသင့်တော်ပါသည်။ ဟိုတယ်ကဲ့သို့လည်း လူမရှုပ်ပါ။ အိမ်အစားအသောက်မျိုး စားရသည်။ စကားစမြီ ပြောဖော်ရှိသည်။ ဗာဟီရကိစ္စလည်းမရှိ၍၊ သုတေသန၊ စာရေး၊ စာဖတ် လုပ်လိုသူများအတွက် သင့်တော်ပါသည်။ နေရာထိုင်ခင်းသာပေးပြီး အစားအသောက် တာဝန်မယူသော အိမ်မျိုးလည်း ရှိသည်။



(ဆ) အခန်းငှားနေခြင်း။

အရှေ့တိုင်းတွင်ရော အနောက်တိုင်းတွင်ပါ flat ခေါ် နေအိမ်ခန်းငယ်များ ရှိပါသည်။ အလွယ်တကူ ငှားနိုင်ပါသည်။ စပေါ် အပျောက်စသည်တို့ မပေးရပါ။ ထိုနေအိမ်ခန်းမျိုးကို အမေရိကန်နှင့် အမေရိကန်ဓလေ့ လွှမ်းသောနိုင်ငံများက Apartment ဟုခေါ်ပါသည်။ အင်္ဂလိပ်က flat ဟုခေါ်သည်။ မြို့အနေအထား၊ ရပ်ကွက်အနေအထား၊ အဆောက်အဦနှင့် နေအိမ်ခန်း၏ အဆင့်အတန်းအရ တစ်ခုနှင့်တစ်ခု ဈေးနှုန်းအလွန်ကွာပါသည်။

ကျောင်းသားများ၊အလုပ်သမားငယ်များအတွက်အခန်းမှ သူဌေးကြီးများ ရုပ်ရှင်မင်းသမီးများ၏ ဇိမ်ခံနေအိမ်ခန်းအထိ အမျိုးမျိုးရှိပါသည်။ အသုံးအဆောင်ပရိဘောဂများပါပြီး (Furnished) ပရိဘောဂမပါ (un-furnished) စသည်ဖြင့်လည်း ကွာခြားပါသည်။ ဈေးအချိုဆုံး အခန်းမျိုးမှာ ကော်ဇောဟောင်းများသာခင်းထားပြီး မိမိအိပ်ရာဖြင့်အိပ်ရကာ ပိုက်ဆံပြားထည့်မှသာ လျှပ်စစ်ဓာတ်ထွက်ပြီး လျှပ်စစ်မီးသုံးရလျက်၊ ဓာတ်ငွေ့မီးဖိုမှာလည်း ပိုက်ဆံပြားထည့်မှသာ ဓာတ်ငွေ့ထွက်ကာ၊ ရေချိုးခန်းကိုအခြားအခန်းများနှင့် တွဲသုံးရသောအိမ်မျိုးဖြစ်ပါသည်။

အခန်းတွင်း၌ တယ်လီဖုန်းမရှိပါ၊ တယ်လီဗီးရှင်းလည်း ပါမည်မဟုတ်ပါ။ တယ်လီဗီးရှင်းကို မိမိကြည့်လိုလျှင် အငှား

ဆိုင်မှ ငွေပေးပြီး ငှားထားရပါမည်။ အိပ်ခန်းနှစ်ခန်းနှင့် မီးဖိုတစ်ခန်းသာပါသော အခန်းမျိုးဖြစ်ပါသည်။ ဗဟိုမှ အပူပေးစနစ် (Central Heating) မရှိပါက အေးသော နိုင်ငံဖြစ်လျှင် ရေနံဆီသုံး အပူပေးစက် (Kerosene Radiator) ငယ်ကလေးများဝယ်ပြီး သုံးနိုင်ပါသည်။ အိမ်နားရှိ ကုန်စုံဆိုင်ငယ်ရှေ့ရှိ ရေနံဆီရောင်းသော စက်တွင် ပိုက်ဆံပြားထည့်လိုက်က ရေနံဆီများထွက်လာမည်။ မိမိယူလာသော ပလတ်စတစ်ပုံးဖြင့် ခံရုံသာ။

ဆိုင်ပြင်တွင်ရှိသော အရောင်းစက်ဖြစ်က ညသန်းခေါင်ကျော်ဖြစ်စေ ငွေအကြွေထည့်ပြီး ဝယ်နိုင်သည်။ ရေနံဆီအရောင်မှာ အပြာနုရောင်၊ အစိမ်းနုရောင် စသည်ဖြင့်ဖြစ်ပါသည်။ ရေဘုံဘိုင်မှရေမှာ ရေပူရချင်မှရပါမည်။ထိုအခါ ရေပူပေးသောစက်တွင် ငွေအကြွေထည့်ပြီး ခဏစောင့်က ရေပူရနိုင်ပါသည်။

အပူပိုင်းနိုင်ငံများဖြစ်ပါက အအေးပေးစက် ပါမည်မဟုတ်ပေ။ လိုအပ်သော အိမ်တွင်းပရိဘောဂနှင့် အသုံးအဆောင်ဝယ်ရန်မှာ တစ်ပတ်ရစ်ပစ္စည်းများ အရောင်းဆိုင်ဖြစ်ပါသည်။ ကုတင်၊ ဆိုဖာ၊ စားပွဲကုလားထိုင်၊ ဘီရိုကြောင်အိမ် စသည်တို့ကို အသစ်ဈေး၏ နှစ်ပုံတစ်ပုံမှ ငါးပုံတစ်ပုံအတွင်းလောက်ဖြင့် ရနိုင်ပါသည်။ အဟောင်းဖြစ်သော်လည်း သုံးပျော်ပါသည်။ မြန်မာပြည်တွင် ချမ်းသာသောသူများထံတွင်သာ တွေ့နိုင်သော ပရိဘောဂမျိုးဖြစ်



ပါသည်။ မြန်မာပြည်တွင် သံရုံးများမှ ပြန်ရောင်းသော ပစ္စည်းမျိုး ဖြစ်ပါသည်။ ၎င်းတို့ထက် ပိုလတ်ပါသည်။

အခန်းခပေးရပုံမှာ တစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ် စသည်ဖြင့် ဖြစ်ပါသည်။ပိုင်ရှင်မှာ တစ်ဦးချင်း ဖြစ်ကောင်းဖြစ်မည်။ ကုမ္ပဏီ ဖြစ်ကောင်းဖြစ်ပါမည်။ ဝင်ငွေသိပ်မများသော မြန်မာနိုင်ငံမှ ပညာသင်များ သို့မဟုတ် အလုပ်လုပ်သူများ နေထိုင်သင့်ပါသည်။ စိတ်တူကိုယ်တူ နှစ်ဦးသုံးဦး စုပြီးနေက အခန်းခသက်သာပြီး ပျော်စရာကောင်းပါသည်။ မြန်မာစာကို မိမိတို့ဘာသာ စိတ်ကြိုက် ချက်ပြုတ်စားသောက်နိုင်ပါသည်။ ငွေစုနိုင်သော နေနည်းတစ်မျိုး ဖြစ်ပါသည်။ နေရသည်မှာ လွတ်လပ်သည်။ မြန်မာရွယ်တူ အဖော်များနှင့် ပျော်ပျော်နေရသောဘဝဖြစ်ရာ စာရေးသူအတွေ့အကြုံအရ အကြိုက်ဆုံးနေနည်း ဖြစ်ပါသည်။ စာရေးသူနှင့် မြန်မာသူငယ်ချင်း နှစ်ဦးပေါင်းပြီး သုံးဦးသား အင်္ဂလန်တွင်နေခဲ့ရာ မနက်တွင် လက်ဖက်ရည်မတ်ခွက်ကြီးတစ်ခွက်နှင့် ကြက်ဥကြော်နှင့် ပေါင်မုန့်ထောပတ်သုတ်၊ (သို့မဟုတ်) ဒိန်ခဲနှစ်ချပ်၊ နေ့လယ်စာနှင့် ညနေစာကို ထမင်းနှင့် အသားဟင်း ဖောဖောသီသီဖြင့် စားကာ၊ ဝီစကီနှစ်ပက် သို့မဟုတ် ဘီယာအကြီးတစ်လုံးခန့်။ ညဘက် တီဗွီကြည့်ရင်း လက်ဖက်ရည်၊ ကော်ဖီ ကြိုက်သလောက်သောက်လျှင်ပင် နေထိုင်သွားလာ စားသောက်သုံးစွဲ စုစုပေါင်းစရိတ် တစ်လလျှင် (၄၅) ပေါင်ခန့်သာကုန်ရာ မခြိုးခြံရဘဲ ငွေစုနိုင်သောနည်း ဖြစ်ပါသည်။

ထိုင်း၊ ဟောင်ကောင်၊ ဂျပန်၊ ဩစတြေလျတို့တွင်လည်း အလားတူ နေထိုင်ကြသော မြန်မာလူငယ် လူလတ် အများ အပြား ကြုံတွေ့ဖူးပါသည်။ စာဖတ်သူ နိုင်ငံခြားသို့သွား ပြီး ငွေစုလိုက ဤနည်းသည် နည်းကောင်းတစ်ရပ် ဖြစ်ပါ သည်။ ဂျပန်တွင် အခန်းခမှာ အတော်ပင် ဈေးကြီးပါ သည်။

စာရေးသူ၏မိတ်ဆွေ မြန်မာလူငယ်တစ်ဦးသည် ဂျပန် နိုင်ငံ တိုကျိုမြို့ရှိ NHK ခေါ် ဂျပန်ရုပ်မြင်သံကြားဌာနတွင် အလုပ်လုပ်ပါသည်။ သူ၏လုပ်ခမှာ တစ်လလျှင် ယန်း ၅၅၀၀၀၀ (အမေရိကန် ဒေါ်လာ ၄၈၀၀)ခန့် ရပါသည်။ NHK မှာ တိုကျိုမြို့လယ်ပိုင်းတွင် ရှိပါသည်။ သူနေသော တိုက်ခန်းမှာ အလုပ်ခွင်နှင့် မိုင် ၂၅-၃၀ ခန့် ဆင်ခြေဖုံးဖြစ် သော ကဝါဆာကီမြို့တွင် ဖြစ်ပါသည်။ သူ့တိုက်ခန်းတွင် ခန်းပြည့်ကော်ဇောခင်း၊ အိပ်ရာအပြည့်အစုံ၊ ပရိဘောဂ၊ ရေချိုးသေတ္တာ၊ တယ်လီဖုန်း၊ ရုပ်မြင်သံကြားစက်၊ ရေပူငွေ အေးရသော ရေချိုးခန်း၊ (Central Heatins) စနစ်ဖြင့် အပူပေးစက်၊ မိုက်ခရိုဝေ့ဖ်မီးဖိုတို့ ပါဝင်ရာ တစ်လလျှ ၆၇၀၀၀(အမေရိကန်ဒေါ်လာ၅၂၀)ပေးရပါသည်။ ယန် သုံးလေးသောင်းသာ ပေးရသော အခန်းများလည်း ရှိသည် (Apartment Housing)ခေါ် တိုက်ခန်း အမြောက်အမြာ ပါသည့် တိုက်တာ အိမ်ယာကြီးများတွင် ဖြစ်ပါသည်။ ဂျပန် တိုက်ခန်းများ၏ ထူးခြားချက်မှာ တိုကျိုတွင် မြေယာဈေး



သည် ကမ္ဘာတွင် အကြီးဆုံးဖြစ်၍ အထပ်များများ၊ အခန်း များများရအောင် လုဆောက်ရသဖြင့် အခန်းများ မျက်နှာ ကျက်နိမ့်သည်။ ကျဉ်းသည်။ယုန်လှောင်အိမ်များ (Rabbit hutches) ဟုခေါ်သည်။ ပရိဘောဂများကို ခပ်သေးသေး လုပ်သည်။ ဗီရိုကြောင်အိမ်တို့ကို နံရံတွင် သွင်းထားလေ့ရှိ သည်။ အဝတ်လျှော်စက်တစ်ခု အသေးစားလေးရှိသည်။ ရန်ကုန်တွင် သုံးထပ်တိုက်အမြင့် အဆောက်အဦကို ဂျပန်က ၄ထပ်၅ထပ် ဖြစ်အောင်ဆောက်သည်။ လေပူလေအေးပေး စက်ကြောင့် အခန်းတွင်းလေးမှာ သန့်နေပါသည်။ ရှိသမျှ တံခါးများ၊ ပြတင်းများဖွင့်ကာ ကျယ်ကျယ်ပြန့်ပြန့်နေလေ့ ရှိသော မြန်မာတို့အဖို့ အစပထမတွင် ဥရောပနှင့် ဂျပန်တွင် ကဲ့သို့ အခန်းအလုံအဲတွင် နေခါစက၊ အားလပ်ချိန်တွင်ထိုင် ရမလို၊ ထရမလို အိပ်ရာထဲ လှဲနေရမလို၊ အကျဉ်းကျနေရ သလိုဖြစ်တတ်သည်။ စကားပြောဖော်ကလည်းမရှိ၊ တစ်ဖက် ခန်းနှင့်လည်း မကြားရမမြင်ရ၊ အချို့ စိတ်ဓာတ်ကျခြင်း (depression) ပင်ဖြစ်တတ်သည်။ အပေါင်းအသင်းနှင့် နေ တတ်သူများအဖို့ ဤသို့ တစ်ဦးချင်းနေခြင်းမျိုးမှာ အစ တွင် အခက်အခဲရှိတတ်ပါသည်။

မိတ်ဆွေ မြန်မာလူငယ် ကွန်ပျူတာ ပရိဂရမ်မာလေး တစ်ယောက်ကမူ ဗန်ကောက်မြို့လယ် Victory Square ခေါ် ထိုင်း ကြည်း၊ ရေ၊ လေ တပ်မတော်သားများကို ဂုဏ်ပြု တည်ဆောက်ထားသည့် ကျောက်တိုင်ကြီးအနီး တိုက်

ကြီးတစ်လုံးရှိ၁၀ပေ×၁၀ပေအခန်းငယ်တစ်ခုတွင်နေသည်။ အခန်းက တစ်လ ဘတ် ၅၀၀ (ဒေါ်လာ ၂၀) ခန့်ပေးရသည်။ ထမင်းကိုလမ်းဘေးဆိုင်များတွင် စားသည်။ တစ်နှစ်လျှင် ကားတစ်စီး ရန်ကုန်ရှိဇနီးထံပို့ နေသည်။ ဗန်ကောက်တွင် ကောင်းကောင်း လည်နေပြီဖြစ်၍ ဗန်ကောက်ရောက်မြန်မာများကို မိမိအားလပ်ချိန်တွင် မြို့လျှောက်ပြခြင်း၊ ပစ္စည်းလိုက်ဝယ်ပေးခြင်း စသည်ဖြင့် အကျိုးဆောင်သည်။ စေတနာ့ဝန်ထမ်းဖြစ်ပါသည်။

ဗန်ကောက်ရှိကုလသမဂ္ဂ၏ ဒေသဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ခုတွင် လင်မယားနှစ်ယောက်စလုံး အလုပ်လုပ်နေသောမိသားစုတစ်စုကမူ နှစ်ယောက်ပေါင်း• ဝင်ငွေလစဉ် ဘတ် (၆၀၀၀၀) (ဒေါ်လာ ၂၄၀၀) ခန့်ရှိသည်။ မြို့လယ်နှင့်ခပ်လှမ်းလှမ်းရှိသန့်ပြန့်သောရပ်ကွက်ရှိ (**Apartment housing**) တိုက်တန်းများတွင် တိုက်ခန်းတစ်ခန်း ငှားနေသည်။ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်းကျယ်၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာ၊ ဖုန်းပါသည်။ အိမ်ခန်းခ တစ်လဘတ် (၃၀၀၀၀) ဒေါ်လာ၄၀၀ ခန့် ပေးရပါသည်။ကားထားရန်နေရာလည်းပါသည်။သူတို့မှာ ထိုင်းနိုင်ငံတွင် မိဘလက်ထက်ကတည်းကအခြေတကျနီးပါးမျှ နေကြသူများဖြစ်သည်။ မြန်မာနိုင်ငံသို့ကားဝယ်ပို့ရန်မလိုကြပါ။ ငွေစုသူများအဖို့ မနေနိုင်ပါ။



**(ဇ) အဆောင်များ။**

စာရေးသူသည် ဗြိတိန်နိုင်ငံ အလယ်ပိုင်းရှိ၊ ရပ်ဘီ (**Ruby**) မြို့တွင် စာတိုက်လုပ်ငန်း စီမံခန့်ခွဲရေး ကောလိပ် (**Postal Management College**) သို့ တက်ရောက်စဉ်က ထိုကောလိပ်ရှိအဆောင်တွင်ပင် နေရပါသည်။အဆောင်မှာ (၃) ထပ် တိုက်ကြီး ဖြစ်သည်။ အင်္ဂလိပ်များရော၊ ကမ္ဘာအရပ်ရပ်မှလူများပါ တက်ကြသည်။ ထူးခြားသည်မှာ ယောကျ်ားမိန်းမများ တစ်ဆောင်တည်းတွင် ရောထားခြင်းဖြစ်သည်။၁၀ပေ×၁၂ပေခန့်တစ်ယောက်ခန်းများဖြစ်သည်။ ကုတင်မွေ့ရာတစ်စုံနှင့် စာရေးစားပွဲတစ်ခုစီရှိသည်။ ရေချိုးခန်းမှလွဲလျှင် ယောကျ်ားမိန်းမအသုံးအဆောင်များ အခန်းများ ခွဲမထားပါ။

နံနက် (၆း၃၀) ခန့်တွင် အလုပ်သမား အင်္ဂလိပ်မလေးများက လှည်းဖြင့်တင်တွန်းလာသော လက်ဘက်ရည်၊ ကော်ဖီ ကြိုက်ရာကို အခန်းအရောက်လာပေးသည်။အိပ်ရာမှမထလိုပါ၍ ကော်ဖီမသောက်လိုကြောင်း၊အခန်းဝတွင် စာဆွဲထားပါက တံခါးမခေါက်တော့။နံနက်(၈)နာရီမထိုးမီ အောက်ထပ်ရှိ စားသောက်ခန်းမတွင် နံနက်စာ (**Breakfast**) ဆင်းစားရသည်၊ (၈)နာရီ ကျောင်းစတက်သည်။ (၁၀) နာရီခွဲတွင်လက်ဘက်ရည် ထပ်တိုက်သည်။အင်္ဂလိပ် လက်ဘက်ရည်မှာ မြန်မာ လက်ဘက်ရည်လောက် မပြင်းပါ။ မပြစ်ပါ။ နွားနို့ဖြင့် ဖျော်သောက်ပါသည်။ (၁၂) နာရီ ခွဲတွင်

စားသောက်ခန်းမတွင် နေ့လယ်စာ စားရပါသည်။ ကြိုက်ရာရွေး စားနိုင်ပါသည်။ ညနေ (၃း၃၀) နာရီတွင် လက်ဘက်ရည် တစ်ခါတိုက်ပါသည်။ ချောကလက် ဘီစကွတ် စသည်တို့ပါသည်။ (၅)နာရီတွင် သင်တန်း ဆင်းပါသည်။ (၆) နာရီခွဲခန့်မှစပြီး ညစာ ဆင်းစားရပါသည်။ ဝီစကီ၊ ဘရန်ဒီ၊ ကော့ညက်၊ ဘီယာ၊ ဝိုင်၊ ဂျင်၊ ဗေါ့ကာ စသည်ဖြင့် ဘားကောင်တာတစ်ခုကို ထမင်းစားခန်းမနှင့်ကပ်လျက်တွင် ဖွင့်ရောင်းပါသည်။ ကြိုက်ရာ ဝယ်သောက်နိုင်ပါသည်။ အစားအသောက်ကိုလည်း ဟိုတယ် အလတ်စား အဆင့်ကျွေးပါသည်။ ဟင်းလျာစာရင်းကြည့်ပြီး ကြိုက်ရာမှာနိုင်ပါသည်။

စားပွဲထိုးအင်္ဂလိပ်မများက ဟင်းပွဲများ ချပေးပါသည်။ ပြီးက အခန်းထဲပြန်လိုပြန်၊ အပန်းဖြေခန်း သွားလိုသွား၊ မိမိသဘော။ အချို့ညများတွင်မူ ညဘက် သင်တန်းများရှိပါသည်။ အရာရှိကြီးလုပ်မည့်သူများ အချိန်ရှည်ရှည် အလုပ်လုပ်ရေး အကျင့်ရစေရန်ဟု ဆိုပါသည်။ အပန်းဖြေခန်းတွင် စာနယ်ဇင်းများ၊ ပင်ပေါင်ခုံများ၊ ဘီလိယက် ခုံများ၊ မြှားပစ်ကွင်းများ၊ Bowling ခေါ် ဘောလုံးလှိမ့်ကွင်းများ ရှိပါသည်။ အရက်စုံ ဘားကောင်တာ တစ်ခုလည်း ရှိပါသည်။ ပြင်ပနှင့်စာလျှင် အနည်းငယ် ဈေးချို ပါသည်။ ည(၁၀) နာရီတွင် လက်ဘက်ရည်၊ ကော်ဖီ၊ နွားနို့ကြိုက်ရာကို ကြိုက်သလောက် စားသောက်ခန်းတွင် သောက်နိုင်ပါသေး



သည်။ စာရေးသူကတော့ ဘီလိယက် ဝါသနာကြီးသူ ဖြစ်သဖြင့် ဘီလိယက်ခုံ သက္ကလတ်ကလည်းကောင်း၊ ကျူကလည်း ကောင်းသောကြောင့် ခုံမှမခွာတန်း ကစားလေ့ရှိပါသည်။ တစ်ည စာရေးသူသည် အိပ်ခန်းထဲတွင် စာရေးနေစဉ် အခန်းတံခါးကို အပြင်မှ သော့တံထိုးသံ ကြားရ၍ ဖွင့်လိုက်ရာ အခန်းဝတွင် အာဖရိကတိုက် ဘော့စဝါနာ (Botswana)နိုင်ငံမှ ကျောင်းလာတက်သော စာရေးသူနှင့် ကပ်လျက်အခန်းမှ လူမည်းအမျိုးသမီးကြီး ဖြစ်နေပါသည်။ စာရေးသူမှာ သူ့ပုခုံးလောက်သာ ရှိ၏၊ အခန်း မှားသွား၍ သူက တောင်းပန်သည်။ အောက်ထပ် ဘားကောင်တာမှ ဝီစကီရေချိန် ကိုက်လာဟန်တူပါသည်။ စာရေးသူ အခန်းအခြားတစ်ဖက်ကတော့ အင်္ဂလိပ်မ တစ်ဦး၏အခန်း။ ဤသို့ပင် ရောရောထွေးထွေး ရင်းရင်းနှီးနှီး နေကြပါသည်။ အဆောင်၏ တစ်နေ့တာအတွက် ပေးရငွေမှာ (၁၀)ပေါင် (၁၅,၂ ဒေါ်လာ) ဖြစ်ပါသည်။ လွန်ခဲ့သော ၁၃-၁၄ နှစ်က ကုန်ဈေးနှုန်း အခြေအနေတွင် ကျောင်းတက်နေသူ တစ်ဦးအဖို့ မနည်းလှသောငွေ ဖြစ်ပါသည်။ ငွေစုလိုသူ မြန်မာများအဖို့ တွက်ချေမကိုက်ပါ။ စုရန်ငွေမကျန်ပါ။

ဗြိတိန်စသော အနောက်နိုင်ငံများတွင် လည်းကောင်း၊ ဂျပန်စသောအရှေ့နိုင်ငံများတွင်လည်းကောင်း၊ တက္ကသိုလ်များ ကောလိပ်များ၊ သင်တန်း ကျောင်း များ တွင် လည်းကောင်း တက်ရောက်သည့်အခါ နေထိုင်ရန်အဆောင်

ရှိက Residential ဟုခေါ်ပြီး အဆောင်မရှိက Non-residential ဟု ခေါ်ပါသည်။

ဂျပန်သို့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (J ICA) အထောက်အပံ့ဖြင့် ကမ္ဘာ့အရပ်ရပ်မှ နှစ်စဉ်လာရောက်ကြသော လူ(၆၀,၀၀၀) ခန့်အတွက် ဂျပန်ပြည်အရပ်ရပ်ရှိ တိုကျိုနှင့် အခြားမြို့ကြီးများတွင် (International Centre) ခေါ် အဆောင်များရှိပါသည်။ တိုကျိုတွင် အိရှိဂါရာအရပ်၌ Tokyo International Centre (Ishigya) နိရှိဟာရာအရပ်တွင် Tokyo International Centre (Nishihara)တို့ ရှိပါသည်။ ထိုအနက် Tokyo International Centre, Ishigaya မှာ နေရေးထိုင်ရေး အခမ်းနားဆုံး ဖြစ်ပါသည်။ Ishigaya ရပ်ကွက်ဆိုသည်မှာ တိုကျိုတွင် အစည်ကားဆုံး ဖြစ်ပါသည်။ ရှင်ဂျုကု (Shinjuku) ရပ်ကွက်ကြီး၏ အစိတ်အပိုင်းဖြစ်ပါသည်။ အောက်ဆုံးထပ်တွင် Reception Counter တည်းသူ၏ အဖိုးတန်ပစ္စည်းများ ထားနိုင်သော Deposit box များအခန်း၊ အများသုံးအိမ်သာများ၊ ပြည်တွင်းပြည်ပ တယ်လီဖုန်းများ၊ ဧည့်ခန်းကျယ်၊ စာကြည့်ခန်းနှင့် ပြခန်းရှိပါသည်။

နှစ်ထပ်သုံးထပ်နှင့် လေးထပ်တွင် စာသင်ခန်းများ၊ဆွေးနွေးပွဲခန်းများ၊ စားသောက်ဆိုင်တစ်ခုနှင့် ကော်ဖီဆိုင်တစ်ခုရှိပါသည်။ ၅၊၆၊၇၊၈ ထပ်များတွင် အိပ်ခန်းများ၊အိမ်တွင်း



ကစားခုန်စားခန်း၊ ဗွီဒီယိုခန်း၊ ခာတ်ပြားနားထောင်ခန်းနှင့် စာနယ်ဇင်းဖတ်ခန်းများ ရှိပါသည်၊ ယောကျ်ား မိန်းမများ ရောထားသည့် တစ်ယောက်ခန်းများနှင့် ကျောင်းဆောင်ဖြစ်ပါသည်။ အိပ်ခန်းတိုင်းတွင် ကော်ဇောခင်းထားပြီး၊အပူ ဓာတ်လိုသလိုရသောခလုတ်များရှိသည်။ ရေပူပရအေးရသော ရေချိုးခန်းတစ်ခန်း၊ အိမ်သာတစ်ခန်းရှိသည်။ ကိုယ်တိုက်ဆပ်ပြာတုံးငယ် (၂)တုံး၊ နေ့စဉ်လဲပေးသည်။ ဗီရို(၂)လုံး၊ ရေခဲသေတ္တာငယ်၊တီဗွီ၊ စာရေးစားပွဲ၊ အိပ်ရာစောင် အပြည့်အစုံ တယ်လီဖုန်းတစ်လုံးပေးထားသည်။ ရေဘုံဘိုင်မှရေပူမှာ လက်ဖက်ခြောက်နှပ်နိုင်အောင်ပင်ပူသည်။ လူနေအထပ်တိုင်းတွင် ဧည့်ခန်းတစ်ခုစီရှိရာ၊ စာနယ်ဇင်းစုံ ပေးထားသည်။ အအေးရည်ရောင်းစက်တစ်လုံးစီနှင့် အပူရည်ရောင်းစက်တစ်လုံးစီထားသည်။ အအေးရည်ရောင်းစက်မှာ အစိမ်းရောင်ဖြစ်ပြီး၊ ဘီယာအမျိုးမျိုးနှင့် ကိုကာကိုလာ စသောအချိုရည်အမျိုးမျိုး ရပါသည်။

အပူရည်ရောင်းစက်မှာ ကော်ဖီလက်ဘက်ရည် စသည်တို့ရပါသည်။ လိုရာပစ္စည်းနှင့်ဆိုင်သော ခလုတ်ကိုနှိပ်လိုက်ပြီး ငွေထည့်ရန်အပေါက်တွင် ငွေစက္ကူထည့်လိုက်လျှင် ငွေသည်ဝင်သွားပြီး အောက်ရှိအံအတွင်းမှ သောက်ရန်ပစ္စည်းဘူးနှင့် အမ်းသောအကြွေ ထွက်လာပါသည်။ အကြွေကုန်နေ၍မအမ်းနိုင်ဟု တစ်ခါမျှမကြုံမိပါ။ အရောင်းစာရေးမလိုသောဆိုင်ဖြစ်၍ နေ့စဉ် (၂၄)နာရီ ဖွင့်ထားသည်။ တီဗွီခန်းတွင်

၄၀ လက်မ တီဗွီဖြင့် ကြိုက်ရာဗွီဒီယိုခွေကို မိမိဖာသာအခမဲ့ သွင်းကြည့်ရုံသာ။ သီချင်းနားထောင်သော အခန်းတွင်မူ Laser Disc များဖြင့် မိမိစိတ်ကြိုက် နားထောင်နိုင်သည်။ အိမ်တွင်းကစားခန်းတွင်လည်း အာရှ၊ အာဖရိက၊ လက်တင် အမေရိကနှင့် ပစိဖိတ်သမုဒ္ဒရာကျွန်း နိုင်ငံများမှ ကျား-မ အရွယ်စုံ ပျော်ပျော်ပါးပါး ပေါင်းသင်းဆက်ဆံကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။

ကမ္ဘာပေါ်တွင် ငတ်မွတ်ခေါင်းပါးမှု ကပ်ဆိုက်ရာတွင် နာမည်အရဆုံး၊ အီသီယိုးပီးယားမှ လူဝကြီးက စာရေးသူကို ဘီယာတစ်ဘူးတိုက်သည်။ စာရေးသူကလည်း နောက်ထပ် တစ်ဘူးဖြင့် ညှိတုန့်ပြန်သည်။ နှစ်ယောက်တွဲ စားပွဲတင် တင်းနစ်ကို သံတမန် အဆက်အသွယ်ဖြတ်ထားသော (၂) နိုင်ငံမှ လူငယ်(၂)ဦးက တစ်ဖက်တွဲပြီး ရိုက်နေကြသည်။ လူအချင်းချင်း ပင်ကိုယ်သဘာဝအရ ချစ်ကြည်ကြသည် ဟုသောသဘော၊ ဤအပြည်ပြည်ဆိုင်ရာ ဧည့်ရိပ်သာတွင် တည်းရသည်မှာ ဇိမ်ရှိသည်။ အစားအသောက်ဈေးချိုသည်၊ ကမ္ဘာအရပ်ရပ်ကလာသူများနှင့် မိတ်ဆွေဖြစ်ရသည်။ တည်းခို ခန်းအတွက် ဘာမျှမပေးရ။ အခြားသုံးစွဲဖို့ဂျပန်အပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (အစိုးရဌာန တစ်ခုဖြစ်၏။) က ငွေထုတ်ပေးသည်။ စာရေးသူ ကိုယ်တွေ့ အရ ၁၉၈၈ တွင် တစ်နေ့လျှင် ဒေါ်လာ(၇၉) ဒေါ်လာ ပေးသည်။ လာသောကိစ္စနှင့် အဆင့်အတန်းအရ ဤထက်ပိုပြီး



ရသူနည်း၍၊ ရသူလည်းရှိ၏။စာဖတ်သူများထဲမှလူလတ်ပိုင်း၊ လူငယ်ပိုင်းများသာမက၊ လူကြီးပိုင်းပင်လျှင် သွားရောက် နိုင်ရန် အခွင့်အလမ်းရှိပါက ရောက်နိုင်ပါစေဟု ဆုတောင်း လိုက်ပါသည်။

ဂျပန်နှင့် တကွ အမေရိကန်၊ အနောက် ဥရောပတို့တွင် လည်း ပုဂ္ဂလိကပိုင် အကြီးစားကုမ္ပဏီများတွင် သွားရောက် သင်တန်းတက်ရပါက ကုမ္ပဏီပိုင်သင်တန်းကျောင်းတွင် တက် ပြီး ကုမ္ပဏီပိုင်အဆောင်တွင် နေရသည်။ နေရသော သဘောမှာ အခြေခံအားဖြင့် အတူတူပင်။ အဆောက်အအုံ အသုံးအဆောင် ကုမ္ပဏီအဆင့်အလိုက် ကွာခြားမှုသာရှိမည်။ အစားအသောက်လည်း ကျွေးလေ့ရှိသည်။

(ဈ) ပြင်ပအဆောင်များ။

ကျွန်တော်တို့ မြန်မာပြည်တွင် တက္ကသိုလ်နှင့် ကောလိပ် အနီးအနားတစ်ဝိုက်တွင် ပြင်ပဆောင်များရှိသလို၊ သူတို့ဆီ မှာလည်း ကျောင်းသားများ၊ အလုပ်သမား ငယ်များ အတွက် ပုဂ္ဂလိကပိုင် ပြင်ပဆောင်များ ရှိသည်။

**Hostel, domitary, Lodging hou se** စသည်ဖြင့် အမျိုးမျိုးခေါ်သည်။ ပေးရသောငွေအလိုက်၊တစ်ခန်းချင်း နှစ်ယောက်တစ်ခန်း၊ စုအိပ်ရသောအခန်းကျယ်ဟူ၍ အမျိုး

မျိုးပင်။ မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ သွားရောက် အလုပ်လုပ်ရပြီး၊ မိမိလုပ်နေသော လုပ်ငန်းတွင် ကိုယ်ပိုင်အဆောင်မရှိသူများ၊ ဝင်ငွေလည်း မများသူများအတွက် ငွေစုလိုလျှင် နေရန်အသင့်ဆုံးနေရာဖြစ်ပါသည်။ YMCA စသောအသင်းများက ထောင်ထားသောအဆောင်ဖြစ်က သန့်ပြန့်ပြီးဈေးချို၏။

တစ်ခါက စာရေးသူ ဗန်ကောက်အသွား မိတ်ဆွေတစ်ဦးက သူ့သားအခြေအနေကို အကဲခတ်ပေးရန် မှာလိုက်သည်။ စာမလာ ဖုန်းမဆက်သည်မှာ ကြာနေ၍ ဖခင်ဖြစ်သူက သားအတွက် စိတ်ပူနေသည်။ သားဖြစ်သူ၏လိပ်စာနှင့် ဖုန်းနံပါတ်ကိုပေးလိုက်သည်။စာရေးသူသည် ရောက်သောညနေတွင်ပင်ထိုလူငယ်ထံသို့စာရေးသူတည်းခိုရာဟိုတယ်အခန်းရှိ ဖုန်းမှ လှမ်းဆက်လိုက်သည်။ထိုင်းလူမျိုး အသံဝဲဝဲနှင့် လူတစ်ဦးက ထူးသည်။ အဆောင်မှဝန်ထမ်းဖြစ်ဟန်တူသည်။ ခဏကိုင်ထားပါဟု သူ၏ အင်္ဂလိပ်လိုပြောသည်။ ၂ မိနစ်ခန့်ကြာသောအခါစာရေးသူတွေ့လိုသော လူငယ်က ထူးပါသည်။သူက "အန်ကယ် လိုက်မလာပါနဲ့၊ ကျွန်တော်တို့ အဆောင်က ရန်ကုန်နဲ့ ထောက်ကြံ့လောက် ဝေးတယ်၊ ကျွန်တော့် သူငယ်ချင်း မြန်မာနှစ်ယောက်လည်း ပါမယ်။ ကျွန်တော်တို့အားလုံး မြန်မာပြည်က သတင်း ကြားချင်နေတာ၊ဖြစ်နိုင်ရင် စောင့်ပေးပါ၊ ဘတ်(စ)ကားနဲ့ လာရမှာမို့ တစ်နာရီလောက် ကြာပါမယ်" ဟု ဆိုသည်။



၅၅ မိနစ်ခန့်ကြာသောအခါ အသက်အစိတ်ခန့် မြန်မာလူငယ် (၃)ယောက် ရောက်လာပါသည်။ ဘွဲ့ရပြီး ရည်ရည်မွန်မွန်နှင့် လူငယ်လေးများ ဖြစ်ပါသည်။ သူတို့အလုပ်မှာ နောက် (၃)ရက်ကြာလျှင် အဆင်ပြေတော့မည် ဖြစ်ကြောင်း မလေးရှားသို့ သွားမည်ဖြစ်ကြောင်း၊ သူ့အဖေ စိတ်မပူဖို့ ပြောပေးပါဟု ဆိုသည်။ သူတို့ (၃) ယောက်သည် အကုန်အကျ သက်သာရန် အဆောင်တွင် ချက်ပြုတ်စားနေကြသည်ဟု သိရပါသည်။ အချို့အဆောင်များက ထမင်းကျွေးသည်။ ဈေးချိုသောနေရာများဖြစ်၍ စားလို့ဖြစ်ရုံဟင်းလျာများဖြစ်သည်။ သို့သော် ထမင်းစားရသဖြင့် မြန်မာ့လျှာနှင့် စား၍ဖြစ်ပါသည်။

## (ည) အခြေကျနေသော ပြည်ပရောက် မြန်မာများအိမ်တွင် နေခြင်း။

တရုတ်ကုလားတို့လောက် မများသော်လည်းနိုင်ငံအတော်များများတွင် မြန်မာများ အခြေတကျ နေထိုင်လျက်ရှိကြပါသည်။ လက်တင်အမေရိက၊ အာဖရိက၊ ဆိုဗီယက်ယူနီယံနှင့် အရှေ့ဥရောပ၊ ပစိဖိတ်သမုဒ္ဒရာတွင်း နိုင်ငံများတွင်မူ အခြေတကျ မြန်မာမရှိသလောက် နီးပါးမျှပင်။ သို့သော် ကမ္ဘာ့ အနောက်ခြမ်းတွင် အမေရိကန်၊ ကနေဒါ၊ ဗြိတိန်တို့တွင် မြန်မာအများအပြားရှိသည်။ ကမ္ဘာ့ အရှေ့ခြမ်းတွင် ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ထိုင်း၊ ဟောင်ကောင်၊

ဂျပန်၊ ဩစတြေလျတို့တွင် မြန်မာအတော်များများရှိသည်။ အထူးသဖြင့် အမေရိကန်၊ ဗြိတိန်၊ ထိုင်း၊ ဩစတြေလျတို့တွင် ထောင်ဂဏန်း၊ သောင်းဂဏန်းအထိ ရှိပါသည်။ အချို့မှာ မြန်မာအစစ်၊ မြန်မာပြည်ပေါက်တရုတ် ကုလားများလည်း အများအပြား ရှိသည်။

တစ်ခါက စာရေးသူသည် အင်္ဂလိပ်မ Landladyအိမ်တွင် နေထိုင် စားသောက်နေရသည်မှာ ကြာလာသော အခါ အင်္ဂလိပ်စာကို အီလာပါသည်။ မြန်မာစကား ပြောချင်နေပါသည်။ ကျောင်းမှာလည်း မပြောရ၊ အိမ်မှာလည်းမပြောရ။ ရွတ်ရွက်ဒွတ်ဒက်သာ လုပ်နေရသည်။ ကိုယ့် လူမျိုးကို လွမ်းစိတ် ပေါ်သည်မှာ အမှန်ပင်။ နေရသောမြို့မှာ ဗြိတိန်နိုင်ငံ Midland ဒေသရှိ လူဦးရေ (၉) သောင်းခန့်မြို့ကလေး။ တနင်္ဂနွေတစ်ရက်တွင် မြန်မာ အရှာထွက်မည်ဟု ပိုင်းဖြတ်ပြီး မြို့လယ်ပန်းခြံထဲရှိထိုင်ခုံရှည်တစ်ခုပေါ်တွင် သွားထိုင်နေသည်။ အင်္ဂလိပ် မိသားစုများ၊ ဂျမေကန်ကပ္ပလီ မိသားစုများမှာလည်း သူ့အစုနှင့်သူပျော်လို့။ ခလေးများကလည်း ဒန်းစီးသူစီး၊ လျှောစီးသူစီးနှင့်။ စာရေးသူတစ်ဦးသာ အထီးကျန်နေသလို ခံစားရသည်။ ပါလာသော သတင်းစာကိုသာမဲပြီး ဖတ်နေမိသည်။ ခဏကြာသောအခါ စာရေးသူ ထိုင်နေသော ခုံတန်းတစ်ဖက်သို့ အိန္ဒိယလူမျိုး တစ်ယောက်လာထိုင်သည်။ အိန္ဒိယလူမျိုးများနှင့် မြန်မာနိုင်ငံတွင် ကျောင်းအတူနေဖူး၊ သွားလာ စားသောက် အလုပ်



လုပ်ဖူးရာ၊ ကျွန်တော့်အဖို့ ပျောက်ဆုံးနေသော ညီအစ်ကို ဝမ်းကွဲကို တွေ့လိုက်ရသလို ပျော်သွားပါသည်။

ကျွန်တော်ကလည်းကျွန်တော့်အကြောင်းပြောပြပြီး မြန်မာပြည်က လာနေသူတစ်ဦးဦးကို သိပါသလားဟု မေးပါသည်။ သူက မြန်မာစစ်စစ်ကို မသိကြောင်း၊ မြန်မာပြည်က ပြောင်းလာတဲ့ ပါကစ္စတန်နီတစ်ယောက်ကိုသိကြောင်း၊ ယခု လိုက်ပို့ပေးမည် ဖြစ်ကြောင်း၊ အနီးအနားတွင်ပင် ဖြစ်၍ လမ်းလျှောက်သွားကြရအောင်ဟု ပြောသည်။

ခြံဝင်းတစ်ဝင်းရှိ သုံးထပ်တိုက်တစ်ခုသို့ ရောက်သွား၍ ဆွဲခေါင်းလောင်းကိုနှိပ်နေစဉ် ခြံဝမှ မြန်မာစကားပြောလာသူများ အသံကြားရ၍ လှည့်ကြည့်မိပါသည်။ အသက် (၄၀) ခန့် မြန်မာတစ်ဦးနှင့် အသက် (၃၀) ခန့် ပါကစ္စတန်နီလူမျိုးတစ်ဦးတို့ကို တွေ့ရပါသည်။

သူတို့ကပင်စတင်ပြီး ကျွန်တော့်အား "ခင်ဗျာ ရန်ကုန်ကထင်တယ်"ဟု လှမ်းမေးပါသည်။ ထိုနေ့ညနေတွင်ပင် ကျွန်တော်သည် ထိုမြန်မာလူမျိုး၏နေအိမ်ခန်းသို့ ပြောင်းရွှေ့ပါသည်။ သူနှင့်အတူ ကုလားမြန်မာကပြား လူငယ်တစ်ဦးလည်း ရှိပါသည်။ ကုန်ကျစရိတ်ကို ကျွန်တော်ပါ ဝေစုထည့်ပြီး ကိုယ့်ဖာသာ ချက်ပြုတ်စားကြပါသည်။ အလွန်အကုန်အကျသက်သာပါသည်။

သူတို့မှတစ်ဆင့် မိတ်ဆက်ပေး၍ မြန်မာပြည်မှ ပြောင်းရွှေ့အခြေချသော မိသားစု (၄၀) ခန့်ကိုပါ ထိုမြို့တွင်

ထပ်တွေ့ပါသည်။ မိမိတို့နေအိမ် လာနေရန် ဖိတ်ခေါ်သူ အမြောက်အများ၊ ပွဲလမ်းသဘင်၊ မင်္ဂလာဆောင်စသောနေ များတွင် ဗိုက်စီးကြောင်းတိုက်လိုက်ရသည်ကလည်း ပျော် စရာ။ မြန်မာလိုပြော၊ မြန်မာလိုဝတ်၊ မြန်မာလိုစားရသော အရသာကို အကုန်အကျအသက်သာဆုံးဖြင့်ရသည်။

နိုင်ငံခြားတိုင်းပြည်များတွင် ကျွန်တော် ယခုတင်ပြသလို ပင် မြန်မာမိသားစုများနှင့် သွားရောက်နေထိုင်သူအမြောက် အများ တွေ့ဖူးပါသည်။ စေတနာကောင်းသောအိမ်ရှင်ဖြစ် ပြီး မိမိကလည်း အလိုက်အထိုက်နေတတ်သူဖြစ်ပါက စိတ် ပိုင်းဆိုင်ရာ အရရော၊ ငွေကြေးအရပါ အသင့်တော်ဆုံးနည်း ဖြစ်ပါသည်။ သို့သော် မာနရှိသူ၊ အထာကိုင်တတ်သူ၊ ထီး ထီး နေတတ်သူ၊ အနေအထိုင် ဇီဇာကြောင်သူများနှင့်တော့ မသင့်တော်ပါ။ စာရေးသူနေခဲ့ဖူး၍ အဆင်ပြေခဲ့သော၊ ပျော်ခဲ့သော ထိုအိမ်ကို နောက်ထပ် မြန်မာတစ်ဦးသွားသည့် အခါ စာရေးသူက မိတ်ဆက်စာရေးပေးလိုက်ရာ သူလည်း အဆင်ပြေလာပါသည်။ နောက်တစ်ယောက်ကို ထပ်မံ စာ ရေးပေးလိုက်သောအခါ ထိုသူနှင့်ပတ်သက်၍ အိမ်ရှင်များ ထံမှ တိုင်စာ ကျွန်တော့်ထံရောက်လာပါသည်။ "ဘယ်လို လူမျိုး လွှတ်လိုက်တာလဲ" ဟူ၍။

(၃) နိုင်ငံခြားတွင် စားရေးသောက်ရေး။

ဟိုတယ်ကြီးများတွင် စားသောက်ခြင်း၊ ပျော်ပွဲစားရုံ များတွင် စားသောက်ခြင်း၊အလုပ်ခွင် (သို့မဟုတ်) ကျောင်း



ရှိ စားသောက်ဆိုင် (Canteen) များတွင်စားသောက်ခြင်း၊ လမ်းဘေး ဆိုင်ငယ်ကလေးများတွင် စားသောက်ခြင်း၊ မိမိကိုယ်တိုင် ချက်ပြုတ်စားသောက်ခြင်း စသည်ဖြင့် အမျိုး မျိုးရှိပါသည်။ မိမိ၏ဝင်ငွေနှင့် သုံးစွဲနိုင်မှု အခြေအနေ၊ နိုင်ငံခြားတွင်နေထိုင်သည့် ရည်ရွယ်ချက် စသည်တို့အပေါ် ချင့်ချိန်ပြီး ဉာဏ်နှင့်ယှဉ်လျက် စားသောက်ရန် ဖြစ်သည်။ တစ်ဘက်တွင်လည်း မိမိကျန်းမာရေးအတွက် အာဟာရပြည့် ရန် လိုသည်။ (Kentucky Chicken) ခေါ် ကြက်ကြော်နှင့် အာလူးကြော် တစ်ခါစားတစ်ထုပ် (၆၅ ပဲနိ) ကို နှစ်နပ် ခွဲစားပြီး ငွေစုနေသည့် လန်ဒန်ရောက် မြန်မာဆရာဝန်ကြီး တစ်ဦးလို ပညာရှိသတိဖြစ်ခဲ့ မဖြစ်စေလိုပါ။

(က) ဟိုတယ်များ။

ဟိုတယ်ကြီးများတွင် အစားအသောက်မှာ အလွန် ကောင်းမွန်သလောက် ဈေးလည်းကြီးပါသည်။ ဗန်ကောက် မြို့ရှိ အလတ်စား ဟိုတယ်များတွင် သင့်တင့်ရုံစားလျှင် နံ နက်စာအတွက် ဘတ် ၁၂၅ (၅ ဒေါ်လာ)၊ နေ့လယ်စာ အတွက် ဘတ် ၂၅၀ (၁၀ ဒေါ်လာ)၊ ညစာအတွက် ဘတ် ၆၀၀ (၂၄ ဒေါ်လာ) ခန့်ကုန်ကျပါသည်။ အိုဆာကာ (ဂျပန်) မြို့ရှိ အကောင်းစားဟိုတယ်ကြီး တစ်ခုဖြစ်သော နယူးအိုတာနီ (New Otani) ဟိုတယ်တွင် အတော်အသင့် ကောင်းသော ညစာနှင့် ဆာကေအတွက် ယန်း ၁၀၀၀၀ (၇၀ ဒေါ်လာ) ကုန်ကျပါသည်။

## (ခ) စားသောက်ဆိုင် (Restaurants)

စားသောက်ဆိုင် (Restaurants) ကြီးများမှာလည်း ဈေးမသေးလှပါ။ အင်္ဂလိပ် အစားအစာအပြင် အီတလီ၊ ပြင်သစ်၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဂျပန်၊ တူရကီ၊ ရုရှား၊ ဖိလစ်ပိုင်စသည်ဖြင့် ကမ္ဘာ့မြို့ကြီးများတွင် ဟင်းလျာစုံလှပါသည်။ ဈေးနှုန်းမှာလည်း အမျိုးမျိုးဖြစ်ပါသည်။ ဘီလျံနာ သူဌေးများ ဟောလီဝုဒ် ရုပ်ရှင်မင်းသား မင်းသမီးများ၊ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်း ခေါင်းဆောင်များ စားကြပါသည်။ ထိပ်တန်းစားသောက်ဆိုင်ကြီးများမှ သာမန် အလုပ်သမားများ စားကြသည့်ဆိုင်အထိ ရှိပါသည်။ ကုန်ကျငွေမှာလည်း ဆိုင်အဆင့်အတန်းအလိုက် အလွန်ကွာခြားပါသည်။

## (ဂ) သက်သာ စားသောက်ဆိုင်များ။

အလုပ်သမားများ၊ ကျောင်းသူ ကျောင်းသားများအတွက် အခြေအနေပေးပါက စားသောက်သင့်သော ဆိုင်တစ်မျိုးမှာ အလုပ်ခွင် (သို့မဟုတ်) ကျောင်းတို့မှ ဌာနဆိုင်ရာ ပံ့ပိုးမှုဖြင့် ဖွင့်ထားသော (Restaurant Canteen) စသည်ဖြင့် အမျိုးမျိုး ခေါ်ကြသည့် သက်သာစားသောက်ဆိုင်များဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် အင်္ဂလန်တွင် လည်းကောင်း၊ ဝေလနယ် ကာဒစ်မြို့ (Cardiff) တွင် လည်းကောင်း၊ ဂျပန်



နှင့် ထိုင်းတွင်လည်းကောင်း၊ ကျောင်းမှ ဖွင့်ထားသောဆိုင်များတွင် နေ့လယ်စာစားလေ့ ရှိပါသည်။ ထိုဆိုင်များတွင် ထောပတ်သုတ်၊ ပေါင်မုန့် (၂) ချပ်၊ အသားဟင်း တစ်ခွက်၊ ချေ၍ပြုတ်ထားသော အာလူးတစ်ပွဲ၊ ဟင်းသီး ဟင်းရွက်တစ်ပွဲ၊ ရေခဲမုန့် (သို့မဟုတ်) ကော်ဖီ တစ်ခွက် အတွက် (၃၇ပဲနီ) ခန့်သာ ပေးရပါသည်။ ပြင်ပ စား သောက်ဆိုင်ငယ်များတွင် (၆၅ပဲနီ) ခန့် ပေးရ လိမ့် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၏ အာရှပစိဖိတ်ဒေသ ပညာ များ နှီးနှောဖလှယ်ပွဲသို့ စာရေးသူ တက်ရောက်စဉ်က ာရေးသူသည် အာဖဂန်နစ္စတန်မှ သင်တန်းကျောင်းအုပ်ကြီး၊ တရုတ်ပြည်မှ တွဲဖက်ပါမောက္ခတစ်ဦးနှင့် သုံးဦးသားပေါင်း၍ ထိုဆိုင်မျိုးတွင် နေ့လယ်စာ စားလေ့ရှိပါသည်။ ထိုင်း အစားအစာအတိုင်း ချက်ထားသည့် အသား (သို့ပဟုတ်) ငါးဟင်းပွဲကြီး တစ်ပွဲ၊ ဟင်းသီးဟင်းရွက်ကြော် တစ်ပွဲ၊ အသားစွပ်ပြုတ်ဟင်းချိုတစ်ပွဲနှင့် ထမင်း အဝစားမှ သုံးယောက်ပေါင်းအတွက် (၄ဂဘတ်) ၂ ဒေါ်လာနီးပါးခန့်သာ ကျပါသည်။ ရေတ်သီးအချဉ်နှင့် ဟင်းချိုရည် အခမဲ့ပေးပါသည်။ တစ်လှည့်စီပေးစနစ်နှင့် စားကြပါသည်။ ပြင်ပ ဆိုင်ငယ်ကလေးများတွင် (ဘတ် ၁၀၀) ခန့် ကျမည်ထင်ပါသည်။

တိုကျိုတွင်လည်း အလားတူပင် နေ့လယ်စာကို အဆောင်ရှိ စားသောက်ဆိုင်တွင် ဝယ်စားဖူးပါသည်။ ဂျပန်ဟင်းလျာများဖြစ်သည်။ ဂျပန် စားသောက်ဆိုင်များ၏ ဓလေ့ပုံ

ပန်းကန်ပြားတွင် ထည့်ထားသော အစားအသောက် အမျိုးမျိုး၏ နမူနာအတုကို မှန်ဗီရိုတွင်ထည့်ပြီး ပြထားပါသည်။ အစစ်နှင့် ခွဲမရလောက်အောင် တူပါသည်။ ဈေးနှုန်းများကိုလည်း အင်္ဂလိပ်ဂဏန်းဖြင့် ရေးပြီး ဖော်ပြထားပါသည်။ ပြင်ပ စားသောက်ဆိုင်ခန်းကလေးများတွင် ၆၅၀ ယန်းခန့် ပေးရသော အစားအသောက်ပွဲမျိုးကို အဆောင်ရှိဆိုင်တွင် ၅၀၀ ယန်း (၄ ဒေါ်လာ) ခန့်မျှနှင့် ရရှိပါသည်။ စက်ရုံ အလုပ်ရုံကြီးများတွင်လည်း အလားတူ သက်သာဆိုင်များ ရှိပါသည်။ သက်သာဆိုင်ဟူ၍ အထင်မသေးပါနှင့်။ အလွန် သန့်ပြန့်သည်။ စားပွဲထိုင်ခုံကောင်းသည်။ လေပူ လေအေး ပေးစက်နှင့်။ အစားအသောက်ကိုမူ လင်ပန်းတွင်တင်ပြီး မိမိဖာသာ ကောင်တာမှယူပြီး လွတ်ရာစားပွဲတွင်ချကာ စားရပါသည်။ စားပြီး ပန်းကန်ခွက်ယောက် သိမ်းရန်မလိုပါ။ ရေနွေးကြမ်းနှင့် (Sauce) အမျိုးမျိုး အခမဲ့ရပါသည်။

(ဿ) လမ်းဘေး ဆိုင်ကလေးများ၊

အနောက်တိုင်းတွင်ရော အရှေ့တိုင်းတွင်ပါ လမ်းဘေး ဆိုင်ကလေးများမှ ဝယ်ယူစားသောက်ရပုံမှာ နှစ်မျိုးရှိပါသည်။ (Take—away) (သို့) (Fast Food) ခေါ် ဆိုင်မှ အစားအသောက် အထုပ်ငယ်ကို ယူသွားပြီး နေအိမ်တွင်ဖြစ်စေ၊ တစ်နေရာရာတွင်ဖြစ်စေ သွားစားရသော ဆိုင်ကတစ်မျိုး၊ ဆိုင်တွင်ပင် စားနိုင်သော ဆိုင်ကတစ်မျိုးဟူ၍ ဖြစ်ပါသည်။



ကင်တပ်ကီ ကြက်ကြော်(Kentuckey Chicken)၊ မက်ဒေါ်နယ် (Mac Donale) စသော အမည်များဖြင့် ကမ္ဘာ အနှံ့အပြားတွင် ဆိုင်ခွဲများဖွင့်ထားသော နာမည်ကျော် ဆိုင်ကလေးများလည်းရှိသည်။ မိမိဖာသာ တစ်နိုင်လုပ်ကြသော မိသားစု ဆိုင်ကလေးများလည်း ရှိသည်။ ကင်တပ်ကီ ကြက်ကြော်ဆိုသည်မှာ လက်တစ်ဝါးခန့် ကြက်ရင်အုပ်၊ ကြက်ပေါင်ကြော်ကြီးတစ်ခု၊ အားလူးကို လေးမြောင့် ရှည်ရှည် အတုံးငယ်များတုံးပြီး အပေါ်လွှာအကြွပ်၊ အတွင်း အပျော့ထားကာ ကြော်လျက် ကိုက်ရာ အမွှေးအကြိုင်ထည့်ကာ ထုပ်ပေးလိုက်ခြင်း ဖြစ်ပါသည်။ တစ်ထုပ်လျှင် ပဲနီ (၆၅ခန့်) နှင့် ညီမျှသော ဒေသအလိုက် နိုင်ငံအလိုက် ငွေပေးရပါသည်။ မြန်မာတစ်ယောက် ညစာအတွက် ကောင်းကောင်း ဝပါသည်။ ကြက်သားမှာ အသားစားရန် တမင်မွေးထားသောကြက်ဖြစ်၍ ဝသည်။ နူးသည်။ ကြက်အရိုးပိန်ကလေး မဟုတ်။ ရန်ကုန်၊ မန္တလေးရထားလမ်း တစ်လျှောက် ကျွန်တော်တို့တွေ့နေကြ ကြက်ပေါင်ကြော်နှင့် သွားမနှိုင်းပါနှင့်။ အလားတူပင် အမေရိကန်၊ အင်္ဂလန်၊ ဥရောပ၊ ဂျပန်တို့တွင် (Fish and Chips) တစ်ထုပ်ကို ဝယ်စားနိုင်ပါသည်။ ဈေးမှာ အတူတူလောက်ပင်။ ကြက်သားအစား လက်တစ်ဝါးခန့် ငါးခုတ်သား တစ်တုံးကို ကြော်ထားသည်။ အာလူးကြော်မှာ အထက်ပါအတိုင်းပင်။ (Spagetti, Marcaroni) ခေါ် အီတလီ အစာများလည်း ဤဈေးလောက်နှင့် ရနိုင်ပါသည်။ (Hamburger, Hot-dog) စသည့် အသားအမျိုးမျိုး

ညှပ်ထားသော ပေါင်မုန့်၊ (Sandwich) စသည်တို့ကိုလည်း လက်ဘက်ရည်၊ ကော်ဖီတို့နှင့် မျှောချနိုင်ပါသည်။ ကုန်ကျငွေမှာ အတူတူလောက်ပင်။

လမ်းဘေး ဆိုင်ကလေးများကို အဆောက်အအုံနံရံဘေးတွင် မြှောင်၍ လည်းကောင်း၊ ပလက်ဖေါင်းပေါ်တွင် လည်းကောင်း၊ ညဘက်တွင် ကားမဖြတ်သော လမ်းများပေါ်တွင် လည်းကောင်း တွေ့နိုင်ပါသည်။ အချို့ဆိုင်မှာ မတ်တတ်စားရပြီး၊ လန်ဒန်ရှိ ဝက်မင်စတာရပ် ပါလီမန်လွှတ်တော်နှင့် လမ်းတစ်ဖက် တစ်ချက်တွင်ပင် မတ်တတ်ရပ်စားရသော ဆိုင်များရှိသည်။

ပဲရစ်မြို့၊ ပလက်ဖောင်း စားသောက်ဆိုင် ကလေးများသည်လည်း အနုပညာသည်များ၊ ကျောင်းသူ ကျောင်းသားများ၊အလုပ်သမားများ၏ ကွန်းခိုရာစခန်းများ၊စကားလက်ဆုံကြရာ နေရာများဖြစ်၏။ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ် စသည်တို့တွင် ညဘက်ဖွင့်သော လေဟာပြင်ဆိုင်ကလေးများတို တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်များကဖွင့်လှစ်တည်ထောင်က ကြော်လှော် ပေးပြီး၊ အာရှတိုက်သားပိုင်ရှင်က ငွေသိမ်းလျက် မျက်နှာဖြူ ယောကျာ်းလေးမိန်းကလေးများက စားပွဲထိုးပေးနေသည်ကိုလည်း တွေ့ရပါသည်။ တစ်ခါက ပိုင်ရှင်ဟုထင်ရသော လူကြီးတစ်ဦးမှာ ရုပ်ရှင်မင်းသားကြီး မျိုးချစ်နှင့် တူလှ၍ မြန်မာလားဟု စာရေးသူကမေးရာ “ဖိလိပိန္နိပါ”ဟု အဖြေရခဲ့ဖူးပါသည်။



ဗန်ကောက်၊ တိုကျို၊ ဟောင်ကောင် စသောမြို့ကြီးများတွင် ညဘက်၌ ကား အသွားအလာ ပိတ်ထားသောလမ်းများ၊ ပလက်ဖောင်းပေါ် စသည်တို့တွင် ခေါက်စားပွဲ၊ ခေါက်ကုလားထိုင်များ ခင်းကျင်းထားသည်။ ကြော်လှော်သော မီးဖိုပါသည့် လှည်းပေါ်တွင် အသား၊ ငါး၊ ပုဇွန်၊ ဂဏန်း၊ ခရု၊ ဟင်းသီးဟင်းရွက်၊ အရက်ဘီယာနှင့် အချိုရည်ဘူးများ ခင်းကျင်းထားသည့် တစ်ဦးတည်းရောင်းသည့်ဆိုင် ဖြစ်ကောင်းဖြစ်မည်။ လူ သုံးလေးယောက် ဝိုင်းရောင်းသောဆိုင် ဖြစ်ကောင်းဖြစ်မည်။ ဘာမှာရမှန်း မသိပါက ခင်းကျင်း ထားသည်များကို လက်ညှိုးထိုးပြီး ခိုင်းပါ၊ (သို့မဟုတ်) တခြားသူစားနေသော အစာကိုသာ လက်ညှိုးထိုးပြပါ။ (ချက်ချင်း ချက်ပြုတ်ကြော်လှော်ပြီး အငွေ့တထောင်းထောင်းနှင့် ချပေးပါလိမ့်မည်။ထမင်းလည်းရပါသည်။ ပေါင်းထားသော ထမင်းဖြစ်ပါသည်။

ဗန်ကောက်တွင် ဘတ် ၃၀ ခန့် (တစ်ဒေါ်လာကျော်ရုံ)၊ ဂျပန်တွင် ယန်း ၄၀၀ ခန့်(၃ ဒေါ်လာကျော်ရုံ)၊အင်္ဂလန်နှင့် အနောက်ဥရောပတွင် ၁-ပေါင်ခွဲခန့် (၂ ဒေါ်လာ)နှင့် ကိုက်ပါသည်။ အရသာလည်းရှိပါသည်။ လမ်းသွားလမ်းလာများကြည့်ရင်းစားရ၍ အပျင်းပြေပါသည်။ လူရှင်းလျှင် ဆိုင်ရှင်နှင့်လည်း အင်္ဂလိပ်စကား မတောက်တစ်ခေါက်ကို အပြည်ပြည်ဆိုင်ရာလက်ဟန်ခြေဟန် ဘာသာစကားများများ ရောပြီး အချိန် ဖြုန်းရသည်မှာ အရသာ တစ်မျိုးပင်။

ဗန်ကောက်တွင်မူ နည်းနည်း ဆက်ထိုင်လျှင် မိန်းကလေး
ယူမလားဟု မေးတတ်ပါသည်။

နံနက် အိပ်ရာထ၍ အဆာပြေစားလျှင်လည်းလမ်း ဘေး
ဆိုင်ကလေးများက ..က်သာသည်။ ဗန်ကောက် ဟိုတယ်
ကြီးတွင် လက်ဖက်ရည်သို့မဟုတ် ကော်ဖီတစ်ပွဲ (ခရားဖြင့်)
ကို ၃၀ ဘတ် (တစ်ဒေါ်လာကျော်)ခန့် ပေးရချိန်တွင်၊
လမ်းဘေးဆိုင်၌ ဖန်ခွက်နှင့်တစ်ခွက်ကို ၁၀ ဘတ်၊ အိကြာ
ကွေးကြီး တစ်ချောင်း၊ ၁၀ ဘတ် နံနက်စာအတွက် လုံ
လောက်သည်။ သို့မဟုတ် ဝက်သားဆန်ပြုတ်တစ်ခွက်ဆိုလျှင်
၃၀ ဘတ်နှင့် ပြည့်စုံပါသည်။ လမ်းဘေး လက်ဖက်ရည်
ကော်ဖီမှာမူ ၆-ပဲနီ၊ ၇-ပဲနီ ပေးရပါသည်။ ကော်ဖီ လက်
ဖက်ရည်မှာ မြန်မာအကြိုက် အပြင်းစားမဟုတ်၊ဂျပန်တွင် ပို
ဈေးကြီးသည်၊ ဂျပန်သည် ကမ္ဘာတွင် အစားအသောက်
အနေအထိုင်စရိတ် ဈေးအကြီးဆုံးနိုင်ငံဖြစ်သည်။ သို့သော်
ဝင်ငွေကလည်း အလွန်ကောင်းသည်။

ဩစတြေလျနှင့် နယူးဇီလန်သည် ဥရောပထက် အစား
အသောက် ဈေးချိုသည်။ အသား၊ နွားနို့၊ ဟင်းသီး
ဟင်းရွက် ပေါသည်။ ဖီဂျီ (Fiji) ဆော်လမွန် ကျွန်း
(Solomon Islands) စသော ဩစတြေလျ အရှေ့ဘက်ရှိ
ပစိဖိတ်သမုဒ္ဒရာဒေသကျွန်းစု နိုင်ငံများတွင်မူ ငါး အလွန်
ပေါသည်။ အိန္ဒိယနွယ်ဘွားများအနေများသော ဖြိတိန်၏



ဘိယအကြီးဆုံးမြို့ဖြစ်သော ဘာမင်ဂန် (Birmingham)လို
မြို့များတွင်မူ အချင်း တစ်ပေနီးပါး နံပြားနှင့်ဆိတ် စွပ်ပြုတ်
ဆလာကောင်းကောင်းနှင့် ရနိုင်သည်။ ပြီးလျှင် ကွမ်းယာ
ပါးမလား။ ကုလားဆိုင်ရှင်၊ ကုလားစားပွဲထိုးနှင့်။ မဂိုလမ်း
ရောက်နေသလိုပင်။

## ( c) ကိုယ်တိုင်ချက်ပြုတ်စားခြင်း။

မိမိနေရသောနေရာတွင် ချက်ပြုတ်ရန် အဆင်ပြေလျှင်
ကိုယ်တိုင် ချက်ပြုတ်စားခြင်းသည် အကောင်းဆုံးဖြစ်သည်။
အကုန်အကျလည်း သက်သာသည်။ မိမိအကြိုက်ချက်စားနိုင်
သည်။ စိတ်အလေအလွင့်လည်း နည်းသည်။ မိတ်ဆွေ နိုင်ငံ
သားများကိုလည်း အိမ်သို့ခေါ်ပြီး ဧည့်ခံ ကျွေးမွေးနိုင်
သည်။ ချက်ရသည်ကလည်း လျှပ်စစ်မီးဖို၊ သို့မဟုတ် ဓာတ်၊
ငွေ့ ဖိုဖြစ်သဖြင့်လွယ်သည်။ အချိန်ကုန်သက်သာသည်။ထင်း
ခွဲရန် မီးမွှေးရန် ရေခပ်ရန်လည်း မလို။

ဈေးဝယ်ရသည်မှာလည်း အဆင်ပြေသည်။အမေရိကန်၊
ဥရောပ၊ ဩစတြေလျရောက်နေ၍ မြန်မာကြိုက် သား ငါး
ဟင်းသီးဟင်းရွက်များ ဝယ်မရမှာမပူပါနှင့်၊ ကန်စွန်းရွက်
အစစ်၊ ချဉ်ပေါင်ရွက်။ ငှက်ပျောအူမှလွဲပြီး ကျန် ဟင်းသီး
ဟင်းရွက်အားလုံးနီးပါးရသည်။ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊
ခရမ်းသီး၊ ပဲသီး၊ ရုံးပတီသီး၊ ဒန့်ဒလွန်သီးမှအစ ကြက်

ဟင်းခါးသီးအထိ ရပါသည်။ ဥရောပတွင် ထိုအသီးအရွက်မျိုးကို အာရှတိုက်သားများရောင်းသည့် Grocery Store မှာဝယ်ရပါသည်။ အာဖရိကတိုက် ကင်ညာ စသောနိုင်ငံများမှာ လေယာဉ်စင်းလုံးရှိပြီး တင်ပို့သည်ဟု ဆိုပါသည်။ သီးမွှေးငှက်ပျောသီးတစ်မျိုးသာရပြီး ကာရစ်ဗီယန်ပင်လယ်တွင်းရှိ နိုင်ငံများကတင်ပို့ခြင်းဖြစ်၍ လိမ္မော်သီး ပန်းသီးထက် ဈေးကြီးသည်။ ကြက်သွန်နီမှာ ဒေသထွက်ဖြစ်ရာလက်သီးဆုပ်ခန့် ဥကြီးများဖြစ်သည်။ ကြက်သွန်ဖြူ၊ အမှုန့်၊ အုန်းနို့ ခဲမဆလာ။ Curry Power ခရမ်းချဉ်သီး၊ ဂျင်း၊ နံနံပင်၊ ငရုတ်သီးစိမ်း၊ ငရုတ်သီးမှုန့်ငံပြာရည်တို့လည်း အလွယ်တကူ ဝယ်၍ ရသည်။ အမေရိကန် ဆန်၊ ပါကစ္စတန်မှ ကတ်စမာတီ ဆန်တို့ကို အလေးချိန်နှင့် ဝယ်ရသည်။ ပါကစ္စတန် ကတ်စမာတီဆန်မှာ ချက်လိုက်လျှင်ပေါ်ဆန်းမွှေးကဲ့သို့ပင်မွှေးပြီး နူးညံ့သည်။ အမေရိကန် ဆန်ကမူ အလတ်တန်းစား အဆင့်သာ။

ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ အမဲ၊ ငါး၊ ပုဇွန်၊ ဂဏန်းတို့ကိုလည်း Market ခေါ် ဈေးတွင် လည်းကောင်း၊ Department Store ခေါ် ကုန်တိုက်ကြီးများ၏ အောက်ဆုံးထပ်တွင်လည်းကောင်း ရနိုင်သည်။ ကုန်တိုက်ကြီးများတွင် တုံးပြီး လှီးပြီး၊ စင်းသား အသားနှင့် ငါးများကို အရွယ် အစား စား ပလတ်စတစ်ဘူးငယ်များတွင် ထည့်ထားသည်။ ပုဇွန်ကိုလည်းအခွံနွာပြီး ဘူးငယ်တွင် ထည့်ထားသည်။ ဘူးအဖုံးမှာ



ဖောက်ထွင်း မြင်ရသည်။ ဘူးတိုင်းတွင် ဈေးနှုန်းလေဘယ်ကပ်ထားသည်။ ဈေးဆစ်ရန်မလိုပါ။ လေလုံဘူးများဖြစ်၍ ဝယ်ပြီး အပေါ်ကုတ်အင်္ကျီထဲထည့်လာလျှင်ပင် နံစော်ခြင်းမရှိပါ။ ဟင်းသီးဟင်းရွက် များကိုလည်း အလားတူပင် သင်ပြီးသား။ အသားဘူး၊ ငါးဘူးများကလည်း တောင်ပုံရာပုံ။

ထိုင်းနိုင်ငံဘန်ကောက်မှ Market ခေါ် ဈေးများမှာမူ ရန်ကုန်မြို့မှ ဗိုလ်ချုပ်ဈေး၊ သိမ်ဈေး၊ (၃၈) လမ်းဈေးတို့ကိုသတိရဖွယ်။ စကားကွဲသည်မှလွဲ၍ ရောင်းကုန်များမှာ အတူတူပင်။ အိမ်ရှင်မများ ခြင်းတောင်းထဲတွင် ကန်စွန်းဖြူ အစည်းကြီးများ၊ ငါးအကောင်လိုက် စသည်ဖြင့် တွေ့ရသည်။ ဈေးလည်း ဆစ်ကြသည်။ အဆစ်လည်းတောင်းကြ၊ ပေးကြသည်။ မြန်မာဈေးနှင့် မခြားပါ။ မန္တလေး တရုတ်တန်းဈေးကဲ့သို့ တောင်းများနှင့် ချရောင်းသော လမ်းပေါ်က ဈေးသည်များအကြား တိုးဝှေ့သွားကြရပါသည်။

မြန်မာနှင့်ဥရောပတိုက်သားများ၊ ဩစတေးလျတိုက်သားများမတူပုံတစ်ခုမှာ မြန်မာအတော်များများသည် အသည်းစုံအူစုံ ဝမ်းတွင်းသား ကလီစာများကို ဆီပြန်ချက်ပြီး နှစ်ခြိုက်စွာ သုံးဆောင်ကြသော်လည်း သူတို့ကမူ မစားကြဘဲ ခွေး၊ ကြောင် စသည့် တိရစ္ဆာန်အစာ လုပ်ပစ်ကြခြင်းဖြစ်ပါသည်။ တိရစ္ဆာန်အစာ စည်သွတ်ဘူးလုပ်ငန်းမှာ တွင်ကျယ်သောလုပ်ငန်းဖြစ်သည်။

ဥရောပတွင် ပဲပင်ပေါက် အလွတ်ရောင်းသည်ကို မတွေ့ခဲ့ပါ။ ဆားရည်ဖြင့် စည်သွတ်ဘူး လုပ်ရောင်းသည်ကိုသာ စားခဲ့ရပါသည်။ တရုတ်ပြည်မှ တင်ပို့သောပဲကို ဟောင်ကောင်တွင် စည်သွတ်ပြီး တင်ပို့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံမှလည်း ဟင်းသီးဟင်းရွက်များကို နိုင်ငံခြားသို့တင်ပို့နိုင်လျှင် ဈေးကောင်းရမည် ထင်ပါသည်။

အုန်းနို့ ခေါက်ဆွဲ ချက်လျှင် အလွန် လွယ်ပါသည်။ ခေါက်ဆွဲဖတ်နှင့် ကိုင်ပြီးသားကြက်က အဆင်သင့်။ အုန်းနို့က ခြစ်သည့် ညစ်သည့်ဆိုင် သွားရန်မလို၊ အုန်းနို့ခဲကို လိုသလောက် ဟင်းအိုးထဲ ပစ်ထည့်လိုက်ရုံသာ။

မုန့်ဟင်းခါးကမူ ဖတ်တငန်ငန့်ဖြစ်ရသည်။ ကျန်ပစ္စည်းများ အကုန်ရသော်လည်း ငှက်ပျောအူမရ။ ထို့ကြောင့် လန်ဒန်ရှိ မြန်မာသံအမတ်ကြီးထံ စာရေးသူသည် (၂)ပေခန့် ငှက်ပျောအူ တစ်တုံး၊ စစ်တွေဒညင်း (အင်္ဂလန်တွင် ဒညင်းသီးမရပါ) ၂ ပိဿာခန့် ရန်ကုန်မှ ခက်ရခက်ဆစ် ယူသွားရာ သံအမတ်ကြီးကစာရေးသူအားစနေ၊တနင်္ဂနွေနေ့တိုင်း သူ့အိမ်လာထမင်းစားရန် ဖိတ်မန္တကပြုသည်။
ဒံပေါက် ဖောက်လျှင်တော့ အလွန်ကောင်းပါသည်။ ထောပတ်ကောင်းသည်။ ဆန်ကောင်းသည်။ ကြက်သားကအသားများပြီး နုသည်၊ အကောင်းဆုံးမှာ စပိန်မှလာသော ကုံ့ဂမံဖြစ်သည်။ ပလတ်စတစ် ဘူးငယ်လေးများဖြင့် ရောင်းသည်။ ရန်ကုန်ဆိုင်များရှိ ဒံ့ပေါက်တွင် ကုံ့ဂမံမပါချေ။ ဆေးရောင်ဆိုးထားခြင်းသာ ဖြစ်သည်။ စာရေးသူသည် ဒံ့ပေါက် မကြာခဏဖောက်ပြီး နိုင်ငံခြားသားမိတ်ဆွေများကိုဖိတ်ကျွေးသည်။ဘင်္ဂလားဒေ့ရှ်မှ ညွန့်ကြားရေးမှူး မစ္စတာဟာဘီဘူရာမန်ဆိုလျှင် အလွန် ကြိုက်သည်။ သူတို့ အစာဖြစ်သော်လည်း သူက မချက်တတ်။

တန်ဇန်နီးယားက အာဖရိကန်အရာရှိ နှစ်ဦးကလည်း အတုန့် အလှည့်အနေဖြင့် သူတို့အမျိုးသားအစားအစာကို စာရေးသူအိမ်လာပြီး ချက်ကျွေးမည်၊ လိုအပ်တာတွေ သူတို့ဟာသူတို့ ဝယ်လာမည်၊ မီးဖိုချောင်သာ အပ်ဆို၍ စနေတစ်ရက် အာရပ်များကိုပါခေါ်ပြီး ချိန်းကြသည်။ အာဖရိက အရှေ့ပိုင်း နိုင်ငံများဖြစ်ကြသည့် တန်ဇန်နီးယား၊ ယူဂန္ဒာ၊ ကင်ညာနိုင်ငံများရှိ ဆွာဟီလီ (**Swahili**) လူမျိုးတို့၏ထမင်းအစား နေ့စဉ်စားသောအစာဟုဆိုသည်။ပြောင်းဆန်အမှုန့်ကို ရေနွေးဖြောထားသော ပျော့စိစိများဖြစ်၍ စာရေးသူအနေဖြင့် မည်သို့မျှ ဆက်မစားနိုင်ပါ။ တစ်လုတ်နှစ်လုတ်သာ အားနာ၍ စားခဲ့ရသည်။ သို့သော် ပျော်စရာတော့ ကောင်းပါသည်။

ထို့ကြောင့်စာဖတ်သူမိတ်ဆွေလည်းငွေကုန်ကြေးကျနည်းနည်းဖြင့် ပျော်ပျော်ပါးပါး နေထိုင် စားသောက်လိုလျှင် အကြံပေးပါရစေ။ ဖြစ်နိုင်ပါက မနက်(**Breakfast**) နွားနို့

ကော်ဖီ၊ လက်ဘက်ရည်၊ ပေါင်မုန့်၊ ထောပတ်၊ ကြက်ဥကြော်၊ ဝက်ပေါင်ခြောက်ကြော်တို့ကို မိမိဖာသာပြင်ဆင်စားသောက်ပါ။ နေ့လယ်စာ (**Lunch**)ကို အလုပ်ခွင်တွင် သက်သာသောနည်းဖြင့် ဝယ်စားပါ။အိပ်ပြန်စားရန် အချိန်ရမည်မထင်ပါ။ လမ်းစရိတ်လည်း ကုန်ပါသည်။ ညစာကို မိမိဖာသာ အေးအေးဆေးဆေး ချက်စားပါ။ အေးသောတိုင်းပြည်ဖြစ်က ဟင်းလည်းမသိုးပါ။ ဥရောပတွင် ပဲ့ရွက်ဆိတ်နှင့် ယင်၊ ခြင်၊ပိုးဟတ်တို့လည်း မရှိပါ။ မကုန်သောဟင်းလျာ အစားအသောက်သိမ်းရန်မှာ ရေခဲသေတ္တာမရှိလျှင်ပင် အခက်အခဲမရှိပါ။ ထို့ကြောင့် မြန်မာပြည်မှ မှထွက်ခွာမီ၊ ထမင်းဟင်း အချက်အပြုတ် သင်သွားပါ။ နှစ်ပိုတွဲချက်ပါက နာရီဝက်အတွင်း ထမင်းနှင့်ဟင်း နှစ်မျိုးကျက်ပါသည်။

အိုး၊ ပန်းကန်၊ခွက်ယောက်၊ ဇွန်း စသည်တို့ ဆေးရသည်မှာ လွယ်ပါသည်။ **Sink** တွင် ရေထည့်ပြီး၊ လီမွှော်နံ့၊ သံပရာနံ့၊ ရှောက်နံ့ စသည်ဖြင့် ကြိုက်ရာအနံ့ပါသည့်ဆပ်ပြာရည် ပလတ်စတစ်ပုလင်းများမှ ဆပ်ပြာရည်ကို လောင်းထည့်ပြီး ဆေးကြောရုံသာ။ ပန်းကန်ခွက်ယောက်များ သန့်စင်ပြီး မွှေးကြိုင် နေပါလိမ့်မည်။ ပစ္စည်းအမျိုးမျိုး ထည့်သော လှပသော ဘူးလွတ်၊ ပုလင်းလွတ်များ၊စက္ကူများ၊ ပလတ်စတစ်များ ရက်တစ်ပတ်အတွင်း တစ်တင်းလောက် ထွက်လာပါမည်။ နှမြောပြီး သိမ်းမထားပါနှင့်။ လာဝယ်



မည့် ဘော်တယ်ကုလားမရှိပါ။ အမှိုက်များနှင့်အတူရော၍ စွန့်ပစ်ပါ။ အမှိုက်စွန့်သည့်အခါ တစ်တင်းခွဲဝင်ခန့် ပလတ်စတစ်အိတ်အနက်ကြီးတွင်ထည့်ပြီး လုံခြုံစွာ အိတ်ကိုပိတ်ရပါသည်။ တိတ်ဖြင့် အနံ့မထွက်အောင်ပိတ်ပြီးမှ သတ်မှတ်နေ့တွင် အိမ်ရှေ့သို့မဟုတ် သတ်မှတ်နေရာသို့ ပို့ရပါသည်။ အမှိုက်သိမ်းကားက လာသိမ်းသွားပါလိမ့်မည်။ ဂျပန်တွင် အမှိုက်အမျိုးအစားအလိုက် **Packing** ခွဲထုတ်ပြီး စွန့်ပစ်ရပါသည်။ အချို့ စွန့်ပယ်ပစ္စည်းများကို **Recycle** လုပ်ပြီး ပြန်အသုံးပြုရန် ဖြစ်သည်။

## ၄။ မြန်မာသံရုံးနှင့်ဆက်သွယ်ခြင်း။

နိုင်ငံခြားရောက် မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာသံရုံးနှင့် အမြန်ဆုံးဆက်သွယ်သင့်ပါသည်။သံရုံးသည် သင့်အား ဥပဒေနှင့်အညီ အခွင့်အရေးကာကွယ်ပေးရန်တာဝန်ရှိပါသည်။ သင့်ဘက်ကလည်း သတ်မှတ်ချက်အတိုင်း ဆက်သွယ်ဆောင်ရွက်ရန်များ ရှိပါသည်။ သံရုံးဝန်ထမ်းများနှင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်သွားပါကလည်း သူတို့က တာဝန်ပြင်ပတွင် စေတနာအရ ပုဂ္ဂိုလ်ရေးကူညီမှုများ လုပ်ပေးနိုင်ပါသည်။ ထိုနိုင်ငံသို့ သင့် အရင်ရောက်နေသူများ ဖြစ်ရာ သင့်အတွက် အဖိုးတန်သော အကြံဉာဏ်များအကူအညီများ ရနိုင်ပါသည်။

အလွန်သဘောကောင်းသော သံရုံးဝန်ထမ်း မြန်မာစာရေးကလေးတစ်ဦးကို ကြုံဖူးပါသည်။ စာရေးသူလန်ဒန်ရောက်ရောက်ချင်း သူတို့ လင်မယားနေသော တိုက်ခန်းတွင် တည်းခွင့်ပြုသည်။ ရောက်ရောက်ချင်း သူ့အိမ်၌ပင် ရန်ကုန်တက္ကသိုလ်မှ မိတ်ဟောင်းများနှင့်ဆုံရ၍ အတော်လေးပျော်စရာကောင်းသည်။ သူ့အိမ်မှာ မြန်မာသံရုံး အငယ်စားလေးဖြစ်နေသည်။ အပြန်ခရီးတွင်လည်း သူ့အိမ်တွင်ပင်နှစ်ညအိပ်ခဲ့ရ၍ များစွာ အကုန်အကျ သက်သာခဲ့သည်။ လိုသောပစ္စည်းများကိုလည်း သူ့ဇနီးကလိုက်ဝယ်ပေးသည်။ သို့သော် လူတိုင်းတော့ သူတို့ဇနီးမောင်နှံလို မဟုတ်ပါ။ တွေ့စတွင် အထာကိုင်ပြီး ရန်ကုန်ကိုလူကြုံပစ္စည်း ပါးရေးတွင် အားမနာတမ်း အခွင့်အရေး ယူသူများကို သတိပြုပါ။ လေယာဉ်ဖြင့် ပေါင်ပိုခ စိုက်ဆောင်ရလျှင် အတော်ထိပါသည်။

နိုင်ငံအရပ်ရပ်ရှိ မြန်မာသံရုံးများနှင့် ၎င်းတို့၏လိပ်စာ၊ ဖုန်းနံပါတ်တို့ကို ဆက်လက်ဖော်ပြအပ်ပါသည်၊



(က) နိုင်ငံရပ်ခြားရှိ မြန်မာသံရုံးများစာရင်းနှင့်လိပ်စာ။

| တိုင်းပြည်နှင့်မြို့ | မြန်မာနိုင်ငံသံရုံးလိပ်စာ |
|---|---|
| ၁။ ဩစတေးလျ၊<br>ကင်ဘာရာမြို့<br>Australia,<br>Canberra | (22) Arkana Street<br>Canberra A.C-T 2600<br>Tel. (062) 733811,<br>(062) 733751<br>Telex: 61376 |
| ၂။ အမေရိကန်<br>ပြည်ထောင်စု<br>ဝါရှင်တန်မြို့ | 23000, 5 Street,<br>Washington D.C 200008<br>Tel (202) 332—9044<br>(202) 332—9045<br>Telex—248310 BURMA<br>Fax —(202) 33290406 |
| ၃။ နယူးယောက်မြို့<br>ကုလသမဂ္ဂဆိုင်ရာ<br>အမြဲတမ်း မြန်မာ<br>မစ်ရှင်အဖွဲ့<br>Permanent<br>Mission of The<br>Union of | 10 East, 77 Street,<br>New York<br>NY 10021<br>Tel (212) 535 1310<br>(212) 535 1311<br>(212) 535 1716<br>Telex: 224675 BURMAR |

Myanmar to the United Nations. Fax: (212) 737-421

၄။ ဘင်္ဂလားဒေ့ရှ်
Bangladesh
ဒါကာမြို့

House No. 89(B)
Road No. 41
Banani Model Town,
Dhaka 13 Bangladesh'
Tel: 601 915, 601 461
Tel: NIL

၅။ ကနေဒါ
CANADA

81 Range Road
Apartment No 902-903
Bandringham, Ottawa
Ontario, KIN 816 Canada
Tel, (613) 232-6439
232,6435
Telex; 053-3334 UNI
Burma OTT
Fax (613) 232-6435

၆။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
People's Republic of China

No (6) Dong Zhi Men Wei
St: Chaoyang District
Beijing
Tel; 532.1584



ပီကင်းမြို့
(Beijing)

532.1425
532.1488
Telex: 085 210 416 Amback
210 416 BURMA, CN

၇။ ချက်ကိုစလိုဗက်သမ္မတနိုင်ငံ
Czechoslovak
ပရာဟားမြို့
(Prague)

Romaina Rollanda 3
Bubenec, Prague
Tel; 381140, 381199
Telex. 122519 UNIB-C

၈။ အီဂျစ်သမ္မတနိုင်ငံ
Arab Republic of Egypt
ကိုင်ရိုမြို့
(Cairo)

No 24, Mohamed Mazher Street, Zamalok, 11111,
Cairo
Tel· 341 2644
Telex. 209 57 UBEC UN

၉။ ပြင်သစ်သမ္မတနိုင်ငံ
France
ပါရီမြို့
(Paris)

60, Rue De Courcelles
3rd Floor, 75008 Paris
Tel: 4225 5695
Telex: BURMANIE
642190 F

| | | |
|---|---|---|
| ၁၀။ | ဂျာမန်ပြည်ထောင်စု သမ္မတနိုင်ငံ (အနောက်ဂျာမနီ) Federal Republic of German ဘွန်းမြို့ (Bonn) | Schumann Str- 112<br>5300 Bonn<br>Tel: 0228 210091<br>0228 210082<br>Telex: 9869560 BURMA D<br>Fax: (02228) 29316 |
| ၁၁။ | ဟောင်ကောင် Hong Kong | Myanmar Consulate General Hongkong<br>Room No 2424<br>Sun Hong Kai Contre<br>No (30) Harbour Rd;<br>Wanchiai<br>Tele: 5-8913329,<br>5 8891 3343<br>Telex: 7437 UNIBM I X |
| ၁၂။ | အိန္ဒိယသမ္မတနိုင်ငံ Republic of India နယူးဒေလီမြို့ | No 3/50 F Nyaya Marg,<br>Chanakyayuri,<br>New Delhi 110021<br>Tel: 600252<br>Telex: NIL |



| | | |
|---|---|---|
| ၁၃။ | အင်ဒိုနီးရှား သမ္မတနိုင်ငံ Republic of Indonesia ဂျကာတာမြို့ | 109, Japan Haji Agus<br>Salim Djakata<br>Tel: 320 440, 327 204<br>Telex: 61295 EMBUR IA |
| ၁၄။ | အစ္စရေး Israel တဲအဗစ်မြို့ | No 19 Yona Street<br>Ramat Gan, Tel Aviv<br>Tel- (03) 783151<br>(03) 780484<br>Telex: 371964 BURMIS IL |
| ၁၅။ | အီတလီ Italy ရောမမြို့ | Via Vicenzo Bellini<br>20 Interna I<br>00 198 Rome<br>Tel: 859374, 856-863<br>Telex: 625103 BURMI |
| ၁၆။ | ဂျပန် Japan တိုကျိုမြို့ | 8.26 Chome Kits-Shinag<br>Shinagawa K 4, Tokyo<br>Tel- (03) 441-9291-5<br>Telex: J 322889<br>Fax (03) 447-7394 |

| | | |
|---|---|---|
| ၁၇။ | ဗြိတိန်နိုင်ငံ<br>United Kingdom<br>လန်ဒန် | 19 A, Charles Street<br>London WIX 8 ER<br>Tel: 016 29 6966<br>014 99 8841<br>Telex. 268809 UNIRMA G |
| ၁၈။ | ကိုရီးယား<br>သမ္မတနိုင်ငံ<br>(တောင်ကိုရီးယား)<br>ဆိုးလ်မြို့ | EMBASSY OF THE<br>UNION OF MYANMAR<br>Swiss Grand Hotel<br>Suite No: 10<br>Sorak A Building<br>201-1 Hongenn Dong<br>Suhdaimoon-Ku<br>Seoul, Republic of Korea<br>Telex UNIBASL K 28921<br>Telex UNIBASL K 28921<br>Telegram UNIBURMA.<br>SEOUL<br>Fax: (82-2) 356-0695 |
| ၁၉။ | လာအိုဒီမိုကရက်တစ်<br>ပြည်သူ့သမ္မတနိုင်ငံ<br>Lao People's | Sok Paluang Road<br>P.O Box<br>Viantiane |



| | | |
|---|---|---|
| | Demorahi<br>Republic<br>ဗီယင်ကျင်းမြို့ | Tel: 2789<br>Telex; 4347 BEVTE LS |
| ၂၀။ | မလေးရှားနိုင်ငံ<br>Malaysia<br>ကွာလာလမ်ပူမြို့ | 5 Taman U Thant Sata<br>55000 Kuala Lumpur<br>Tel- 242 4085, 242 3863<br>Telex- 21265 UNIBURMA |
| ၂၁။ | နီပေါနိုင်ငံ<br>Nepal<br>ကတ္တမန္ဒူမြို့ | Chakupat, Patan Gate<br>Latipur, Kathmandu<br>Tel: 521 788<br>Telex NP 2396<br>BURNKATH |
| ၂၂။ | ပါကစ္စတန်<br>အစ္စလမ်သမ္မတနိုင်ငံ<br>Islamic Republic<br>of Pakistan<br>အစ္စလမ်မာဘတ်မြို့ | No 12-1 Street 13, F 7/2<br>Islamabad<br>Tel: 820 123, 822 460<br>No 12-1 Street 13, |
| ၂၃။ | ဆိုဗီယက်ဆိုရှယ်လစ်<br>ပြည်ထောင်စု<br>သမ္မတနိုင်ငံ | 41 UL Gertsena<br>Moscow, USSR<br>Tel: 291 0534 |

| | |
|---|---|
| Union of Soviet<br>Socialist<br>Republics<br>မော်စကိုမြို့ | Telex 413 403 EMBUR SU |
| ၂၄။ စင်္ကာပူသမ္မတနိုင်ငံ<br>Republic of<br>Singapore<br>စင်္ကာပူမြို့ | No 15, Martin's Drive,<br>Singapore 1025<br>Tel; 2358763, 2358704<br>7342637<br>Telex: RS 21467<br>UNIBURMA<br>Fax 2355963 |
| ၂၅။ သီရိလင်္ကာ<br>ဒီမိုကရက်တစ်<br>ဆိုရှယ်လစ်<br>သမ္မတနိုင်ငံ<br>Democratic<br>Socialist<br>Republic of<br>Sri Lanka<br>ကိုလံဘိုမြို့ | 17 Skelton Garden<br>Colombo 5<br>Tel; 587608, 587607, 580460<br>Telex NIL |



| | |
|---|---|
| ၂၆။ ဆွစ်ဇာလန်နိုင်ငံ<br>(ကုလသမဂ္ဂဆိုင်ရာ<br>အမြဲတမ်း မြန်မာ<br>မစ်ရှင်အဖွဲ့)<br>ဂျီနီဗာမြို့ | Permanent Mission of the<br>Union of Myanmar<br>to the United Nations<br>47 Avenue Blanc<br>1202 Geneva<br>Tel (022) 317540 |
| ၂၇။ ထိုင်းနိုင်ငံ<br>Thailand<br>ဗန်ကောက်မြို့ | 132, North Sathorn Road,<br>Bangkok 5<br>Tel; 2332237<br>Telex: 20971 BERT TH |
| ၂၈။ ဗီယက်နမ်<br>ဆိုရှယ်လစ်<br>သမ္မတနိုင်ငံ<br>Socialist<br>Republic of<br>Vietnam<br>ဟနွိုင်မြို့ | Building No. A 3<br>Ground Floor Van Phuc<br>Diplomatic<br>Quarters, Hanoi<br>Tel: 53369<br>Telex: NIL |
| ၂၉။ ယူဂိုဆလပ်<br>ဆိုရှယ်လစ်ဖယ်ဒရယ်<br>သမ္မတနိုင်ငံ | 72- Kneza Milova,<br>Belgrade<br>Tel 645 128, 645 420, |

Socialist Federal Republic of Yugoslavia — 676624
Telex 72769 EMBUR YU

Eederal Republic

ဘဲလ်ဂရိတ်မြို့

(ခ) မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများ

၁။ စင်္ကာပူ
၂။ နော်ဝေ
၃။ ဖိလစ်ပိုင်
၄။ နီပေါ
၅။ အနောက်ဂျာမနီ
၆။ အာဂျင်တီးနား
၇။ ဆိုဗီယက်ယူနီယံ
၈။ နယ်သာလန်
၉။ ပါကစ္စတန်
၁၀။ ယူဂိုဆလပ်
၁၁။ ချက်
၁၂။ ဩစတြီးယား
၁၃။ ဗီယက်နမ်
၁၄။ သီရိလင်္ကာ
၁၅။ တရုတ်
၁၆။ ဗြိတိန်
၁၇။ ချီလီ
၁၈။ ဩစတေးလျ
၁၉။ အစ္စရေး
၂၀။ ဂျပန်
၂၁။ အမေရိကန်
၂၂။ ထိုင်း
၂၃။ တောင်ကိုရီးယား
၂၄။ လော
၂၅။ ပြင်သစ်
၂၆။ ပိုလန်



၂၇။ အီဂျစ်
၂၈။ မလေးရှား
၂၉။ ဘင်္ဂလားဒေ့ရှ်
၃၀။ ဟန်ဂေရီ
၃၁။ ဖင်လန်
၃၂။ နိုင်ဂျီးရီးယား
၃၃။ အရှေ့ဂျာမနီ
၃၄။ အင်ဒိုနီးရှား
၃၅။ အိန္ဒိယ
၃၆။ အီတလီ
၃၇။ ရိုမေးနီးယား
၃၈။ မွန်ဂိုးလီးယား

# အပိုင်း (၃)

## နိုင်ငံခြားတွင် သွားလာရေး

### ၁။ လေယာဉ်ဖြင့်

အမေရိကန်၊ ဆိုဗီယက်ယူနီယံ၊ ဩစတြေးလျစသော နိုင်ငံကြီးများမှာ အလွန်ကျယ်ပြန့်သဖြင့်ခရီးဝေးကိုအချိန်တိုဖြင့်သွားလိုက လေယာဉ်သည် အဆင်အပြေဆုံး ဖြစ်ပါသည်။ ပြည်တွင်းလေယာဉ်အမြောက်အမြား ရှိတတ်ပါသည်။

### ၂။ မြေပေါ်ရထားဖြင့်

ခရီးဝေးဖြစ်လျှင် မြေပေါ်ရထားသုံးစွဲပြီး မြို့တွင်းတွင် မြေအောက်ရထားသုံးစွဲခြင်းကအဆင်ပြေပါသည်။ မြေပေါ်ရထားတွင် ပြင်သစ်ပြည်မှအမြန်ရထားသည်ကမ္ဘာ့ ၁ပေါ်တွင် အမြန်ဆုံးဖြစ်ပြီး ဂျပန်ပြည်မှ ရှင်ကန်ဆင် (**Shin kensen**) ခေါ် ကျည်ဆန်ရထားသည် ဒုတိယအမြန်ဆုံးဖြစ်၍ တစ်နာရီလျှင် မိုင် ၁၂၀ ကျော် ပြေးသည်။ စီးကရက် သောက်ခွင့်ရှိ



သောတွဲနှင့် သောက်ခွင့်မရှိသော တွဲဟူ၍ ခွဲခြားထားပါသည်။ အမေရိကန်၊ ဥရောပ၊ ဂျပန်စသော ရထားများ၏ ပထမတန်းတွဲမဆိုထားဘိ၊ ရိုးရိုးတန်းတွဲပင်လျှင် ဆိုဖာထိုင်ခုံနှင့်။ နောက်မှီကိုလှန်ချ၍ရသည်။ စာရေးသူ ပထမဆုံးစီးစဉ်က အထက်တန်းတွဲကို မှားတက်မိပြီဟုပင် ထင်မိသည်။ ရထားပေါ်တွင် စားသောက်တွဲလည်းပါသည်။ အစားအသောက်စုံနှင့်အရက်၊အချိုရည်များရသည်။ လှည်းငယ်ဖြင့် တင်တွန်းပြီး တွဲများသို့လည်း လိုက်ရောင်းသည်။ ဂျပန် ကျည်ဆန်ရထား အထက်တန်းတွဲမှာ အလွန်ခမ်းနားသည်။ ရထားမှာ (**Broadgauge**)ဖြစ်၍ ကျယ်ဝန်းသည်။ လူသွားလမ်း တစ်ဖက်တစ်ချက်ရှိ ထိုင်ခုံနှစ်ခုစီရှိသည်။ ရထားသည် ငြိမ်ငြိမ်ဆိုင်းခြည်ခြင်း၊ တုန်ခါခြင်းမရှိ။တစ်နာရီ မိုင်၁၂၀ ကျော်နှုန်းကို ညင်သာစွာပြေးနေသည်။လေအေးလေပူစက်ဘပ်ထားသော အလုံရထားဖြစ်၍ ဖုန်မရှိ။

ဘူတာရုံများတွင် ကူလီမတွေ့ပါ။ လေယာဉ်ကွင်းတွင်ကဲ့သို့ပင် ခရီးသည်များသည် မိမိပစ္စည်းကို ဘူတာရှိခေါက်လှည်းကလေးများပေါ် တင်တွန်းသွားကြသည်။ လက်မှတ်စစ်ကတော့ ရံဖန်ရံခါ လာစစ်ပါသည်။

ဥရောပတွင် ခရီးသွားသူများ သတိထားရန်တစ်ချက် ရှိပါသည်။ ဥရောပရထားများတွင် နိုင်ငံအများကို ဖြတ်ပြီးသွားသော ရထားများရှိပါသည်။အင်္ဂလိပ်လိုရေးမထားပါ။

ပြင်သစ်ဘာသာအသုံးများသည်။ တစ်ခါက စာရေးသူ၏ မိတ်ဆွေနှစ်ဦးသည် ဆွစ်ဇာလန်နိုင်ငံ လော်ဆန်းမြို့မှ ဂျနီဗာမြို့ကိုသွားရန် (၁၀)နာရီကျော်ခန့်တွင် ရထားပေါ်တက်ကြသည်။ သူတို့တွင် ဆွစ်ဇာလန်နိုင်ငံရထားမှန်သမျှ အခမဲ့စီးခွင့်လက်မှတ် ပါလာသည်။ ၁၁-နာရီခွဲခန့်တွင် လက်မှတ်စစ် လာစစ်တော့မှ ဂျာမနီပိုင် တူရကီမှ ဂျာမနီသွားမည့် ရထားကို မှားစီးမိကြောင်း သိကြရာ ည(၁၂)နာရီတွင်နိုးရာ ဘူတာ၌ ဆင်းကြရသည်။

ယခုအခါတွင် ရထားအမျိုးမျိုးကိုသုံးကြသည်။ ကျောက်မီးသွေးနှင့် ဒီဇယ်ရထားများမှာ ပတ်ဝန်းကျင် လေထုညစ်ညမ်းစေ၍ လျှပ်စစ်ရထားဖြင့် အစားထိုးကြသည်။ ယခု (Nonorail) ခေါ် သံလမ်း တစ်ချောင်းတည်းပေါ် မောင်းသော ရထားရှိနေပြီ။ သံလမ်းနှင့်မထိဘဲ သံလမ်းအပေါ်မှ လေကူရှင်ဖြင့် လျှောကာသွားမည့် ရထားကိုလည်း စမ်းသပ်နေကြပြီ။ ပိုမိုငြိမ့်ငြောင်း ညင်သာပြီး၊ လောင်စာစွမ်းအင် ကုန်ကျမှု သက်သာမည်ဆို၏။ သံလမ်းနှင့်ဘီး၏ပွတ်အား (Friction) ကို လျှော့ချလိုက်မည် ဖြစ်သည်။

ဘူတာကြီးများတွင် ပလက်ဖောင်း အလွန်များပြားပြီး ရထား အမြောက်အမြား ထွက်နေဝင်နေသဖြင့် ပလက်ဖောင်းမမှားရေး၊ ဆိုင်ရာ ပလက်ဖောင်းကို အချိန်မီရောက်



ရေးကိုလည်း ဂရုပြုပါ။ နံပါတ်များ မြင်သာအောင် ရေးထားပါသည်။

## ၃။ မြေအောက်ရထားဖြင့်

မြေအောက်ရထားကို အင်္ဂလိပ်က (Tube) ဟူ၍ လည်းကောင်း၊ (Underground) ဟူ၍လည်းကောင်း၊ အမေရိကန်နှင့် အမေရိကန်စလေ့လိုက်သော နိုင်ငံများက (Subway) ဟူ၍ လည်းကောင်း၊ ပြင်သစ်တွင် (Metro) ဟူ၍လည်းကောင်း ခေါ်ပါသည်။ ဗန်ကောက်တွင် မရှိသေးပါ။ ဂျပန်တွင်လည်း(Subway)ဟုပင် ခေါ်ပါသည်။လူစည်ကားစွာ ကားကျပ်သော မြို့ကြီးများတွင် အမြန်ဆုံး ရောက်နိုင်သော ခရီးသွားနည်းဖြစ်ပါသည်။ မြေအောက်ရထားလမ်းမြေပုံကို နေရာတကာတွင် အခမဲ့ရနိုင်ပါသည်။

မြေအောက်ရထား ဘူတာရုံများမှာ အလွန်များပြားသဖြင့် မည်သည့် နေရာတွင်နေစေကာမူ ဘူတာရုံ တစ်ခုခုသို့ လမ်းလျှောက်သွားရန် မဝေးလှပါ။ ပလက်ဖောင်းပေါ်တွင် ဆိုင်းဘုတ်ကလေးမြင်လျှင် ဆင်းသွားရုံသာ။ လျှောက်လှေကားလည်းရှိပါသည်။ဘူတာရုံအကြီးအသေးအလိုက် မြေအောက်တွင် နှစ်ထပ်သုံးထပ်ရှိပါသည်။ မြေအောက်တွင် ရထားလမ်းများ ယက်ကန်းယက်သလို ရှိနေပါသည်။ မြေအောက် ရထားလမ်းမြေပုံကို နေရာအတော် များများတွင်

အခမဲ့အလွယ်တကူ ရနိုင်ပါသည်၊ရထားလိုင်းအလိုက် အဝါ၊ အစိမ်း၊ အနီ စသည်ဖြင့် အရောင်ဖြင့် ပြထားပါလိမ့်မည်။ ရထားများကိုလည်း အလားတူပင် အရောင်ခွဲပြီး ဆေးသုတ်ထားပါသည်။ မှားရန်မရှိပါ။ ရထားလမ်းပြ မြေပုံငယ်ကို အဖော်ပြုပြီးသွားလျှင် ဖြစ်ပါသည်။ မြေပေါ်လမ်းနှင့်စာလျှင် ရပ်စောင့်ရခြင်းမျိုးမရှိ၍ အလွန်မြန်ပါသည်။ ရထားများကလည်း ခရီးသည်ပါးချိန်၊ ကျပ်ချိန်အလိုက် ထွက်ပေးသဖြင့် ကြာကြာမစောင့်ရပါ။ အများဆုံး၃-၄မိနစ်မျှသာ။ တိုကျိုရှိရှင်ဂျုကု(**Shinjuku**)ဘူတာဆိုလျှင်နေ့စဉ် ခရီးသည်သန်းဖြင့်ချီပြီး သွားလာနေပါသည်။ ညနေ ၅-နာရီခွဲခန့်ဆိုလျှင် ထိုဘူတာတွင်း ခရီးသည်အုပ်ကြီးမှာ လူပင်လယ်ကြီးအလား ဖြစ်ပါသည်။ ပုံမှန်သွားလာနေသည့် ဤမျှ လူအုပ်ကြီးမျိုး ကျွန်တော် အခြားနေရာတွင် မမြင်ဘူးပါ။

မိမိသည် နေ့စဉ် ပုံမှန်ခရီးသွားနေရန်လိုပါက လပေးလက်မှတ် (**Season Ticket**) ဝယ်ပါ။ ဈေးလျော့သွားပါသည်။

## ၄။ ဘတ်(စ)ကားဖြင့်

မြို့တွင်း ပြေးကားနှင့် အဝေးပြေးကားဟူ၍ ရှိသည်၊ မြို့တွင်းပြေးကားများတွင် နှစ်ထပ်ကား (**double-decker**) များမှာ လန်ဒန်နှင့် ဟောင်ကောင်တွင်သာ ရှိမည်ထင်ပါ



သည်။ အပေါ်ထပ်တွင် ဆေးလိပ် သောက်ခွင့်ရှိပြီး၊ အောက်ထပ်တွင် ဆေးလိပ်မသောက်ရပါ။ တစ်ထပ်ဖြစ်က နောက်ပိုင်းသည် ဆေးလိပ်သောက်ခွင့်ရှိတတ်သည်။ အချို့နိုင်ငံတွင်မူ လုံးဝသောက်ခွင့်မရှိ။ လူကျပ်ချိန်တွင် မတ်တတ်ရပ်စီးနိုင်ရန်လက်ဆွဲလက်ကိုင်ကလေးများ အမိုးမှတွဲလောင်းကျနေသည်။ ဗန်ကောက်နှင့်အချို့ မြို့ကြီးများတွင် ရန်ကုန်ရှိ ရိန်းဂျားကားမျိုးလို ပြတင်းကျောမှီကာ မျက်နှာချင်းဆိုင် စီးရသောကားများလည်း ကျန်ပါသေးသည်။ ဘတ်စကားများကို လပေးလက်မှတ် ဝယ်နိုင်သည်၊

ဆိုဖာကူရှင်များနှင့် အဝေးပြေးကားကြီးများကိုအင်္ဂလန်က (**Coach**) ဟုခေါ်ပြီး ဂျပန်က (**Limousine Bus**) ဟုခေါ်ပါသည်၊ ထိုင်းတွင်ဗန်ကောက်မှ မြောက်ပိုင်းခရိုင်များသို့ပြေးသော (**Mercedes Benz**) ဘတ်(စ) ကားကြီးများတွင် အိမ်သာခန်းပါသည်။ လေအေးစက် တပ်ထားသည်။ ဂျပန်ဘတ်(စ)ကားကြီးများ၏ နောက်ပိုင်းတွင် ဧည့်ခန်းပါသည်။ ဦးပိုင်းတွင် တီဗွီပါသည်။ ဗြိတိန်တွင် (**Coach**)ဖြင့် ခရီးသွားခြင်းသည်ရထားခထက်အကုန်အကျသက်သာသည်။ အမေရိကန်မှ (**Grey Hound**) အဝေးပြေးဘတ်(စ)ကားကြီးများသည် ကမ္ဘာကျော်သည်။

မြို့တွင်းမြို့ပြင် ကားအားလုံး အတိအကျ အချိန်မှန်စွာ ရပ်ကြ ထွက်ကြ ရောက်ကြသည်သာ များသည်၊ မှတ်တိုင်များတွင် ဘတ်(စ)ကား အမှတ်သာမက ရောက်လာမည့်

အချိန်များကိုပါမိနစ်အထိ ဖော်ပြရေးထားသည်။ အချို့မြို့များတွင် ယာဉ်မောင်းသာပါသည်။ လက်မှတ်ရောင်းမပါ။ ခရီးသည်ဖာသာ လက်မှတ်ရောင်းစက်တွင် ငွေထည့်ပြီး လက်မှတ်ဖြတ်ရသည်။

နေ့စဉ် သွားလာရေးတွင် မြေအောက်ရထားမှလွဲလျှင် ဘတ်(စ)ကားသည် ဒုတိယအဆင်ပြေဆုံးဖြစ်သည်။ အကုန်အကျလည်း သက်သာသည်။

## ၅။ တက္ကစီဖြင့်

အင်္ဂလိပ်က (**Taxi**) ခေါ်ပြီး အမေရိကန်က (**Cab**)ဟုလည်း ခေါ်သည်။ အင်္ဂလန်၊ ဂျပန်တို့တွင် မီတာချိုးပြီး သွားသည်။ မီတာကျသလောက် ပေးရသည်။ လမ်းမသိသောခရီးသည်ကို လှည့်ပတ်မောင်းခြင်း မပြု။ အင်္ဂလိပ်တက္ကစီက ဆင်းလျှင် ကျသင့်ငွေအပြင် (**Tips**) ပေးရသည်။ ဂျပန်တွင် ပေးရန်မလို။ ပေးလေ့မရှိ။ သို့သော် တိုကျိုတွင် လမ်းများ ကွေ့ကောက် ကျဉ်းမြောင်းခြင်း၊ အိမ်နံပါတ် အစဉ်လိုက်တပ်မထားခြင်းကြောင့် ကားသမားပင် မှားတတ်သည်။ ထိုင်းနိုင်ငံဗန်ကောက်တွင် တက္ကစီ(၃)မျိုးရှိကြောင်း ပြောခဲ့ပြီးပါပြီ။ ဗန်ကောက်တက္ကစီတို့မှာမူ မီတာနှင့်မဟုတ်၊ မစီးမီ ဈေးမေးပြီးဈေးဆစ်ရသည်။ လေယာဉ်ကွင်းမှအထွက်တွင် ခရီးသည် ၃-၄ ဦး ပေါင်းတင်ခြင်းမျိုးလည်း ရှိတတ်ပါ



သည်။ နောက် သတိပြုရန်အချက်မှာ မိမိ သွားလိုသောနေရာကို ပြောပြရာတွင် မပီသသဖြင့် တလွဲကိုမောင်းသွားသည်များ ကြုံရတတ်ပါသည်။ သွားလိုသောလိပ်စာကို ထိုင်းဘာသာဖြင့် ပြနိုင်က စိတ်အချရဆုံး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်ကဲ့သို့ပင် ကားသမားအချင်းချင်း ခရီးသည်ကို အလုအယက် ခေါ်တတ်ကြသည်များလည်း တွေ့ရပါသည်။ သူတို့သည်လည်း (**Tips**) ပေးရေးကို မျှော်လင့်ကြပါသည်။

တက္ကစီမှာ ဝင်ငွေမများသူအဖို့ အကုန်အကျများသဖြင့် မလွှဲသာမှသာ သုံးသင့်ပါသည်။ ဘတ်(စ)ကားလမ်း၊ မြေအောက်ရထားလမ်းကို အမြန်ဆုံးသိအောင် လေ့လာထားခြင်းမှာ အကောင်းဆုံးဖြစ်ပါသည်။

## ၆။ ကားငှားပြီး ကိုယ်တိုင်မောင်းနှင်ခြင်း။

အမေရိကန်တွင် လည်းကောင်း၊ ဥရောပတွင် လည်းကောင်း၊ ထိုင်း၊ ဂျပန် စသော အာရှနိုင်ငံများတွင် လည်းကောင်း။ ဩစတြေးလျနှင့် နယူးဇီလန်တွင်လည်းကောင်းမြို့တွင်းသွားလာရေးအတွက်ဖြစ်စေ၊ခရီးဝေးဖြစ်စေ မော်တော်ကား အငှားဌာနများမှ ကြိုက်ရာကားတစ်စီးစီးကို ငှားပြီး မိမိဖာသာမောင်းနှင်သွားလာနိုင်သည်။ (Car Rental)ခေါ် အငှားဌာနများတွင် ယာဉ်မောင်းလိုင်စင်ပြပြီး ငှားသွားရုံသာ။ဘာအောက်ခံစာမျှမလို။အပြည်ပြည်ဆိုင်ရာယာဉ်မောင်း

လိုင်စင်လက်မှတ် (**International Driving License**) သို့မဟုတ် ထိုနိုင်ငံ၏လိုင်စင်ဖြင့်မောင်းနိုင်သည်။ နိုင်ငံခြားလိုင်စင်ဖြစ်က ခေတ္တခဏသာ မောင်းနိုင်သည်။ ကားငှားပြီး ကိုယ်တိုင်မောင်းခြင်းက ယာဉ်မောင်းပါခေါ်ပြီး ငှားခြင်းထက် ဈေးသက်သာသည်။ လူ၏လုပ်အားက ပစ္စည်းထက် တန်ဖိုးရှိကြသောသဘော။ ကားကိုအပ်လိုက်ရ၍ ပစ္စည်းဖြုတ်လဲယူမလား၊ ကားနာသွားမလားဟူသော အတွေးသည် ရှေ့တန်းသို့မရောက်။

နိုင်ငံခြားသို့ ခဏတဖြုတ်သာလာသူ မြန်မာများအနေဖြင့် ကိုယ်တိုင်ကားမမောင်းခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။ မည်မျှပင် ကားမောင်း ကျွမ်းကျင်သည်ဖြစ်စေ၊ မတော်တဆ ကားတိုက်မှုဖြစ်နိုင်သည်။ လမ်းမကျွမ်းခြင်း၊ မိုးပျံတံတား အများအပြားဖြတ်ရာတွင် အလေ့အထမရှိခြင်း၊ ကားများမှာ ရန်ကုန်တွင်ထက် ပိုများပြီး ပိုမြန်ခြင်း၊ ထိုင်း၊ ဗြိတိန် စသည်တို့တွင် မြန်မာနှင့်မတူဘဲ လက်ဝဲကပ်မောင်းခြင်း စသည်တို့ကြောင့် မမောင်းသင့်ပါ။ မတော်တဆ တိုက်ခိုက်မှုဖြစ်လျှင် ဒဏ်ရာအနာတရ မဖြစ်သည့်တိုင်အောင် ဒဏ်ငွေ၊ လျော်ကြေး စသည်တို့ အလွန်များသည်။ ရုံးပြင်ကန္နားရောက်ရမည်။ မိမိလာရင်းအလုပ်ကို အနှောင့်အယှက် ဖြစ်မည်။ လျော်ရန်၊ ဒဏ်ငွေဆောင်ရန် ငွေမရှိက အတော်ဂွကျမည်။ အဝေးပြေးလမ်းမကြီးများဖြစ်သော(**Highway, Free Way, Motor Way**) စသော ဒေသအလိုက် အမျိုးမျိုး



ခေါ်ဝေါ်ကြသော လမ်းမကြီးများတွင် တစ်နာရီ မိုင် ၈၀-၉၀ မောင်းနှင်ကြသဖြင့် တိုက်လိုက်လျှင် သေဖို့များသည်။ ယာဉ်တိုက်မှုကြောင့် တရုပ်ပြည်တွင် တစ်နှစ် လူ(၆)သောင်း သေပြီး၊ ဂျပန်တွင် (၂)သောင်းသေသည်။ အမေရိကန်တွင် ဗီယက်နမ်စစ်ပွဲတွင် ပါဝင်တိုက်ခိုက်နေစဉ်က ဗီယက်နမ်တွင် နေ့စဉ်သေနေသောအမေရိကန် စစ်သားဦးရေထက် အမေရိကန်ပြည်တွင်း ကတ္တရာလမ်းများပေါ်တွင် ယာဉ်တိုက်မှုကြောင့် အသက်ဆုံးရသူဦးရေက များသည်။

### ၇။ ကားဝယ်ပြီးကိုယ်တိုင်မောင်းနှင်ခြင်း

တစ်ဦးတည်းနေသူများအဖို့ ဝင်ငွေနည်းပါက ကားဝယ်မထားခြင်းက ပိုကောင်းသည်။ တစ်ပတ်ရစ်ကား ဝယ်လိုပါက တစ်ပတ်ရစ်ကားအရောင်းဆိုင်များ နေရာတကာတွင် တွေ့ရသည်။ ကားလေလံပွဲများတွင်လည်း သွားဆွဲနိုင်သည်။ မြို့တွင်းထုတ် သတင်းစာများတွင်လည်း နေ့စဉ်ကားမျိုးစုံ ရာနှင့်ချီပြီး ကြော်ငြာသည်။ ဖုန်းဖြင့် ဆက်သွယ်၍ ချိန်းပြီး ဝယ်ရုံသာ။

စာရေးသူကိုယ်တိုင် အင်္ဂလန်တွင်နေစဉ်က သတင်းစာကြော်ငြာတွင်ပါသော အောက်စဖို့တက္ကသိုလ်မှ ကျောင်းသူတစ်ဦး၏ (**Fiat 500**) ကားငယ်လေးတစ်စီး ဝယ်စီးသည်။ ကားလေးမှာ ပေါင်(၃၇၀)သာ ပေးရသည်။ (၅)နှစ်

သက်တမ်းရှိသေးသည်။ တစ်စင်းလုံး အခြေအနေကောင်းပါသည်။ ကားဝယ်ရာတွင် မီးခိုးထွက်နေသလား။ တာယာ၊ ဝါယာရှင်း၊ မီး၊ အင်ဂျင်၊ ဂီယာမကောင်းသောကားများ မဝယ်မိအောင် သတိပြုပါ။ သူတို့ဆီတွင် ကားလိုက်သက်တမ်းကုန်၍ လဲလှယ်သည့်အခါ စစ်ဆေးမှု တင်းကြပ်ပါသည်။ (**Emission Standard**)ထက် မီးခိုးထွက်နှုန်းများနေက လိုင်စင်လဲမပေးပါ။ ဘီးပွန်းလျှင်လည်း မရပါ။ ရှေ့နောက် မီးချွတ်ယွင်းနေလျှင်လည်း မရပါ။ အလွယ်တကူပြင်မရသော ချွတ်ယွင်းချက်ဖြစ်က ငွေသိပ်ကုန်မည်။ စိတ်ညစ်ရမည်။ ကားအပိုပစ္စည်းများမှာ အလွယ်တကူ ဝယ်ရနိုင်ပြီး ဈေးမကြီးလှသော်လည်း မက္ကင်းနစ်၏လုပ်အားခမှာ ဈေးကြီးသည်။

ကားမောင်းစဉ်တွင် လက်ဝဲ ကပ်မောင်း တိုင်းပြည်များဖြစ်က မြန်မာတို့အထူးသတိထားပါ။ မြန်မာနိုင်ငံနှင့်ပြောင်းပြန် ဖြစ်နေသည်။ အမေရိကန်နှင့် ဥရောပကမူ မြန်မာကဲ့သို့ လက်ယာကပ်မောင်း ဖြစ်ပါသည်။

နောက် သတိထားရန်အချက်မှာ မြို့တွင်းရော မြို့ပြင်ပါ ကားများသည် ရန်ကုန်တွင်ထက် မြန်လေ့ရှိသည်ဟူသော အချက်ပင်။ ကားကျပ်ချိန်တွင်မူ လန်ဒန်၊တိုကျို၊ ဟောင်ကောင်၊ ဗန်ကောက်တို့တွင် ရန်ကုန်ထက်နှေးပါသည်။

အဝေးပြေးလမ်းမကြီးများပေါ်တွင် မောင်းသည့်အခါ မြန်မြန်မောင်းရပါသည်။ တစ်နာရီ ၄၅–၅၀ သာ မိမိ



မောင်းရဲပါက ဘေးယာဉ်ကြောမှမောင်းပါ။ ကားမောင်းတိုင်းလည်း မိမိရော၊ အခြားစီးနင်းသူပါစလွယ်သိုင်းခါးပတ်ကိုပတ်ထားရပါသည်။ ခရီးမကျွမ်းကျင်က မြေပုံစာအုပ်ကို ကားထဲတွင် အမြဲရှိပါစေ။

မြို့ကြီးများတွင် ခေတ္တခဏ ကားရပ်ရန်(**Parking**)နေရာရှာရ အလွန်ခက်ပါသည်။ ကားရပ်ခွင့်ရှိသော နေရာတွင် ရပ်ထားပြီး သွားလိုရာသို့ဆက်လျှောက်ရသည်။ လမ်းပေါ်ကားရပ်ရန်နေရာများတွင် (**Parking Meter**) တိုင်ကလေးများ ထားပါသည်။ ကျသင့်ငွေ အခွန်ဆောင်ရပါသည်။ (**Street Warden**) ခေါ် အမျိုးသမီး ရဲမေကြီးများကကြီးကြပ်ပါသည်။ ကားရပ်ရန်လုပ်ထားသည့် အထပ်ပေါင်းများစွာရှိသော အဆောက်အအုံကြီးများလည်း ရှိတတ်ပါသည်။ အပေါ်ထပ်အထိ ကားမောင်းတက်နိုင်သည်များလည်း ရှိသည်။ ဤနေရာတွင်လည်း ကားရပ်ခ ပေးရပါသည်။ မြို့ငယ်များတွင်မူကား ရပ်ခ မပေးရတတ်ပါ။

နောက် သတိထားရသော ကိစ္စမှာ လမ်းအမြောက်အမြားဆုံသောနေရာတွင် မိမိလိုရာလမ်းကြောသို့ ကွေ့ဝင်ရေး ဖြစ်ပါသည်။ လန်ဒန်မြို့ရှိ (**Piccedily Circus, Soho, Trafalgar Square, Hammersmith**) စသော နေရာများတွင် လမ်း(၅)ခု၊ (၆)ခုဆုံသည်။ ကားလည်းရှုပ်သည်။ မိမိနှင့်ဆိုင်ရာ မီးပွိုင့်ကိုကြည့်ပြီး ဆိုင်ရာယာဉ်ကြောကို လုရသည်မှာ အကျင့်မရှိသေးမီ အသည်းယားဖွယ် ဖြစ်ပါသည်။

ဗန်ကောက်ရှိ (Victory Square) နား၊ တိုကျိုရှိ ဂင်ဇာ၊ ရှင်ဂျုကုရပ်တို့တွင်လည်း အထူးဂရုစိုက်ရပါသည်။ တိုကျို တွင် တစ်ခုထူးခြားသည်မှာ စက်ဘီးများကတ္တရာလမ်းပေါ် တွင် မစီးဘဲ၊ လူလျှောက်သည့် ပလက်ဖောင်း ပေါ်တွင် စီးကြခြင်း ဖြစ်ပါသည်။

...

မြို့များအတွင်း မိုးပျံလမ်းများကိုဝင်ရာတွင်လည်းအထူး သတိထားရပါသည်။ မိုးပျံလမ်းများ တံတားများထားခြင်း မှာ မြေပြင်ပေါ်တွင်သွားနေသော မြို့တွင်းသွားယာဉ်များ ကြောင့် ခရီးမဖင့်စေရန် အဝေးသွား ကားများအတွက် မိုးပျံလမ်းများ လုပ်ပေးခြင်းဖြစ်ပါသည်။မိုးပျံလမ်းတစ်ခုသာ ဖြစ်က အခက်အခဲမရှိသော်လည်း မိုးပျံတံတား ၄–၅ ခု အနက် တစ်ခုခုကိုရွေးရန်ဖြစ်က ယာဉ်မှာအရှိန်နှင့် မောင်း လာရုံသာမက အနားရောက်မှ ယာဉ်ကြော ပြောင်းရန် လည်း မဖြစ်နိုင်သဖြင့် ယာဉ်ကြောအရွေးမှားလျှင် မိုးပျံ လမ်းမပါ မှားတက် သွားပါလိမ့်မည်။ စာရေး သူသည် တစ်ခါက ဘာမင်ဂန်မြို့တွင် ချိန်းဆိုထားချက် တစ်ခုရှိ၍ အချိန်မီသွားရသည်။ မြို့တွင်းသို့ အချိန်မီ ရောက်ပါလျက်၊ ယာဉ်ကြောအရွေးမှားသွားသဖြင့် (Wasall) မြို့သွားသော မိုးပျံလမ်းပေါ် ရောက်သွားသည်။ ထိုနေရာတွင် မိုးပျံ လမ်းများ မြေပြင်လမ်းများမှာ (၁၁)ခုခန့် ရှိသည် ထင် ပါသည်။မှားသွားမှန်း ချက်ချင်းသိလိုက်သော်လည်း ရပ်၍ လည်းမရတော့၊ နောက်လှည့်၍လည်းမရတော့။မြို့ပြင်ရောက်



သွားသည့်တိုင်အောင် သွားလမ်းနှင့် ပြန်လမ်းတွင် အလယ် က ခါးလယ်ခန့် အုတ်တံတိုင်းခြားထား၍ ရှေ့သို့ဆက်သာ မောင်းနေရသည်။ မြို့ပြင်မိုင် (၂၀)ခန့်ရောက်မှ ပြန်ကွေ့ ရန်နေရာတွေ့၍ ပြန်ကွေ့ လာရသည်။ ချိန်းဆိုချက်နှင့် တစ်နာရီနောက်ကျသည်။ ချိန်းဆိုချိန်ကို အလွန်လေးစား သောလူမျိုးများအကြား (၅)မိနစ်ပင် မနောက်ကျသင့်ရာ အလွန်အားနာဖွယ် ကောင်းပါသည်။

နောက် အခက်အခဲတစ်ခုမှာ ညဘက် ကားရပ်ထားရန် နေရာဖြစ်သည်။ မိမိအိမ်ခြံဝင်းအတွင်း ကားသိမ်းရန်နေရာ ရှိက အလွန်ကောင်းသည်။ ကားအများစုမှာ လမ်းပေါ် တွင်ပင် ညသိပ်ရသည်။ အစောင့်စုငှားလေ့မရှိ။ ကား ပစ္စည်းသူခိုး မရှိသလောက်။ သို့သော် လမ်းပေါ် ကားရပ် ရန်နေရာကိုပင် လုရပါသည်။ စာရေးသူသည် အခန်းများ စွာရှိသောလေးထပ်တိုက်၏အခန်းတစ်ခုတွင်နေရရာ ထိုတိုက် နေ လူများ၏ကားမှာ တိုက်ရှေ့ မျက်နှာစာရှိ လမ်းနှင့် မကာမိပါ။ ထို့ကြောင့် အိမ်သို့အပြန်နောက်ကျပါက အိမ် နှင့်တစ်ဖာလုံခန့်ရှိ ကလေးကစားကွင်းဘေးတွင် သွားရပ်ရ ပါသည်။

လမ်းပေါ်တွင် ရပ်ထားရသောကားများသည် ဆောင်း ရာသီဆီးနှင်းကျချိန်ဖြစ်ပါက နံနက်ရောက်သော်အဖြူရောင် ရေခဲတုံးလေးလိုဖြစ်နေပါသည်။ မိမိကားမောင်းတော့မည် ဆိုလျှင် (Defreezer)ခေါ် ဆေးဘူးလေးဖြင့် ကားသော့

ပေါက်ကိုပန်းမှ ရေခဲပျော်ပြီး သော့သွင်း၍ရပါသည်။ သို့မဟုတ်က ရေခဲခံနေပြီး သော့ထိုး၍မရပါ။ ကားရှေ့မှန်ကိုလည်း ဆေးနှင့်ပန်းပြီး ရေခဲကို ပျော်ကျစေရပါသည်။ ဘော်ဒီပေါ်ရှိရေခဲများကမူ ကားမောင်းသွားရင်း လေထိုးပြီး တဖြည်းဖြည်း ပျော်သွားပါသည်။ ထိုဒေသများတွင် ကားများ၌ (Radiator) ခေါ် အပူပေးစက် တပ်ထားရပါသည်။ သို့မှသာ ပြင်ပအပူချိန်(၀)စင်တီဂရိတ်ထက် ကျနေစေကာမူ ကားအတွင်း၌နေသာထိုင်သာရှိပါသည်။ကားနောက်မှန်အတွင်းဘက်တွင် ကပ်ထားသောသတ္တုပြားလိုင်းကလေးများက အပူထွက်ခြင်းဖြစ်ပါသည်။ မြန်မာ၊ ထိုင်း စသောနေရာများနှင့် ဥရောပ၊ ဂျပန်စသောနေရာများတွင် ကားမောင်းရာတွင် ကွာခြားချက်မှာ သူတို့ဆီတွင် ကားမှန်ပိတ်ပြီး မောင်းရမှုများခြင်းနှင့် ဟွန်းတီးလေ့မရှိခြင်း ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် ရန်ကုန်ပြန်ရောက်စ ၃–၄ ရက်တွင် ဟွန်းတီးဖို့ မေ့နေပါသည်။

နိုင်ငံခြားတွင် ကြာကြာ ကားမောင်းမည်ဆိုက **Automobile, Association** စသောအသင်းများ ဝင်ထားသင့်ပါသည်။ အဝေးပြေးလမ်းမပေါ်တွင် ကားပျက်က လမ်းဘေးတွင် တွေ့နေရသော ဖုန်းမှ နံပါတ် ထိုအသင်းသို့ ဖုန်းဆက်ပါ။ ချက်ချင်း လိုက်လာပြီး ပြင်ပေးပါလိမ့်မည်။ ချက်ချင်း ပြင်မရပါက ခရီးဆက်ရေး စီစဉ်ပေးပြီး ကားကိုပြင်ပြီးမှ ပို့ပေးပါလိမ့်မည်။



သူတို့ဆီတွင် ကား သိပ်သုံးကြပါသည်။ ဝင် ငွေနှင့်စာလျှင် ကားဈေးချိုသည်။ အင်္ဂလန်မှ အနိမ့်ဆုံး လခစားတစ်ဦး၏ တစ်လဝင်ငွေသည် သက်တမ်း ၁၂ နှစ်ရှိ ဖို့ဒ်ဆီဒင်မော်တော်ကား (၃)စင်းဈေးနှင့် ညီမျှသည်။ ဗန်ကောက်တွင် အထက်တန်းစာရေးမတစ်ဦးက ကိုယ်ပိုင်မာဇဒါ-၁၃၀၀ ဆီဒင်နှင့် ရုံးတက်သည်။ ဂျပန်တွင် မိသားစုတိုင်း လိုလိုကားပိုင်သည်။ သို့သော် တိုကျိုတွင် နေ့စဉ် အလုပ်ဆင်းရာတွင်မူ ရထားကို အသုံးများသည်။ ရထားများ အချိန်မှန်၍ မြန်ဆန်သည်။ ကားမောင်းရသည်မှာ နံနက် အလုပ်ဆင်းချိန်နှင့် ညနေ အိမ်ပြန်ချိန်တွင် ကားအလွန်ရှုပ်၍ ကားမောင်းချိန် ကြာသည်။ စိတ် ပင်ပန်းရသည်။ စာရေးသူနှင့်မြန်မာနိုင်ငံတွင် (၂)နှစ်မျှ အတူ သွားလာ နေထိုင် အလုပ်လုပ်သွားသော ဂျပန်အမျိုးသား (၈)ယောက်လုံးသည် တိုကျိုတွင် စာရေးသူထံ လာခေါ်ပြီး မြို့တွင်း သွားကြသာကြ လည်ပတ်ကြရာတွင် တက္ကစီကားနှင့် မြေအောက်ရထားကိုသာ သုံးသဖြင့် မေးကြည့်ရာ သူတို့ အားလုံးတွင် ကားရှိသော်လည်း အထက်ပါ အကြောင်းများကြောင့်ဟု ဆိုသည်။ ထို့အပြင် ဂျပန်အမျိုးသားအများစုသည် အလုပ်ဆင်းမှ အိမ်သို့ တန်းမပြန်ဘဲ လုပ်ဖော်ကိုင်ဖက်များနှင့် စားသောက်ဆိုင် ဝင်ပြီး တစ်ခွက် တစ်ဖလား ချလေ့ရှိသည်။ ကြာခဏ ဘားတစ်ခုပြီးတစ်ခုလည်း ဆက်တတ်သည်။

Bar Hopping ဟု ခေါ်သည်။ ဂျပန် ဥပဒေကလည်း အရက်မူးကားမောင်းသည်အပေါ် ဒဏ်ငွေအမြောက်အမြား

ပေါက်ကိုပန်းမှ ရေခဲပျော်ပြီး သော့သွင်း၍ရပါသည်။ သို့မဟုတ်က ရေခဲခံနေပြီး သော့ထိုး၍မရပါ။ ကားရှေ့မှန်ကိုလည်း ဆေးနှင့်ပန်းပြီး ရေခဲကို ပျော်ကျစေရပါသည်။ ဘော်ဒီပေါ်ရှိရေခဲများကမူ ကားမောင်းသွားရင်း လေထိုးပြီး တဖြည်းဖြည်း ပျော်သွားပါသည်။ ထိုဒေသများတွင် ကားများ၌ (Radiator) ခေါ် အပူပေးစက် တပ်ထားရပါသည်။ သို့မှသာ ပြင်ပတွင်(၀)စင်တီဂရိတ်ထက် ကျနေစေကာမူ ကားအတွင်း၌နွေးသောထိုင်သာရှိပါသည်။ ကားနောက်မှန်အတွင်းဘက်တွင် ကပ်ထားသောသတ္တုပြားလိုင်းကလေးများက အပူထွက်ခြင်းဖြစ်ပါသည်၊ မြန်မာ၊ ထိုင်း စသောနေရာများနှင့် ဥရောပ၊ ဂျပန်စသောနေရာများတွင် ကားမောင်းရာတွင် ကွာခြားချက်မှာ သူတို့ဆီတွင် ကားမှန်ပိတ်ပြီး မောင်းရမှုများခြင်းနှင့် ဟွန်းတီးလေ့မရှိခြင်း ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် ရန်ကုန်ပြန်ရောက်စ ၃–၄ ရက်တွင် ဟွန်းတီးဖို့ မေ့နေပါသည်။

နိုင်ငံခြားတွင် ကြာကြာ ကားမောင်းမည်ဆိုက **Automobile, Association** စသောအသင်းများ ဝင်ထားသင့်ပါသည်။ အဝေးပြေးလမ်းမပေါ်တွင် ကားပျက်က လမ်းဘေးတွင် တွေ့နေရသော ဖုန်းမှ နီးရာ ထိုအသင်းသို့ ဖုန်းဆက်ပါ။ ချက်ချင်း လိုက်လာပြီး ပြင်ပေးပါလိမ့်မည်။ ချက်ချင်း ပြင်မရပါက ခရီးဆက်ရေး စီစဉ်ပေးပြီး ကားကိုပြင်ပြီးမှ ပို့ပေးပါလိမ့်မည်။



သူတို့ဆီတွင် ကား သိပ်သုံးကြပါသည်။ ဝင် ငွေနှင့်စာလျှင် ကားဈေးချိုသည်။ အင်္ဂလန်မှ အနိမ့်ဆုံး လခစားတစ်ဦး၏ တစ်လဝင်ငွေသည် သက်တမ်း ၁၂ နှစ်ရှိ ဖို့ဒ်ဆိုဒင် မော်တော်ကား (၃)စင်းဈေးနှင့် ညီမျှသည်။ ဗန်ကောက်တွင် အထက်တန်းစာရေးမတစ်ဦးက ကိုယ်ပိုင်မာဇဒါ-၁၃၀၀ ဆိုဒင်နှင့် ရုံးတက်သည်။ ဂျပန်တွင် မိသားစုတိုင်း လိုလိုကားပိုင်သည်။ သို့သော် တိုကျိုတွင် နေ့စဉ် အလုပ်ဆင်းရာတွင်မူ ရထားကို အသုံးများသည်။ ရထားများ အချိန်မှန်၍ မြန်ဆန်သည်။ ကားမောင်းရသည်မှာ နံနက် အလုပ်ဆင်းချိန်နှင့် ညနေ အိမ်ပြန်ချိန်တွင် ကားအလွန်ရှုပ်၍ ကားမောင်းချိန် ကြာသည်။ စိတ် ပင်ပန်းရသည်။ စာရေးသူနှင့် မြန်မာနိုင်ငံတွင် (၂)နှစ်မျှ အတူ သွားလာ နေထိုင် အလုပ်လုပ်သွားသော ဂျပန်အမျိုးသား (၈)ယောက်လုံးသည် တိုကျိုတွင် စာရေးသူထံ လာခေါ်ပြီး မြို့တွင်း သွားကြလာကြ လည်ပတ်ကြရာတွင် တက္ကစီကားနှင့် မြေအောက်ရထားကိုသာ သုံးသဖြင့် မေးကြည့်ရာ သူတို့ အားလုံးတွင် ကားရှိသော်လည်း အထက်ပါ အကြောင်းများကြောင့်ဟု ဆိုသည်။ ထို့အပြင် ဂျပန်အမျိုးသားအများစုသည် အလုပ်ခွင်မှ အိမ်သို့ တန်းမပြန်ဘဲ လုပ်ဖော်ကိုင်ဖက်များနှင့် စားသောက်ဆိုင် ဝင်ပြီး တစ်ခွက် တစ်ဖလား ချလေ့ရှိသည်။ မကြာခဏ ဘားတစ်ခုပြီးတစ်ခုလည်း ဆက်တတ်သည်။

**Bar Hopping** ဟု ခေါ်သည်။ ဂျပန် ဥပဒေကလည်း အရက်မူးကားမောင်းသည်အပေါ် ဒဏ်ငွေအမြောက်အမြား

ရှိက်တတ်ရာ ကိုယ်ပိုင်ကား မပါခြင်းက ဘေးကင်းသည်။ အရက်မူးလွန်ပါက အဖော်ကသော် လည်းကောင်း၊ ရဲက သော်လည်းကောင်း ပါလာသည့် ပစ္စည်းများကို အသေအချာ စုစည်းကာ တက္ကစီသမားထံ အပ်ပေးမည်။ ကားသမားကလည်း အိမ်ဝအထိ တွဲပို့ပြီး အိမ်ရှင်မထံ လူရောပစ္စည်းပါ အပ်လိမ့်မည်။ ပူရန်မလို။ နယ်မြို့များတွင်မူ အရက်မူးမှုများကို အိမ်အရောက် အရက်မူးနေသူ၏ကားကို လိုက်မောင်းပေးသော စီးပွားရေးလုပ်ငန်းများပင် ရှိသည်။ ထိုသူ၏ တွဲဖက်က သူတို့ကားဖြင့် နောက်က လိုက်လာမည်။ အိမ်အရောက်၌ လူရော၊ ပစ္စည်းရော၊ ကားရော ဇနီးသည်ကို အပ်ပြီးမှ ဇနီးသည်ထံမှ အဘိုးအခယူပြီး သူတို့ကားနှင့် မူလဂိတ်ထိုးရာ အရက်ဆိုင်သို့ ပြန်ကြမည်။ လူမှန်းမသိအောင် မူးနေသူ ဖြစ်စေ၊ ပစ္စည်းမပျောက်စေရ။ ဇနီးသည်ကိုလည်း ခေါ်လာခဲ့ရသည်။ နေရာကို အမှန်အတိုင်းပြောပြီး အမှန်ကျသင့်ငွေသာ တောင်းမည်။ အဝေးက ခေါ်လာရသည်ဟု လိမ်မပြောတတ်ပါ။ အခြားနိုင်ငံများတွင်တော့ ဤလုပ်ငန်းမျိုး မကြားဘူးပါ။

## ၈။ ကားကြုံစီးပြီး သွားလာခြင်း။

အမေရိကန်နှင့် ဥရောပတွင် လူငယ် ယောကျ်ားလေးမိန်းကလေးများ လုပ်လေ့ရှိသော ဓလေ့တစ်ခု ဖြစ်ပါသည်။ ခရီးရှည်သွားလာလိုက အလိုက်သင့် ယာဉ်ကြောအတိုင်း



လမ်းဘေးတွင် ရပ်လျက် လက်မတစ်ချောင်းကိုဆန့်ကာ မိမိသွားလိုရာဘက်ကို ညွှန်ထားသော သင်္ကေတကို ပြရပါသည်။ လူစီး ကိုယ်ပိုင်ကား၊ ကုန်တင်ကားစသဖြင့် ကားတစ်စီးစီးက ရပ်ပြီး တင်သွားပါလိမ့်မည်။ လိုရာခရီးကို ဤနည်းဖြင့် ကားပြောင်းစီးသွားရုံ ဖြစ်သည်။ ကားခ လုံးဝ မပေးရ။ ဤနည်းမှာ တစ်ခါတစ်ရံ မိန်းကလေးများအတွက် အန္တရာယ်ရှိနိုင်သည်။ ဟော့ရမ်းသူများနှင့် တွေ့လျှင် ဖြစ်ပါသည်။ သို့သော် ဖြစ်ခဲပါသည်။ အထူးသဖြင့် တစ်ဦးတည်း ကားမောင်းသွားရသူအဖို့ လမ်းတွင် သူ့အတွက်လည်း စကားစမည် ပြောဖော်ရသည် မဟုတ်ပါလား။ စိတ်နောက်ပြီး ကားမောင်းသူနှင့်ကြုံ၍ ဒုက္ခရောက်ခြင်းမျိုးမှာ ရုပ်ရှင်ဇာတ်လမ်းထဲမှာလောက် ပြင်ပတွင် မရှိပါ။ ကားကြုံ စီးခြင်းကို (Hitch hiking)ဟု ခေါ်ပါသည်။

## ၉။ ခြေလျင် လျှောက်ခြင်း။

သွားလာရန် ခရီးသည် မဝေးလှဘဲ အချိန်လည်း ရှိက ခြေလျင်လျှောက်ခြင်းသည် ကောင်းပါသည်။ မြို့တွင်း ခရီးတိုများတွင် ဘတ်(စ)ကားလမ်းလည်း မသင့်၊ မိမိကိုယ်ပိုင်ကားဖြင့် ဆိုကလည်း ကားရပ်ရန်နေရာ ရှာရသော ဒုက္ခမှကင်းလွတ်လျက် တက္ကစီခလည်း မကုန်၊ ကျန်းမာရေးအတွက်လည်း သင့်တော်သောနည်း ဖြစ်ပါသည်။ နိုင်ငံခြားတွင် ခရီးတိုကို ခြေလျင်လျှောက်လေ့ရှိသူ အများအပြား တွေ့ပါ

သည်။ စာရေးသူကိုယ်တိုင် အင်္ဂလန်တွင် နေအိမ်မှ ကျောင်းသို့ နေ့စဉ် အသွားအပြန် ခြေလျင် လျှောက်ခဲ့ဖူးပါသည်။ နံနက် ၈-နာရီ နေအိမ်မှထွက်ပြီး ကျောင်းသို့ ခြေလျင်လျှောက်ရာ (၃၀)မိနစ် ကြာသည်။ မိုးရွာလျှင် ထီးဆောင်း လျှောက်သည်။ ဆီးနှင်းကျလျှင် ခေါင်းဆောင်း စွပ်ပြီး လျှောက်သည်။ ညနေ(၅)နာရီတွင် ကျောင်းမှ အိမ်သို့ လျှောက်လာသည်။ လမ်းတွင် (Grocery Stores) များ ဝင်ပြီး လိုရာဝယ်သည်။ တစ်ခါတစ်ရံ အသားရောင်းဆိုင် (Butcher) ဝင်ပြီး အသားဝယ်သည်။ ခရီးသွား ဟန်လွဲပြီး စားနပ်ရိက္ခာနှင့် လိုအပ်သော အသုံးအဆောင်များ အချိန်မကုန်ဘဲ ဝယ်နိုင်သည်။ နံနက်ပိုင်းတွင် မြို့လယ်မှ ကျောင်းရှိရာ မြို့ဆင်ခြေဖုံးသို့ လျှောက်ပြီး ညနေပိုင်းတွင် မြို့လယ်သို့ ဦးတည်လျှောက်ခြင်းဖြစ်ရာ မြို့တွင်းတွင် အလုပ် လုပ်ရန် လမ်းလျှောက်လာသူများနှင့်တွေ့ရာ၊ ဟဲလို- ဂွတ်မောနင်း စသည်ဖြင့် မျက်မှန်းတန်းရာမှ မိတ်ဆွေများ အဖြစ် ပင်ရောက်ရှိခဲ့ပါသည်။

## ၁၀။ ခရီးသွားအေဂျင်စီများအစီအစဉ်ဖြင့် သွားလာခြင်း။

ယနေ့ကမ္ဘာတွင် ကမ္ဘာလှည့်ခြင်း (World tours)၊ လှည့်လည် ကြည့်ရှုခြင်း၊ (Sight Seeing) တို့မှာအလွန်ခေတ်စားနေပါသည်။ မြို့တွင်း လှည့်လည်ကြည့်ရှုခြင်း၊ နေ့ချင်းပြန်၊ တစ်ညအိပ်ခရီးမှ ကမ္ဘာတစ်ပတ် ခရီးစဉ်အထိ



အမျိုးမျိုးရှိသည်။ မြေပြင်ခရီး၊ ဝေဟင်ခရီး၊ တောင်ပေါ်ခရီး၊ ပင်လယ်ခရီး၊ အန္တာတိတ်စက်ဝိုင်းခရီးမှ ရေအောက်ခရီးအထိ အမျိုးမျိုးရှိသည်။ ချမ်းသာသော နိုင်ငံကြီးများမှ အစ လူဦးရေသောင်းဂဏန်းမျှသာရှိသည့် မော်လဒိုက်နိုင်ငံ (Maldives)တို့အထိ ဤလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ခရီးသည်များမှာ အလည်အပတ် သွားသူများမှအစ အလုပ်ကိစ္စအတွက် သွားလာသူများအထိ ပါဝင်သည်။

ထိုလုပ်ငန်းများကို (Tourist Agency, Travels Agency, Travels Agent) စသည်ဖြင့် ခေါ်သည်။ ထိုလုပ်ငန်းရှင်များကို လူစည်ကားရာနေရာများ၊ လေဆိပ်များ၊ ဟိုတယ်ကြီးများတွင် တွေ့ရသည်။ သင်သည် ကမ္ဘာတစ်ပတ်ပတ်ချင်သလား၊ မြို့တွင်းကို နေ့ဝက် ပတ်ချင်သလား၊ ဗန်ကောက်မြို့ကို ဖြတ်စီးနေသော ချိုပရာယား မြစ်ထဲတွင် အပျော်စီး မော်တော်စီးချင်သလား၊ မိန်းခလေးအဖော်ငှားပြီး လည်ချင်သလား၊ ယောကျ်ားဖော် ငှားလည်ချင်သလား၊ လန်ဒန်မြို့ကို ဖြတ်စီးသောသိမ်းမြစ် (Thames) (အင်္ဂလိပ်ကထိမ်းစ်ဟုအသံထွက်သည်) ကိုမော်တော်များဖြင့် လှည့်လည် ချင်သလား၊ ဆွစ်ဇာလန် ရေခဲတောင်တွေမှာ စကိတ်စီးဖို့သွားချင်သလား၊ အာဖရိကတိုက်မှသားကောင်တွေ လိုက်ကြည့်ချင်သလား သူတို့နှင့်သာ ဆက်သွယ်ပါ။ ဒေသတစ်ဝိုက်သာ လုပ်ငန်းလုပ်သောအဖွဲ့၊ ကမ္ဘာသစ်ဝှမ်းလုပ်သောအဖွဲ့ စသည်ဖြင့် အမျိုးမျိုးရှိသည်။

စာရေးသူသည် အီဒင်ဘာရာမြို့တွင် ကျောင်းတက်နေစဉ်က စာရေးသူတည်းခိုရာဟိုတယ်လေးတွင် အပျော်ခရီးသွားကိုယ်စားလှယ်လုပ်ငန်းများမှ ကြော်ငြာအမျိုးမျိုးကို လာပို့ထားသည်။ စကော့တလန် တောင်တန်းများတွင်တောင်တက်ခြင်း၊ စကော့လူမျိုးများက (Loch)ဟု ခေါ်သည့် တောင်ပေါ် ရေအိုင်ကြီးများတွင် မော်တော်ဘုတ်စီးခြင်း၊ မြစ်တွင်းခရီးစသည်ဖြင့် ခရီးစဉ်အမျိုးမျိုးကို ကြော်ငြာထားသည်။

မိမိလုပ်ရန်မှာ ဖုန်းလှမ်းဆက်ပြီး ကြိုက်ရာ လက်မှတ်ဝယ်ရုံသာ။ ဘန်ကောက်တွင်လည်း အယုဒ္ဓယနေပြည်တော်ဟောင်းခရီး၊ ဘန်ပအင် (Bunpa In)ခေါ် ထိုင်းဘုရင်များ၏ နွေရာသီစံနန်းတော်သို့ခရီး၊ မြောက်ဖက် ဇင်းမယ်ခရီးစသည်ဖြင့် မြောက်မြားစွာရှိသည်။ ဟောင်ကောင်မှ တစ်ဘက်ကမ်း ကိုလုံး (Kowlon) သွားမလား၊ ပစိဖိတ်အလယ်မှ ဖိဂျီကျွန်းကိုသွားမလား၊ သူတို့စီစဉ်ပေးနိုင်သည်။

စာရေးသူကိုယ်တွေ့ပြောပါရစေ။ စာရေးသူအပါအဝင် အာရှ၊အာဖရိက၊ လက်တင်အမေရိကမှ နိုးနှော ဖလှယ်ပွဲလာကြသူများ၏ သွားရေးလာရေးကို အိမ်ရှင် Japan International Cooperation Agency နှင့် ဂျပန်စာတိုက်ကြေးနန်းဝန်ကြီးဌာနက International Hospitality Association ခေါ် ခရီးသွား ကိုယ်စားလှယ်အဖွဲ့သို့ တာဝန်



ပေးထားသည်။ ထိုကိုယ်စားလှယ်အဖွဲ့က စာရေးသူတို့တစ်ဦးချင်း ဂျပန်သို့ လေယာဉ်ဖြင့် ရောက်လာသည့်အခါလေယာဉ်ကွင်းရှိ (Hospitality) ကောင်တာတွင် အစီအစဉ်လုပ်ပေးထားပြီး (City Terminal)မှ စောင့်ကြိုလျက် တည်းခိုရာသို့ကားဖြင့်ပို့သည်။ တိုကျိုမှယိုကိုဟားမားမြို့သို့ (Limousine Bus) ဖြင့် အသွားအပြန်သွားခြင်း၊ အိုဆာကာနှင့် ကျိုတိုခရီးစဉ်တွင် တည်းခိုရာမှ (Tokyo Station) ဘူတာရုံသို့ကားကြီးဖြင့် ပို့ခြင်း၊ ထိုဘူတာမှ (Osaka)သို့ ကျည်ဆံရထား ပထမတန်းဖြင့်သွားခြင်း၊ (Shin Osaka)ဘူတာရုံမှ (New Otani Hotel)သို့သွားခြင်း၊ညဘက် လည်ပတ်ခြင်း၊ နောက်နေ့တွင် (Osaka)မြို့ လှည့်လည်ကြည့်ပြီး ကားကြီးဖြင့် (Kyoto)သို့ ခရီးဆက်ခြင်း၊ ကျိုတိုတွင် လှည့်လည်ခြင်း၊ ထို့နောက် တိုကျိုပြန်ခြင်းကို တာဝန်ယူသည်။ ဂျပန်မှ အပြန်ခရီးတွင်လည်း တည်းခိုရာမှ လေဆိပ်သို့ ဆီဒင်ကားဖြင့် နရီတာလေဆိပ်မှ ဒွန်မွန် (ဗန်ကောက်) လေဆိပ်သို့ ဂျပန်လေကြောင်းဖြင့် သွားရေး၊ ဒွန်မွန်လေဆိပ်မှ မြို့တွင်းသို့ ဆီဒင်ကားဖြင့်သွားရေး၊ ဟိုတယ်တွင် တည်းခို နေထိုင်စားသောက်ရေး၊ ဟိုတယ်မှ ဒွန်မွန်လေဆိပ်သို့ ကားဖြင့်ပြန်လာရေး၊ ဒွန်မွန်မှမင်္ဂလာဒုံလေဆိပ်သို့ မြန်မာ့လေယာဉ်ဖြင့် လာရေးကို အမှားအယွင်း အချွတ်အချော်မရှိ တာဝန်ယူ စီစဉ်သွားသည်။ သွားလိုသူ၏ ဆန္ဒကို အတတ်နိုင်ဆုံးဖြည့်ဆည်းသည်။ ဆက်ဆံရာတွင် ယဉ်ကျေးသည်။ မိမိခရီးစဉ်ကို သူတို့လက်ထဲ ဝကွက်အပ်နိုင်ပါသည်။ ဤ လုပ်

ငန်းကို ရှေ့တန်းမှ လက်တွေ့ ဆောင်ရွက်နေကြသူများမှာ လည်း အသက် ၂၀ နှင့် ၃၀ ကြား ယောကျ်ားလေး၊ မိန်းကလေးများ ဖြစ်ကြသည်။ စာရေးသူက တည်းခိုရာမှ နရိဘာလေဆိပ်သို့ လိုက်ပို့သော အသက် ၂၅ နှစ်ခန့် ဂျပန်လေးအား မေးကြည့်ရာ တိုကျိုရှိ တက္ကသိုလ်တစ်ခုမှဘွဲ့ရဖြစ်သည်၊ အင်္ဂလိပ်စကား ဘာကြောင့် လည်လည်ပတ်ပတ် တတ်သလဲဟု မေးကြည့်ရာ အလုပ်အတွက် သီးခြားသင်တန်း တက်ရကြောင်းဖြေသည်။အိုဆာကာ၊ ကျိုတို ခရီးစဉ်တွင်မူ အသက် ၄၀ ကျော် မစ္စစ်ဝါတနာဘီ (Mrs. Watanabe)က ခရီးသည် လမ်းပြအဖြစ် ပါလာသည်။ တစ်လမ်းလုံး သမိုင်းဝင်အဆောက်အဦများ၊ တုံးစံဓလေ့များ စသည်တို့ကို တွေ့မြင်သော အရာများနှင့် ဆက်စပ်ပြီး အင်္ဂလိပ်လို ပြောပြသည်။ နောက်ခံအချက်အလက်များ၊ ကိန်းဂဏန်းများ၊ သက္ကရာဇ်များတို့ကို အတော်လေး တိတိကျကျ ပြောနိုင်သည်။ သူသည် လုပ်သက် ၂၀ ရှိပြီဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာမှ လူကြီးညေ့်သည်များကို လိုက်ပို့ရာတွင် အတွေ့အကြုံရှိသော သူတို့ကဲ့သို့ ဝါရင့် လမ်းပြများကို တာဝန်ပေးကြောင်း အလုပ်ဝင်စက သင်တန်းတက်ပြီး အရည်အချင်းစစ် စာမေးပွဲ ဖြေရကြောင်း သူက ရှင်းပြပါသည်။ တစ်ယောက်တစ်ပေါက် မေးကြသည်များကို ကြိုးစားဖြေပြီး၊ မသိက မသိပါဟု ဝန်ခံသည်။

အမြဲသွက်လက်ဖျတ်လတ်ပြီး ပြုံးနေသည်။ (Limousine Bus)၏ စပယ်ယာမလေးများမှာမူ အသက် ၂၀ ကျော်ခန့်



ယူနီဖောင်းဝတ် မိန်းမချောလေးများဖြစ်သည်။ သူတို့ကမူ ကားရပ်လျှင်အရင်ဆင်းပြီး အပေါက်ဝမြေပြင်တွင်မတ်တတ်ရပ်ကာ ဆင်းသမျှ ခရီးသည်တစ်ဦးချင်းကို "အူမိမာဆန်" ဟု ဦးညွှတ်နှုတ်ဆက်သည်။ ကားပေါ် တက်လျှင်လည်း အလားတူပင်။

၁၂။ ခရီးသွားအတွက် အထောက်အကူများ။

(က) မြေပုံ။

မြေပုံစာအုပ်များ၊ မြေပုံအခေါက်ကလေးများကို ဆောင်ထားပါ။ အလွယ်တကူ ဝယ်၍ ရပါသည်။ တစ်တိုင်းပြည်လုံးမြေပုံ၊ ကမ္ဘာ့မြေပုံ၊ ဒေသဆိုင်ရာမြေပုံ။ မြို့မြေပုံ၊ စသည်ဖြင့် အမျိုးမျိုးရှိပါသည်။ မြေပုံ အခေါက်ကလေးများကို ခရီးသွားကိုယ်စားလှယ်ကောင်တာများတွင် အခမဲ့ရတတ်ပါသည်။

(ခ) ခရီးဆောင်အိတ်။

ဂျောက်ရာနေရာတွင် အိပ်ရာရနိုင်သဖြင့်၊ အိပ်ရာလိပ်မလိုပါ။ အဝတ်အစားနှင့်၊ ကိုယ်ပိုင် အသုံးအဆောင်သာလိုပါသည်။ ရှပ်အင်္ကျီများသည် မီးပူ

တိုက်ရန်မလိုသော အသားများဖြစ်က ပို၍အဆင်ပြေပါသည်။ အေးသောအရပ်ဖြစ်က အပေါ်ရုံကုတ်အင်္ကျီကြီး(Over Coat)လိုပါသည်။ရိုးရိုးကုတ်အင်္ကျီနှင့်မလုံလောက်ပါ။ခရီးဆောင်အိတ်သည်ဘီးပါလျှင်ပိုမိုအဆင်ပြေသည်။ ပလက်ဖောင်းပေါ် ဆွဲသွားနိုင်သဖြင့် လွယ်ကူသက်သာသည်။ အိတ်တွင်ဝယ်စဉ်ကဘီးမပါက ဘီးကို သပ်သပ်ဝယ်လျှင်လည်း ရပါသည်။

**(ဂ) ပတ်စပို့နှင့်အထောက်အထားမှတ်တမ်းများ။**

အကြောင်းကိစ္စရှိက ပြနိုင်ရန်လိုပါသည်။ ခါးပိုက်နှိုက်မခံရအောင် ကုတ်အင်္ကျီအတွင်း အိတ်တွင်ထည့်ပါ။ လန်ဒန်၊ ဗန်ကောက်တို့တွင် ခါးပိုက်နှိုက်ရှိသည်။ တိုကျိုကမူ ဘေးကင်းသည်။

**(ဃ) ငွေကြေး။**

ငွေသားအများအပြား မသယ်သင့်ပါ။ ငွေသားအနည်းငယ်အပြင် ခရီးသွားချက် (Traveller Chequea Cheque (အမေရိကန်က Check)Card, Cash, Card တို့ကို သယ်သွားသင့်ပါသည်။

**(င) ညအိပ်ခရီး။**

ညအိပ်ခရီးဖြစ်က တည်းခိုရန် နေရာထိုင်ခင်းကို ကြိုတင်၍ ဖုန်းဖြင့် လုပ်ထားသင့်သည်။ ခရီးသည်အလာများသောရာသီဖြစ်က ပို၍လိုအပ်သည်။



**၁၂။ မျက်စိလည်သော်။**

ခရီးသွားရင်း မျက်စိလည်သော် တွေ့ရာလူကို အကူအညီတောင်းပါ။ သို့မဟုတ် ရဲကို အကူအညီတောင်းပါ။ မည်သည့်နိုင်ငံတွင်မဆို ကူညီတတ်ကြပါသည်။ မိမိသွားလိုသော လိပ်စာကို ထိုဒေသဘာသာစကားနှင့် ရေးထားပြီးပြခြင်းက အမှားအယွင်းသက်သာသည်။ နှုတ်ဖြင့်ပြောပါက စကားမပီသဖြင့် လွဲတတ်သည်။ စာရေးသူကိုယ်တိုင် တက္ကစီသမားကိုနှုတ်ဖြင့်ပြောမိ၍ ဗန်ကောက်တွင် ချာလည်လိုက်ခဲ့ရဖူးသည်။

**၁၃။ မကျန်းမာသူများ သတိပြုဖွယ်။**

မိမိစားနေကြဆေးဝါးကို ဆောင်ထားပါ။ ရုတ်တရက်ဖြစ်တတ်သော ဝက်ရူးပြန်ရောဂါ၊တက်တတ်သော ရောဂါ၊ နှလုံးရောဂါတို့ ရှိလျှင် ရောဂါအကြောင်းနှင့် ရှေးဦးသူနာပြု မည်သို့လုပ်ရသည်။ သို့မဟုတ် ဆေးရုံပို့ပါ စသည်ဖြင့် ကဒ်ပြားတစ်ခုတွင်ရေးပြီး ရှပ်အင်္ကျီအိတ်ထဲတွင် ဆောင်ထားပါ။

## အပိုင်း (၄)

## နိုင်ငံခြားတွင် ပညာဆည်းပူးခြင်း

### ၁။ တက္ကသိုလ်များ၊ ကောလိပ်များ၊ ကျောင်းများ။

အစိုးရကဖွင့်ထားသော ကျောင်းကြီးများ တက္ကသိုလ်ကြီးများရှိသလို ပုဂ္ဂလိကကျောင်းကြီးများလည်း ရှိသည်။ အချို့နိုင်ငံများတွင်အစိုးရကဖွင့်ထားသောကျောင်းကြီးများက ပိုမိုအဆင့်မြင့်သည်။ (ဥပမာ–Tokyo University) အချို့နိုင်ငံများတွင်မူ ပုဂ္ဂလိကတက္ကသိုလ်ကြီးများက ပိုမိုနာမည်ကြီးသည်။ (ဥပမာ – အမေရိကန်တက္ကသိုလ်များ)။ ဘွဲ့လွန်သင်တန်းများပေးသော တက္ကသိုလ်များကို Graduate Schools) ဟုခေါ်လေ့ရှိသည်။ နိုင်ငံအများကစုပေါင်းဖွင့်သော ကျောင်းမျိုးလည်းရှိသည်။ (ဥပမာ–ဗန်ကောက်ရှိ (\sian Institute of Technology) ကမ္ဘာ့အရပ်ရပ်မှ လူငယ်များအတွက် ရည်စူးဖွင့်သော ကျောင်းလည်းရှိသည်။ (ဥပမာ–ပေါ်စကိုမြို့ရှိ (Lumumba University)။ ကမ္ဘာ့အရပ်ရပ်က လာရောက်တာဝန်ထမ်းနေသူများ(အထူးသဖြင့်



သံရုံးများ) ၏ သားသမီးများ အတွက် ဖွင့်ထားသော (International School) ခေါ် ကျောင်းမျိုးလည်း ရှိသည်။

ကျောင်းများတွင် မည်သည့်ဘာသာစကားကိုသင်ကြားမှုမတို့င်ထားကြောင်းသတိပြုရမည်။ ကျောင်းတိုင်းလိုလိုတွင် ဝင်ခွင့်စာမေးပွဲ (Entrance Exam) ရှိတတ်သည်။ အင်္ဂလိပ်ဘာသာစကား အခက်အခဲတွေ့တတ်သဖြင့် မြန်မာပြည်မှ မထွက်ခွာမီ ကြိုတင်သင်ကြား လေ့ကျင့်ထားသင့်ပါသည်။ အနောက်ဥရောပတွင်မူ ပြင်သစ်ဘာသာက ပို၍ခေတ်စားသည်။

### ၂။ ဌာနဆိုင်ရာသင်တန်းများ

မြန်မာပြည်ကလွှတ်သည့် ဌာနဆိုင်ရာ သင်တန်းများမှာ အင်္ဂလိပ်ဘာသာဖြင့်ပို့ချသော သင်တန်းများသာ အများစုဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက ဖွင့်သော သင်တန်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများကဖွင့်သော သင်တန်း၊ အိမ်ရှင်နိုင်ငံအစိုးရကဖွင့်သော သင်တန်းနှင့် ပုဂ္ဂလိကကုမ္ပဏီကြီးများကဖွင့်သော သင်တန်းဟူ၍ဖြစ်သည်။ ဥပမာ–စာရေးသူတက်ခဲ့ဖူးသော (Postal Instructor Training Course) ဆိုလျှင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်သော Universal Postal Union က ကမကထပြုကာ

(British Post Office) နှင့် ညှိနှိုင်းဖွင့်သော သင်တန်းဖြစ်သည်။ အင်္ဂလိပ်ဘာသာစကား အသုံးပြုသောသင်တန်းများကို ဗြိတိန်တွင်ဖွင့်ပြီး ပြင်သစ်ဘာသာသုံး သင်တန်းများကို ပြင်သစ်နိုင်ငံတွင်ဖွင့်သည်။ စာရေးသူတစ်ခါက တက်ခဲ့ဖူးသည့် (Colloquiam on Postal Training) ဆိုလျှင် (Asian Pacific Postal Union) ခေါ် ဒေသဆိုင်ရာအဖွဲ့အစည်းက ကမကထပြုကာ (Universal Postal Union) အကူအညီဖြင့်ကျင်းပ၏။ ဂျပန်တွင် စာရေးသူ တက်ရောက်ခဲ့သော Postal Management Seminar ဆိုလျှင် ဂျပန်အစိုးရ အဖွဲ့အစည်းဖြစ်သော Japan International Cooperation Agency နှင့် Ministry of Post and Telecommunications တို့က ပူးတွဲဆောင်ရွက်၏။ ပုဂ္ဂလိက ကုမ္ပဏီကြီးများ ဖြစ်သော ဆွီဒင်မှ L M Ericson,၊ တောင်ကိုရီးယားမှ Daewoo,၊ ဂျပန်မှ Sony စသည်တို့တွင်လည်း သင်တန်းကျောင်းကြီးများ ရှိ၏။ အချို့တွင် အဆောင် (residential) ရှိ၏။ အချို့တွင်လည်း မရှိ။ (non-residential) အဆောင်မရှိက ဟိုတယ်များ တည်းခိုခန်းများတွင် ငှားနေရ၏။

## ၃။ ဘာသာစကား အခက်အခဲရှိခဲ့သော်။

အချို့ သင်တန်းများဆိုလျှင် အင်္ဂလိပ်ဘာသာစကား ပြောဆိုရေးသားဖတ်ရှုမှုကျွမ်းကျင်မှုလက်မှတ် ကြိုတင်ပို့ထားရ၏။ ဘာသာစကားမကျွမ်းကျင်က သင်တန်းဝင်ခွင့်မပြု။ ထိုလက်မှတ်မျိုး စစ်ဆေးထုတ်ပေးရေးအတွက် ဆိုင်ရာဌာနမှ ရန်ကုန်၊ တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံခြားဘာသာသိပ္ပံ (IFL) သို့ စာရေးပြီး စေလွှတ်ရ၏။



နိုင်ငံခြားရောက်မှ အင်္ဂလိပ်ဘာသာသင်ယူလိုပါက မိမိတက်သော ကျောင်းမှ စီစဉ်ပေးသည်လည်းရှိနိုင်၏။ မရှိ၍ ပြင်ပ ကျူရှင်များတွင်တက်ရလျှင် ငွေကုန်ကြေးကျများ၏။

အလုပ်လုပ်မည့်သူများအဖို့မူ အင်္ဂလိပ်ဘာသာ သာမက၊ ဒေသခံဘာသာစကားကိုပါ တတ်သင့်၏။ ဒေသခံစကားကို ပတ်ဝန်းကျင်နှင့် ထိတွေ့မှုရှိနေက မခက်ခဲလှပါ။ မြန်မြန်တတ်လွယ်သည်။

## ၄။ ဆရာ ကျောင်းသား ဆက်ဆံရေးနှင့် ကျောင်းသားချင်း ဆက်ဆံရေး။

ရင်းရင်းနှီးနှီးဆက်ဆံကြသည်။ နိုင်ငံခြားကျောင်းသားများကို ဂရုစိုက်ကြပါသည်။ နေထိုင်စားသောက်ရေး၊ သွားရေး နာရေးမှအစ ရင်းရင်းနှီးနှီးတိုင်ပင်နိုင်ပါသည်။ အကြံကောင်း ဉာဏ်ကောင်းများ ရပါသည်။ နိုင်ငံခြားရောက် မြန်မာများဖြစ်တတ်သည့် စိတ်ပိုင်းဆိုင်ရာများမှာ၊ မိမိကိုယ်ကို မိမိ သိမ်ငယ်နေခြင်း (Inferiority Complex) နှင့်

စိတ်ကျရောဂါ (Depression) တို့ဖြစ်ပါသည်။ မီမိသည် အတော်ဆုံးမဟုတ်တောင် အညံ့ဆုံးမဟုတ်ပါ။ လူမျိုးစုံနှင့် ပေါင်းသင်းပါ။ ပါတီပွဲများ၊ အားကစား၊ လည်ပတ်ခြင်း၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပါ။ စကားလည်း ပြောပါ။ သူများပြောတာကိုလည်း ဂရုစိုက်နားထောင်ပါ။ အဝတ်အစားကို ရာသီအလိုက် သပ်သပ်ရပ်ရပ်ဝတ်ပါ။ လျှပ်ပေါ်လော်လီရန် မဆိုလိုပါ။

လူမျိုးကွဲတို့၏ ယဉ်ကျေးမှုကို လေ့လာပါ။ လေးစားပါ။ မြန်မာနှင့် တူသည်များ ရှိသလို ကွဲသည်များလည်း ရှိမည်။ **In Rome, do as a Roman do.** ဆိုရိုးစကားအတိုင်း လိုက်လုပ်လို့ရတာ လိုက်လုပ်ပါ။ သင့်တွင် ပျင်းရိငြီးငွေ့ချိန် မရှိတော့။

စာရေးသူ အင်္ဂလန်တွင် ပညာသင်စဉ်က ထမင်းစားချိန်၊ လက်ဖက်ရည်သောက်ချိန်များတွင် ကျောင်း စားသောက်ဆိုင်များမှ ကျောင်းအုပ်ကြီး၊ ဆရာများ၊ အနယ်နယ် အရပ်ရပ်မှ ကျောင်းသားများနှင့် အလျဉ်းသင့်သလို ဝိုင်းဖွဲ့ စားသောက်သည်။ နေ့ငဉ် သတင်းစာပါ သတင်းမှအစ တိုင်းရေး ပြည်ရေး၊ ကမ္ဘာ့အရေး၊ အားကစား၊ အနုပညာ၊ စာပေ စသည်ဖြင့် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးသည်။ ငြင်းခုန်သည်။ အမြင်သမျိုးမျိုးကို ကြားရသည်။ ညနေဘက် ဘီယာဆိုင် (Beer Pub)တွင် အရှေ့ဥရောပမှ ပြောင်းလာသော ပိုလန်အလုပ်သမားများ၊ **Bahamas** မှ



ကပ္ပလီများနှင့်အတူ ဘီယာသောက်ရင်း မြှားပစ်တန်းကစားရင်း သူတို့ဘဝကို ကြားရသည်။ အငြိမ်းစားဘုရင်ခံ **Mr: Horris** ကဲ့သို့ အင်္ဂလိပ်လူကြီးများနှင့် **House Party** များ သွားသည်။ ဘုရားရှိခိုးကျောင်း၊ ဆရာမိဘအသင်း အစည်းအဝေး၊ ဘိုးဘွားရိပ်သာ စသည်တို့ကို သွားသည်။ မှတ်စလင်များနှင့် ပလီလိုက်တတ်သည်။ အစ်နေ့ လိုက်စားသည်။ မြန်မာများနှင့် ဈေးပြိုင်ပွဲသွားပြီး တစ်ပေါင်လောက်လောင်းကာ "ဖေ့သားလေး ပြေး ပြေး"ဟု ကိုယ်လောင်းသောခွေးကို မြန်မာလိုအော်ပြီး အားပေးသည်။

ဂျပန်တွင်လည်း တစ်ခါကမြန်မာပြည်တွင်(၂)နှစ်ခန့်အတူ အလုပ်လုပ်ဖူးသော(NTT) ကြေးနန်းကုမ္ပဏီကြီးမှ အင်ဂျင်နီယာ (၈)ဦးတို့နှင့် တိုကျို လျှောက်လည်သည်။ ကမ္ဘာ့အရပ်ရပ်မှ သင်တန်းလာတက်ကြသူ လူမျိုး ပေါင်းစုံနှင့် သွားလာသည်။ ဘီလိယက် ထိုးသည်။ ပွဲတွဲပြီး စာတမ်းပြုစုသည်။ အတွင်းရေးမှူးတာဝန်ကို အခမဲ့ အပိုလုပ်ပေးသည်။ ထိုင်းတွင်လည်း အလားတူပင်။ အရှေ့အလယ်ပိုင်း ပြဿနာကို အစ္စရေးမိတ်ဆွေထံမှလည်း သူတို့အမြင်ကို ကြားရသည်။ အာရပ်မိတ်ဆွေများထံမှလည်း အာရပ် အမြင်ကို နားထောင်သည်။ ပျင်းရန် အချိန်မရှိပါ။ နေရေး စားရေးလည်း မပူပန်ရသဖြင့် ပျော်နေပါသည်။

*

# အပိုင်း (၅)

## နိုင်ငံခြားတွင် အလုပ်လုပ်ခြင်း

အောက်ပါအတိုင်း အလုပ်အမျိုးမျိုးဖြင့် မြန်မာများကို တွေ့ရပါသည်။ အချို့ မြန်မာများမှာ မြန်မာနိုင်ငံတွင် အသက်ထင်ရှားရှိနေ၍ အမည်မှန်ကို မဖော်ပြထားပါ။ အဖြစ်အပျက်များမှာမူ ကိုယ်တိုင် သိထားချက်များအတိုင်း ပြန်လည်တင်ပြခြင်း ဖြစ်ပါသည်။ အလုပ်အမျိုးမျိုးမှာ—

(၁) မြန်မာသံရုံးတွင်
(၂) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင်
(၃) နိုင်ငံခြား အစိုးရဌာနများတွင်
(၄) ပုဂ္ဂလိကအဖွဲ့အစည်းများတွင်
(၅) ကိုယ်ပိုင်လုပ်ငန်းရှင်များ စသည်ဖြင့် ဖြစ်ပါသည်။



### ၁။ မြန်မာသံရုံးတွင်။

မြန်မာသံရုံးများတွင် သံအမတ်ကြီးများ၊ ကောင်စစ်ဝန်များ၊ စစ်သံမှူးများ၊ပထမ၊ ဒုတိယ၊ တတိယအတွင်းဝန်မှ အစ အောက်တန်းစာရေးအထိ မြန်မာတို့ အလုပ်လုပ်နေကြပါသည်။ အချို့သောအလုပ်များကို ဒေသခံ တိုင်းရင်းသားများအား ခန့်အပ်ပါသည်။ ထိုနိုင်ငံသား ခံယူထားသူ မြန်မာများကို အလုပ်ခန့်ထားမှုလည်း အချို့နိုင်ငံများတွင် ရှိပါသည်။

ကိုထွန်းသည် အသက် ၂၇-ခန့် ရန်ကုန်ဘူတာကြီးနားတွင် နေခဲ့သော၊ လန်ဒန်ရှိမြန်မာနိုင်ငံသံရုံး ပညာရေးနှင့် ယဉ်ကျေးမှုဌာနမှ အောက်တန်းစာရေးဖြစ်ပါသည်။ ဇနီးဖြစ်သူနှင့် သားငယ်လေး တစ်ယောက်တို့နှင့်အတူ နေပါသည်။ သံရုံးမှ မိနစ်အစိတ်ခန့် ဘတ်(စ)ကား နှစ်တန်စီးရသောရပ်ကွက်တွင် နှစ်ထပ်တိုက်ငယ်လေး၏ အောက်ထပ်ကို ငှားနေပါသည်။ သူ၏ ထိုစဉ်ကလခမှာ ၇၅-ပေါင်ဟု သိရပါသည်။ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း (ဆိုဖာများပါ)၊ မီးဖိုနှင့်ထမင်းစားခန်းတွဲလျက်၊ ရေချိုးခန်းနှင့် အိမ်သာတွဲလျက်တစ်ခန်းပါသည်။ ရောင်စုံတီဗွီရှိသည်။ ရေခဲသေတ္တာရှိသည်။ အခန်းများကို ကော်ဇောခင်ထားသည်။ (Central Heating)ရှိသည်၊ ဖုန်းမရှိ။ သူတို့အိပ်ခန်းပို မှာ ကျွန်တော်တို့လိုမြန်မာများအတွက် အခမဲ့တည်းခိုခန်း ဖြစ်သည်။ ဧည့်သည်များကလည်း အလိုက်သိစွာ ဟင်းလျာ

များ၊ အစားအသောက်များ ပြင်ပမှဝယ်လာပြီးချက်ပြုတ်စားသောက်ကြသည်။ သူတို့လင်မယား ငွေစုနိုင်သဖြင့် မော်တော်ကားတစ်စီးဝယ်ပြီး ရန်ကုန်မြို့ရှိ မိဘများထံ ပို့သည်။ သူတို့ ကိုယ်ပိုင်မော်တော်ကားမစီး။ ငွေစုလို၍ဖြစ်သည်။ အလွန်စေတနာကောင်းသောစုံတွဲ ဖြစ်သည်။

လန်ဒန်သံရုံး အောက်ထပ်စာရေးများအခန်းတွင်အလုပ်အားလျှင် ရင်းရင်းနှီးနှီး စကားဝိုင်းပြောကြသည်။သံအမတ်ကြီးရုံးခန်းကမူ အပေါ်ဆုံးထပ်တွင် လူကြီးဖြစ်၍ သူ့အနားကို လူသိပ်မကပ်ကြ။ သံအမတ်ကြီးကမူ စကားပြောဖော်လိုချင်ပုံရသည်။ စာရေးသူကိုအကြာကြီး ညှိခံစကားပြောသည်။ သူ့ (PA)ကမူ အင်္ဂလန်တွင် အနေကြာသည့် မြန်မာအမျိုးသမီးကြီး ဖြစ်ဟန်တူသည်။ သံအမတ်ကြီးကို (H:E) ဟုခေါ်သည်။ (His Excellency) ဖြစ်ပါမည်။ မြန်မာစကားကို (H:E) ညှပ်ပြီး ပြောသည်။ စာရေးသူ ရန်ကုန်မှသယ်လာသောငှက်ပျောအူနှင့် ဒညင်းသီးကို သိပ်ကြိုက်သည်။ အားရက်များတွင် သူ့အိမ်ထမင်းလာစားရန် ဖိတ်သည်။

ဤ ဗြိတိန်တွင် မြန်မာအသင်း (ယခင်က Burma Association)ခေါ် အသင်းကို လူ ၉၀ ခန့်ဖြင့် ဖွဲ့ထားသည်၊ လူမှုရေးအသင်းဖြစ်ပါသည်။ လိပ်စာများ ဝေထားသဖြင့် မြို့အသီးသီးရောက်က ကြုံကြိုက်လျှင် အလည်ဝင်နိုင်သည်။



အကူအညီ တောင်းနိုင်သည်။ လွတ်လပ်ရေးနေ့တွင် လူအများဆုံကြသည်။ ထိုစဉ်က အသင်းအတွင်းရေးမှူးမှာ စာရေးသူ၏ မိတ်ဆွေ ဟောင်း တစ်ဦး ဖြစ် ပါ သည်။ (Burma Trade)ရုံးတွင် အလုပ်လုပ်နေသူဖြစ်၏။ စစ်သံမှူးရုံးမှ တပ်ကြပ်ကြီးများလည်းတွေ့သည်။ အားလုံးမှာ စားရေးသောက်ရေး၊ နေရေးထိုင်ရေး အခြေအနေကောင်းကြပါသည်။ မြန်မာနိုင်ငံမှ နောက်ထပ် ရောက် လာ သော လူသစ်များအပေါ် ဖော်ရွေကြပါသည်။ အကူအညီပေးကြပါသည်။ တာဝန်နှင့်လာခြင်းဖြစ်က ကြိုတင်အကြောင်းကြားထားလျှင် လေဆိပ်ကိုလာကြိုပါသည်။

## ၂။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင်။

ဦးသန့်လောက် ကမ္ဘာသိ မဟုတ်သော်လည်း မြန်မာပညာရှင်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် သိက္ခာရှိရှိလုပ်နေကြပါသည်။ အီးကဖီးမှ ဦးညွန့်၊ ကုလသမဂ္ဂရုံးချုပ်မှာ စီးပွားရေး ပါရဂူ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဟောင်း ဒေါက်တာလှမြင့်၊ ပါမောက္ခချုပ်ဟောင်း ဒေါက်တာသာလှ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်မှ ဒေါက်တာကိုကိုတို့သည် ထင်ရှားသော လူတော်များဖြစ်ပါသည်။ ထိုင်းနိုင်ငံရှိ (SCAP)တွင်လည်း မြန်မာပညာရှင် (ယောကျ်ား၊မိန်းမ)များ ရှိကြပါသည်။ အင်ဒိုနီးရှားတွင်

ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်အဖြစ် မြန်မာပညာရှင်တစ်ဦး အလုပ်လုပ်ခဲ့ဖူးပါသည်။

အဆင့်မြင့် ပညာရှင်များဖြစ်ကြ၍ လစာလည်း အလွန်ကောင်းပါသည်။ သံတမန် အဆင့်အတန်း ရရှိကြပါသည်။ သိက္ခာ အလွန်ရှိပါသည်။

၃။ **အစိုးရဌာနများတွင်။**

ဩစတြေးလျ (CSIKO) ခေါ် ဗဟိုစာရင်းအင်းနှင့် သုတေသနဌာနတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပီအိတ်ချ်ဒီဘွဲ့ရဆရာတစ်ဦး၊ (**Manash University, Physiology Dept:**) တွင်ရန်ကုန်တက္ကသိုလ်သတ္တဗေဒဌာနမှပီအိတ်ချ်ဒီဘွဲ့ရ ဆရာမတစ်ဦး အလုပ်လုပ်နေသည်။ သူတို့လင်မယား၏ လစဉ်ဝင်ငွေပေါင်းမှာ ဩစတြေးလျဒေါ်လာ (အမေရိကန်ဒေါ်လာနှင့်သိပ်မကွာ) (၄၈၀၀) ရှိသည်။ ဩစတြေးလျနိုင်ငံသား လူလတ်တန်းစား မိသားစုတစ်စု၏ပျမ်းမျှလစဉ်ဝင်ငွေမှာ ဒေါ်လာ ၂၂၀၀ ခန့် ဖြစ်သည်။

ရန်ကုန်ရှိ ကော်ပိုရေးရှင်းတစ်ခုမှ အရာရှိဟောင်းတစ်ဦးသည် ဩစတြေးလျအစိုးရ၏ ကော်ပိုရေးရှင်းတစ်ခုတွင် အထွေထွေမန်နေဂျာ လုပ်နေသည်။ တစ်လ သူ့လစာမှာ ဒေါ်လာ ၈၀၀၀ ကျော်သည်။ ကမ္ဘာပတ်ပြီး ခရီးသွားလျှင်



အကောင်းဆုံး ဟိုတယ်ကြီးများတွင် (**Suite**) ခန်းတွဲဖြင့် တည်းနိုင်သည်။ တိုက်(၃)လုံးနှင့် ပင်လယ်ကမ်းနားတွင် အပန်းဖြေအိမ်ငယ်တစ်လုံး၊ မြို့ပေါ်တွင် တိုက်ခန်း(၂)ခန်း ပိုင်နေပြီ။ သူသည် အမှုထမ်းနေချိန်အတွင်း ရာထူး ငါးကြိမ်တက်ပြီ။ မြန်မာပြည်တွင် ကျောင်းနေစဉ်က သူငယ်တန်းမှစပြီး ဘွဲ့ကြို၊ ဘွဲ့လွန်တန်းတိုင်းတွင် ပထမရခဲ့သူဖြစ်၏။

နယူးဇီလန်နိုင်ငံ၊ ဝယ်လင်တန် တက္ကသိုလ်မှ လုံခြုံရေးအရာရှိသည် အရာရှိဟောင်း ပင်စင်စား မြန်မာကြီးတစ်ဦး ဖြစ်၏။

တိုကျိုရှိ အစိုးရအသံလွှင့်ဌာန (**NHK**) တွင် မန္တလေးသား လူငယ်တစ်ဦး အလုပ်လုပ်နေ၏။ လခမှာ ယန်း ၅-သိန်းခွဲ (ဒေါ်လာ ၄၀၀၀ ကျော်) ရ၏။ အခန်းကို တစ်လလျှင် ယန်း ၆၇၀၀၀ ပေးပြီး တစ်ဦးတည်းနေ၏။ မြန်မာပြည်မှ လာသူများအပေါ် အကျိုးဆောင်ပေးနေ၏။

စကော့တလန်နှင့် အင်္ဂလန်နယ်စပ်ရှိ (**Newcastle-on-tyne**) မြို့ အစိုးရဆေးရုံတွင် မြန်မာ ဆရာဝန်များရှိ၏။ (**Gloucester**) မြို့ (**Head Postmaster**) ရုံး ငွေစာရင်းဌာနတွင် မန္တလေးသားတစ်ယောက် အထက်တန်းစာရေးလုပ်နေ၏။ လခမှာ တစ်လလျှင် ပေါင် ၃၅၀ ခန့်ရ၏။ မိသားစုပါ အခြေတကျနေပြီး ရုံးကို စက်ဘီးနှင့် နေ့စဉ်တက်၏။

နိုင်ငံအသီးသီး၏ ဥပဒေအရ များသောအားဖြင့် သာမန် အစိုးရ အလုပ်များတွင် နိုင်ငံခြားသားများကို ခန့်လေ့ မရှိပါ။ နိုင်ငံသား ခံယူပြီးသော မြန်မာများသာ ထိုအလုပ်မျိုးကို လုပ်လေ့ရှိကြပါသည်။

၄။ ပုဂ္ဂလိက အဖွဲ့အစည်းများတွင်။

နိုင်ငံခြားရောက် မြန်မာများကို အဆင့်စုံတွင် တွေ့ရပါသည်။ ဗန်ကောက်မြို့ရှိ ဟိုတယ်ကြီးတစ်ခုဖြစ်သော (Asia Hotel)၏ အထွေထွေမန်နေဂျာမှာ မြန်မာဖြစ်၏။ အသက် ၃၀ ခန့် မြန်မာအမျိုးသမီးရတစ်ဦး ဗန်ကောက်ရှိ ကုမ္ပဏီတစ်ခုတွင် ကွန်ပျူတာ ကျွမ်းကျင်သူအဖြစ်လုပ်ပြီး နှစ်စဉ် ကားတစ်စီးစီ ရန်ကုန်ရှိ သူ့ဇနီးထံပို့၏။ အပျော်အပါးမဖက် လိမ္မာစွာ နေပြီး အခန်းလေးတစ်ခန်း ငှားနေ၏။ ဗန်ကောက်မြို့ ချွတ်ပွဲများတွင် နာမည်ကြီးသော ပတ်ပွန်း ရပ်ကွက်တွင် ခုနစ်လွှာဝင်ကနေသော မြန်မာ အမျိုးသမီး တစ်ယောက် နှစ်ယောက်ရှိသည်ဟု ကြားဖူးသည်။ မြင်တော့မမြင်ဖူးပါ။ မြင်ဖူးလျှင်လည်း ခွဲခြားသိရန် မလွယ်ပါ။ ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ အခွဲရခက်ပါသည်။

ရန်ကုန် ဆူးလေဘုရားအနီးရှိ မျက်မှန်ဆိုင်တစ်ခုမှမျက်မှန် သွေးသော လူငယ်တစ်ဦးသည် အင်္ဂလန်တွင် (Noville) မျက်မှန်ကုမ္ပဏီတွင် ဝင်လုပ်ရာ (Overtime)မပါ တစ်လ



ပေါင် ၄၀၀ ရ၏။ လူတစ်ယောက် သာမန်နေထိုင် စားသောက် စရိတ်မှာ ပေါင် (၆၀)ထက် မပိုပါ။ သူသည် ငွေစုနေသည်။ အနေအထိုင်လည်း ကျစ်လစ်သည်။ သူ၏ လစဉ် ပို့ငွေဖြင့် အသက် ၁၂ အထက် သက်တမ်းရှိ အင်္ဂလိပ်လုပ် ဆီဒင် မော်တော်ကား လစဉ်(၉)စင်း ဝယ်နိုင်၏။

အင်္ဂလိပ်စာရေး၊ မြန်မာစာပေ ကောင်းစွာ မတတ်သော စစ်ကိုင်းမြို့နယ် ရွာတစ်ရွာမှ သင်္ဘောသားဟောင်း တစ်ဦးသည် အင်္ဂလန်တွင် ၁၆ နှစ်ကျော်ပြီ။ စကော့အမျိုးသမီး တစ်ဦးနှင့် အိမ်ထောင်ကျရာ ခလေး ၃ ယောက်ရသည်။ မိန်းမကို မကြာခဏရိုက်သဖြင့် မိန်းမက တရားရုံးတက်ကာ လင်မယား ကွာလိုက်သည်။ မယားစရိတ်နှင့် ခလေးစရိတ် ပေးနေရသည်။ သူသည် (Welle's) ခေါ် လုပ်သား (၇၀၀၀)ကျော်ရှိသည့် ရေခဲမုန့်စက်ရုံတွင် တစ်ပတ်လျှင် ပေါင်(၉၀)ခန့်ဖြင့် အလုပ်လုပ်နေသည်မှာ (၇)နှစ်ခန့်ရှိပြီ။ တစ်ဦးတည်းနေသည်။ သောကြာနေ့ ညနေတိုင်း သူ့ခလေးများက ငွေလာယူသည်။ သူ့ဝင်ငွေ၏ တစ်ဝက်ကိုပေးရခြင်း ဖြစ်သည်။ ကျန်ငွေထဲမှ တစ်ဝက်ကိုသုံးပြီး တစ်ဝက်ကို ဘဏ်တွင်စုသည်။ သူသည် အင်္ဂလန်တွင် အနေကြာပြီး စကော့မကို ယူခဲ့သည့်တိုင် အင်္ဂလိပ်စကားနှင့် စာကို ရေရေလည်လည် မတတ်သေး။ သို့သော် တစ်နှစ်တစ်ခါ လစာပြည့်ခွင့် တစ်လ ယူပြီး၊ ကမ္ဘာပတ်ကာ စုဆောင်းငွေကုန်သည်အထိ သုံးပစ်သည်။ ဥရောပမှ (Monte Carlo) အမေရိကန်မှ (Las

**Vagas**)စသော မြို့များသို့သွားပြီး လောင်းကစားဝိုင်းများတွင် ကစားသည်။ ငွေကုန်သည့်အခါ အစမှပြန်စပြီး စုပြန်သည်။ သူ့ဘဝနှင့် သူ့စလေ့မှာ အတော်ထူးပါသည်။

နောက်တစ်ယောက်မှာ သူနှင့်ပြောင်းပြန်။ အစုအဆောင်းတော်သည်။ ရန်ကုန် ဆန်းသီရိရုပ်ရှင်ရုံအနီး မြေနီကုန်းဆေးဆိုင်မှ ဝန်ထမ်းဟောင်းကလေး။ သူကတော့ ခြံဝင်းပါသော ၃ ထပ်တိုက်တစ်လုံး၊ မော်တော်ကား ၂ စင်း ပိုင်နေပြီ။ သမိုင်းကျိုက်ကုလားတွင်နေသော ဇနီးနှင့် ခလေး ၂ ယောက်ကို ပြန်ခေါ်ခဲ့ပြီ။ ဖခင်အိုကိုလည်း ခေါ်ထားပြီ။ တိုက်မှာ (**Mortgage**)ခေါ် ကြွေးစနစ်ဖြင့်ဝယ်ပြီး အရစ်ကျသွင်းခဲ့ရာ ကြွေးကြေပြီ။ သူလည်း ထိုရေခဲမုန့် ကုမ္ပဏီတွင်ပင် အလုပ်လုပ်သည်။ ထိုရေခဲမုန့်ကုမ္ပဏီသည် တစ်ပြည်လုံးတွင် ဝန်ထမ်း ၂ သောင်းကျော်ရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံးရေခဲမုန့် ကုမ္ပဏီဖြစ်၏။ မြန်မာပြည်က လူအများအပြားဝင်လုပ်နေ၏။

ဂျပန်၊ ဟောင်ကောင်၊ ထိုင်း၊ မလေးရှား၊ စင်္ကာပူတို့တွင် အကြောင်း အမျိုးမျိုးပြကာ ဗီဇာအမျိုးမျိုးကိုင်ပြီး အလုပ်ခိုးလုပ်နေကြသူများလည်း ရှိ၏။ အများစုမှာ အရှေ့တောင်အာရှလူမျိုးများ၊ ဘင်္ဂလီများ၊ အိန္ဒိယများ၊ ပါကစ္စတန်များ၊ အာဖရိကန်များ ဖြစ်သော်လည်း မြန်မာအနည်းငယ်လည်း ရှိ၏။



သူတို့အဖို့ မွေးရပ်မြေတွင်ရဂသော လုပ်ခနှင့်စာလျှင် များသော်လည်း ထရားမဝင်လုပ်နေရ၏။ အချို့ကုမ္ပဏီများကလုပ်အားကို စျေးချိုစွာရသဖြင့်သုံးကြခြင်းဖြစ်၏။ တရားဝင်အခွင့်အရေးများ တောင်းဆိုပိုင်ခွင့်မရှိ။ စင်္ကာပူတွင်ဆိုလျှင်ကျိုသို့ တရားမဝင် အလုပ်လာလုပ်သူများကို တရားရုံးတင်ပြီး ဒဏ်ငွေတပ်ရုံမက ကြိမ်ဒဏ်သုံးချက်ပါဆော်ဦးမည်။

ဂျပန်တွင်လည်း တရားမဝင်အလုပ်လုပ်နေသော နိုင်ငံခြားသား ၁၀၀,၀၀၀ ရှိ၏။ ဂျပန်တို့သည် ချမ်းသာကြွယ်ဝလာသဖြင့် အောက်ခြေသိမ်းအလုပ်လုပ်မည့် လုပ်သားအင်အားမရသောကြောင့် ဆင်းရဲသောနိုင်ငံများမှ လာလုပ်ကြခြင်းဖြစ်၏။ (**Education Visa, Tourist Visa**) စသည်တို့ဖြင့်ဝင်လာပြီး အလုပ်လုပ်ကြခြင်းဖြစ်၏။ ညှော်စာရင်းတိုင်စရာမလိုသော နိုင်ငံများဖြစ်သောကြောင့် အာဏာပိုင်များကိုမျက်ခြေဖြတ်နိုင်ခြင်းဖြစ်၏။

**၅။ ကိုယ်ပိုင်လုပ်ငန်းများ။**

ရန်ကုန်ရှိ နာမည်ကျော် ကျောင်းကြီး တစ်ကျောင်းမှကျောင်းအုပ်ကြီး တစ်ဦး၏သားသည် ဗန်ကောက်တွင် ရေကြောင်းပို့ဆောင်ရေးနှင့် အရောင်းအဝယ် ကုမ္ပဏီတစ်ခုထောင်ကာ ကိုယ်တိုင်ဦးဆောင်ညွှန်ကြားရေးမှူး လုပ်နေ၏။

မြန်မာပြည်သို့ ပစ္စည်းပြန်ပို့လိုသူများ သူနှင့်စိတ်ချလက်ချ ဆက်သွယ်နိုင်၏။ တီဗွီတစ်လုံး ရန်ကုန်ကို ဝယ်ပို့ချင်သည် ဆိုပါစို့။ ကျသင့်ငွေနှင့် လိပ်စာ သူ့ကို အပ်လိုက်ရုံသာ။ သူက စင်္ကာပူသို့ဆက်သွယ်ပြီး ရန်ကုန်ပို့ပေးပါ လိမ့်မည်။ စင်္ကာပူသည် ဈေးချိုသည်။ ဗန်ကောက်နှင့်ဂျပန်က ဤပစ္စည်း မျိုး ဈေးကြီးသည်။

ရန်ကုန်၊ ပန်းဘဲတန်းမြို့နယ်က မွတ်စလင်လူငယ် တစ်ဦး သည် လက်ဆွဲအိတ်တစ်လုံးဖြင့် အင်္ဂလန်သို့ရောက်လာသည်။ ယခု သူသည် ၄ ထပ်တိုက်တစ်လုံး၊ နှစ်ထပ်တိုက်တစ်လုံး၊ အသားတင်ယာဉ်တစ်စီး ပိုင်နေပြီ။ ၄ ထပ်တိုက်၏ အောက် ဆုံးထပ်တွင် ကုန်မျိုးစုံဆိုင်ဖွင့်၏။ အပေါ် ၃ ထပ်ကို ငှား စား၏။ ၂ ထပ်တိုက်တွင် မိသားစုနေ၏။

သူ့ဆိုင်တွင် အအေးခန်းရှိရာ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ငါးမျိုးစုံရှိ၏။ ကျေးလက်များသို့ လိုအပ်သောအကောင် များကို အင်္ဂလိပ်လယ်သမားများထံမှ ကိုယ်တိုင်ထွက်ဝယ် ကာ ဟာလာလုပ်၏။ အသီးအနှံမျိုးစုံ၊ ဟင်းခတ် အမွှေး အကြိုင်မျိုးစုံနှင့် ကုန်ခြောက်မျိုးစုံရ၏။ သားငါးဘူးအမျိုး မျိုးနှင့် အချိုရေပုလင်းမျိုးစုံ ရောင်း၏။ သူ့ဇနီးနှင့် နှမ တစ်ဦးတို့က ကူရောင်း၏။ သူ့ဆိုင်ကို အာရှတိုက်သားများ အာဖရိကတိုက်သားများနှင့် အနောက်အိန္ဒိယကျွန်းသားများ အားပေးကြ၏။



မန္တလေးက မိသားစုတစ်စုကလည်း ဂလောက်စတာမြို့ တွင် အလှကုန်နှင့် တိုလီမိုလီပစ္စည်းလေးများ အရောင်းဆိုင် ဖွင့်ထား၏။

ဩစတြေးလျနိုင်ငံ (**Perth**) မြို့တွင် မြန်မာအင်ဂျင်နီယာ တစ်ဦးသည် မြန်မာဝက်အူချောင်းလုပ်ရောင်းရာ အရောင်း ရသွက်သည် ဆို၏။ မြန်မာ ဝက်အူချောင်းနှင့် ဥရောပမှ (**Sausage**) ခေါ် ဝက်အူချောင်းတို့မတူပါ။ ကျွန်တော်တို့ လျှာတွင် မြန်မာလုပ်ဝက်အူချောင်းက အရသာ လေးလေး ပင်ပင်ရှိသည်။ ဥရောပ ဝက်အူချောင်းမှာ ဖွယ်တယ်တယ် နှင့်။

ရန်ကုန်မှကုလားတစ်ဦး အင်္ဂလန်တွင် မော်တော်ကား ပြင်စက်ရုံငယ်တစ်ခု ထောင်ထားသည်ကို တွေ့ရ၏။ ဟန်ကျ နေပြီ။ (**Spareparts**) များ အလွယ်တကူရသဖြင့် ကားပြင် ရလွယ်၏။

လူတိုင်းကြီးပွားသည်ဟုမဆိုနိုင်ပါ။မြန်မာအရာရှိဟောင်း တစ်ဦးသည် ဗန်ကောက်တွင် ရှေ့နေပညာဖြင့် အသက်မွေး ဖို့ကြိုးစားရာ ငှားမည့်သူမရှိသဖြင့် မိတ်ဆွေတစ်ယောက် အိမ်တွင် မှီခိုနေရရှာ၏။

အလုပ်အကိုင် မည်မည်ရရမရှိသဖြင့် ဗန်ကောက်နှင့် မလေးရှားအကြား ဗီဇာသက်တမ်းတိုးရန် ၃ လ တစ်ကြိမ် ရထားနှင့် ခေါက်ပြန်သွားနေရသော မြန်မာလူငယ်များကို တွေ့ခဲ့ရပါသည်။

အနောက်ဘာလင်တွင် မြန်မာတစ်ဦးသည် မော်တော်ကား အရောင်းအဝယ်ကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်သည်။ ကိုယ်ပိုင် မာစီဒီးကားနှစ်စင်းနှင့် ငွေကြေးချောင်လည်နေသည်၊

စက်ာပူတွင်လည်း မြန်မာတစ်ဦးသည် မြန်မာများဝယ်လေ့ရှိသော မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ တီဗွီ၊ ဗွီဒီယို၊ သွတ်စသော ဆောက်လုပ်ရေးပစ္စည်းများ၊ ပါတိတ်စသော အထည်များကို မြန်မာနိုင်ငံသို့အရောက်ပို့ပေးသော အရောင်းအဝယ်လုပ်ငန်းကို လုပ်နေသည်။

ဂျပန်နိုင်ငံ တိုကျိုတွင် မြန်မာတစ်ဦးသည် ဂျပန်အချို့နှင့်ပေါင်းပြီး မြန်မာပြည်သို့ ပြန်လည် အသစ်မွမ်းမံထားသော ကားများ (Reconditioned cars) ရောင်းချသောကုမ္ပဏီတစ်ခုတည်ထောင်ရာ ကုမ္ပဏီပျက်သွားသဖြင့် ကားမှာပြီး ငွေကြိုတင်ပေးထားသော မြန်မာအချို့ ငွေဆုံးရှုံးကုန်သည်။ ထိုသူသည်း ဘယ်ရောက်သွားမှန်း မသိတော့။ ၁၉၈၇-၈၈ ကဖြစ်သောကိစ္စပါ။

အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်၊ တင်ပါ (Tampa) မြို့တွင် မြန်မာလူငယ် တစ်ဦးသည် ပီယာဇာ (Piazza) ခေါ် အီတလီမုန့်ဆိုင်ကလေး ဖွင့်ထားသည်။ ယခု သူ့ဇနီးလည်းလိုက်သွားပြီ။ ယောက်ဖဖြစ်သူကိုလည်း လိုက်လာရန် လေယာဉ်လက်မှတ် ပို့လိုက်ရာ စာရေးသူ ဤစာအုပ်ရေးနေစဉ်တွင် လေယာဉ်လက်မှတ် ရောက်လာပြီ။



နိုင်ငံခြားသို့ သွားရောက် အလုပ်လုပ်ခြင်းသည် ကောင်းမကောင်း စာရေးသူ မသုံးသပ်လိုပါ။ ဤကိစ္စမှာ ပုဂ္ဂိုလ်ရေးအခြေအနေ၊ ပုဂ္ဂိုလ်ရေးအမြင်နှင့် ပိုဆိုင်ပါသည်။ အခြေအနေအရပ်ရပ်ကိုသာ အရင်းအတိုင်း တင်ပြလိုက်ခြင်းဖြစ်ပါသည်။

၆။ **သတိပြုရန်အချက်များ။**

(က) **လိုက်နာရန် အချက်များ၊**

အလုပ်ချိန်အတွင်း အလုပ်ကိုတိတိကျကျအချိန်ပြည့် လုပ်ရပါသည်။ လခစားဖြစ်စေ၊ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ အချိန်လေးစားခြင်း၊ အလုပ်ချိန်အတွင်း တိတိကျကျလုပ်ဆောင်ခြင်းမှာအလွန်အရေးကြီးပါသည်။အထက်ဖား အောက်ဖိနေရန်မလိုပါ။ အများနှင့် သင့်တင့်ပျူငှာစွာ ဆက်ဆံရန် လိုပါသည်။ မိမိ၏တိုးတက်ရာ. တိုးတက်ကြောင်းအတွက် အလုပ်ကို ကျွမ်းကျင်အောင်ကြိုးစားခြင်း၊ ကျွမ်းကျင်မှု သင်တန်းများတက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။ ထိုသို့လုပ်ရန်အခွင့်အလမ်းများရှိပါသည်။လုပ်ငန်းတွင်းပြင်သင်တန်းများ ရှိတတ်ပါသည်။

တစ်ဦးတည်း နေရသည်ကို ပျင်းရိပြီး ထွက်ပေါက်အနေဖြင့်အရက်အလွန်အကျွံသောက်ခြင်း၊ ကိုကင်း၊ ဆေးခြောက်၊ ဘိန်းဖြူ စသော မူးယစ်ဆေးဝါးများ သုံးစွဲခြင်း၊ လောင်း ကစားနှင့် အခြား အပျော်အပါး ကြူးခြင်းတို့ကို အထူး ရှောင်ကြဉ်ရန် လိုပါသည်။ မိမိလာရောက်ရင်း ရည်ရွယ်ချက်ကို သွေဖီမသွားရန် သတိပြုသင့်ပါသည်။ ကျန်းမာရေးကိုလည်း ဂရုစိုက်ပြီး မိမိအသိပညာနှင့် ဘဝတိုးတက်ရေး အခွင့်အလမ်းများကို ရှာဖွေရယူနေရန် ဖြစ်ပါသည်။

**(ခ) ရှောင်ကြဉ်ရန် ကိစ္စများ။**

မိမိ၏ အလုပ်အကိုင်ကို ပေါ့ဆစွာ လုပ်ခြင်း၊ ခိုကပ်ခြင်း၊ အလုပ်ဆင်းချိန်ကို မလေးစား ခြင်းကို ရှောင်ကြဉ်ရပါမည်။ ချိန်းဆို ထားသော အချိန်ထက် နောက်ကျ ရောက်ခြင်းသည် အထင်သေးမှုကို ခံရရုံမက မိမိအလုပ်ကို ထိခိုက်နိုင်ပါသည်။ စကား တစ်လုံးကို လွယ်လွယ်ပြော လွယ်လွယ်မေ့ခြင်းကိုလည်း ရှောင်ကြဉ်ရပါမည်။ အလုပ်လုပ်ကြရာတွင် လူအပေါ် ယုံကြည်မှုကို များစွာအခြေခံပြီး နှုတ်ဖြင့်ပြောသော စကားကတိကို အလေးထားတတ် ပါသည်။ စကားတစ်



ခါပျက်မိလျှင် တော်တော်နှင့် ကုစား၍ရမည် မဟုတ်ပါ။

နိုင်ငံခြားသား အပေါ် လိုအပ်သည်ထက်ပို၍ အထင်ကြီးစိတ်ဖြင့် မိမိကိုယ်ကို အထင်သေးခြင်း၊ အားငယ်ခြင်းလည်း ဖြစ်ရန်မလိုပါ။ မိမိတွင်ထုတ်နှုတ်သုံးစွဲခွင့် မရသေး၍ ငုပ် လျှိုးနေသော အရည်အသွေးများ ရှိပါလိမ့်မည်။ အားငယ်စိတ် ရှိရန်မလိုပါ။ ထိုအရည်အသွေးများကို သင့်တော်သော အခြေအနေ အချိန်အခါတွင် ဖော်ထုတ်ခြင်းဖြင့် မိမိသည် အတိုင်းအတာတစ်ခုအရပေမှီ ဒေါက်မှီ လူတစ်ယောက် ဖြစ်လာနိုင်ပါသည်။

တတိယ ရှောင်ကြဉ်ရန်ကိစ္စမှာ အကျင့်စာရိတ္တ အနေအထိုင်နှင့် ပတ်သက်ပါသည်။ အရှေ့ကမ္ဘာတွင်ရော အနောက် ကမ္ဘာတွင်ပါ (**Casino Gambling House**) စသည်ဖြင့် လိုင်စင်ရလောင်းကစားဝိုင်းများစွာရှိပါသည်။ မြင်းပွဲ၊ ခွေးပြိုင်ပွဲ စသည်တို့လည်း ရှိပါသည်။ ဤလောင်းကစားများကို မစတာ ကောင်းပါသည်။ ဂျပန်ရှိ (**Pachinko**) ခေါ် ဂေါ်လီကစားခြင်းမျိုး၊ နိုင်ငံတိုင်းတွင်ခေတ်စားနေသည့်(**Video Games**)မျိုး၊ အင်္ဂလန် အရက်ဆိုင်များတွင် ကစားလေ့ရှိသော မြှားပစ်ခြင်း (**Dart**)၊ အပျော်တမ်း ပိုကာကစား

ခြင်း စသည့်တို့ကမူ အပျော်သဘောသာ ဖြစ်၍ မလွန်လွန်းက အန္တရာယ်မရှိပါ။ အဓိကမှာလောင်းကစားကြီးနှင့် အပျော်ကစားခြင်းကို ခွဲခြားမြင်ရန်ဖြစ်ပါသည်။ ပို၍ ကြောက်စရာ ကောင်းသည်မှာ ဘိန်းဖြူ(Heroin)၊ ကိုကင်း(Cocaine)၊ ဆေးခြောက် (Marijuana) နှင့် (Crack) စသော မူးယစ်ဆေးဝါးတို့ကို ဝေရာမထိ ရှောင်ကြဉ်ရေး ဖြစ်သည်။

ထိုင်း၊ ဟောင်ကောင်၊ အမေရိကန်၊ အင်္ဂလန်တို့တွင် အများအပြားရှိပြီး နိုင်ငံတိုင်းလိုလိုတွင် အနည်းနှင့်အများ ရှိသော ဒုစရိုက် လောကနှင့် မဆက်စပ်မိရေးလည်းသတိမူပါ။အကျပ်အတည်း တစ်ခုခုကြောင့် အလွယ်တကူငွေရနိုင်မည့် လမ်းကို လိုက်မိရင်း ကျသွားမည် စိုးရပါသည်။ (Crime does not pay) ဒုစရိုက်သည် ဆိတ်ကွယ်ရာမရှိဟု ယုံကြည်ပါ။ မြန်မာ သင်္ဘောသားလေး တစ်ယောက် နိုင်ငံခြားတွင်ငွေချောင်း မှောင်ခိုမှုနှင့် ပတ်သက်မိ၍ဒုက္ခတွေ့ခဲ့ရပါသည်။

*

အပိုင်း (၆)

ပျော်စရာ ရှင်စရာ

စာဖတ်သူရော စာရေးသူပါ ပုထုဇဉ်လူသားဖြစ်၍ ပျော်စရာ ရွှင်စရာကလေးများလည်း လိုအပ်ပါမည်။ အလုပ်လုပ်သည့်အခါ လုပ်၍ အားလပ်ချိန်တွင် စိတ်၏ အပန်းဖြေစရာ လိုပါသည်။ ယနေ့ အပန်းဖြေခြင်းသည် မနက်ဖြန်အတွက် ခွန်အားမွေးခြင်းလည်း ဖြစ်ပါသည်။ တရားဓမ္မဖြင့် ပျော်မွေ့နေသူ သူတော်စင်များမှအပ၊ သာမန်လူသားများ အနေဖြင့် အထီးကျန်နေခြင်းသည် ရေရှည်တွင် စိတ်ရောဂါ ရစေနိုင်ပါသည်။

တရားဥပဒေဘောင် အတွင်းမှ အကျိုးရှိရှိ အပန်းဖြေ ပျော်ရွှင်နိုင်စရာ အမြောက်အမြား ရှိပါသည်။ မိမိအကြိုက် မိမိကြိုက်ရာရွေးနိုင်ရန် တင်ပြအပ်ပါသည်၊

၁။ **မိတ်ဆွေဖွဲ့ခြင်း။**

နိုင်ငံခြားတွင်နေထိုင်သော မြန်မာများလည်းရှိရာ ၎င်းတို့နှင့် အလွယ်တကူ မိတ်ဆွေဖွဲ့နိုင်ပါသည်။ မိမိလည်း နိုင်ငံကို

လွမ်းသလို သူတို့လည်းလွမ်းပါသည်။ မြန်မာစကား ဝအောင် ပြောပြီး မြန်မာအစာများ ချက်ပြုတ်စားသောက်နိုင်ကြပါသည်။ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် မြန်မာ အစားအသောက်များ ချက်ပြုတ်နိုင်ရန် ကုန်ကြမ်းပစ္စည်း ဟင်းလျာများ အလွယ်တကူ ရတတ်ပါသည်။ ချက်ပြုတ်ရသည်မှာ ပို၍ပင် အချိန်ကုန် သက်သာပြီး လွယ်ကူပါသည်။

နိုင်ငံခြားသားများနှင့်လည်း မိတ်ဆွေဖွဲ့ပါ။ စာရေးသူ အဖို့ အမေရိကန်၊ ကနေဒီယံ၊ လက်တင်အမေရိကန်၊ အင်္ဂလိပ်၊ ဝေလ၊ စကော့၊ အိုင်းရစ်၊ ပြင်သစ်၊ ဂျာမန်၊ ရုရှား၊ အာဖဂန်နစ္စတန်၊ အာရပ်အမျိုးမျိုး၊ ဂျူးအမျိုးမျိုး၊ အာဖရိကလူမဲအမျိုးမျိုး၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ဘူတန်၊ သီရိလင်္ကာ၊ တရုတ်အမျိုးမျိုး၊ အင်ဒိုနီးရှန်း၊ မလေး၊ ဖိလိပိုနို၊ ပစိဖိတ်ကျွန်းသားများ၊ ဂျပန်၊ ကိုရီးယား စသည်ဖြင့် လူအမျိုးမျိုးနှင့် မိတ်ဆွေဖွဲ့ဖူး၍ ကမ္ဘာပေါ်တွင် အခြေခံအားဖြင့် "လူ"ဟူသော လူတစ်မျိုးသာရှိသည်ဟု ယုံကြည်ပါသည်။

အပေါ်ယံအလွှာ ဖြစ်သော လူမျိုး၊ အသားအရောင်၊ ဘာသာစကား၊ ကိုးကွယ်မှုနှင့် ဓလေ့ထုံတမ်း မတူမှု အကာအောက်တွင် တူညီမှုများကို ဖော်ထုတ် တွေ့ရှိရပါသည်။ အရေးကြီးသည်မှာ အပေါ်ယံအလွှာ ကွာခြားမှုကို လေးစား နားလည်မှုထားရင်း အောက်ရှိ တူညီမှုများ ပေါင်း



စပ်ယူရန် ဖြစ်ပါသည်။ အပေါ်ယံအလွှာကို ဖောက်ထွင်းရာတွင်သာ အစတွင် အခက်အခဲ ရှိကောင်း ရှိပါမည်။

ပေါင်းရ သင်းရ လွယ်သည်မှာ အရှေ့တောင်အာရှနှင့် အရှေ့အာရှတိုက်သားချင်း ဖြစ်ပါသည်။ မြန်မာနှင့် ထိုင်း၊ မြန်မာနှင့်တရုတ်သည် နာရီဝက်အတွင်း သူငယ်ချင်း ဖြစ်သွားနိုင်ပါသည်။ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆက်ဆံတတ်ရာတွင် အလွန်တူပါသည်။ ဂျပန်တို့သည် အရှိအသေ အပြန်အလှန်ပေးမှု၊ စကားပြောရာတွင် ဒဲ့ဒိုးမပြောမှုဟူသော အပေါ်ယံအကာအောက်တွင် ခင်မင်တတ်ခြင်း၊ ကူညီတတ်ခြင်း၊ မိတ်ဆွေများအပေါ် သစ္စာစောင့်သိခြင်း ဟူသော အနှစ်သာရများ ရှိပါသည်။ အင်္ဂလိပ်တို့သည် မျက်နှာစိမ်းဖြစ်က ဖာသိဖာသာ နေခြင်းဟူသောမျက်နှာဖုံးအောက်တွင် မိတ်ဆွေဖြစ်လိုသော အသဲနှလုံး ရှိပါသည်။

စာရေးသူသည် တစ်ကြိမ်က အီဒင်ဘာရာမြို့သို့ ရထားစီးသွားရာ ဘေးထိုင်ခုံမှ အင်္ဂလိပ်မလေးတစ်ဦးနှင့် နာရီဝက်ခန့် တစ်ဦးကိုတစ်ဦး မမြင်သလို ကိုယ့်စာအုပ်ကို ကိုယ်ထိုင်ဖတ်သွားရာမှ ရာသီဥတု အေးလာကြောင်း စပြောရာမှ အီဒင်ဘာရာဘူတာရုံကြီးသို့ မရောက်မီ သူ့အကြောင်း၊ သူ့မိဘ အကြောင်း၊ သူ့ရည်းစားအကြောင်း၊ သူ့အိမ်ကကြောင်နှစ်ကောင်အကြောင်းပါ သိခဲ့ရသည်။ ဝေလလူမျိုး စီမံခန့်ခွဲရေးဝန်ထမ်းတစ်ဦး နှင့် စာပေအကြောင်း စကားစပ်မိရာမှ စာရေးသူ ဖတ်လိုသော စာအုပ်များကို (၆) လတိတိ

သူက စာတိုက်မှတစ်ဆင့် ပို့ပေးနေရုံမက သူနေထိုင်ရာမြို့သို့ ညအိပ်ညနေ အလည်သွားပြီး သူ့အိမ်တွင် တည်းခို နေထိုင် စားသောက်ရသည်အထိ ဖြစ်ပါသည်။ အမှတ်မထင် ငှဲး စီးလာသော တက္ကစီကားမောင်းသမား၏ ရင်ပတ်ရှိ ကြယ်နီ ကလေးကို မေးမိရာမှ သူသည် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာစစ်မြေပြင်မှ ရဲဘော်ဟောင်းများကို စစ်သေနာပတိ (Field Marshal Sir William Slim)က ဦးဆောင်ဖွဲ့ထားသော (Burma Star) အသင်းဝင်ဖြစ်ကြောင်း သိရရုံမက စာရေးသူကို တက္ကစီခ မယူတော့သော အဖြစ်ကို ကြုံခဲ့ပါသည်။

မိတ်ဆွေဖွဲ့နိုင်သော နေရာများမှာ အလုပ်ခွင်၊ ကျောင်း၊ စားသောက်ဆိုင်၊ ဘီယာဆိုင်၊ အားကစား၊ ဘာသာရေးနှင့် ယဉ်ကျေးမှု အခမ်းအနားများ၊ အသင်းများ၊ ကလပ်များ စသည့် အများပြည်သူနှင့်ဆိုင်သော နေရာများဖြစ်ပါသည်။ အမရအတွက်အရ များပြားသောမိတ်ဆွေများထဲမှ အရည် အသွေးအရ မြင့်သော မိတ်ဆွေကောင်းများ ထွက်လာပါ မည်။ ကလျာဏမိတ္တသမ္ပဒါသည် အရေးကြီးသည် မဟုတ် ပါလော။

## ၂။ ရိုးရာပွဲလမ်းသဘင်များ

အနောက်နိုင်ငံများတွင် ခရစ္စမတ်ပွဲတော်သည် ရက်လည်း အရှည်ဆုံး ပျော်စရာလည်း အကောင်းဆုံးပွဲတော်ဖြစ်သည်။



ခရစ္စမတ်ပွဲတော်သည် ယေရှုခရစ်တော် မွေးနေ့ အထိမ်း အမှတ် ကျင်းပသော ခရစ်ယာန်ဘာသာ ပွဲတော် အဖြစ်မှ လူမျိုးမရွေး ဘာသာမရွေး၊ အသားအရောင်မရွေး ပါဝင် ဆင်နွှဲကြသော ပွဲတော်ဖြစ်လာချေပြီ။ လမ်းများ၊ အဆောက် အအုံများတွင် ရောင်စုံမီးများ လှပစွာ ထွန်းညှိကြသည်။

ပျော်ပွဲရွှင်ပွဲ၊ စားပွဲသောက်ပွဲများကို ပြုလုပ်ကြသည်။ အလွန်ပျော်စရာကောင်းသည်။ အီစတာစသော အခြား ဘာသာရေးပွဲတော်များလည်းရှိသည်။ ထို့ပြင် ရာသီပွဲတော် များ၊ သမိုင်းဆိုင်ရာပွဲလမ်းသဘင်များ (ဥပမာ—ဂျူလိုင် ၄-ရက်၊ အမေရိကန် လွတ်လပ်ရေးနေ့)၊ မြို့ရွာဒေသ အလိုက် အစဉ်အလာအရပြုလုပ်သောပွဲတော်(ဥပမာ—အင်ဒီ ဘာရာမြို့၏ ရဲတိုက်ကြီးတွင် တန်ဆာဆင်ထားပြီး မြို့၏ အကြီးဆုံးလမ်းကြီးဖြစ်သော (Princess Street)တစ် လျှောက်တွင် စကော့ အမျိုးသားဝတ်စုံများဝတ်ကာ တီး မှုတ်ကခုန်ကြသောပွဲတော်) အစဉ်အလာအရ ပြုလုပ်သော အားကစားနှင့်စွမ်းရည်ပြိုင်ပွဲများ (အောက်စဖို့နှင့် ကိန်းဘ ရစ် တက္ကသိုလ်လှေလှော်ပြိုင်ပွဲ၊ ဂလောက်စတာမြို့ အပျော် စီး လေယာဉ်ပြိုင်ပွဲ) ဖြစ်ကြပါသည်။

ကမ္ဘာ့အရှေ့ခြမ်းတွင်လည်း မြန်မာနိုင်ငံနှင့်တူသောရိုးရာ ပွဲတော်များ ရှိပါသည်။ ထိုင်းနိုင်ငံတွင် သင်္ကြန်မှာ မြန်မာ ကဲ့သို့ပင်။ တရုတ်ရိုးရာ ပွဲတော်များဖြစ်သည့် ကွယ်လွန်သူ

ဘိုးဘွားဘီဘင်ကို ပူဇော်ပသသောပွဲတော်များ၊နှစ်သစ်ကူး ပွဲတော်များကို တရုတ်ပြည်ပတွင်သာမက၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်္ကာပူ၊ထိုင်း၊ ဖိလစ်ပိုင်တို့တွင် တွေ့ရပါသည်။ နတ်ပွဲများကိုလည်း ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းစသည် တို့တွင် တွေ့ရပါသည်။ ရာသီပွဲများ၊ သဘာဝအလှကိုခံစား သောပွဲတော်များ(ဥပမာ=ဂျပန်ပြည်၏ ချယ်ရီပန်းပွဲတော်) စသည်တို့လည်း ရှိပါသည်။

အရှေ့အလယ်ပိုင်းဒေသများတွင်လည်း မွတ်စလင်ယဉ် ကျေးမှုပွဲတော်များ ရှိပါသည်။ ဘက္ကရီအစ်နေ့တွင် မြန်မာ ပြည်တွင်ကဲ့သို့ပင်မိတ်ဆွေများဆီလည်ပတ်ပြီးဗိုက်စီးကြောင်း တိုက်နိုင်ပါသည်။

နိုင်ငံတိုင်းလိုလိုတွင် ရိုးရာကပွဲ (Folk Dances) များ ကျင်းပကြပါသည်။

ဤပွဲတော်အားလုံးလိုလိုပင် ဝင်ကြေးပေးရန်မလိုသော ပွဲတော်များဖြစ်ကြပါသည်။ မိမိ ခင်ရာမင်ရာများနှင့်အတူ ခံစားကြရန်သာ။ အချို့သော ပွဲတော်မျိုးမှာ ကိုယ်တိုင် ကိုယ်ကျ ပါဝင်ဆင်နွှဲနိုင်သော ပွဲတော်မျိုးဖြစ်ပြီး အချို့မှာ ဘေးမှပွဲကြည့်ပရိသတ်အဖြစ် ပါဝင်ရသော ပွဲတော်ဖြစ်ပါ သည်။ စပိန်မှ နွားရိုင်းလိုက်ပွဲတော်၊ ဘရာဇီးမှ ကာနဗယ် ပွဲတော်တို့မှာလည်း လူအများ အစွမ်းကုန် ပျော်ကြသည့် ပွဲတော်များဖြစ်၏။



၃။ ပျော်ပွဲစားရုံများ။

ကမ္ဘာ့မြို့ကြီးများတွင် ကမ္ဘာ့အရပ်ရပ်မှ လူမျိုးအသီးသီး ၏ အစားအသောက်များကိုရောင်းသည့် စားသောက်ဆိုင် အမျိုးမျိုးရှိကြပါသည်။ လူများသည် ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းအခြေချကြရင်း အချို့သည် စားသောက်ဆိုင် ဖွင့်ကြရာ ရိုးရာအစားအစာများကို ထိုလူမျိုးများကိုယ်တိုင် ချက်ပြုတ်မွမ်းမံ တည်ခင်းပေးသော စားသောက်ဆိုင်များ ရှိပါသည်။ ငွေကြေးအသင့်အတင့်မျှကုန်ကျရုံဖြင့် စိတ်ဝင် စားဖွယ်ရာအရသာရှိရှိ သုံးဆောင်နိုင်သော ဆိုင်ငယ်ကလေး များ၊ လေဟာပြင်ဆိုင်များ၊ တွန်းလှည်းဆိုင်များ ရှိပါ သည်။

မြန်မာလူမျိုးများ လျှာဖြင့် ကြိုက်နိုင်မည့် အစားအ သောက်ဆိုင်ကလေးများမှာ အီတလီ စားသောက်ဆိုင်က လေးများ၏ မာကရိုနီ (Marcaroni) နှင့် စပက်ဂက်တီ (Spagetti)များ၊ တရုတ်အစားအစာများ၊ ဂျပန်ဆိုင်များ ၏ဆုရှိ(Sushi)၊ ဆုကီယာကီ (Sukiyaki)များ၊ ယိုးဒယား အစားအစာများ၊ အိန္ဒိယ အစားအစာများ ဖြစ်ကြပါ သည်။

အားလပ်ရက်များတွင် အမေရိကန်နှင့်အနောက်ဥရောပ တို့တွင် ကျေးလက်ဒေသသို့ သွားရောက်ပြီး (INN)ခေါ် တည်းခို စားသောက်ဆိုင်ကလေး များတွင် တည်းခိုကာ၊

ပိုင်ရှင်ကိုယ်တိုင်ပြုလုပ်ပေးသော ကျေးလက်ရိုးရာ အစားအစာများကို အိမ်တွင်းလုပ် ဝိုင်အရက်များဖြင့် အရသာခံလျက် နားနားနေနေ တိတ်တိတ်ဆိတ်ဆိတ် နေရခြင်းသည်လည်း မြို့ကြီးများတွင် သူဆူညံညံနေရသောဘဝကိုအပြောင်းအလဲ ဖြစ်စေပါသည်။

## ၄။ အရက်ဆိုင်။

အရက်ဆိုင်ဆိုလျှင် မြန်မာပြည်တွင် နှာခေါင်းရှုံ့ကြသူများပါသည်။ နှာခေါင်းမရှုံ့သူများကလည်း ဆိုင်များတွင် စည်ကားစွာ အားပေးလျက်။

အမေရိကန်၊ အနောက်ဥရောပ၊ အရှေ့ဥရောပတို့တွင်သာမက ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်္ကာပူစသော အရှေ့နိုင်ငံများတွင် ဤဆိုင်များသည် လူမှုဘဝ၏ သာမန်အစိတ်အပိုင်း ဖြစ်နေကြပါသည်။ ဟိုတယ်ကြီးများ၊ စားသောက် ဆိုင်ကြီးများတွင်သာမက၊ (Bar, Inn, Pub) စသည့် ဝေါဟာရအမျိုးမျိုးဖြင့် ဖွင့်ထားသောအရက်ဆိုင်ကလေးများ၊ ညကပွဲခန်းများ၊ လမ်းဘေးလမ်းပေါ်ဆိုင်ကလေးများ၊ လက်တွန်းလှည်း စားသောက်ဆိုင်ကလေးများကအစ အရက်မျိုးစုံ၊ ဘီယာမျိုးစုံရောင်းကြပါသည်။ မြန်မာပြည်တွင် လက်ဖက်ရည်ဆိုင်နှင့်မုန့်ဟင်းခါးဆိုင်များပေါသလိုပင် လူများ အပန်းဖြေရာ၊ မိတ်ဆွေ



အပေါင်းအသင်းနှင့် စကားစမြည်ပြောရာနေရာ ဖြစ်ပါသည်။ သာမန်မျှသာ သုံးဆောင်လျှင် အနိမ့်ဆုံး ဝင်ငွေရှိသူအထိ လက်လှမ်းမီပါသည်။ ဥပမာ ဘီယာအကြီးတစ်လုံးသို့မဟုတ် ဝီစကီတစ်ပက်သည် အနိမ့်ဆုံးဝင်ငွေရှိသူ တစ်နေ့တာလုပ်ခ၏ ၁၈ပုံ ၁ပုံမှ ၂၀ ပုံ ၁ ပုံသာရှိပါသည်။

အင်္ဂလန်နှင့် ဥရောပမြို့ငယ်များရွာများတွင်လူကြီးလူငယ်များသည် ညနေခင်းတွင် မိမိတို့သွားနေကျအရက်ဆိုင်တွင်ဆုံလေ့ရှိကြပါသည်။ ဆိုင်များလည်းသန့်ရှင်းပြီးအေးအေးချမ်းချမ်းရှိသည်သာများပါသည်။ လူငယ်များ ဆုံလေ့ရှိသော ဆိုင်များတွင်မူ စတီရီယိုတေးသံ ဆူညံလှပါသည်။ စာရေးသူ တစ်ခါက အာဖရိကနှင့် အာရပ်မိတ်ဆွေများနှင့်အတူဝေလနယ်ကာဒစ် (Cardiff)မြို့ မြေအောက်ထပ်ရှိ ဆယ်ကျော်သက်များစုဝေးရာဆိုင်သို့ဝင်မိရာ စတီရီယို တေးဂီတသံမှာ ဆူလွန်း၍ အမြန်ပြန်ပြေးလာခဲ့ရပါသည်။

ဂျပန်တွင်မူ လခစားများသည် အလုပ်ဆင်းပါကအိမ်သို့ တန်းပြန်လေ့မရှိဘဲ လုပ်ဖော်ကိုင်ဖက်အချို့နှင့် တစ်ခွက်တစ်ဖလား ဝင်ချလေ့ ရှိကြပါသည်။ တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်လေ့ရှိတတ်ရာ ဤအကျင့်ကို (Bar Hopping) ဟုခေါ်ပါသည်။

အင်္ဂလန်က အရက်ဆိုင်ရှင် (Landlord)နှင့်(Landlady) ဆိုသည်မှာ ရပ်ကွက်တွင် လူချစ်လူခင်များသော လူရှိသေ

ရှင်ရှိသော ပုဂ္ဂိုလ်များဖြစ်ပါသည်။ စာရေးသူသည် အောက်စဖို့ တက္ကသိုလ်ကျောင်းသူတစ်ဦးထံမှ မော်တော်ကားဝယ်စဉ်က စာရေးသူအိမ်နားရှိ (Crossed Keys Inn) တွင် ထိုကျောင်းသူအားချိန်းပြီး အရက်ဆိုင်ရှင်ကို သက်သေထားလျက် မော်တော်ကား ဝယ်ခဲ့ပါသည်။

အနောက်တိုင်းနှင့်အရှေ့တိုင်း အရက်သောက်နည်း ကွာခြားချက်မှာ အရှေ့တိုင်းက အမြီး အများအပြားစားလေ့ရှိပြီး၊ အနောက်တိုင်းကဲ လုံးဝမစားဘဲ (သို့မဟုတ်) မြေပဲ၊ အာလူးကြော် စသည့် အနည်းအကျဉ်းသာ စားခြင်းဖြစ်ပါသည်။

## ၅။ ကစားခုန်စား။

ကစားခုန်စားများကို ကိုယ်တိုင် ပါဝင်ဆင်နွှဲခြင်း၊ သို့မဟုတ် ပွဲကြည့်ပရိသတ်လုပ်ခြင်းပြုလုပ်နိုင်ပါသည်။တစ်ကမ္ဘာလုံး ကစားကြသော အားကစားများမှာ ဘောလုံးကန်ခြင်း၊ (မြန်မာပြည်တွင် Foot ball ခေါ်ပြီး ဥရောပတွင် Soccer ခေါ် သည်)၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ဘောလီဘော၊ ဘတ်စကက်ဘော၊ ရေကူး၊ ဂေါက်သီးရိုက်၊ အလေးမ၊ ဂျူဒို၊ လက်ဝှေ့ စသည်တို့ဖြစ်ပါသည်၊ မိမိဝါသနာပါရာ၊မိမိအဆင်ပြေရာ၊အလုပ်ခွင်ကစားရုံ၊ ကလပ်အဆင်း၊ရပ်ကွက်တွင်းအားကစားရုံတို့တွင် ပါဝင်ကစား



နိုင်ပါသည်။ တော်ရန်မှာ အဓိက မဟုတ်ပါ။ လူရောစိတ်ပါ ကျန်းမာစေသော ဓလေ့တစ်ခုဖြစ်၍ နိုင်ငံခြားတွင်ကြာကြာနေမည့် မြန်မာများ တစ်ခုခု ကစားသင့်ပါသည်၊ ဂေါက်သီးကိုမူ အတော်အတန် ငွေကြေး တတ်နိုင်ရုံဖြင့် နိုင်ငံခြားတွင် ကစားနိုင်မည်မဟုတ်ပါ။ကလပ်ဝင်ကြေးကပင် ဂျပန်တွင်ဆိုလျှင် ဒေါ်လာ သောင်းဖြင့်ချီပြီး ကုန်ကျပါသည်။ ဂေါက်အိတ်သယ် (Caddy) စရိတ်လည်း ကြီးပါသည်။ မြန်မာနိုင်ငံနယ်မြို့များတွင်ကဲ့သို့ဝင်ကြေးမရှိ၊ လစဉ်ကြေး ၂၀ ကျပ်၊ ကယ်ဒီက တစ်ညနေ . သုံးကျပ်၊ ငါးကျပ် စသည်ဖြင့် မရပါ။

ထို့အပြင် ဒေသအလိုက် ခေတ်စားသော အားကစားများ၊ ဥပမာ ထိုင်းလက်ဝှေ့၊ ဂျပန်တွင် ဆူမို၊ အာကီဒို၊ ခရာတေးနှင့် ဘေ့စ်ဘော၊ အင်္ဂလန်တွင် ဘောလိုမ့်ခြင်း (Bowling)၊ အမေရိကန်ဘောလုံး၊ ပါကစ္စတန်တွင် ခရစ်ကက် ဘောရိုက်ခြင်း စသည်တို့လည်း ရှိပါသည်။ အချို့ ကစားနည်းများမှာ ခွန်အားအလွန်လိုပြီး အလွန်ကြမ်းသဖြင့် မြန်မာများဗလဖြင့် ကစားရန်မသင့်ပါ။ ဥပမာ—ဆူမိုနပန်းဆိုလျှင် ကိုယ်အလေးချိန် အနည်းဆုံး ပေါင်ချိန် ၃၅၀ ခန့်ရှိသဖြင့် ပေါင် ၁၅၀ ခန့်ရှိသော မြန်မာများဝင်ယှဉ်နိုင်မည်မဟုတ်ပါ။ ဤကစားနည်းမျိုးတွင်မူ ပွဲကြည့်ပရိသတ်အနေဖြင့် ဝင်ကြည့်သင့်ပါသည်။ အလားတူစွာ စပိန်နှင့် မက္ကစီကိုတို့တွင် ကျင်းပလေ့ရှိသော ကျွဲရိုင်းနှင့် ယှဉ်သတ်ပွဲ

မျိုးမှာ အသက်အန္တရာယ်နီးလှပြီး အလွန်ကျွမ်းကျင်ရသဖြင့်
ဘေးမှ လက်ခုပ်တီးရသော ကောင်းပါသည်။

ထိုအားကစားများတွင် ကျောင်းများ၊ အလုပ်ရှင်များ
က တည်ထောင် ကမကထပြုထားသည်များဖြစ်လျှင် အခမဲ့
သို့မဟုတ် အလွန် အကုန်အကျ သက်သာစွာ ကစားနိုင်ပါ
သည်။

စာရေးသူ ဂျပန်တွင်ရှိစဉ်က စာရေးသူ နေထိုင်ရာနှင့်
ကပ်လျက် ဝင်းအတွင်းတွင် ပုဂ္ဂလိက ကုမ္ပဏီငယ်တစ်ခု၏
ကစားကွင်း ရှိပါသည်။ တင်းနစ်ကွင်း(၄)ကွင်းနှင့် ကိုယ်
လက်လေ့ကျင့်ခန်းလုပ်ရာ ကွင်းတစ်ကွင်းပါဝင်သည်။ တင်း
နစ်ကွင်းများတွင် ရက်ကက်များ ပေးထားရုံမက ကွင်းတိုင်း
တွင် ပ လတ်စတစ် တစ်တောင်းနှစ်တောင်းစီဖြင့် ထည့်ထား
သော ဘောလုံးဖက်ဖူးရောင် (၂၀၀) စီခန့်ကို စာရေးသူ
အခန်းပြတင်းမှ လှမ်းမြင်နေရပါသည်။ ဘောလုံးကောက်
ပေးမည့်လူ သီးခြားမရှိပါ။ ထိုဘောလုံးအားလုံးကို ကုန်
အောင်ရိုက်ပြီးမှ ကစားသူ လေးဦးလုံးက လိုက်ကောက်ကာ
တောင်းတွင် ပြန်ထည့်ပြီး ပြန်ရိုက်ပါသည်။ ဘောလုံးပေါ
တက်နင်းပြီး ချော်မလဲရန် မလွတ်မကင်းကျနေသော ဘော
လုံးများကို အဝေးသို့ ခြေဖြင့်ခတ်ထုတ်ရပါသည်။ ကစား
ပြီးသောဘောလုံးကို ပြန် ရေတွက်သည်ဟူ၍လည်း မရှိ
ကြောင်း သတိပြုမိပါသည်။ ကိုယ်လက် လေ့ကျင့်ခန်းကိုမူ
နည်းပြဆရာတစ်ဦးက ဦးဆောင် ပြုလုပ်ပေးပါသည်၊



အင်္ဂလန်ပြည်ရှိ ကျောင်းကြီးများတွင်လည်း အားကစား
ပစ္စည်းများကို ကျောင်းရန်ပုံငွေဖြင့် အပြည့်အစုံ ထောက်ပံ့
ပေးထားပြီး ကျောင်းသားတိုင်း အားကစား တစ်ခုခုကို
ကစားမနေရ ပြုလုပ်ထားသည်ကို တွေ့ရပါသည်။

ရပ်ကွက်တွင်း အားကစားရုံများ၊ ကလပ်များတွင်မူ
ဝင်ကြေးပေးပြီး ကစားကြသည်ကို တွေ့မြင် ရပေသည်။
ဝင်ကြေး၊ လစဉ်ကြေးတို့မှာတည်း လူတိုင်းတတ်နိုင်သော
ပမာဏသာဖြစ်ပါသည်။ အင်္ဂလန်တွင် အများသုံးရေကူးကန်
ဆိုလျှင် ၄၀ ပဲနီလောက်ဖြင့် ဝင်ကူးနိုင်ပါသည်။ ဖန်အိမ်
တွင်းရှိရေကူးကန်ရေမှာ နွေးနေပါသည်။ ထိုအချိန်တွင်အပြင်၌
သီးနှင်းကျကောင်း ကျနေပါမည်။

အားကစားမဟုတ်သော်လည်း သြစတြေးလျမှ တီကောင်
အပြေးပြိုင်ပွဲ၊ အင်္ဂလန်မှ ပဲ့ကျိအပြေးပြိုင်ပွဲ စသော ပေါက်
ပေါက် ရှာရှာ ရယ်စရာ ပြိုင်ပွဲကလေးများလည်း ကြုံကြိုက်
တတ်ပါသည်။ အမေရိကန် (Rodeo)ခေါ် ရိုးရာ နွားရိုင်း၊
မြင်းရိုင်းစီးပွဲလည်း ကြည့်ရတာ ပျော်စရာ ကောင်းသည်။
ဝင်မစမ်းလိုက်ပါနှင့်၊ ခါးကျိုးဖို့ များသည်။

၆။ ပြတိုက်များ။

ပြတိုက်များ သမိုင်းဝင် အဆောက်အဦးများကို အား
လပ်ရက်တွင် လိုက်လံကြည့်ရှုခြင်းသည်လည်း အပျင်းလည်း

ပြေ၊ ဗဟုသုတလည်းရသောနည်းတစ်နည်းဖြစ်သည်။ အချို့နေရာများမှာ ဝင်ကြေးပေးရပြီး၊ အချို့နေရာများမှာမူ အခမဲ့ ဝင်ရောက်ကြည့်ရှုခွင့် ရှိပါသည်။ အလားတူပင် ရှေးဟောင်း ဘုရားပုထိုးများ၊ ကျောင်းများ၊ ရဲတိုက်ကြီးများ၊ ဘုရားရှိခိုးကျောင်းများ၊ နတ်ကွန်းများ၊ နန်းတော်ဟောင်းများကိုလည်း လှည့်လည်ကြည့်ရှုနိုင်ပါသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြဘုရားမှာ မြန်မာဗုဒ္ဓဘာသာများ ဗန်ကောက်တွင် အချိန်ရက သွားရောက် အဖူးထိုက်ဆုံး နေရာ ဖြစ်ပါသည်။ ဗန်ကောက်မြို့ရှိ စေတီပုထိုးများ၏ ထူးခြားချက်မှာ ရွှေရောင်၊ ဟင်္သပြဒါးရောင် စသည်ဖြင့် သစ်လွင် တောက်ပ သန့်ရှင်းနေခြင်း၊ ပရဝုဏ်အတွင်းသို့ ဂျင်းဘောင်းဘီ၊ တီရှပ် စသည်တို့ဖြင့် ဝင်ခွင့်မပြုခြင်း ဖြစ်ပါသည်။

ဂျပန်တွင်လည်း တိုကျိုရှိ မေဂျီဘုရားကျောင်းတော် (Meiji Shrine)၊ ယာစကူနီစစ်သင်္ချိုင်း (Yaskuni Shrine) အဆာကူဆာ (Asakusa)ကျောင်းတော် ကမာကူရာမြို့ရှိ ကမ္ဘာ့အကြီးဆုံးကြေးဆင်းတုတော်၊နာရာမြို့ရှိတိုဒဂျီကျောင်းတော် (Todaji)၊ ကျိုတိုရှိ ဘုရင့်နန်းတော်ဟောင်း၊ နီဂျိုရဲတိုက် (Nijo Castle) ဟိုင်ယံကျောင်းတော် စသည်တို့ကို ရောက်သည့် အခိုက် ဝင်ရောက်သင့်ပါသည်။ အချို့မှာ ဝင်ကြေးပေးရပါသည်၊ အိုဆာကာမြို့ရှိ နေရှင်နယ် ပါနာဆိုနစ်



ကုမ္ပဏီကြီး တည်ထောင်သူ မတ်ဆုရှိတာ၏ (Matsushita Museum of Technology) စသော သိပ္ပံ ပြခန်းများမှာ အနာဂတ်သိပ္ပံနှင့် နည်းပညာကို မျှော်မှန်း တင်ပြထားပါသည်။

အီတလီနှင့် ဂရိတို့တွင်လည်း ရှေး ရောမ ခေါမခေတ်က ကျောင်းတော်များ၊ အားကစားကွင်းကြီးများမှာ ကြည့်ရှုသင့်သော နေရာများ ဖြစ်ပါသည်။ အလားတူစွာ အီဂျစ်ရှိ ပစ်ရမစ်များ၊ တရုတ်တံတိုင်းကြီးတို့ကိုလည်း အခြေအနေပေးက ကြည့်ရှုသင့်ပါသည်။

အနောက်ဥရောပတွင်လည်း အလယ်ခေတ် ရဲတိုက်ဟောင်းကြီးများ၊ ပြင်သစ်ပြည် ပါရီမြို့မှ (Effel Tower) နှင့် (Louvre) စသော အနုပညာပြခန်းများမှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်ပါသည်။ ထို့ပြင် အီတလီဘက် ရောက်ပါက ဗင်းနစ်မြို့တွင်း တူးမြောင်းများအတွင်း ဂွန်ဒိုလာလှေ စီးခြင်း၊ ဗာတီကန်မြို့ပြနိုင်ငံရှိ စိန့်ပီတာ ဘုရားရှိခိုးကျောင်းကို လေ့လာခြင်းတို့ ပြုရန်လည်း ထောက်ခံ အကြံပြု အပ်ပါသည်။

အလွန် စိတ်ဝင်စားဖွယ်ရာ ပြတိုက်များကို လန်ဒန်မြို့ရှိ ခရွန်းဝဲလမ်း(Cromwell Street)တွင် တစ်စုတစ်စည်းတည်း တွေ့နိုင်ပါသည်။ ထိုလမ်းပေါ်တွင် ပြတိုက်ပေါင်း များစွာကို ဘာသာရပ်အလိုက် စနစ်တကျ အဆောက်အဦကြီးများ

ခွဲခြားပြီး ပြထားပါသည်။ သိပ္ပံပြတိုက်၊ စစ်သမိုင်းပြတိုက် စသည်ဖြင့် မျိုးစုံပါသည်။ ဝင်ကြေးမှာ ပြတိုက်တစ်ခုလျှင် ပဲနို ၅၀ ပတ်ဝန်းကျင်တွင် ရှိပါသည်။ သိပ္ပံပြတိုက်၏ လေယာဉ်ပြခန်းကြီးတွင် ရိုက်ညီနောင် (Wright Brothers) တို့ တီထွင်ခဲ့သောကမ္ဘာ့ပထမဆုံးလေယာဉ်မှ ဆိုဗီယက်မှ ၁၉၅၇ တွင် လွှတ်တင်ခဲ့သော ယူရီဂါဂါရင် စီးနင်းခဲ့သည့် ကမ္ဘာ့ပထမဆုံး စပွတ်နစ်ဂြိုဟ်တုအထိ တွေ့ခဲ့ရပါသည်။ ယခုဆိုလျှင် ပိုမိုစုံလာမည် ထင်ပါသည်။ ထို့ပြင် မြို့ပေါ်ရှိအခြားအဆောက်အဦကြီးများဖြစ်သော ဗြိတိသျှပါလီမန်၊ စိန့်ပေါကျောင်းတော်၊ အဲလစ်ဇဘက်ဘုရင်မ ၁၉၅၄ ခုနှစ်က ဘိသိက်ခံခဲ့သည့် ဝက်စ်မင်စတာ ကျောင်းတော်မှအစ အဲလစ်ဇဘက်ဘုရင်မလက်ရှိနေသည့်ဘတ်ကင်ဟမ်နန်းတော် အတွင်းအထိ ဝင်ကြည့်ခွင့် ရှိပါသည်။(တိုကျိုရှိ ဧကရာဇ်လက်ရှိနေထိုင်သော နန်းတော်ဝင်း အတွင်းလည်း ဝင်ကြည့်ခွင့်ရှိပါသည်။) ဗြိတိသျှဝန်ကြီးချုပ် အစဉ်အဆက် နေထိုင်သည့် အမှတ်(၁၀) ဒေါင်းနင်းလမ်းအိမ်တံခါး၏ (၁၀) ပေခန့်အထိလည်း ကြည့်ခွင့်ရှိပါသည်။

နယ်အရပ်ရပ်တွင်လည်း ရဲတိုက်ဟောင်းများကို ဝင်ကြေးပေးပြီး မည်သူမဆိုဝင်ကြည့်နိုင်ပါသည်။ ဘုရင်အဆက်ဆက်မြုပ်နှံရာ ဝင်ဆာနန်းတော်၊ ဆာဝင်စတန်ချာချီတို့ ဘိုးဘွားအစဉ်အဆက်ပိုင်ဆိုင်သော (Blenheim Palace) [ဘလန်ဒန်ပဲလေ့စ်ဟု အသံထွက်သည်]မှ အစဖြစ်ပါသည်။



အထက်ဖော်ပြပါနေရာများကို ဝင်ကြည့်ရာတွင် အစစ်အဆေး လုံးဝမရှိပါ။ ဘာထောက်ခံစာမှ မပြရပါ။ ထိုနေရာများတွင် နေရာဒေသနှင့်ဆိုင်သော ဗဟုသုတဖြစ်ဖွယ်ရာ စာအုပ်လေးများ၊ ပို့စကဒ်များလည်း ရောင်းပါသည်။ စားသောက်ဆိုင်ကလေးများလည်း ရှိပါသည်။

အမေရိကန်တွင်လည်း သမိုင်းပြတိုက်များ၊ သိပ္ပံပြတိုက်များ၊ National Parks ခေါ် ထိန်းသိမ်းထားသည့်သဘာဝရှခင်းများ၊ (ဥပမာ Grand Canyon, Niagara Fall) စသည်ဖြင့် အထူးစိတ်ဝင်စားဖွယ်ရာ ဖြစ်ပါသည်။

အပျော် ကြည့်ရန်အတွက် ကာတွန်းဆရာကြီး Walt Disney ၏ တီထွင်ဖန်တီးမှုများကို အခြေခံသည့် Disney Land မှာ အမေရိကန်တွင် တစ်ခု၊ တိုကျိုတွင်တစ်ခု ရှိပါသည်။ ကမ္ဘာလှည့် ခရီးသည်များ စည်ကားရာ နေရာဖြစ်ပါသည်။ ပါရီတွင်လည်းတစ်ခု လုပ်နေပါပြီ။

ထူးခြားသော ပြတိုက်တစ်ခုမှာ လန်ဒန်ရှိ Madamme Tussard ဖယောင်းပြတိုက်ဖြစ်ပါသည်။ လင်ကွန်း၊ လီနင်၊ ဂန္ဒီ စသော ပုဂ္ဂိုလ်ကြီးများ၊ လူတော်လူကောင်းများမှအစ နယ်ပယ်အသီးသီးတွင် ထင်ရှားသော ပုဂ္ဂိုလ်ကြီးများသာမက ကွပ်မြက်ခံရသည့် နာမည်ကျော် လူဆိုးကြီးများအထိ ၎င်းတို့ သက်ရှိစဉ်က ကိုယ်နေဟန်အတိုင်း၊ ပမာဏအတိုင်း အလွန်လက်ရာမြောက်စွာ ဖယောင်းရုပ်များ ပြုလုပ်

တားခြင်းဖြစ်ပါသည်။ ရုရှားပြည်မှ လူလိမ်ကြီး ရပ်စပူတင် (Rasputin) ရုပ်ထုရှိပါသည်။ နောက်ထပ် အယာကိုလာခို မေနီ၊ မားကို့စ်၊ နိုရေးဂါး၊ ရှောင်ရှက်စ်ကူးတို့ ပုံများတိုး ဦးမည်ထင်ပါသည်။

၇။ အလည်အပတ်သွားခြင်း။

Weekend ခေါ် ရက်သတ္တပတ် အားရက်ဖြစ်သည့် စနေ၊ တနင်္ဂနွေတွင်လည်းကောင်း၊ တစ်နှစ်တစ်ကြိမ် တစ်လ စသည်ဖြင့် အားလပ်ရက်များတွင် လည်းကောင်း အလည်အပတ်သွား လေ့ရှိကြပါသည်။ ဥရောပတွင် သောကြာနေ့ ညနေနှင့် စနေနေ့ နံနက်ပိုင်းတွင် ကိုယ်ပိုင် Caravan လေးများကို ကားဖြင့် ချိတ်ဆွဲသွားသည် များမှာ လမ်းပေါ်တွင် မြင်နေကျမြင်ကွင်းဖြစ်ပါသည်။ အခြားသွားလာနည်းများကိုလည်း သွားလာရေးဆိုင်ရာ အခန်းတွင် တင်ပြခဲ့ပြီး ဖြစ်၍ ထပ်မံ အကျယ်မချဲ့တော့ပါ။

အကြံပြုလိုသော အချက်မှာ တစ်စုံတစ်ယောက် အိမ်သို့ အလည်အပတ်သွားခြင်းဖြစ်ပါမူ ကြိုတင် ချိန်းဆိုပြီးမှ သွားရန်ဖြစ်ပါသည်။

၈။ စာကြည့်တိုက်များ။

အပျင်းပြေသာမက ဗဟုသုတရှာမှီးရာ စာကြည့်တိုက်ကောင်းများ ရှိပါသည်။ များသောအားဖြင့် ဝင်ကြေး၊ လစဉ်ကြေးတို့ မရှိပါ။ အမျိုးသား ပြတိုက်ကြီးများ၊ မြို့ရွာ ရပ်ကွက်ရှိ ပြည်သူ့စာကြည့်တိုက်များ၊ (Public Library) အလုပ်ခွင် စာကြည့်တိုက်များ စသည်ဖြင့်ရှိရာ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသောစာအုပ်များ ရှိပါသည်။ ကားလ်မတ်နှင့်လီနင်တို့သည် လန်ဒန်ရှိ အမျိုးသား စာကြည့်တိုက်ကြီးတွင် နှစ်ပေါင်းများစွာ နေကုန်နေခန်း လေ့လာရင်း ထင်ရှားသော ကျမ်းကြီးကို ပြုစုသွားခဲ့သည်။ ယခုအခါတွင် စာကြည့်တိုက်များတွင် ကွန်ပျူတာ၊ မိုက်ကရိုဖလင်၊ ကော်ပီယာ စသည်တို့ပါ ရှိနေရာ လီနင်တို့ခေတ်ကထက် များစွာသာနေပြီ။ စာကြည့်တိုက်ဝင်ရန် မည်သည့် ထောက်ခံစာမျှမလို။ စာအုပ်အများအပြားကို ပြင်တူ ငှားသွားနိုင်သည်။ ကူးချင်လျှင် ကော်ပီယာက အခန့်သင့်။ အချက်အလက်များကို ကွန်ပျူတာက အဆင်သင့်ထုတ်ပေးမည်။ ရှားပါးမှတ်တမ်းများကို မိုက်ခရိုဖလင်ဖြင့် မှတ်တမ်း တင်ထားသည်။ ငှားပြီးစာအုပ်များကို စာကြည့်တိုက်ပိတ်သော သန်းခေါင်ချိန်မှ သွားပြီး စာကြည့်တိုက်ရှေ့ မျက်နှာစာရှိ စာတိုက်ပုံး အပေါက်လိုအပေါက်မှ လျှောထည့်လိုက်ရုံဖြင့် ရသည်။ အပ်ပြီးမပြီး အငြင်းပွားမှုမဖြစ်။ မြန်မာနိုင်ငံအကြောင်း လေ့လာချက်များကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် စာအုပ်များ မြန်မာနိုင်ငံတွင်ထက် အင်္ဂလန်အလယ်တစ်ခား မြို့တစ်မြို့၏ ပြည်သူ့စာကြည့်တိုက်တွင် ပို၍ တွေ့ခဲ့ရပါသည်။

## ၉။ လောင်းကစားခြင်း။

စာရေးသူတို့ငယ်စဉ်က ရွာတွင်တွေ့ရသော ကြက်ဝိုင်းမျိုး အင်ဒိုနီးရှားတွင်တွေ့ရသည်။ ကြက်အစွယ်တွင်သံသွားဓားကလေး တပ်ထား၍ထိက ပိုမို ပြင်းထန်သည်။ ကမ္ဘာအရပ်ရပ်တွင် လောင်းကစားအမျိုးမျိုးက စုံလင်လှသည်။ **Casino** ခေါ် လောင်းကစားဝိုင်းကြီးများသို့ မသွားတာကောင်းပါသည်။

အပျော်ကစားခြင်းမျိုးဖြစ်သည် **Video Games** များ၊ ဂျပန်မှ **Pachinko** ခေါ် ဂေါ်လီကစားခြင်းများ၊ ဘောလုံးပွဲ **Pool** များ၊ ထီထိုးခြင်းများ စသည်တို့ လောက်သာ အပျင်းပြေ လုပ်သင့်ပါသည်။

**Video Games** များမှာ ခေတ်အလွန်စားပါသည်။ နိုင်ငံအရပ်ရပ်တွင် လူကြီးလူငယ် ကျား-မ မရွေး စက်ကလေးများ ရှေ့တွင်ထိုင်ကာ ကမ္ဘာလောကကြီးကို အခိုက်အတန့်မေ့နေသည်ကို တွေ့ရပါသည်။

မြင်းအပြေးပြိုင်ပွဲမှာလည်း အလွန်ကြီးမားသောလောင်းကစားပွဲ ဖြစ်ပါသည်။ မိမိနေရာမြို့ကြီးများတွင် မြင်းပြိုင်ကွင်းမရှိသည့်တိုင်အောင် မိမိအိမ်နှင့်နီးရာ **Bookie** ခေါ် ဒိုင်ခွဲများတွင် လက်မှတ်ကလေးများဖြတ်ကာ လောင်းနိုင်သည်။ အီလက်ထရွန်နစ်ခေတ်ဖြစ်ရာ အလျော်အစားကို



ချက်ချင်းသိပြီး ချက်ချင်းလျော်ပါသည်။လိုင်စင်မြှင့် တရားဝင် ဒိုင်အဖြစ်ရှုံးဖွင့်ကာ ဒိုင်လုပ်နေကြခြင်းဖြစ်ရာ ခွဲထိုးလောင်းကြသလို ဒိုင်ထွက်ပြေးမှာလည်း မစိုးရိမ်ရ။ ခွေး (**Hounds**) ပြိုင်ပွဲကမူ ကွင်းတွင်သွားလောင်းရပါသည်။ ဤပြိုင်ပွဲ နှစ်မျိုးစလုံးမှာ အနည်းငယ်မျှလောင်းလျှင် ရသော်လည်း လောင်းကစားသွေး ဝင်သွားပါက နလန်မထူတော့သည့် မျက်နှာဖြူများ၊ မျက်နှာမဲများ၊ မျက်နှာဝါများ၊ မြန်မာများကို စာရေးသူနိုင်ငံခြားတွင် တွေ့ဖူးပါသည်။

အင်္ဂလန်မှ **Astor** ခေါ် မြင်းပွဲကြီးမှာမူ ကမ္ဘာအရပ်ရပ်မှ မင်းစိုးရာဇာများ၊ အာရပ်ရေနံသူဌေးကြီးများ၊ဘီလျံနာ၊ မီလျံနာများသာကပ်နိုင်သော နှစ်စဉ် ကျင်းပသည့်မြင်းပွဲဖြစ်ရာ၊ မင်းကြိုက် စိုးကြိုက် ကာလသားများနှင့် လာလားမျှ မထိုက်သောပွဲ ဖြစ်ပါသည်။

## ၁၀။ ရုပ်မြင်သံကြား၊ ရုပ်ရှင်၊ ပြဇာတ်။

ရုပ်မြင်သံကြားသည် လူတန်းစားမရွေး ကြိုက်သောလက်လှမ်းမီသောအရာ ဖြစ်လာနေပါပြီ။ သူတို့နိုင်ငံများတွင် ချယ်နယ်(၇)ခုမှ (၁၂)ခုအထိလွှင့်ကြ၍ ကြိုက်ရာကိုဖမ်းနိုင်သည်။ အခြား နိုင်ငံခြားတိုင်းပြည်မှ လွှင့်ချက်တို့ကိုဖမ်းနိုင်သေးသည်။ လွှင့်ရာတွင် **NTSC, PAL, SECAM** စသည်ဖြင့် စနစ်အမျိုးမျိုးဖြင့် တိုင်းပြည်အလိုက် လွှင့်ကြသည်။

အာဖရိကတိုက်၊ အိန္ဒိယစသည်တို့တွင် မြန်မာပြည်ကဲ့သို့ပင် ဗွီဒီယိုရုံကလေးများ ခေတ်စားသည်။ Video Parlour ဟု ခေါ်ပါသည်။

ဂျပန်တွင် ရုပ်မြင်သံကြားစက်အဟောင်းကို အမှိုက်ပုံမှ ရှာကောက်ယူပြီး သုံးနိုင်သည်။ အင်္ဂလန်တွင် ငွေအနည်းငယ်ပေးပြီးငှားက အိမ်လာတပ်ပေးထားသည်။ အပတ်စဉ်ငှားခပေးရသည်။ အမေရိကန်တို့သည် ပျမ်းမျှနေ့စဉ် (၄) နာရီခန့် ရုပ်မြင်သံကြားစက်ရှေ့တွင်ထိုင်နေကြ၍ စာဖတ်လျော့လာကြပြီဟု အချို့ကဆိုသည်။

ရုပ်ရှင်ရုံများတွင် ရုပ်ရှင်တစ်ခုတည်းကိုပင်၊ ကြည့်သူထိုင်နေသော နေရာ အလိုက် ဒေသ ဘာသာ စကား ဖြင့် သော်လည်း ကောင်း၊ အင်္ဂလိပ် ဘာသာ စကား ဖြင့် သော်လည်းကောင်း အသံကြားရသည်။ ရုပ်ရှင်မှာ ယခုအခါတွင် ပို၍လွယ်ကူ၍ အကုန်အကျသက်သာသော တီဗွီ၊ ဗွီဒီယိုတို့နှင့် အတော်ပင် ကြိုးစားပြိုင်နေကြရသည်။

ပြဇာတ်၊ ရုပ်သေး၊ အော်ပရာ၊ သံစုံတီးဝိုင်း (Orchestra) တို့မှာလည်း သူ့ပရိသတ်နှင့်သူ ရှိဆဲပင်။ အချို့အော်ပရာ ဇာတ်ရုံကြီးများမှာ လူကြီးလူကောင်း ဝတ်စုံဟုဆိုသော Evening Dress ဝတ်လာမှ ဝင်ခွင့်ရသည်။ ထိုဝတ်စုံမှာ အလွန်ဈေးကြီးသည်။ သို့သော် မပူပါနှင့်။ တစ်ခါဝတ်အတွက် ငွေပေးပြီးငှား၍ရသည်။ ကိုယ်ခန္ဓာသေးသူတို့အဖို့ အခက်အခဲတစ်ခုမှာ မိမိနှင့်တန်သော အရွယ်အသေးရရန်



ခက်ခဲခြင်း ဖြစ်ပါသည်။ (စာရေးသူဆိုလျှင် မိမိ၊ မိမိဇနီး အတွက်ချုပ်ပြီး အဝတ်အစား၊ ဖိနပ်စသည်တို့ ဝယ်လိုလျှင် အင်္ဂလန်၌ Childen Section တွင် ရှာရသည်။ အာရှတွင်တော့ ဤအခက်အခဲမရှိ။)

၁၀။ မီးနီရပ်ကွက်များ။

ဗန်ကောက်မြို့ Patpong ရပ်ကွက်ရှိ ချတ်ပွဲ များ၊ ယောကျ်ား၊ မိန်းမ မတော်တလျော်ပြပွဲများ၊ မနီလာနှင့် တိုကျိုရှိ မီးနီရပ်ကွက်များ (Redlight Areas) လန်ဒန်ဆိုဟိုရပ်ကွက် (Soho) ညကလပ်များစသည့် ကာမကို လှုံ့ဆော်စေသော ကိစ္စများ၊ ပြည့်တန်ဆာခန်းများ စသည်တို့တွင် ကြုံတုန်း ဗဟုသုတအဖြစ် လေ့လာတာပါဟု မိမိကိုယ်ကို ဆင်ခြေပေးရင်း လိုက်စားသူအဖြစ် ရောက်မသွားစေရန် အထူး ဂရုစိုက်သင့်ပါသည်။

အင်္ဂလန်နှင့်ဂျပန်တွင်လည်း တရားဝင် ပြည့်တန်ဆာလုပ်ခွင့်ပြုထားသည်။ သူတို့ ဥပဒေအရ ဤအလုပ် လုပ်စားခွင့်ရှိသည်။ အများမြင်သာသော နေရာများတွင် မြူဆွယ်လျှင် ဖမ်းနိုင်သည်။ ယောကျ်ား ပြည့်တန်ဆာများလည်း အချို့နိုင်ငံများတွင်ရှိသည်။ အချို့နိုင်ငံများတွင်မူ ဥပဒေအရ ပြည့်တန်ဆာလုပ်ငန်းကို ပိတ်ပင်ထားသော်လည်း တိတ်တိတ်ပုန်း လုပ်ကြသည်။

# အပိုင်း (၇)

## ငွေစုခြင်း

ငွေစုခြင်းကိစ္စတွင် မြန်မာပြည်မှ ခေတ္တခဏလာသူများရော၊ အခြေတကျနေထိုင်သူ မြန်မာများပါ အတော်လိမ္မာကြပါသည်။ အားလုံးလိုလိုငွေစုကြပါသည်။ စုလည်းစုနိုင်ကြပါသည်။ စုနိုင်ရန် အခြေအနေပေးပါသည်။ ဝင်ငွေနှင့်စာလျှင် ကုန်ကျစရိတ်က နည်းပါသည်။ကုန်ကျစရိတ်နည်းသည်ဆို၍ ချို့ငဲ့နေကြရခြင်းမဟုတ်ပါ။ ဝဝလင်လင်စားသောက်နေထိုင်ရင်း ငွေပိုခြင်းဖြစ်ပါသည်။ ငွေပိုသည့်အတိုင်းအတာမှာ မိမိ၏ကျွမ်းကျင်မှုနှင့် အလုပ်၏ဝင်ငွေပေါ်တွင်တည်ပါသည်။ အခြား အလုပ်များနှင့် စာလျှင် လခ နည်းသောသင်္ဘောသားများ၊ မြေပြင်ပေါ်ရှိ သာမန် အလုပ်သမားများပင် နှစ်စဉ် ကားတစ်စီး ပြန်ပို့နိုင်ခြင်းက သာဓကပင်။

။ ဘ ဏ်များနှင့်ဆက်သွယ်ခြင်း။

ပုဂ္ဂလိကပိုင် ဘဏ်တိုက်ကြီး အမျိုးမျိုး၏ ဘဏ်ခွဲများသည် နေရာအနှံ့ ရပ်ကွက်အနှံ့တွင် ရှိပါသည်။



ဘဏ်များတွင် စာရင်းရှင် (**Current Account**) ဖွင့်ခြင်းသည် (၁၅) မိနစ်အတွင်း ပြီးသောကိစ္စဖြစ်ပါသည်။ ချက်ဖြင့်ငွေထုတ်ရာတွင် ဘဏ်ကောင်တာရှိ မည့်သည့်အပေါက်တွင်မဆိုဘဏ်စာရေး (**Teller**) များထံ ချက်ပေးလိုက်ကဒေါ် လာရာဂဏန်းလောက်ကို လယ်ဂျာတွင် ပြန်မကြည့်ဘော့ဘဲ ချက်ချင်းငွေထုတ်ပေးသည်။ တိုကင်ကိုင်ပြီး နေ့ဝက် စောင့်ရန်မလို။ တန်းစီနေရန်မလို။ (၂) မိနစ်ထက် ပိုမကြာပါ။

ထိုထက်မြန်လိုသေးလျှင် (**Cash Card**) ကိုသုံးနိုင်ပါသည်။ ဘဏ်တွင် စအပ်ကတည်းက (**Cash Card**) ဖြင့် အပ်လိုကြောင်း လက်ဝါးခန့် ပုံစံငယ်တွင် ဖြည့်ပေးလိုက်ပါ။ ဖဲချပ်အရွယ်အစား ၊အလျားအနံရှိပြီး၊ ဖဲချပ် (၃) ချပ်စာခန့်ထူသော ကတ်ပြားလေး (၁၅) မိနစ်ခန့်အကြာတွင် ပြန်ပေးပါလိမ့်မည်။ မိမိငွေထုတ်လိုသောအခါ ဘဏ်သို့လာပြီး ဘဏ်အတွင်းရှိ စီတန်းထားသော ငွေထုတ်စက်များအနက်မှ လူလွတ်ရာစက်တစ်ခုသို့ သွားပြီး မိမိကတ်ပြားကိုထည့်ပါ။ ထို့နောက် မိမိစာရင်းအမှတ်ကို နှိပ်ပါ။ ထို့နောက် ထုတ်လိုသော ငွေပမာဏကို နှိပ်ပါ။ စက္ကန့်ပိုင်းအတွင်း ထုတ်လိုသော ငွေများနှင့် မိမိကတ်ပြားလေး အောက်အံတွင်းသို့ ထွက်ကျလာပါ

သည်။ ကောက်ယူလိုက်ရုံသာ။ ထိုသို့ဖြင့် ဤကတ်ပြားတွင် ငွေမကုန်မချင်း အကြိမ်ကြိမ်လိုသလောက် ထုတ်နိုင်သည်။ ကတ်ပြား ပျောက်ကလည်း ပူစရာမလို။ မိမိငွေစာရင်းအမှတ်ကို အခြားသူမသိ၍ ငွေမထုတ်နိုင်။ မိမိကဘဏ်ကိုအကြောင်းကြားလိုက်လျှင် အခကြေးငွေ အနည်းငယ်တောင်းခံပြီး ကတ်ပြားအသစ်ပေးပါလိမ့်မည်။

(Cheque Card) ဆိုသည်မှာလည်း အလားတူကတ်မျိုးပင်။ သို့သော် ကတ်ပြားအလိုက် တန်ဖိုးအမျိုးမျိုးရှိသည်။ ဘဏ်ပိတ်နေချိန်တွင် ဘဏ်အပြင်ရှိ စာတိုက်ပုံးအပေါက်ကဲ့သို့ အပေါက်ငယ်မှ ကတ်ပြားကို ထည့်လိုက်ပါ။ ၁၀ ပေါင်ကတ်ပြားဆိုက ငွေ ၁၀ ပေါင်ထွက်လာမည်။ ကတ်ပြားတော့ ထွက်မလာတော့ပါ။

၂။ ငွေလဲခြင်း။

ဘဏ်များ၊ ဟိုတယ်ကြီးများ၊ လိုင်စင်ရ ငွေလဲဌာနများတွင် အလွယ်တကူ ငွေလဲနိုင်ပါသည်။ လဲလှယ်သည်ဆိုရာတွင်ဒေသခံနိုင်ငံငွေ၊ကမ္ဘာတွင်အများလက်ခံသောငွေ (Hand Currency) ဖြစ်သော အမေရိကန်ဒေါ်လာ၊ စတာလင်ပေါင်၊ ပြင်သစ်ဖရန့်၊ ဆွစ်ဖရန့်၊ ဂျာမန်မတ်၊ ဂျပန်ယန်းငွေစသည်တို့ကိုသာ ဆိုလိုပါသည်။



ငွေလဲလှယ်နှုန်းများမှာ နေ့စဉ်နှင့်အမျှ အနည်းငယ် အပြောင်းအလဲ ရှိတတ်ပါသည်။ သို့ရာတွင် သာမန်အားဖြင့်မူ အပြောင်းအလဲမကြီးမားပါ။ ထိုငွေလဲလှယ်နှုန်းများကို အများမြင်သာအောင် ကြေငြာထားပါသည်။ မည်သူ့ကိုမျှမေးနေရန် မလိုပါ။ ချက်ချင်းပေး ချက်ချင်းလဲလှယ်၍ရသော ကိစ္စဖြစ်ပါသည်။ အချိန်မကုန်ပါ။ ငွေများလျှင် ဘဏ်များတွင် လဲလှယ်သင့်ပါသည်။ ကော်မရှင်ခ သက်သာ၍ဖြစ်ပါသည်။ ဟိုတယ်များတွင်မူ အနည်းငယ် ကော်မရှင်ခပိုပါသည်။ သို့သော် ၂၄ နာရီ လဲနိုင်သည်။

၃။ ငွေလွှဲခြင်း။

ပြည်တွင်း သို့မဟုတ် ပြည်ပသို့ ငွေလွှဲတင်ပို့ခြင်းမှာလည်း ဒေါ်လာ ထောင်ဂဏန်းမျှဖြစ်ပါက ခွင့်ပြုချက်လျှောက်ရန်မလိုဘဲ ၁၀ မိနစ်ကိစ္စသာ။ ဥပမာ မိမိသည် စက်ာပူကုမ္ပဏီတစ်ခုမှသွတ်ပြားများ ရန်ကုန်သို့တင်ပို့စေလို၍ စက်ာပူရှိ ကုမ္ပဏီငွေစာရင်းဖွင့်ရာဘဏ်သို့ မိမိရောက်နေသော နယူးယောက်မှ ဒေါ်လာ ၈၀၀ ပို့လိုက်သည်ဆိုပါစို့။ နယူးယောက်

ဘဏ်မှ အီလက်ထရွန်နစ် ယန္တယားဖြင့် ငွေပို့လိုက်ခြင်းသည် စက်ာပူရှိ ထိုကုမ္ပဏီ၏ ငွေစာရင်းအမှတ်အတိုင်း ဆိုင်ရာဘဏ်သို့ စက္ကန့်ပိုင်းအတွင်း ရောက်သွားပါသည်။ မှတ်တမ်း စာရွက်စာတမ်းပါ ပို့သေးက (Fax Machine) ဖြင့်ပို့လိုက်လျှင် ထိုစာရွက်၏ ကော်ပီသည် (၇) စက္ကန့် အကြာတွင် စက်ာပူသို့ ရောက်သွားပါလိမ့်မည်။ ဤသည်ကား ခေတ်သစ်ဘဏ်စနစ်နှင့် အီလက်ထရွန်နစ်နည်းပညာ၏ တန်ခိုးများပင်။ ဘဏ်တစ်ခုသည် ကြိုးနီစနစ်များ ပြားပြီး ကြန့်ကြာနေပါက ထိုဘဏ်သို့ မည်သူမျှ လာတော့မည်မဟုတ်။ ဒေဝါလီခံရလိမ့်မည်။

*

## အပိုင်း (၈)

### ပစ္စည်းဝယ်ခြင်း၊ ပို့ခြင်း

**၁။ ဈေးဆိုင်အမျိုးမျိုး**

(က) **Market,**

သားငါး၊ ဟင်းသီးဟင်းရွက်နှင့် အခြားတိုလီမိုလီပစ္စည်းများ စသည်ဖြင့် ရောင်းကြသည့်ဈေးဆိုင်ငယ်များစုပေါင်းထားသောဈေးမျိုးကို ဥရောပတွင်ရော၊ အာရှတွင်ပါရှိရာ ၎င်းမှာ (**Market**) ခေါ်ဈေးမျိုးဖြစ်ပါသည်။ ရန်ကုန်ရှိ လမ်းမတော်သံဈေး၊ ဘိုကလေးဈေး၊ ပုဇွန်တောင်ဈေး၊ မန္တလေးရှိတရုတ်တန်းဈေး၊ မော်လမြိုင်ရှိဈေးကြီးနှင့် နယ်အရပ်ရပ်ရှိ ဈေးမျိုးဖြစ်ပါသည်။

(ခ) **Grocery**

မြို့အနှံ့ နေရာတကာတွင် တွေ့ရသော ကုန်မျိုးစုံဆိုင်ငယ်ကလေးများကိုမူ (**Grocery**) သို့မဟုတ်

(Grocery Store) ဟုခေါ်ပါသည်။ ထိုဆိုင်ကလေးများတွင်လည်း သားငါး၊ ဟင်းသီးဟင်းရွက်၊ ကုန်ခြောက်များ၊ စည်သွတ်ဘူးများ၊ အချိုရည်နှင့်အရက်ပုလင်း၊ ဘူးစသည်တို့ရပါသည်။ ဆိုင်ရှင်ကိုယ်တိုင်နှင့်မိသားစု သို့မဟုတ် အလုပ်သမား အနည်းငယ်နှင့်ရောင်းလေ့ရှိသော ဆိုင်ဖြစ်ပါသည်။

(ဂ) **Butcher**

ဆိတ်သား၊ သိုးသား၊ အမဲသား၊ ဝက်သားစသည်ဖြင့် အသားသက်သက်ကိုလာ ခွဲစိတ်ဖြတ်ပြီး ရောင်းသောဆိုင်ကိုမူ ဥရောပတွင် (**butcher**) ဟုခေါ်ပါသည်။

(ဃ) **Minimarket, Shopping moll**

မြို့ဆင်ခြေဖုံးများ၊ လူနေရပ်ကွက်များတွင် အမျိုးမျိုးသော ဈေးဆိုင်ခန်းများ စုပေါင်းထားသောဈေးအငယ်လေးကို (**Mini-Market**) ဟုခေါ်ပါသည်။ ဈေးဆိုင်ခန်းများ တန်းလျက်ရှိနေသည့်ဆိုင်တန်းကို အမေရိကန်တွင် (**Shopping moll**) ဟုခေါ်ပါသည်။



(င) **Department Stores**

မြို့ကြီးများနှင့်မြို့အလတ်များတွင် အထပ်ပေါင်းများစွာရှိသည့် အဆောက်အအုံကြီးပေါ်တွင် သားငါးပုဇွန်၊ ဟင်းသီးဟင်းရွက်စသော ကုန်စို အစားအသောက်များ၊ ကုန်ခြောက်အစားအသောက်များ၊ ပုလင်းနှင့် စည်သွတ် အစားအသောက်များ၊ အချိုရည်နှင့် အရက်မျိုးစုံ၊ အလှကုန်မျိုးစုံ၊ စာအုပ်နှင့်စာရေးကိရိယာ၊ အထည်အလိပ်နှင့် အဝတ်အစားမျိုးစုံ၊ သားရေနှင့် သားရေတုပစ္စည်းမျိုးစုံ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံ၊ အိုး ပန်းကန်ခွက်ယောက်နှင့် အိမ်အသုံးအဆောင်မျိုးစုံ၊ ကလေးကစားစရာမျိုးစုံ၊အားကစားပစ္စည်းမျိုးစုံ၊ အနုပညာလက်ရာမျိုးစုံ၊ ပရိဘောဂမျိုးစုံ စသည်ဖြင့် အိမ်ထောင်စုတိုင်း၏ လိုအပ်သောကုန်မျိုးစုံရောင်းသောဆိုင်ကြီးမျိုးကို ကုန်ပဒေသာတိုက် (**Department Store**) ဟု ခေါ်ပါသည်။ မြို့များတွင် ထို ကုန်ပဒေသာတိုက်မျိုးကို လိုက်ဖွင့်သောကုမ္ပဏီကြီးများရှိရာ ထိုကုမ္ပဏီများ နာမည်အတိုင်း ဖွင့်ထားပါသည်။ ကုန်တိုက်ကြီးများကို မြို့တကာတွင်တွေ့နိုင်ပါသည်။ ရန်ကုန်ရှိ ရွှေတိဂုံဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်မှ ကုန်ပဒေသာ တိုက်ကြီးမျိုး ဖြစ်ပါသည်။ တစ်နေရာတည်းတွင် လိုရာရနိုင်သဖြင့် ဈေး

ဝယ်ရာတွင် အလွန်အဆင်ပြေပြီး အများစုလက်လှမ်းမှီသော ဆိုင်မျိုး ဖြစ်ပါသည်။ ဂျပန်ကုန်ပဒေသာတိုက်ကြီးအချို့ဆိုလျှင် လူပျိုကြီး၊ အပျိုကြီးများအတွက် ကွန်ပျူတာဖြင့် အောင်သွယ် အလုပ်ကိုပင် လုပ်ပေးနေကြပြီ။

( စ ) Supermarket

ကြီးမားသော အဆောက်အအုံတွဲကြီး များတွင် ကုန်ပဒေသာ တိုက်များသာမက စားသောက်ဆိုင်များ၊ အခြားပျော်စရာပါးစရာနှင့် ဝန်ဆောင်လုပ်ငန်းများ (Services) ပါရသော လုပ်ငန်းများဖွင့်လှစ် တည်ရှိသည့် ဈေးတိုက် အကြီးစားကြီးများကို (Superma:ket) ဟု ခေါ်ပါသည်။

(ဆ) Specialized Stores

ကုန်ပစ္စည်း အမျိုးအစားအလိုက်သာ အထူးပြုရောင်းသောဆိုင်များ၊ စာအုပ်ဆိုင်၊ ကျောက်မျက်ရတနာဆိုင်၊ တူရိယာပစ္စည်းဆိုင်၊ လျှပ်စစ်ပစ္စည်းဆိုင် စသည်ဖြင့် ဆိုင်မျိုးကိုမူ (Specialized Stores) ဟု ခေါ်ပါသည်။ အဖိုးတန် မျိုးမှန်ပြီး ကြိုက်ရာ



(Design, Model) စသည်ဖြင့် ရွေးဝယ်လိုက ဤဆိုင်မျိုးတွင် ဝယ်သင့်ပါသည်။

( ဇ ) Mail order

ချက်လက်မှတ်၊ စာတိုက်ငွေလွှဲလက်မှတ်စသည်တို့နှင့်တကွ အမှာစာကို စာတိုက်မှလှမ်းပို့ပါက ဝယ်လိုသောပစ္စည်းကို စာတိုက်မှပင်ပြန်ပို့သောနည်းဖြင့် ရောင်းသောဆိုင်ကိုမူ (Mail Order) ဟုခေါ်ပါသည်။ ထိုဆိုင်များက ထုတ်ဝေထားသော ပစ္စည်းအမျိုးမျိုး၊ (Model) အမျိုးမျိုးနှင့် ဈေးနှုန်းတို့ကိုပါ ဖော်ပြထားသည့် ကြော်ငြာစာအုပ်ကို (Mail Order Catalogue) ဟုခေါ်ပါလည်။ ထိုစာအုပ်ကိုကြည့်ပြီးလိုရာကိုမှာနိုင်ပါသည်။ ဆိုင်ရာနိုင်ငံဥပဒေများက တားမြစ်မထားလျှင် နိုင်ငံခြားသို့ပါ စာတိုက်မှပို့ပေးသောဆိုင်များ ရှိပါသည်။

(ဈ) အခြား။

တစ်ပတ်ရစ် ပစ္စည်းများ ရောင်းသောဆိုင်ကို (Second-hand stores) ဟု ခေါ်ပါသည်။ လေဟာပြင်ဈေးများလည်းရှိတတ်ရာ (Open·Air market) ဟုခေါ်၏။

ရှေးဟောင်းပစ္စည်းများ ရောင်းသောဆိုင်ကို (Antique Stores) ဟု ခေါ်သည်။ ရှေးဟောင်းပစ္စည်းများ မဟုတ်သော အတုများရှိတတ်သည်ကိုလည်း သတိပြုပါ။

၂။ နေ့စဉ်သုံး ပစ္စည်းများ ဝယ်ယူခြင်း။

(က) အစားအသောက်

မိမိ တစ်ဦးတည်း ချက်ပြုတ် စားသောက်သော မြန်မာတစ်ဦးအဖို့ သားငါးပုဇွန်နှင့် ဟင်းသီးဟင်းရွက်များ ဝယ်ယူရန် အဆင်အပြေဆုံးမှာ ကုန်ပဒေသာ တိုက်ကြီး၏ အောက်ဆုံးထပ်တိုင်းတွင် ရှိသော ကုန်စိမ်းကုန်စို အခန်းတွင် ဖြစ်ပါသည်။ အသားငါးများတုံးပြီး၊ စင်းပြီး၊ ပုစွန်ကို အခွန်ခွာပြီး ဟင်းသီးဟင်းရွက် ဆိုကလည်း သင်ပြီးနွာပြီး၊ ပလပ်စတစ်ဘူး ငယ်လေးများတွင်ထည့်ထားသဖြင့်ဝယ်ယူကာ (Over Coat) အိတ်ထဲ လွယ်အိတ်ထဲပင် ထည့်ယူလာနိုင်ပါသည်။ အနံ့အသက်မထွက်၊ အရည် မစိမ့်ပါ။ အိမ်ရောက်လျှင် တန်းချက်ပြုတ်ရုံသာ။ အချိန်ကုန်သက်သာသည်။ ကြက် ကိုင်ရန်မလို။ ပုစွန် ခေါင်းချိုးရန်မလို။ ဆိတ်သားကို နုတ်နုတ်စင်းရန်မလို။ ပန်းဂေါ်ဖီပင် အလိုက်သင့် ကြော်ရုံ။ သို့သော် အာရှတိုက်သားများသာစားသည့် ဟင်းသီးဟင်းရွက်မျိုး (ဥပမာ–



ရုံးပတီ၊ ဒန့်ဒလွန်သီး) မဆလာ၊ ငြုတ်၊ ငံပြာရည် စသည်တို့ အတွက်မူ အိန္ဒိယ၊ ပါကစ္စတန်၊ တရုတ် စသောလူမျိုးများ ဖွင့်ထားသည့် (Grocery stores) များတွင်သာ ရတတ်ပါသည်။ ဆန်ကိုမူ အလေးချိန် (ကီလို၊ ပေါင်) ဖြင့် ဝယ်ရသည်။ မြန်မာပြည်နှင့် စာလျှင် ဈေးကြီးသည်။ ပါကစ္စတန်မှ ဘာတ်(စ) မာတီဆန်သည် ပုသိမ်ငကျဲ၊ ပေါ်ဆန်းမွှေးတို့လိုပင် ကောင်းသည်။ အမေရိကန်ဆန်ကမူ သာမန်ငကျဲ အဆင့်မျှသာ။ ဂျပန်ဆန်ကမှ အလုံးသေးပြီး စေးသည်။ ရှမ်းဆန်ကဲ့သို့ ထိုင်းဆန်လည်း အမျိုးမျိုးရှိရာ မြန်မာမီးဒုံး၊ ငကျဲ စသည်တို့ကဲ့သို့ပင်။ စားသောက်ကုန်ဈေးနှုန်းမှာ မြန်မာပြည်နှင့်စာလျှင် ဈေးကြီးပါသည်။ သို့သော် လုပ်ငန်းအဆင့်တူတွင် ရသော ဝင်ငွေနှင့်အချိုးတွက်ကဈေးပိုချိုသည်။ ထို့ကြောင့်လည်း မြန်မာတို့ နိုင်ငံခြားတွင် ဝဝလင်လင်စားပြီး ငွေစုနိုင်ခြင်း ဖြစ်ပါသည်။

(ခ) အခြား

နှစ်ပိုင်းခန့်သာ နေမည့် မြန်မာ များ အနေဖြင့် ကုတင်၊ စားပွဲကုလားထိုင်၊ ဆိုဖာ၊ ကော်ဇောစသည့် ပရိဘောဂများကို ဝယ်လိုပါက တစ်ပတ်ရစ်ဆိုင်တွင် ဝယ်မည် ဆိုလျှင် အလွန် သက်သာသည်။ (Model)

အနည်းငယ် ခေတ်နောက်ကျသော်လည်း ဈေးနှုန်းမှာ အသစ်ဈေး၏ နှစ်ပုံ တစ်ပုံမှ ငါးပုံတစ်ပုံသာရှိမည်ဖြစ်၍ သက်သာသည်။ ပြည်တော်ပြန်လျှင်လည်း သယ်နိုင်မည် မဟုတ်ရာ တွက်သား ကိုက်ပါသည်။ ကျွန်းသားဖြင့်လုပ်သော ပရိဘောဂကတော့ မြန်မာပြည်မှာလို သွားမမှန်းပါနှင့်၊အလွန်ဈေးကြီးသည်။ အင်္ဂလန်တွင် ချမ်းသာသူများသာ မြန်မာကျွန်းဖြင့် ပရိဘောဂများ အဆင့်မြင့်ကြောင်း ဂုဏ်ယူ၍ သုံးသည်။ အပေါစား ပရိဘောဂများကို ဖော်မိုက်ကာ (Formica) ကပ်ပြီး သုံးသည်။ မြန်မာပြည်နှင့် ပြောင်းပြန်။

## ၃။ ပစ္စည်းကြီးများ ဝယ်ယူခြင်း။

ခဏတဖြုတ် (နှစ်ပိုင်း) သာနေမည့်သူဖြစ်က အထက်တွင် ဖော်ပြခဲ့သောပရိဘောဂများ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ တီဗွီ စသည်တို့ကို တစ်ပတ်ရစ်ဆိုင်များ၊ လျှော့ဈေးဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။ သို့မဟုတ် မြို့အတွင်းထုတ်ဝေဖြန့်ချိသော သတင်းစာ၏ ကြော်ငြာခန်းတွင် ဖတ်ကြည့်ပြီး ဖုန်းဆက်ချိန်းကာ ရောင်းမည့်သူ နေအိမ်သို့ သွားဝယ်နိုင်သည်။ ကြော်ငြာအခန်းတွင် ပစ္စည်းအမျိုးအစားအလိုက် ခွဲကာ တန်းစီပြီး ကြော်ငြာ ထားသည်မှာ နေ့စဉ်နေ့တိုင်း အမြောက်အမြားဖြစ်ပါသည်။ အလွန် ဈေးသက်သာစွာရနိုင်ပါသည်။ ဈေးဆစ်၍လည်း ရတတ်ပါသည်။



မိမိနေထိုင်စဉ်အတွင်း ကားဝယ်စီး လိုပါက တစ်ပတ်ရစ်ကား အရောင်းဆိုင်၊ ကားလေလံပွဲ၊ သတင်းစာများမှ ကြော်ငြာ ကြည့်ပြီးအိမ်လိုက်ဝယ်ခြင်း၊ ကားအသစ် (Show Room) များတွင် သွားဝယ်ခြင်း စသည်ဖြင့် အလွန်လွယ်ပါသည်။ ရွေးစရာအမြောက်အမြား၊ မိမိအကြိုက်၊ မိမိငွေ၊ မိမိလိုအပ်ချက်နှင့် ချင့်ချိန်ဝယ်ယူရုံသာ။ ကားဟောင်းဝယ်သည့်အခါ လိုင်စင်လဲချိန်တွင် တင်းကျပ်သော စည်းကမ်းဥပဒေဖြင့် စမ်းသပ်ခံနိုင်မည့် ကားဖြစ်ရေးသာ သတိပြုပါ။

## ၄။ မြန်မာနိုင်ငံသို့ပြန်ပို့ရန် ပစ္စည်းဝယ်ယူခြင်းနှင့် ပြန်ပို့ခြင်း။

(နောက်ဆက်တွဲ တွင်ကြည့်ပါ)

### (က) မော်တော်ကား

ငွေလုံးလောက်စွာ စုနိုင်သော မြန်မာများအဓိက အဝယ်ဆုံးပစ္စည်းမှာ ဂျပန်ကား ဖြစ်ပါသည်၊ ဂျပန်ကားများသည် အများအားဖြင့် ဈေးချိုပြီး မြန်မာပြည်တွင် အရောင်း သွက်ပါသည်။ စီးပွားရေး လုပ်စား၍လည်း ရပါသည်။ ထိုကားမျိုးဝယ်ရာတွင်သွင်းကုန်ပါမစ် ကြိုတင်လျှောက်ထား ရယူရသည့် စည်းကမ်းချက်များ ရှိသည်ကို သတိပြုပါ။ နိုင်ငံခြားရှိ ပြန်လည် ပြုပြင်ထားသောကားများ ရောင်းချသည့် ကုမ္ပဏီ (Reconditioned Car Companies)များနှင့်

ဆက်ဆံရာတွင် တစ်ခါတစ်ရံအလိမ်ထိ၍ ငွေဆုံးစာတ်သည်ကိုလည်း သတိပြုပါ။ မြန်မာအစိုးရ၏ကုန်သွယ်ရေးမှတစ်ဆင့်လည်း ဝယ်ယူနိုင်ပါသည်။ မိမိဖာသာနိုင်ငံခြားနေစဉ် ကြိုက်ရာကား ဝယ်ပြီးမှ သင်္ဘောကုမ္ပဏီ (Shipping Co:) တွင် ဂိုဒေါင်ခနှင့် ပို့ဆောင်ခပေါပေးခဲ့ပြီး မိမိပြန်လာ၍ သွင်းကုန်ပါမစ်ကျမှ ကြေးနန်းရိုက်ပြီး ပို့ခိုင်းသောနည်းလည်းသုံးနိုင်ပါသည်။

(ခ) လျှပ်စစ်နှင့် အိမ်ဆောက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ။

၎င်းပစ္စည်းများကို ဂျပန်လုပ်ဖြစ်စေကာမူ ဂျပန်တွင်ဝယ်ခြင်းထက် စင်္ကာပူသို့ဘဏ်မှ ငွေလွှဲပို့ကာမှာခြင်းက အကုန်အကျသက်သာပါသည်။ သိသိသာသာ သက်သာပါသည်။ပစ္စည်းမျိုးတူတစ်ခုကို ဂျပန်တွင်ထုတ်လုပ်ခြင်းထက် စင်္ကာပူတွင်ထုတ်လုပ်ခြင်းက အလုပ်သမားခသက်သာ၍ ဈေးချိုခြင်း၊ စင်္ကာပူနှင့် ရန်ကုန်မှာပိုနီး၍ ရန်ကုန်ဆိပ်ကမ်းအရောက် ကုန်ကျငွေ(CIF) သက်သာခြင်း ဖြစ်ပါသည်။ ထိုသို့ တာဝန်ယူအရောက် ပို့ပေးသော ကုမ္ပဏီအမြောက်အမြားရှိပါသည်။ လေကြောင်းဖြင့်ပို့ခိုင်းကလည်း ပို့ပေးပါသည်။လေကြောင်းဖြင့် ပို့ပေးခြင်းဖြစ်က



အကောက်ခွန် ဦးစီးဌာနရုံး (အောက်ထပ်) တွင် ရွေးရပြီး၊ရေကြောင်းဖြင့်ပို့ပေးက ရန်ကုန်ဆိပ်ကမ်း၌ ရွေးယူရပါသည်။ဆောင်ရသောငွေမှာအကောက်ခွန်နှင့် ရောင်းခွန်ဖြစ်ပါသည်။ စည်းကမ်းချက်နှင့် မညီညွတ်က ဒဏ်ငွေပါဆောင်၍ ရွေးရပါသည်။

(ဂ) အမှတ်တရ ပစ္စည်းများနှင့် အိမ်တွင်းသုံး ပစ္စည်းငယ်များ

မိမိကြိုက်ရာတွင်ဝယ်ပါ။မများက လူနှင့် ဘစ်ပါတည်း သယ်လာနိုင်ပါသည်။ စာတိုက်ကပို့လျှင်လည်းရသည်။ လေယာဉ်ဖြင့်ပို့လျှင်လည်း ရသည်။ ရေခဲသေတ္တာစသော လေးသည့် ထုထည်ကြီးသည့် ပစ္စည်းဖြစ်က ရေကြောင်းဖြင့်ပို့ပါ။ စာအုပ်စသော အတိုအထွာမျိုးစုံဖြစ်က (Sea Chest) ခေါ် သေတ္တာ သို့မဟုတ် (Crate) သေတ္တာဖြင့် ပို့နိုင်ပါသည်။ ထိုသို့ သေတ္တာဖြင့် ပို့ပေးသောလုပ်ငန်းများရှိသည်။ သူတို့ကို ခိုင်းနိုင်ပါသည်။

(ဃ) ဘာတွေဝယ်သင့်သလဲ၊ ဘာတွေမဝယ်သင့်သလဲ

ငွေကြေး အလွန်ပေါများသူအတွက်တော့ ဝယ်ချင်တာဝယ်ပါ။ သို့ရာတွင် မိမိဝင်ငွေနှင့် ငွေစုချိန်ကာလ အကန့်အသတ်ရှိသူများမှာမူ အလွန်ချင့်ချိန်ရန် လိုပါသည်။

နိုင်ငံခြားတွင် မိမိနေမည့်ကာလအတွင်း စုစုပေါင်းခန့်မှန်းဝင်ငွေ စုစုပေါင်းခန့်မှန်းကုန်ကျငွေ၊ စုဆောင်းနိုင်မည့်ငွေကို ကြိုတင်တွက်ဆပြီး မိမိရည်ရွယ်ထားသည့် အဓိကဝယ်မည့်အရာ (ဥပမာ–မော်တော်ကား)အတွက် ကုန်ကျငွေကိုဖယ်ပြီးမှ ကျန်ပစ္စည်းများဝယ်ဖို့ စဉ်းစားပါ။ ငါးဗန်းတွက် စက်ငယ်လေးတစ်ခု ဆောင်ထားပါ။ ဈေးနှုန်းနှင့် ပစ္စည်းများကိုလေ့လာပါ။ ငွေခေါင်းကွဲမသွားရန် သတိပြုပါ။ မျက်စိဖြင့်သာဈေးဝယ်ခြင်း(Window Shopping) ကြို၍လုပ်ထားပါ။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်း(သွတ်စသည်)တို့ကို စက်ရုံမှ မှာပါ။

အဝတ်အစားဝယ်လိုက တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ထိုင်းဒေသလုပ် အဝတ်အစားများက ဈေးသက်သာသည်။ အထည်နှင့်အခြားပစ္စည်းမျိုးတူလျှင်အမေရိကန်၊ဥရောပနှင့်ဂျပန်လုပ်ပစ္စည်းများ ဈေးကြီးသည်။ အနွေးထည်၊ဖိနပ်နှင့် လူ့အသုံးအဆောင်ပစ္စည်းများလည်း အလားတူပင်။ နာမည်ကျော် ဥရောပလုပ် အလှကုန်နှင့်ရေမွှေးများ အလွန်ဈေးကြီးသည်။ အရက်နှင့် စီးကရက်ကို အပြန်ခရီးတွင် လေယာဉ်ပေါ်ရောက်မှဝယ်ပါ။ ဈေးအချိုဆုံး ဖြစ်သည်။ စာအုပ်ဝယ်လိုပါက စာအုပ်မျိုးတူလျှင် စက္ကူဖုံး (Paper Backs) များက ဈေးပိုချိုပါသည်။ မြို့ကြီးများတွင်သာ ဝယ်ရပါမည်။ လေယာဉ်ကွင်းနှင့် လေယာဉ်ပေါ်တွင် မရနိုင်ပါ။



ပုလဲနှင့် ကျောက်မျက်ရတနာ မဝယ်ပါနှင့်။ မြန်မာပြည်လောက် ဈေးမချိုပါ။ အကောက်ခွန်ကိစ္စလည်း ရှိသေးသည်။

မိတ်ဆွေများအား အထိမ်းအမှတ် ပစ္စည်းလက်ဆောင်ပေးရန်အတွက်မူ အကောင်းဆုံးမှာ မိမိရောက်လေရာရှိ (Sou vinir Shops) ကလေးများတွင် မိမိတတ်နိုင်သောငွေကြေးအတွင်း ဝယ်ယူထားပြီးပို့ပေးခြင်း၊သယ်လာခြင်းက ပိုသင့်ပါသည်။ ငွေတန်ဖိုးထက် စေတနာ တန်ဖိုး (Sentirmental Value)က ပိုရှိသော ကိစ္စမျိုး မဟုတ်ပါလော။

*

## အပိုင်း (၉)

### ဆက်သွယ်ရေး

**၁။ စာတိုက်**

တစ်ကမ္ဘာလုံးတွင် စာတိုက်လုပ်ငန်းသည် အစိုးရများက ဖွဲ့စည်းလုပ်ဆောင်သော ဝန်ဆောင်လုပ်ငန်းဖြစ်သည်။ ကုလသမဂ္ဂ၏ တွဲဖက်အဖွဲ့အစည်း (Affiliated organization) ဖြစ်သော ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့တွင် အခြေစိုက်ထားသည့် ကမ္ဘာ့စာပို့တိုက် သမဂ္ဂ (Universal Postal Union)၏ စည်းမျဉ်းများ (U P U Convention) အတိုင်း လိုက်နာဆောင်ရွက်ကြသဖြင့် အခြေခံ စာတိုက် လုပ်ငန်းများမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တူညီပါသည်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအလိုက် ဝန်ဆောင်မှုအဆင့်အတန်း ကွာခြားခြင်း၊ မြန်မာပြည်တွင် မရှိသေးသော လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းတို့ရှိတတ်ပါသည်။ စာတိုက်လုပ်ငန်းများကို ခြုံကြည့်လိုက်လျှင် သုံးစွဲသူတို့အဖို့ စိတ်ချလက်ချနှင့် ငွေကုန်ကြေးကျ သက်သာစွာ အလွယ်တကူ သုံးစွဲနိုင်သော လုပ်ငန်းဖြစ်ပါသည်။ ကျွန်တော့အနေဖြင့် မြန်မာနိုင်ငံနှင့် ကွာခြားသော လုပ်ငန်းအချို့ကိုသာ တင်ပြပါမည်။



(က) **ရိုးရိုးစာ (Letter)။** ။မြန်မာနိုင်ငံတွင် လေကြောင်းစာ (air mail)နှင့် မြေပြင်စာ (Surface mail)ဟု နှစ်မျိုး ခွဲထားသော်လည်း ကမ္ဘာ့စာပို့တိုက် သမဂ္ဂ၏ လွန်ခဲ့သော (၁၀) နှစ်ကျော်က ချမှတ်ထားသော "all up"မူအရ နိုင်ငံ အများအပြားတွင် မခွဲတော့ပါ။ မြန်မည့်နည်းလမ်းဖြင့် ပို့ပေးနေပါသည်။

(ခ) **စာပို့သင်္ကေတ (Post Code)။** ။မြန်မာနိုင်ငံတွင် ၁၉၈၀၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့မှ စပြီး စာပို့သင်္ကေတစနစ် တရားဝင် စတင်ခဲ့သော်လည်း အများက မသုံးကြ၍ အသက်မဝင်ဖြစ်နေပါသည်။ ခေတ်မီတိုင်းပြည်များတွင် စာပို့သင်္ကေတကို အားလုံးနီးပါးက သုံးကြပါသည်။ သုံးမှလည်း ချောပစ္စည်း ရွေးချယ် ပို့ဆောင်ရေးတွင် မြန်ပါသည်။

(ဂ) **စာအဆင့်အတန်း။** ။အချို့တိုင်းပြည်များတွင် စာကို ပထမတန်းစားစာ၊ ဒုတိယတန်းစားစာဟု ခွဲထားပြီး၊ ပထမတန်းစားစာအတွက် တံဆိပ်ခေါင်းပို ကပ်ရပါသည်။ ပိုလည်း မြန်ပါသည်။

(ဃ) **အမြန်စာ လုပ်ငန်း။** ။(Express Mail Service EMS, သို့မဟုတ် Electronic mail service)မကြာမီကမှ ပေါ်လာသော Fax Machine ကို သုံးကာ ပြည်တွင်း ပြည်ပသို့ Electronic ယန္တရားဖြင့် စက္ကန့်

ပိုင်းအတွင်း အရောက်ပို့သောနည်း ဖြစ်ပါသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သဘောတူ စာချုပ်ချုပ်ပြီးမှ ဆောင်ရွက်ရပါသည်။ မြန်မာနိုင်ငံတွင် ဤစနစ်ဖြင့် စာမပို့သေးပါ။ ငွေပို့လွှာကိုသာ ရန်ကုန်၊ ပုသိမ်၊ စစ်တွေ၊ မကွေး၊ မော်လမြိုင်နှင့် မန္တလေးမြို့များ အကြား လွန်ခဲ့သော (၂)နှစ်မှစပြီး ဆောင်ရွက်နေပါသည်။

(င) ချောထုပ်လုပ်ငန်း။ ။ဤလုပ်ငန်းများ ပုဂ္ဂလိကနှင့် ပြိုင်ပြီး လုပ်ရသဖြင့် သုံးစွဲသူ ကျေနပ်ရေးအတွက် အမျိုးမျိုး တီထွင်လုပ်နေရပါသည်။ အထူးလျင်မြန်သော အစီအစဉ်ဖြင့် ပို့ဆောင်ပေးခြင်း၊ ပျောက်ဆုံးလျော့နည်းက တန်ဖိုးလျော်မည်ဟူသော အာမခံချက်ဖြင့် အာမခံချောထုပ်(**Insured Parcel**)အဖြစ် အဖိုးတန်ပစ္စည်းများကို ပို့ပေးခြင်း၊ ဒေသအလိုက် ထွက်ကုန်များကို ရောင်းသူနှင့် တိုင်ပင်ကာ တစ်ပြည်လုံးရှိ စာတိုက်များမှ ကြော်ငြာပေးပြီး အမှာစာရက စာတိုက်မှ ပို့ပေးခြင်း၊ (ဥပမာ ဂျပန်ပြည်) (**Furusato Service,**)၊ကုန်ထုတ်လုပ်သူ တစ်ဦးဦးထံမှ နေ့စဉ် ထောင်သောင်းနှင့်ချီသော ချောထုပ်များကို မှာကြားသူ လိပ်စာရှင်ထံ **Cash on Delivery** (**COD**)၊ စာတိုက်များတွင် ကွန်ပျူတာများထားကာ ပြည်သူလူထု သိလိုသော အချက်အလက်များကို



အဖိုးအခရယူကာ ချက်ချင်းထုတ်ပေးခြင်း စသည်တို့ ဖြစ်ပါသည်။ အင်္ဂလန်နိုင်ငံက စာသိမ်းသော စာပို့လုလင်တစ်ဦးက ကျွန်တော့်ကို ပြောဖူးပါသည်။ "ပြည်သူလူထုက ကျွန်တော်တို့ စာပုံးထဲ စာထည့်လိုက်ရင် အင်္ဂလန် ဗဟိုဘဏ်မှာ အဖိုးတန် ပစ္စည်းအပ်ထားလိုက်ရသလို စိတ်ချသွားကြပါတယ်''ဟူ၏။

## ၂။ ကြေးနန်းနှင့် တဲလက်

ပြည်တွင်း ကြေးနန်းကို မိုက္ကရို ဆက် ကြောင်း များမှလည်းကောင်း ပြည်ပကြေးနန်းကို ဂြိုဟ်တုဖြင့်လည်းကောင်း၊ ပို့ဆောင်သဖြင့် အလွန်မြန်ပါသည်။ သို့သော် စာတိုက်နှင့် ဖုန်းလောက် သုံးစွဲမှုမများပါ။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အော်တိုဖုန်းသည် လျင်မြန်ရုံသာမက အပြန်အလှန်ပြောနိုင်ခြင်း၊ စာမှာလည်း အထိုက်အလျောက် ပြန်ရုံသာမက မှတ်တမ်း မှတ်ရာ လက်ရေးမူတို့ကို ဈေးချိုသာစွာဖြင့် ပို့နိုင်ခြင်းကြောင့် လူပိုကြိုက်ပါသည်။ တဲလက်(**Telex**)ကိုမူ အစိုးရနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများက တွင်ကျယ်စွာ သုံးပါသည်။

## ၃။ တယ်လီဖုန်း

ကမ္ဘာတွင် နည်းပညာများ တိုးတက်မှုနှင့်အတူ အတိုးတက်ဆုံး ဆက်သွယ်ရေးမှာ တယ်လီဖုန်းဖြစ်ပါသည်။ နိုင်ငံ

အများတွင် တယ်လီဖုန်းသည် ပုဂ္ဂလိကပိုင် လုပ်ငန်းဖြစ်ပါသည်။ (ဥပမာ–အမေရိကန်၊ အင်္ဂလန်၊ ဂျပန်) အချို့တွင်လည်း အစိုးရပိုင်ဖြစ်ပါသည်။ (ထိုင်း၊ တရုတ်)၊ ပုဂ္ဂလိကပိုင်လုပ်သော နိုင်ငံများတွင် တယ်လီဖုန်းတပ်ဆင် အသုံးပြုခွင့်ရရေး အလွန်လွယ်ပါသည်။

နိုင်ငံခြားရောက် မြန်မာများအနေဖြင့် မိမိနေအိမ်တွင် ဖုန်းတပ်ဆင်မထားပါက အများသုံးဖုန်းများတွင် ပြောဆိုနိုင်ပါသည်။ အများသုံးဖုန်းများကို လူစည်ကားရာနေရာများ၊ အဆောက်အအုံကြီးများ၊ ပလက်ဖောင်းပေါ် စသည်ဖြင့် နေရာအနှံ့တွင် တွေ့နိုင်ပါသည်။ ပြည်တွင်းဆက်သွယ်ရန်ဖုန်း၊ ပြည်ပဆက်သွယ်ရန်ဖုန်းစသည်ဖြင့်ခွဲထားပါသည်။ ဆက်သွယ်လိုသည့်အခါ ပိုက်ဆံပြား (သို့မဟုတ်) တယ်လီဖုန်းကဒ်ထည့်၍ ဆက်ရုံသာ။ တယ်လီဖုန်းကဒ်ဆိုသည်မှာ တယ်လီဖုန်း ကုမ္ပဏီများက တန်ဖိုးအသီးသီး သတ်မှတ်ချက်ဖြင့် ထုတ်ရောင်းသော ဖဲချပ်ထက်ငယ်ပြီး ပို၍ထူသောကဒ် ဖြစ်ပါသည်။ တန်ဖိုးမပြည့်မချင်း အကြိမ်ကြိမ်ပြောနိုင်ပါသည်။ ပြောပြီးက ကဒ်ပြားသည် အပေါက်မှ ပြန်ထွက်လာပါသည်။

(က) အဝေးဆက်

နိုင်ငံခြားသို့ ဆက်သွယ်ခြင်း (Overseas Call) သို့မဟုတ် (Long distance call) တွင် ဖုန်းနံပါတ်



တစ်ခုမှ တစ်ခုကိုခေါ်ခြင်း (Point to point) မှာ ဈေးသက်သာပါသည်။ သို့သော် တစ်ဖက်မှ ဖုန်းကောက်ကိုင်လိုက်သည့်အခါ မိမိပြောလိုသူမဟုတ်၍ အကြောင်းကိစ္စ မပြောလိုက်ရသည့်တိုင်အောင် ဖုန်းဆက်ခ ပေးရပါမည်။ မိမိရည်ရွယ်သူကိုသာ ခေါ်ခြင်း (Person to person call) မှာမူ တစ်ဖက်မှ ဖုန်းကိုင်လိုက်သည့်တိုင်အောင် မိမိတွေ့လိုသူမဟုတ်က ဖုန်းဆက်ခ မပေးရပါ။ ပြောလိုသူရှိနေမှ ငွေပေးရပါသည်။ အခမှာမူ ပိုများပါသည်။ ဤစနစ်ကို မြန်မာပြည်နှင့် နိုင်ငံခြားတိုင်းပြည်များ ဖုန်းဆက်ရေးတွင်လည်း သုံးစွဲပါသည်။

(ခ) ငွေမကုန်သောနည်း

တယ်လီဖုန်းဆက်ခငွေပေးချေမှုစနစ်တွင် မြန်မာပြည်တွင် မူလ စဆက်သောဖုန်းပေးချေရသော စနစ်တစ်ခုသာရှိပါသည်။ ခေတ်မီနိုင်ငံများတွင်မူ ဆက်သူက မပေးရဘဲ နားထောင်သူက ပေးရသောစနစ် (Reverse-charge system) လည်းရှိပါသည်။ ဥပမာ–အမေရိကန်ပြည် ဒါးလတ်စ်မြို့ အဝေးဆက်အိတ်ချိန်းကိုလှည့်ပါ။ အော်ပရေတာမှထူးသည့်အခါ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ မည်သူမည်ဝါ ဖုန်းအမှတ် မည်မျှကို ဤစနစ်ဖြင့်ခေါ်လိုကြောင်း ပြော

ပါ။ ထိုနောက် ဖုန်းကိုပြန်ချထားပါ။ အော်ပရေတာသည် ကမ္ဘာတစ်ဖက်ရှိ မိမိဆက်လိုသော ဖုန်းမှ ထိုပုဂ္ဂိုလ်ကို လှမ်းမေးပြီး ထိုသူက သဘောတူက မိမိနှင့်ဆက်သွယ်ပေးပါလိမ့်မည်။ တစ်မိနစ်နှစ်မိနစ် အတွင်း ရသောကိစ္စဖြစ်ပါသည်။ မိမိ တစ်ပြားမျှ မကုန်။

## ၄။ ဖက်စီမီလီ

ဖက်စီမီလီ (Facimile) သို့မဟုတ် အတိုကောက်အားဖြင့် (Fax) ဖြင့် ပို့ဆောင်ခြင်းမှာ ယခု နောက်ဆုံးပေါ် ခေတ်အလန်းစားသောနည်း ဖြစ်ပါသည်။ တယ်လီဖုန်းကဲ့သို့ လျင်မြန်ပြီး စာကဲ့သို့ မူရင်းမှတ်တမ်းပုံစံအတိုင်း ပို့နိုင်၍ ဖြစ်ပါသည်။ (Fax Machine) နှင့် တယ်လီဖုန်းပူးတွဲပြီး သုံးထားခြင်းဖြစ်ပါသည်။ တိုကျိုရှိ (Fax) တစ်ခုမှ ထည့်လိုက်သော စာ သို့မဟုတ် မှတ်တမ်းတစ်ခုသည် ကော်ပီယာမှထွက်သော ပုံတူအတိုင်း နယူးယောက်မြို့ရှိ (Fax) စက်ထဲမှ ထွက်လာသည်။ "ကျွန်တော်တို့ ကမ္ဘာ့တစ်နေရာက တစ်နေရာကို (၇) စက္ကန့်နှင့် ထွက်အောင် ပို့ပေးနေပါတယ်။ ဒါကိုသုံးစွဲသူတွေက နှေးနေလို့ (၄)စက္ကန့်နှင့်ထွက်အောင် လုပ်ပေးပါဆိုလို့ သုတေသန ပြုနေပါတယ်။ ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဂျပန်နိုင်ငံမှ ရီကို ကုမ္ပဏီ



(Ri coh) အရာရှိတစ်ဦးက ကျွန်တော့်အား ပြောဖူးပါသည်။ နိုင်ငံခြားရောက် မြန်မာများအနေဖြင့် ဤစနစ်ရှိသော နေရာများအကြား သုံးစွဲနိုင်ပါသည်။ ကုန်ကျစရိတ်မများပါ။ အပိုင်ဝယ်ထား ငှားထားရန်ပင်မလိုပါ။ အများသုံး စက်တွင် သတ်မှတ်ငွေပေးဆောင်သုံးရန်သာ။

× × × ×

# အခန်း (၁၀)

## ကျန်းမာရေး

### ၁။ ကြိုတင်ကာကွယ်ခြင်း။

နယ်မြေရပ်ခြားတွင် ကျန်းမာရေးပျက်ပြားက များစွာ စိတ်ဓာတ်ကျမည်။ ကူဖော်လောင်ဖက်မရှိက ပိုမိုစိတ်ဒုက္ခ ရောက်မည်။ ထို့ကြောင့် Prevention is better than cure ဆောင်ပုဒ်ကိုအထူးလိုက်နာပါ။ အာဟာရပြည့်အောင် စားပါ။ အနေအထိုင် အအိပ်အနေဆင်ခြင်ပါ။မတော်တဆ ထိခိုက်မှုများ မဖြစ်အောင် သတိထားပါ။ ကူးစက်ရောဂါ များဖြစ်သော ကာလသားရောဂါ စသည်တို့ မရအောင် အပျော်ကြူးခြင်းရှောင်ကြဉ်ပါ။

### ၂။ ကုသခြင်း။

ကျန်းမာရေးနှင့် ဆေးဝါးကုသရေးတွင် နိုင်ငံတစ်နိုင်ငံ နှင့် တစ်နိုင်ငံ ဆောင်ရွက်ပုံခြင်း မတူတတ်သည်ကို သတိပြုပါ။ အကြမ်းဖျင်းအားဖြင့် ၃–၄ မျိုးရှိတတ်ရာ၊ မိမိရောက်



ရှိနေသောနိုင်ငံသည် မည်သို့သောအမျိုးအစားတွင် ပါဝင် သည်ကို သတိပြုပြီး ထိုစနစ်နှင့်ကိုက်ညီအောင် ကြိုတင်စီစဉ် ထားပါ။

#### (က) နိုင်ငံတော်မှတာဝန်ယူခြင်း၊

ဆိုရှယ်လစ် နိုင်ငံများနှင့် အနောက် ဥရောပရှိ အင်္ဂလန်နှင့် စကင်ဒီနေးဗီးယား နိုင်ငံများစသော လူမှုဖူလုံရေး အတွက် အစိုးရက တာဝန် ယူသည့် (Welfare States) များတွင် ဆေးဝါးကုသရေး ကို နိုင်ငံတော်က တာဝန်ယူပြီး နိုင်ငံတော်ကဖွင့်လှစ် ထားသည့် ဒေသန္တရဆေးခန်းများနှင့် ဆေးရုံများ က အခမဲ့ကုသပေးပါသည်။ မိမိဖက်က ဆောင်ရွက် ရန်မှာ မိမိနှင့်သက်ဆိုင်သော ဒေသန္တရဆေးခန်းတွင် မှတ်ပုံတင်ထားရုံသာ။ ထိုဆေးခန်းက မကုနိုင်သော ရောဂါဖြစ်ပါက ဆိုင်ရာဆေးရုံသို့လွှဲပေးပါလိမ့်မည်။ ဤစနစ်ကြောင့် ဆေးဝါးကုသရေးအတွက် မပူပင် ရပါ။

#### (ခ) အမျိုးသားကျန်းမာရေး အာမခံစနစ်၊

ပြည်သူ့ ကျန်းမာရေး အတွက် နိုင်ငံတော်က အပြည့်အဝ တိုက်ရိုက် တာဝန်မယူဘဲ အမျိုးသား

ကျန်းမာရေး အာမခံဥပဒေ (National Health Insurance Law) ကိုပြဋ္ဌာန်းပေးသည်။ ပြည်သူ တစ်ဦးသည် အစိုးရဝန်ထမ်းဖြစ်စေ၊ ပုဂ္ဂလိကဝန် ထမ်းဖြစ်စေ၊ မိမိနှင့် မိမိ၏မိသားစုအတွက် ကျန်းမာ ရေး အာမခံပေါ်လစီ (Health Insurance Policy) ပြုလုပ်ကာ ရရှိသော လုပ်ခတွင်းမှ ငွေ အနည်းငယ်ကို ပုံမှန်ထည့်သွားရသည်။ သူ၏အလုပ် ရှင်ကလည်း ငွေထည့်သွင်းပေးရသည်။ မကျန်းမမာ ဖြစ်သည့်အခါ ထိုအာမခံစနစ်အရ ဆေးဝါးကုသခွင့် ရသည်။ ခြွင်းချက် ကိစ္စအချို့မှလွဲပြီး နောက်ထပ် ငွေကုန်ကြေးကျမရှိတော့။ ထိုခြွင်းချက်တွင်ကျရောက် ပါမူ မိမိငွေကြေးဖြင့် ကျခံရတတ်သည်။ ဖြစ်တတ် သော ခြွင်းချက်များမှာ–

(၁) Carrective Surgory ခေါ် မိမိ၏အသက် နှင့် ကျန်းမာရေးကို ထိခိုက်စေသော ကိစ္စ မဟုတ်ပါဘဲ ပြုပြင်လိုသောရည်ရွယ်ချက်ဖြင့် ခွဲစိတ်ကုသမှုခံယူခြင်း (မျက်နှာပြုပြင်ခြင်း၊ ထိပ်ပြောင်များ ဆံပင်စိုက်ခြင်း၊ ဝသူပိန်စေ ခြင်း၊ ပိန်သူဝစေခြင်း စသည်များ)။

(၂) သွားပြုပြင်ခြင်း၊ သွားစိုက်ခြင်း။

(၃) မျက်မှန်ပြင်ခြင်း၊ မျက်မှန်အသစ်ဝယ်ခြင်း။



(၄) မိမိသဘော သန္ဓဖြင့် အထူး ဆရာဝန်များ၊ အထူးကုဆေးခန်း၊ ဆေးရုံတို့တွင် ကုသမှု ခံယူခြင်း။

(ဂ) လူနာ၏တာဝန်ဖြင့် ကုသရေး၊

အချို့နိုင်ငံများတွင် မကျန်းမာပါက လူနာ (သို့မဟုတ်) လူနာရှင်၏ တာဝန်ဖြင့်သာ ပုဂ္ဂလိက ဆေးခန်းများ ဆေးရုံများတွင် ကုသရပါသည်။ ဆေးဘိုးဝါးခနှင့် ဥာဏ်ပူဇော်ခ စောင့်ရှောက်ကုသ စရိတ်ကို လူနာရှင်က ကျခံရပါသည်။ အချို့နိုင်ငံ များတွင်မူ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အို များဖြစ်က ထိုနိုင်ငံ၏ဥပဒေအရ အစိုးရက တစ်စိတ် တစ်ဒေသ ကျခံပါသည်။ ကျွန်တော်၏လက်ထောက် အရာရှိတစ်ဦးသည် ထိုင်းနိုင်ငံသို့ သွားရောက် ပညာ သင်နေစဉ်အတွင်း အရေးပေါ် ဆေးဝါးကုသမှု ခံယူပြီး မြန်မာပြည်ပြန်ရောက်တော့မှ ဆေးရုံတက် စရိတ် စာရေးတောင်းသဖြင့် နိုင်ငံခြားငွေနှင့် ပြန် ပို့ရန် အခက်အခဲကြုံတွေ့ရဖူးပါသည်။ ဂျပန်တွင်မူ သက်ကြီးရွယ်အိုများ၏ ဆေးဝါးကုသစရိတ် အချို့ တစ်ဝက်ကို အစိုးရက ကျခံပါသည်။

မိမိစရိတ်ဖြင့် ဆေးဝါးကုသရသော နိုင်ငံမျိုး တွင် အရေးကြုံက ငွေရှိရေး ကြိုတင်စုဆောင်းထား သင့်ပါသည်။

**(ဃ) ကုမ္ပဏီကြီးများမှ တာဝန်ယူခြင်း။**

အချို့သောကုမ္ပဏီကြီးများ (ဥပမာ—ဂျပန်ပြည်မှ ကုမ္ပဏီကြီးများ) သည် ဝန်ထမ်းတစ်ဦးနှင့် ပတ်သက်လျှင် ရာသက်ပန်အလုပ်ရရေး၊ လက်ထပ် ထိမ်းမြားမှုတွင် အောင်သွယ်လုပ်ပေးရေးနှင့် အဆင်ပြေက လက်ထပ်ပေးရေး၊ နေအိမ်ရရှိရေး၊ မွေးလာသောခလေးကို စောင့်ရှောက်ရေး၊ မကျန်းမာက ကုမ္ပဏီပိုင် ဆေးခန်း၊ ဆေးရုံတွင် အခမဲ့ကုသပေးရေး၊ ပင်စင်ယူသွားက ရုပ်ပိုင်းစိတ်ပိုင်း လိုအပ်ချက်များကို ဆက်လက်ကူညီရေးနှင့် ကွယ်လွန်ပါက ကုမ္ပဏီပိုင် သုသာန်တွင် သင်္ဂြိုဟ်ရေးအထိ တာဝန်ယူပါသည်။ ဤစနစ်ကြောင့် ကုမ္ပဏီအနေဖြင့် သစ္စာရှိသော ဝန်ထမ်းများ ရသည့်အပြင် ဝန်ထမ်းအဖို့လည်း နှောင်ရေးစိတ်အေးရပါသည်။

ဤသို့သော ကုမ္ပဏီကြီးများတွင် အလုပ်ရသူများသည် ကုမ္ပဏီငယ်ကလေးများတွင် အလုပ်ရသူတို့ထက် အစစအခွင့်အရေးသာလွန်ပါသည်။ မိမိဘက်ကတာဝန်မပျက်ကွက်သ၍ စိတ်အေးရပါသည်။ ဤစနစ်မှာ ဂျပန်ကုမ္ပဏီကြီးများ၏ စီမံခန့်ခွဲမှု ထူးခြားချက်ဖြစ်ရုံမက သူတို့ အောင်မြင်မှု၏ အကြောင်းရင်းများအနက် တစ်ရပ်လည်းဖြစ်ပါသည်။ အချို့နိုင်ငံများတွင်လည်း (ခ) (ဂ)နှင့် (ဃ) စနစ်များရောပြီး ရှိတတ်ပါသည်။

* * *

# အပိုင်း (၁၁)

## ပြည်တော်ပြန် ခရီး

**၁။ အပြန်ခရီး စီစဉ်ခြင်း။**

အပြန်ခရီးတွင် မည်သည့် လမ်းကြောင်းမှ မည်သည့်လေယာဉ်ဖြင့် ပြန်မည်။ မည်သည့်နိုင်ငံ မည်သည့်မြို့များတွင် ခေတ္တဝင်ရောက်မည်၊ ရက်မည်မျှ ရပ်နားလိုသည်ဟူသော မိမိ၏ဆန္ဒကိုအရင်စဉ်းစားပါ။ မိမိတွင် အလာခရီးတုန်းကပင် အပြန်လက်မှတ်ပါခဲ့ခြင်း ရှိမရှိလည်း ထည့်စဉ်းစားပါ။ မည်သည့်လေယာဉ်ကုမ္ပဏီ၏ လက်မှတ်ပင်ဖြစ်စေ လေယာဉ်ကုမ္ပဏီပြောင်းစီးရန် စီစဉ်၍ရပါသည်။

ထို့နောက် ကုမ္ပဏီရုံး၊ သို့မဟုတ် ခရီးသွား ကိုယ်စားလှယ်ဌာနသို့သွားပါ။ မိမိလေယာဉ်စီးမည့်မြို့ကရုံးမှ မဟုတ်ပါ။ ကြုံရာရုံးတွင်ဝင်လုပ်၍ ရပါသည်။ စာရေးသူသည် လန်ဒန် Heathrow Airport မှ British Airways လေယာဉ်ဖြင့်အပြန်လက်မှတ်ယူထားသော်လည်းအိဒင်ဘာရာမြို့ရ British Airways ရုံးသွားပြီး လန်ဒန်ရှိ Heathrow Aia port မှဩစတြေးလျနိုင်ငံ Quantas လေယာဉ်ဖြင့်

ဗန်ကောက်သွားပြီး၊ ဗန်ကောက်တွင် တစ်ရက်နေကာ ဗန်ကောက်မှ ရန်ကုန်သို့မြန်မာလေယာဉ်ဖြင့် ခရီးဆက်ရေးစီစဉ်ဖူးပါသည်။ (၄)မိနစ်ခန့်အတွင်း အစီအစဉ်အားလုံး ပြီးစီးပါသည်။

လောလောဆယ် အခြေအနေတွင် မြန်မာအမျိုးသားများစုသည် ဗန်ကောက်မှတစ်ဆင့် ပြန်လေ့ရှိပါသည်။ ဗန်ကောက်တွင် တစ်ရက်ခန့် ညအိပ်ရေးအတွက် လေဆိပ်မှဟိုတယ်သို့ကားခ၊ ဟိုတယ်တွင် နေထိုင်စားသောက်စရိတ်၊ဟိုတယ်မှ လေယာဉ်ကွင်းသို့ကားခကို လေယာဉ် ကုမ္ပဏီကကျခံပါသည်။ထိုထက်ပိုပြီးကြာကြာနေလိုက မိမိစရိတ်ဖြင့် နေထိုင် စားသောက် ရပါမည်။

ရန်ကုန်ရောက်သည့် လေယာဉ်ခရီးစဉ်သိရက မင်္ဂလာဒုံလေဆိပ်မှလာကြိုမည့်သူထံ ဖုန်း သို့မဟုတ် ကြေးနန်းဖြင့် အကြောင်းကြားထားပါ။

၂။ ထုပ်ပိုးခြင်းနှင့် ပို့ဆောင်ခြင်း။

ထုထယ်ကြီးမားသော ပရိဘောဂ၊ မွေ့ရာ စသည်တို့ကို အဟောင်းဆိုင်တွင် ပြန်ရောင်းခြင်း၊ တစ်ဦးဦးအားရရာဈေးဖြင့်ရောင်းခြင်း၊ ရောင်းမရက အလကားပေးခဲ့ခြင်းက ပိုကောင်းပါသည်။ ပို့ဆောင်စရိတ်၊ ထုပ်ပိုးစရိတ်ကြီးသဖြင့် မြန်မာပြည်ပြန်ပို့က တွက်ချေမကိုက်ပါ။



ဤပစ္စည်းများကို ရေကြောင်းဖြင့် ပို့မည့် ပစ္စည်း၊ လေကြောင်းဖြင့်ပို့မည့်ပစ္စည်း၊ မိမိနှင့်တစ်ပါတည်း သယ်မည့်ပစ္စည်းဟူ၍ ခွဲပါ။ ရေကြောင်းဖြင့် ပို့မည့်ပစ္စည်းကို Crate ခေါ် သေတ္တာဖြင့်ရိုက်ခြင်း၊ Sea Chestဖြင့် ထည့်ရေး စီစဉ်ရပါမည်။ လေကြောင်းဖြင့် လူဖြင့်တစ်ပါတည်း မယူဘဲ Unaccompanied Baggage လုပ်မည့် ပစ္စည်းကိုလည်း လုံခြုံသော ပေါ့ပါးသည့်သေတ္တာများဖြင့် သော့ခတ်ပြီးမှ ပို့ပါ။ ပစ္စည်းများ ပို့ပါက စပရင် ချိန်ခွင် (Spring Balance) ငယ်တစ်ခု ဝယ်ထားပြီး မိမိဖာသာချိန်ကြည့်ကာ စီစဉ်သင့်ပါသည်။

လူဖြင့် တစ်ပါတည်းသယ်မည့်ပစ္စည်းများကို လေယာဉ်စည်းကမ်းအခမဲ့ အတိုင်းအတာတွင်း သယ်သင့်သည်။ ပေါင်ပိုခဈေးကြီး၍ ဖြစ်ပါသည်။

မြန်မာပြည်သို့ယူသွားလိုသောအခြားပစ္စည်းကြီးထပ်ဝယ်ရန်ရှိက ဈေးချိုသော ဟောင်ကောင်၊ စင်္ကာပူစသည်တို့သို့ဘဏ်မှငွေလွှဲပို့ပြီး မှာသင့်ပါသည်။ ဥရောပ၊ အမေရိကန်၊ ဂျပန်တို့တွင် ထိုပစ္စည်းများ၏ ဈေးသည် ဟောင်ကောင်၊ စင်္ကာပူတို့ထက် ကြီးပါသည်။ ထိုင်းတွင်လည်း အထည်အလိပ်မှလွဲ၍ ဈေးမချိုပါ။ သို့သော် ဗန်ကောက်တွင် အချိန်ရက ဗန်ကောက်တွင် ဖွင့်ထားသော မြန်မာကုမ္ပဏီများထံတွင် ငွေပေးပြီးမှာလျှင် မြန်မာတို့ဝယ်လေ့ရှိသော

မော်တော်ဆိုင်ကယ်၊ တီဗွီ၊ ဗွီဒီယို၊ သွတ်၊ ပါတိတ်လုံချည်စသည်တို့ကို သူတို့က စက်ဘူသို့ ထပ်မှာပြီး ရန်ကုန်အရောက် ပို့ပေးပါလိမ့်မည်။

**၃။ အပြန်ခရီး လေယာဉ်ပေါ်နှင့်လေယာဉ်ကွင်း အကောက်ခွန်လွတ်ဆိုင်တွင် ဝယ်ခြင်း။**

ဝယ်သင့်ဆုံးမှာ စီးကရက် ကာတွန်းလိုက်နှင့် အရက်ပုလင်းဖြစ်ပါသည်။ အကောက်ခွန် မပေးရ၍ အလွန်ဈေးချိုပါသည်။ အလှကုန်ဖြစ်သော ရေမွှေး နှုတ်ခမ်းနီဆိုးဆေး၊ မိတ်ကပ်တို့မှာ ကမ္ဘာ့ထိပ်တန်းများဖြစ်၍၊ အပြင်နှင့်စာလျှင် ဈေးချိုသည့်တိုင်အောင် ဈေးကြီးပါသည်။ မိမိကိုယ်တိုင်တတ်နိုင်ပြီး၊ အကောင်းကြိုက်လျှင် လည်းကောင်း၊ အမှန်အမြတ်အဖြစ် လက်ဆောင်ပေးလိုလျှင် လည်းကောင်း၊ လက်ဆောင် လက်ခံမည့်သူက တန်ဖိုးနားလည်လျှင်လည်းကောင်း ဝယ်ပါ။ ပြန်ရောင်းလိုစိတ်ဖြင့် မဝယ်ပါနှင့်၊ ဈေးနှုန်းအသီးသီးနှင့် ပြည်တွင်းသို့ အကောက်ခွန်လွတ် သွင်းခွင့်ကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

**၄။ လမ်းခုလတ် တိုင်းပြည်တွင်**

လည်ပတ်ခြင်း၊ ပစ္စည်းဝယ်ခြင်းတို့ကို မိမိတွင် နိုင်ငံခြားငွေရှိသေးက လုပ်နိုင်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ပြန်ရန် လေဆိပ်သို့ ပြန်သွားက လေဆိပ်ကြေး (Airport



Tax) ပေးရသဖြင့် ငွေကိုချန်ထားဖို့ လိုပါသည်။ ၁၉၈၈ တွင် ဒွန်မွန်လေဆိပ်၏ (Airport Tax) မှာ လူတစ်ဦးလျှင် ၁၅၀ ဘတ် (၆ ဒေါ်လာ) ဖြစ်ပါသည်။

လေဆိပ်သို့ ရောက်သောအခါ အထွက် ခရီးသည် ခန်းမ (Departure Lounge) တွင် မိမိနှင့်သက်ဆိုင်ရာ လေကြောင်းကုမ္ပဏီ၏ ကောင်တာသို့သွားပြီး ပစ္စည်းများ ချိန်တွယ်ပါ။ လေယာဉ်ပေါ်တက်ခွင့် လက်မှတ်ရယူပါ။ အထုပ်အပိုးများကို မြန်မာပြည်အထိ မူလကတည်းက ပို့ထားခြင်း မဟုတ်ပါဘဲ၊ မိမိနှင့်အတူ ယူလာခဲ့ခြင်းဖြစ်က ထပ်ပြီး ချိန်တွယ်ကာ (Baggages) များ လုပ်ပြီး (Baggage Checks) များ ရယူပါ။

ထိုမှတစ်ဆင့် အတွင်းဆောင်သို့ဝင်ပြီး လေယာဉ်စောင့်ပါ။ ထိုသို့ ဝင်ရာတွင် အပေါက်ဝများမှ လုံခြုံရေးနှင့် အကောက်ခွန် စစ်ဆေးမှုများ ပြုလုပ်ခံရပါမည်။ ထိုအတွင်းခန်းတွင် မိမိလေယာဉ်နှင့် ဆိုင်သော ထွက်ပေါက် (gate) နားတွင်နေပြီး တီဗွီကို ရံဖန်ရံခါ ကြည့်နေပါ။ ငွေကျန်လေးများ ရှိနေလျှင် အကောက်ခွန်လွတ် ဆိုင်များတွင် ဝယ်နိုင်ပါသေးသည်။ စားသောက်ဆိုင်များတွင် စားနိုင်ပါသေးသည်။

လေယာဉ်ပေါ်တက်ရန် ခေါ်ပြီဆိုလျှင် အခြားခရီးသည်များနှင့်အတူ ဆိုင်ရာဂိတ်ပေါက်မှ ထွက်ပြီး၊ ဘတ်စ်ကားပေါ်

တက်ပါ။ ဘတ်စ်ကားက လေယာဉ်ဆိုက်ထားရာကို ပို့ပေးပါလိမ့်မည်။

၅။ မင်္ဂလာဒုံလေဆိပ်တွင်။

မိမိတွင် မြန်မာငွေ ပါလာမည် မဟုတ်သဖြင့် မိမိကို လာကြိုသူက မြန်မာငွေယူလာဖို့ လိုပါသည်။ ကြို၍မှာထားပါ၊ အသွားခရီးစဉ်ကကဲ့သို့ သူတို့သည် လေဆိပ်ဝင်ခွင့်ကို ကြိုတင်လုပ်ထားဖို့ လိုပါသည်။ ဒွန်မွန်နှင့် လေဆိပ်အများစုတွင်မူ ဤစနစ်မရှိပါ။ အပြင်ဆောင်ကို အချိန်မရွေးမည်သူမဆို ဝင်နိုင်ပါသည်။

လေယာဉ်ပေါ်မှဆင်း၍ လမ်းလျှောက်လာသောအခါ နိုင်ငံခြား ခရီးသည်ခန်းမ (Foreign Lounge)ကို ရောက်ပါမည်။ မိနစ်အနည်းငယ် ကြာလျှင် ခရီးသည်များ၏ (Baggages) များလည်း အလုပ်သမားများက လှည်းဖြင့် တင်တွန်းပြီး၊ အကောက်ခွန် ကောင်တာကို လာပို့ပါလိမ့်မည်၊ ခရီးသည်အနေဖြင့် လူဝင်မှုစစ်ဆေးမှု ခံယူပြီးနောက်၊ အကောက်ခွန်ကောင်တာတွင် မိမိ၏လက်ဆွဲကိုလည်းကောင်း၊ (Baggages) လုပ်လာသည့် အထုပ်အပိုး သေတ္တာအားလုံးကိုလည်းကောင်း ဖွင့်ပြပါ။ အကောက်ခွန် အရာရှိများက အားလုံးကို စစ်ဆေးပြီး အကောက်ခွန်နှင့် ရောင်းခွန် (Sale tax) သတ်မှတ်ပါမည်။ ထိုနေရာတွင်ပင် တစ်ပါတည်း



ငွေဆောင်ပြီး ရွေးနိုင်ပါသည်။ အထူးသတိပြုရန်မှာ မိမိနှင့် အတူ မဟုတ်ဘဲ နောက်မှ လေယာဉ်/သင်္ဘော စသည်ဖြင့် လိုက်လာဦးမည့် ပစ္စည်းရှိသေးက(ဥပမာ-စင်္ကာပူမှ တီဗွီနှင့် ဗွီဒီယိုဒက် မှာထားမည် ဆိုပါစို့) နောက်ထပ် လိုက်လာမည့် အထုပ်အပိုး အရေအတွက် (Number of Baggages)ကို မိမိအား ယခုစစ်ဆေးဆောင်ရွက်ပေးနေသည့် အကောက်ခွန် အရာရှိထံ ပြောဆိုစာရင်းပေးထားရန် လိုပါသည်။ သူကလည်း မေးပါလိမ့်မည်။ သို့မှသာ နောက်ထပ် ပစ္စည်းရောက်လာသည့်အခါ ဒဏ်ငွေ(Fine)မဆောင်ရဘဲရွေးနိုင်ပါမည်။ နောက် လိုက်လာမည့် ပစ္စည်းများကိုမူ လေကြောင်းဖြစ်က အကောက်ခွန် ရုံးချုပ် အောက်ထပ်၊ ရေကြောင်းဖြစ်က ဆိပ်ကမ်းတွင် ရွေးရပါသည်။ ထိုအခါ လေဆိပ်တွင် ရွေးရသလောက် မမြန်တော့ပါ။

ကမ္ဘာ့ခရီးသည်ကိုပေါက်ကျိုင်း တစ်ယောက် ဆောင်ရွက်ရန် ကိစ္စပြီးပါပြီ။ မင်္ဂလာဒုံလေဆိပ်မှထွက်ကာ လာကြိုသူများနှင့်အတူ မြို့တွင်းသို့ ပျော်ပျော်ပါးပါး ခရီးဆက်ပါ။

* * *

## Some Differences in British and American English

These two kinds of English are very similar. There are a few differences of grammer and spelling, and rather more differences of vocabulary, Pronunciation is sometimes very different, but most British and American speakers can understand each other,

### 1. Grammer

| US | GB |
| --- | --- |
| He just went home. | He's just gone home. |
| Do you have a problem? | Have you got a problem? |
| I've never really gotten, to know him. | I've never really got to know him. |
| It's important that he be told. | It's important that he should be told |
| (on the phone) Hellow: is this Harold? | Hellow, is that Harold? |
| It looks like it's going to rain, | It looks as if it's going to rain! |
| He looks at me real Strange. | He looks at me really strangely. |



### 2. Vocabulary

There are very many differences. Sometimes the same word has different meanings (GB mad - 'crazy,' US mad - 'angry'). Often different words are used for the same idea (GB lorry, US truck). Here are a few examples:

| US | GB | မြန်မာ |
| --- | --- | --- |
| Apartment | Flat | နေအိမ်တိုက်ခန်း |
| Cab | taxi | အငှါးကား |
| can | tin | သံဘူး |
| candy | sweets | သကြားလုံး၊ချိုချဉ် |
| check | bill | စားသောက်ဆိုင် ပြေစာ |
| closet (or) cabinet | cupboard | ကြောင်အိမ်၊ ဘီရို |
| cookie | biscuit | ဘီစကွတ်မုန့် |

| | | |
|---|---|---|
| corn | maize | ပြောင်း |
| crazy | mad | ရူးသွပ်သော |
| elevator | lift | ဓာတ်လှေကား |
| fall | autumn | ဆောင်းဦးရာသီ |
| first floor | ground floor | မြေညီထပ် |
| second floor | first floor | ပထမထပ် |
| french fries | chips | အကြော် |
| garbage (or) trash | rubbish | အမှိုက်သရိုက် |
| gas (or) gasoline | petrol | ဓာတ်ဆီ |
| highway | main road | လမ်းမ |
| intersection | crossroad | လမ်းဆုံ |
| mad | angry | စိတ်ဆိုးသော |
| mail | post | စာထည့်သည် |
| motor | engine | မော်တော်ကားစက် |
| movie | film | ရုပ်ရှင် |
| one-way | single(ticket) | အသွား(လက်မှတ်) |
| pants | trousers | ဘောင်းဘီရှည် |
| pavement | road surface | လမ်းမျက်နှာပြင် |
| potato chips | crisps | အာလူးကြော် |
| railroad | railway | ရထားလမ်း |
| round-trip | return(ticket) | အသွားအပြန်(လက်မှတ်) |



| | | |
|---|---|---|
| sidewalk | pavement | လမ်းဘေးလူသွားစင်္ကြံ |
| store | shop | ကုန်ဆိုင် |
| subway | underground | မြေအောက်ရထား |
| truck | lorry | ကုန်တင်ကားကြီး |
| vacation | holiday (s) | အားလပ်ရက် |
| zipper | zip | ဇစ် |

Expressions with propositions and particles:

| US | GB |
|---|---|
| Check something out | Check something |
| Do something over | Do something again |
| Fill in/out a form | Fill in a form |
| meet with somebody | meet somebody |
| visit with somebody | visit somebody |
| Monday through Friday | Monday to Friday |
| home | at home |
| Mondays | on Mondays |

3. Spelling

| US | GB | မြန်မာ |
|---|---|---|
| Aluminum | Aluminium | အလူမီနီယံ |
| Analyze | Analyse | ခွဲခြမ်းစိတ်ဖြာသည် |

| | | |
|---|---|---|
| Catalog | Catalogue | ကတ်တလောက် စာရင်း |
| Center | Centre | ဗဟို |
| Check | Cheque | ချက်လက်မှတ် |
| Color | Colour | အရောင် |
| Defense | Defence | အကာအကွယ် |
| Honor | Honour | ဂုဏ်သိက္ခာ |
| Jewelry | Jewellery | ကျောက်မျက်ရတနာ |
| Labor | Labour | လုပ်အား/အလုပ်သမားနှင့်ဆိုင်သော |
| Pajamas | Pyjamas | ညဝတ်အင်္ကျီ |
| Practice | Practise(verb) | လေ့ကျင့်သည် |
| Program | Programme | အစီအစဉ် |
| Theater | Theatre | ဇာတ်ရုံ၊ ရုံ |
| Tire | Tyre | တိုင်ယာ |
| Traveller | Traveller | ခရီးသည် |

Many verbs and in —ize in American English, but in—ise or —ize in British English. For example: US realize/GB realise.



## အသုံးဝင်မည့် ယိုင်းစကားအချို့

| အင်္ဂလိပ် | ထိုင်း |
|---|---|
| One | Nung (the "u" is a cross between an "Oo" as in "noon" and the "u" in "uncle') |
| Two | song (as in "song" of "to sing" but with a rising tone as if asking a question) |
| Three | Sam (as in the dance, the "Samba" with a rising tone.) |
| Four | Si (as in "see") |
| Five | Haa (as in "heart" in a falling tone) |
| Six | Hok (as in "hotel") |
| Seven | Jet (as in "jet plane") |
| Eight | Bat (as in cricket "bat") |
| Nine | Kow (as in "gounge" with a falling tone) |

| | |
|---|---|
| 10 | Sip (as in "sip" with a straw) |
| 20 | Yee sip |
| 30, 40, 50 etc. | Sam sip, Si sip, Haa sip, etc. |
| 100 | Nung roi (as in "royal") |
| 200, 300, 400 etc: | Song roi, Sam roi, Si roi etc. |
| 1000 | Nung phan (as in "wonder") |
| Hello, Goodbye } | Sawatdee |
| Thank you very much | Kup Khun Maak (Kup as in "cup", khun as in "coon" maak "a" as in "air" and with a falling tone) |
| Go | Bai (pronounced "buy" with a very had B) |
| Come | Maa (as in "mama") |
| How much | Taa roi (as in "towel" and rai as in "right") |
| Where is (object) | Object+yuu ti nai ("You" "tee" and "nai" as in "night") |



| | |
|---|---|
| What Time | Kee mong ("Key" and "mong" as in "moan,") |
| Hotel | Rongraem ("wrong" and to "ram") |
| Restaurant | Raanahaan (all the "a"s are as in "mama" and "ahaan" is spoken with a rising tone) |
| O'clock | Mong (same as "mong" in "what time is it?) |
| When | Muu aray (like the cow says ".moo" to the back of the throat) "aray" is "uh" and "ri" as in "right") |
| Today | Wan ni ("one" "knee" with a high tone on "knee") |
| Tomorrow | Prung ni ("Prung" as in "prune" and "Knee") |
| Yesterday | Mua wrn ni ("Mua" as said like "muu" on "when" but followed by an "uh" "Wan ni" as to the same as noted above.) |

## Twenty Useful Japanese Expressions

### a, Greetings

| | |
|---|---|
| 1. KONNICHIWA | Good afternoon |
| 2. HAJIMEMASHITE | How do you do? |
| 3. ARIGATO | Thank You |
| 4. SUMIMASEN | Excuse me/I am very sorry. |
| 5, SAYONARA | Goodbye |

### b, Introducing yourself

| | |
|---|---|
| 1, WATASHIWA BIRUMA DESU | I am a Myanmar |
| 2, NANAEWA / KUNIWA DESU | My name is |
| 3- KOKO E DENWA SHITE KUDASI | Please make a telephone call to this number. |
| 4, PASUPOTOOWASU-REMASHITA | I forgot to bring my passport with me |



| | |
|---|---|
| 5. NIHONGOWA WAKARIMASEN E/GO DE ONEGAISHMASU | I don't understand Japanese. Please speak English to me, |

### c, Meals

| | |
|---|---|
| 1, BETANIKU WA DAME DESU | I don't eat pork. |
| GYUNIKU WA DAME DESU | I don't eat beef. |
| 2. YASAIDAKE O ONEGAISHMASU | I want to have vegetables only. |

### d. Transportation

| | |
|---|---|
| 1. TOKYO-EKI WA DOKO DESU KA | Where is Tokyo Station? |
| 2. CHIZU O KAITE KUDASAI | Please draw me a map. |
| 3. TOKYO-EKI MADE IKURA DESU KA | How much is it to go to Tokyo Station.

| | |
|---|---|
| 4: TOKYO EKI MADE ONEGAISHIMASU | Please take me to Tokyo Station. |

### e. Medical Care

| | |
|---|---|
| 1. KIBUN GA WARUI DESU | I feel sick. |
| 2. BYOIN E IKITAI DESU | I want to go to hospital. |

### f, Shopping

| | |
|---|---|
| 1. KORE WA IKURA DESU KA | How much is it? |
| 2. KORE O KUDASAI | Give me this one |



## ထုတ်ကုန် ပါမစ်မလိုဘဲပြည်ပသို့ ယူဆောင်ခွင့်ပြုသော ပစ္စည်းများ

နိုင်ငံခြားသွား ခရီးသည် မြန်မာနိုင်ငံသား တစ်ဦးသည် ကုန်သွယ်ရေး ဝန်ကြီးဌာနမှ ထုတ်ကုန်ပါမစ် (သို့မဟုတ်) လိုင်စင်လျှောက်ထားရယူရန် မလိုဘဲ အောက်ပါ ပစ္စည်းများ ယူဆောင်ခွင့် တင်ပို့ခွင့် ရှိပါသည်။

က။ **ခရီးသည် ဝန်စည် ပစ္စည်းများ။** ။ခရီးသည် ဝန်စည် ပစ္စည်းဆိုရာတွင် အဝတ်အထည်၊ လူသုံးကုန်ပစ္စည်း (Personal effects)၊ သင့်တင့်သော အိမ်ထောင် ပရိဘောဂနှင့် အိမ်အသုံးအဆောင် ပစ္စည်းများ ပါဝင်သည်။ ဤပစ္စည်းများသည် လူသုံးကုန်ပစ္စည်း၊ အိမ်သုံး ပစ္စည်း၌ အကျုံးဝင် ခြင်း ရှိ မရှိကို အကောက်ခွန် အရာရှိအား ဆုံးဖြတ်ခွင့် ပြုထားသည်။

ခ။ **အခြား ပစ္စည်းများ။** ။ထို့ပြင် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၁၉၈၅-ခုနှစ်၊ ဧပြီလ ၂၂-ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂/၈၅ အရ၊ ပြည်ပသို့ သွားရောက်သော နိုင်ငံသား တစ်ဦးအား အောက်ပါ ကုန်ပစ္စည်းများကို ထုတ်ကုန်လိုင်စင် လျှောက်ထား ရယူရန်မလိုဘဲ၊ ယူဆောင်ခွင့် သို့မဟုတ် တင်ပို့ခွင့် ပြုထားပါသည်။

(၁) **အစားအစာ**

| | | |
|---|---|---|
| (ကက) | ပုဇွန်ခြောက် | (၂) ပိဿာအထိ။ |
| (ခခ) | ငါးခြောက် | (၂) ။ |
| (ဂဂ) | ငါးပိ | (၁) ။ |
| (ဃဃ) | ငံပြာရည် | (၁) ။ |
| (ငင) | ပဲမျိုးစုံ | (၁) ။ |
| (စစ) | အခြားစားသောက်ဖွယ်ရာ ပစ္စည်း (၁) မျိုးလျှင် | (၁) ။ |

(အထက်ပါ အစားအစာအားလုံး၏ စုစုပေါင်း အလေးချိန်သည် (၁၈) ပိဿာထက် မပိုစေရပါ။ ဖော်ပြပါ ပစ္စည်းများသည် နိုင်ငံတော် အဖွဲ့အစည်းက တားမြစ်ထားသော ပစ္စည်းများ မဖြစ်စေရပါ။ ထို့ပြင် မြန်မာနိုင်ငံမှ ယူဆောင်/တင်ပို့ ခွင့် ရှိသော်လည်း၊ မိမိသွားမည့်နိုင်ငံက တားမြစ်ထားချက်၊ အချို့လေယာဉ်များက တားမြစ်ထားချက် မရှိရန်လည်း လိုပါသည်။)

(၂) **ဘာသာရေး ပစ္စည်း**

(ကက) ဘုရားဆင်းတုတော် (ညာဏ်တော်အမြင့် ၁ ပေ) (၁) ဆူ



| | | |
|---|---|---|
| (ခခ) | ထိုဆင်းတုတော်နှင့်လျော်ညီသော ပုလ္လင် | (၁) ခု |
| (ဂဂ) | လျော်ညီသော တံကဲ/ ကျောင်းဆောင် | (၁) ခု |
| (ဃဃ) | ဘာသာရေးဆိုင်ရာ အခြားရုပ်တု | (၁) ခု |

(၃) **ပန်းချီကား** တန်ဖိုးငွေ ကျပ် ၅၀၀ အထိ

(၄) **ယွန်းထည်** ၎င်း

(၅) **စာအုပ်စာတမ်း**။ ။မိမိနှင့်သက်ဆိုင်သော လုပ်ငန်းသုံး စာအုပ် စာတမ်းများ(တစ်ဦးတည်းအတွက်သာ)

(၆) နိုင်ငံတော် အဖွဲ့အစည်းများက တားမြစ် ပိတ်ပင်ထားခြင်း မရှိသော ပစ္စည်းများဖြင့် ပြုလုပ်သည့် လက်ဆောင်ပစ္စည်း၊ ထီး၊ ဖိနပ်၊ လွယ်အိတ်၊ လက်ကိုင်အိတ်၊ ပိုက်ဆံအိတ်ငယ် စသည်များ တန်ဖိုးငွေ ကျပ် ၅၀၀ အထိ။

(စာအုပ် စာတမ်းများ လမ်းတွင် အပျင်းပြေ ဖတ်ရန် ဝတ္ထု မဂ္ဂဇင်း စသည့် စာအုပ် အနည်းငယ်မှအပ)၊ အနုပညာပစ္စည်းများ၊ ဘာသာရေးဆိုင်ရာ ပစ္စည်းများ ယူဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာ အစိုးရဌာနများ၏ ခွင့်ပြုချက် ပါရှိရန် လိုအပ်ပါသည်။)

## သွင်းကုန်ပါမစ်မလိုဘဲ အကောက်ခွန်ကင်းလွတ်စွာဖြင့် ပြည်တွင်းသို့တင်သွင်းခွင့်ပြုသောပစ္စည်းများ။

ကုန်သွယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော သွင်းကုန်ကြီးကြပ်ရေးအမိန့်ပါ ခြွင်းချက်အမှတ် ၄-အရ၊ ခရီးသည်ဝန်စည်အဖြစ် ကိုယ်တိုင်နှင့် ကိုယ်ပိုင်သုံးစွဲရန် ပြည်ပမှ ယူဆောင်တင်သွင်းလာသော ကုန်ပစ္စည်းများကို ကုန်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်လျှောက်ထားရန်မလိုဘဲ ယူဆောင်တင်သွင်းခွင့်ရှိပါသည်။ ခရီးသည် ဝန်စည်အဖြစ် ပြည်ပမှတင်သွင်းလာသော ကုန်ပစ္စည်းများအနက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသည့် ကုန်ပစ္စည်းများကို အကောက်ခွန် ဦးစီးဌာနက အခါအားလျော်စွာ အမိန့် ထုတ် ပြန် ၍ သတ်မှတ်ပါသည်။

နိုင်ငံခြားမှ ဝင်ရောက်လာသည့် (သို့မဟုတ်) ပြန်လည်ရောက်ရှိလာသည့် နိုင်ငံသား ခရီးသည်တစ်ဦး ယူဆောင်လာသော အောက်ပါပစ္စည်းများကို ကိုယ်တိုင်သုံးစွဲရန်ဖြစ်ပြီး စီးပွားရေးအတွက်ရောင်းချရန်မဟုတ်ကြောင်းကို အကောက်ခွန် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) ၎င်းက အာဏာလွှဲအပ်ထားသော အကောက်ခွန်အရာရှိက ယုံကြည်ပါက အကောက်ခွန်ကင်းလွတ်ခွင့်ရှိသည့် ခရီးသည်ဝန်စည်ပစ္စည်းများအဖြစ် သတ်မှတ်ထားပါသည်။



(က) အဝတ်အထည်များ၊ အလှကုန်ပစ္စည်းများနှင့်ခရီးသည်အသုံးပြုနေသည့် အခြား ကိုယ်သုံးပစ္စည်းများ။

(ခ) လက်ပတ်နာရီတစ်လုံးနှင့် စားပွဲတင် (သို့မဟုတ်) ခရီးဆောင်နာရီတစ်လုံး။

(ဂ) အပျော်တမ်း ခရီးဆောင်ကင်မရာတစ်လုံး၊ ထို့အပြင် ၎င်းတွင် သာမန်အားဖြင့်တပ်ဆင်အသုံးပြုရသည့် (Flash Gun and Battery, Filter, Range Finder, Tripod) နှင့်တစ်လိပ်တွင် ၃၆ ပုံထက်မပိုသော ဖလင်လိပ်။

(ဃ) ၈ မီလီမီတာ၊ သို့မဟုတ်၊ ၁၆ မီလီမီတာ ရုပ်ရှင်ပြစက်ငယ်တစ်လုံးနှင့် သာမန်အားဖြင့် ရုပ်ရှင်ရုံတွင် ပြသခြင်းမပြုဘဲ အိမ်တွင်ပြသရန်အသုံးပြုသည့် ရုပ်သေပြစက်တစ်လုံး။

(င) မှန်ပြောင်းတစ်ခု။ .

(စ) မှတ်ဆိတ်ရိတ်ကိရိယာ (သို့မဟုတ်) လျှပ်စစ်မုတ်ဆိတ်ရိတ်ကိရိယာတစ်ခု၊

(ဆ) ခရီးဆောင်လျှပ်စစ် ဆံပင်အခြောက်ခံ စက်ကိရိယာ တစ်ခု။

(ဇ) ခရီးဆောင်လျှပ်စစ်မီးပူတစ်လုံး။

(ဈ) အိတ်ဆောင်ဂဏန်းတွက်စက်တစ်ခု။

(ည) ခရီးဆောင်လက်နှိပ်စက်တစ်ခု။

(ဋ) လျှပ်စစ်သုံးမဟုတ်သော အကော်ဒီယံ၊ တယော၊ ဂီတာ ကဲ့သို့ အလွယ်တကူ သယ်ယူ နိုင်သော ကိရိယာများ။

(ဌ) ဂေါက်သီးရိုက်တုတ်တစ်စုံ၊ တင်းနစ်ဘက်တံ (၂) ချောင်း၊ ကြက်တောင်ရိုက်ဘက်တံ (၂) ချောင်း၊ ငါးများတံနှင့်ငါးများကိရိယာစသည့် ကစား ခုန်စား ပစ္စည်းများ။

(ဍ) ဥပဒေအရ တားမြစ်ထားသော ဆေးဝါးမှအပ အမှန်ကိုယ်တိုင်သုံးစွဲရန်ဆေးဝါးများ။

(ဎ) အိပ်ရာနှင့်ခရီးဆောင်ခြုံစောင်များ။

(ဏ) စက်ဘီးတစ်စီး။

(တ) မိမိနှင့်အတူ ကလေးငယ်အတူပါလာက ကလေး ရေချိုးဇလုံ တစ်လုံး၊ ကလေး အိပ်ရာ ပုခက်၊ ကလေး လက်တွန်းလှည်း၊ သို့မဟုတ် ဘီး တပ် ကလေး လမ်းလျှောက်ကွင်းနှင့် ကလေးကစား စရာ အနည်းငယ်။

(ထ) တစ်လီတာထက်မပိုသောအရက်နှင့် ၄-ပိုင်း၊ ၁-ပိုင်းလီတာထက် မပိုသောရေမွှေး။

(ဒ) လိပ်ရေ ၅၀-ထက်မပိုသော ဆေးပြင်းလိပ်၊ လိပ် ရေ ၂၀၀ ထက်မပိုသော စီးကရက်နှင့် အလေး



ချိန် ၄-ပိုင်း တစ်ပိုင်း ကီလိုဂရမ်ထက် မပိုသော ဆေးတံသောက်ဆေး။

(ဓ) ခရီးသည် မြန်မာနိုင်ငံမှထွက်ခွာစဉ်က နိုင်ငံခြား ကုန်သွယ်မှုဘဏ် ခွင့်ပြုချက်ဖြင့် ယူဆောင်သွား သော လက်ဝက်ရတနာများ။

(န) နိုင်ငံခြားသို့ နိုင်ငံတော် တာဝန် ဖြင့် သော်လည်းကောင်း၊ ခွင့်ပြုချက်အရသော်လည်းကောင်း၊ သွား ရောက် ခဲ့သော နိုင်ငံသား၊ ခရီးသည် သို့မဟုတ် ၎င်းနှင့်အတူသွားသည့်အိမ်ထောင်စုဝင် တစ်ဦးဦးသည် ၎င်းတို့၏ တရားဝင် စုဆောင်း ရရှိငွေဖြင့် ကိုယ်တိုင်းအသုံးပြုရန် ဝယ်ယူခဲ့သော တန်ဖိုးငွေကျပ် တစ်သောင်းထက် မပိုသည့် လက် ဝတ် ရတနာများ-

(ပ) အောက်ပါ အိမ်ထောင်သုံးပစ္စည်းများ။

(၁) ပန်းကန်ပြား၊ ပန်း ကန်လုံး၊ ဖန်ခွက်များ၊ တန်ဖိုးငွေကျပ် ၅၀၀ အထိ။

(၂) ဇွန်း၊ ခရင်း၊ တူ၊ သားလှီးဓား တန်ဖိုးငွေ ကျပ် ၃၀၀ အထိ။

(၃) အိုး ခွက် စသည့် ချက်ပြုတ်ရာ အသုံးပစ္စည်းများ- တန်ဖိုးငွေကျပ် ၃၀၀ အထိ။

(၄) တန်ဖိုးငွေကျပ် ၂၅၀ ထက်မပိုသော မီးဖိုငယ်တစ်ခု။

(၅) ဓာတ်ပြား အချပ် ၂၀ အထိ။

(၆) အသံမသွင်းရသေးသော ကက်ဆက်တိတ်ခွေ တစ်ဒါဇင်အထိ။

(၇) ပုံမကူးရသေးသော ဗွီဒီယိုတိတ်ခွေတစ်ခု။

(၈) ၁၅ စတုရန်းပေ၊ သို့မဟုတ် ၃.၂၅ စတုရန်း မီတာထက် မပိုသော ကော်ဇောတစ်ချပ်။

*

**အရေအတွက်နှင့် တန်ဖိုးအကန့်အသတ်မရှိ တင်သွင်းနိုင်သော ပစ္စည်းများ။**

၁၉၈၈-အောက်တိုဘာလ (၁၃)ရက်နေ့စွဲဖြင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၄/၈၈ အရ မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံတော်အဖွဲ့အစည်းများက သီးခြား ပိတ်ပင်တားမြစ်ထားခြင်း မရှိပါက အရေအတွက်နှင့် တန်ဖိုးကန့်သတ်ချက်မရှိဘဲ ပြည်ပမှ ဝယ်ယူတင်သွင်းခွင့်ရှိသည့် ကုန်ပစ္စည်းများအနက် အချို့ကို



အောက်တွင် ဖော်ပြအပ်ပါသည်။ ထိုသို့ဝယ်ယူတင်သွင်းမည်ဆိုပါက တရားဝင်စုဆောင်းရရှိသော နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်းဖြစ်ကြောင်း အထောက်အထားကို အကောက်ခွန်ဦးစီးဌာနသို့ တင်ပြကြရမည်ဖြစ်ပါသည်။ ထို့အပြင် ကျသင့်သော အခွန်အခများကို ပေးဆောင်ရမည်ဖြစ်ပါသည်။

(က) ဗွီဒီယိုကင်မရာ၊ လက်နှိပ်စက်၊ ကွန်ပျူတာစသော လူသုံးပစ္စည်းများ။

(ခ) ကော်ဇော၊ မီးဖို၊ အမှုန့်ကြိတ်စက်၊ လျှပ်စစ်မော်တာ၊ စာကူးစက်၊ လေအေးစက်၊ မီးထွန်းစက် စသည် အိမ်သုံးပစ္စည်းများ။

(ဂ) လျှပ်စစ်အော်ဂင်၊ ဂီတာ၊ စန္ဒယား စသော တူရိယာပစ္စည်းများ။

(ဃ) ဘက်ထရီအားသွင်းစက်၊ ဂဟေဆော်စက်၊ စက္ကူဖြတ်စက်၊ ပုံနှိပ်စက်၊ အင်ဂျင်စက်စသည့်အိမ်တွင်း စက်မှုလုပ်ငန်းသုံးပစ္စည်းများ။

(င) အီးစီဂျီစက်၊ သွားချိန်ကိရိယာစသော ဆရာဝန်သုံး ကိရိယာပစ္စည်းများ (ဆရာဝန်နှင့်ဆေးဘက်ဆိုင်ရာ ပညာရှင်များအတွက်သာ)။

(စ) မော်တော်ကား အင်ဂျင်စက်၊ ယာဉ်အပိုပစ္စည်း၊ မော်တော်ဆိုင်ကယ်တာယာနှင့် ကျွတ် စသည့် ယာဉ်သုံးပစ္စည်းများ။

(ဆ) ပွဲချိပ်စက်၊ ရေစုပ်စက်၊ အသက်ကယ်ကိရိယာ စသည့် ရေကြောင်းသုံးကိရိယာ။

(ဇ) သွတ်ပြား၊ ပန်ကာ၊ မီးချောင်း၊ ရိုက်သံ၊၊ ရေပိုက်၊ သုတ်ဆေး၊ သံဇကာစသည့် ဆောက်လုပ်ရေးပစ္စည်းများ။

(ဈ) ပုံနှိပ်စက်အပိုပစ္စည်းများ။

(ည) ရုပ်ရှင်ဖလင်၊ ဓာတ်ပုံကူးစက္ကူ၊ ဓာတ်ပုံကူးဆေး၊ ဓာတ်ပုံဖလင်စသည်များ။

(ဋ) ဆန်စက်အပိုပစ္စည်းများ စသည်တို့ ဖြစ်ပါသည်။

*



## ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းဆိုင်ရာ သိအပ်သည်များ။

၁။ ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခွင့်ရှိသူများ၊

(က) နိုင်ငံတော်မှ တာဝန်ပေးချက်အရ ပြည်ပနိုင်ငံများတွင် သွားရောက် တာဝန် ထမ်းဆောင် ကြသော ဝန်ထမ်းများ။

(ခ) နိုင်ငံတော်၏ အစီအစဉ်ဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက် အလုပ်လုပ်ကိုင်ကြသော နိုင်ငံသားများ။

(ဂ) နိုင်ငံတော်၏ ခွင့်ပြုချက်အရ မိမိအစီအစဉ်ဖြင့် ပြည်ပ နိုင်ငံများတွင် သွားရောက် လုပ်ကိုင် ကြသော နိုင်ငံသားများ။

(ဃ) နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် ပြည်ပသို့ သွားရောက်၍ စာပေ၊ လူမှုရေး ထူးချွန်ဆုငွေ / ချီးမြှင့်ငွေ လက်ခံရရှိခဲ့သော နိုင်ငံသားများ။

(င) ပြည်ပသို့သွားရောက်ခြင်းမရှိဘဲ၊ ပြည်ပမှမြန်မာနိုင်ငံ၊ နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ ပေးပို့သော နိုင်ငံခြားသုံးငွေ ရရှိကြသည့် မြန်မာနိုင်ငံသားများ။

(ဂ) တင်သွင်းလာသော မော်တော်ယာဉ်ကိုလွှဲပြောင်း ရောင်းချလိုပါက အချိန်ကန့်သတ်ချက်မထားဘဲ လွှဲပြောင်းရောင်းချခြင်းပြုလုပ်နိုင်ပါသည်။အမည် ပြောင်းခြင်းကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရပါမည်။

*



LENGTH

| cm | m | km | inch | fe |
|---|---|---|---|---|
| 1 | 0.0100 | – | 0.3937 | 0.03 |
| 100 | 1 | 0.0001 | 39,370 | 3.28 |
| 100000 | 1000.0 | 1 | 39370 | 328 |
| 2.5399 | 0·0254 | — | 1 | 0.08 |
| 30.479 | 0.3047 | — | 12.000 | 1 |
| 91.440 | 0.9144 | — | 36,000 | 3.0 |
| — | 1609.3 | 1609.3 | — | |

UARE MEASURE

| square n2 | square km2 | square inch | square feet | squ ya |
|---|---|---|---|---|
| | – | 1550.0 | 10.764 | 1.1 |
| — | 1 | — | — | |
| 006 | — | 1 | 0.0069 | 0.0 |
| 22 | — | 144.60 | 1 | 0.1 |
| 60 | — | 1296.0 | 9.0000 | |
| | 0.0100 | — | | |

# Tables of weights and Measures and Currency Exchange Rate

NGTH

| cm | m | km | inch | feet | yard | mile |
|---|---|---|---|---|---|---|
| 1 | 0.0100 | – | 0.3937 | 0.0328 | 0.0109 | — |
| 100 | 1 | 0.0001 | 39,370 | 3.2808 | 1:0936 | 0.0006 |
| 100000 | 1000.0 | 1 | 39370 | 3280.8 | 1093.6 | 0,6214 |
| 2.5399 | 0·0254 | — | 1 | 0.0833 | 0.0277 | — |
| 30.479 | 0.3047 | – | 12.000 | 1 | 0.333 | – |
| 91.440 | 0.9144 | — | 36,000 | 3.0000 | 1 | – |
| – | 1609.3 | 1609.3 | — | – | — | — |

UARE MEASURE

| square m2 | square km2 | square inch | square feet | square yard | hectare (—re) | acre |
|---|---|---|---|---|---|---|
| [illegible] | – | 1550.0 | 10.764 | 1.1960 | — | — |
| [illegible] | 1 | – | – | — | 100;00 | 247.11 |
| 9006 | — | 1 | 0.0069 | 0.0007 | — | – |
| 922 | – | 144.60 | 1 | 0.1111 | – | — |
| 60 | – | 1296.0 | 9.0000 | 1 | — | — |
|  | 0,0100 | — | — | – | 0.1 | 2.4711 |

VOLUME

| subic m3 | cubic inch | cubic Feet | cubic yard | litre | English gallon | American gallon |
|---|---|---|---|---|---|---|
| 1 | 61027 | 35.316 | 1-3080 | 1000.0 | 220.20 | 264.20 |
| — | 1 | 0.0005 | — | 0.0163 | 0.0035 | 0.0042 |
| 0.0283 | 1728.0 | 1 | 0,3703 | 283.10 | 62.338 | 74.869 |
| 0.7645 | 46656 | 27.000 | 1 | 764.52 | 168,34 | 202.17 |
| 0.0010 | 61.027 | 0.0353 | 0.0013 | 1 | 0,2202 | 0.2642 |
| — | — | 160.54 | 5.9460 | 4.5459 | 1 | 1.2010 |
| — | 228.61 | 0'1323 | 0.0049 | 3.7853 | 0,8327 | 1 |

WEIGHTS

| Kg | pound | ounce |
|---|---|---|
| 1 | 2.2046 | 35.270 |
| 0.4536 | 1 | 15,998 |
| 0.0283 | 0.0623 | 1 |

Currency Exchange at March 1989

# CLOTHING SIZES

**Women's Dresses and Suits**

| | | | | | | | |
|---|---|---|---|---|---|---|---|
| japanese | 9 | 11 | 13 | 15 | 17 | 19 | 21 |
| American | I0 | 12 | 14 | 16 | 18 | 20 | 22 |
| British | 32 | 34 | 36 | 38 | 40 | 42 | 44 |
| European | 38 | 40 | 42 | 44 | 46 | 48 | 50 |

**Men'a Suits, Overcoats and Sweaters**

| | | | | | | | |
|---|---|---|---|---|---|---|---|
| Japanese | S | | M | | L | | LL |
| American | 34 | 36 | 38 | 40 | 42 | 44 | 46 |
| British | 34 | 36 | 38 | 40 | 42 | 44 | 46 |
| Furopean | 44 | 46 | 48 | 50 | 52 | 54 | 56 |

**Shirts and Collars**

| | | | | | | | |
|---|---|---|---|---|---|---|---|
| Japanese | 36 | 37 | 38 | 39 | 40 | 41 | 42 |
| American | 14 | 14 1/2 | 15 | 15 1/2 | 16 | 16 1/2 | 17 |
| British | 14 | 14 1/2 | 15 | 15 1/2 | 16 | 16 1/2 | 17 |
| European | 36 | 37 | 38 | 39 | 40 | 41 | 42 |

Women's Shoes

| | | | | | | | |
|---|---|---|---|---|---|---|---|
| Japanese | 23 | 23 1/2 | 24 | 24 1/2 | 25 | 25 1/2 | 26 |
| American | 6 | 6 1/2 | 7 | 7 1/2 | 8 | 8 1/2 | 9 |
| British | 4 1/2 | 5 | 5 1/2 | 6 | 6 1/2 | 7 | 7 1/2 |
| European | 36 | 37 | 38 | 38 | 38 | 39 | 40 |

Men's Shoes

| | | | | | | | |
|---|---|---|---|---|---|---|---|
| Japanese | 24 1/2 | — | 26 | — | 27 1/2 | 28 | 29 |
| American | 5 1/2 | 6 1/2 | 7 1/2 | 8 1/2 | 9 1/2 | 10 1/2 | 11 1/2 |

**AVERAGE TEMPERATURES (C°), and Time**

**TEMPERATURE** GMT = Greenwich Mean Time

| City | Jan | Feb | Mar | Apr | May | Jun | July | Aug | Sept | Oct | Nov | Dec | GMT |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Yangon | 19 | 23 | 29 | 32 | 33 | 33 | 32 | 32 | 30 | 28 | 18 | 16 | +6 1/2 |
| Amsterdam | 3 | 3 | 5 | 9 | 14 | 15 | 17 | 18 | 16 | 11 | 7 | 4 | + 1 |
| Athens | 9 | 10 | 12 | 15 | 20 | 25 | 27 | 27 | 24 | 20 | 15 | 11 | + 2 |
| Auckland | 20 | 20 | 19 | 15 | 14 | 12 | 11 | 12 | 13 | 15 | 16 | 18 | +13 |
| Bangkok | 26 | 27 | 29 | 30 | 30 | 29 | 28 | 28 | 28 | 27 | 27 | 27 | + 7 |
| Beijing | −5 | −2 | −5 | 14 | 20 | 25 | 26 | 25 | 20 | 13 | 4 | −3 | + 8 |
| Brisbane | 28 | 25 | 24 | 21 | 18 | 16 | 15 | 16 | 21 | 23 | 23 | 25 | +11 |
| Brunei | 27 | 27 | 27 | 28 | 28 | 28 | 28 | 28 | 28 | 27 | 27 | 27 | + 8 |
| Cairo | 27 | 27 | 27 | 27 | 26 | 24 | 24 | 25 | 27 | 28 | 28 | 28 | +11 |
| Calcutta | 20 | 21 | 21 | 29 | 30 | 31 | 31 | 31 | 30 | 26 | 24 | 20 | +5 1/2 |
| Chiang Mai | 20 | 21 | 26 | 28 | 28 | 27 | 27 | 26 | 26 | 26 | 23 | 21 | + 7 |
| Christ Church | 22 | 22 | 20 | 17 | 14 | 11 | 10 | 10 | 10 | 15 | 18 | 21 | +13 |
| Colombo | 26 | 27 | 27 | 28 | 29 | 27 | 27 | 27 | 27 | 27 | 26 | 26 | +5 1/2 |
| Copenhagen | 2 | 2 | 2 | 7 | 12 | 15 | 18 | 17 | 13 | 9 | 4 | 1 | + 1 |
| Dallas | 7 | 10 | 13 | 19 | 24 | 28 | 30 | 30 | 26 | 20 | 13 | 10 | − 6 |
| Delhi | 14 | 15 | 20 | 20 | 30 | 30 | 31 | 81 | 30 | 26 | 24 | 20 | +5 1/2 |
| Dhaka | 19 | 23 | 27 | 28 | 28 | 29 | 29 | 30 | 28 | 27 | 24 | 23 | + 6 |
| Frankfurt | 1 | 3 | 6 | 10 | 14 | 18 | 16 | 13 | 15 | 9 | 5 | 2 | + 1 |
| Hong kong | 15 | 15 | 18 | 22 | 25 | 27 | 29 | 29 | 27 | 25 | 21 | 18 | + 8 |
| Jakata | 26 | 26 | 27 | 28 | 28 | 27 | 27 | 27 | 7 | 30 | 30 | 30 | + 7 |
| Karachi | 15 | 19 | 22 | 28 | 28 | 29 | 30 | 26 | 24 | 22 | 20 | 20 | + 5 |
| Kathmandu | 10 | 12 | 16 | 19 | 22 | 24 | 24 | 24 | 23 | 20 | 15 | 11 | +5 3/4 |
| Kuala Lumpur | 27 | 28 | 28 | 28 | 28 | 27 | 27 | 28 | 28 | 27 | 27 | 27 | + 8 |
| London | 5 | 5 | 7 | 9 | 12 | 16 | 18 | 17 | 15 | 11 | 7 | 5 | 0 |
| Madrid | 6 | 7 | 10 | 12 | 14 | 22 | 25 | 24 | 22 | 15 | 10 | 7 | + 1 |
| Manila | 26 | 26 | 28 | 29 | 29 | 29 | 28 | 28 | 28 | 27 | 27 | 26 | + 8 |
| Melbourne | 20 | 20 | 19 | 16 | 13 | 11 | 10 | 11 | 13 | 15 | 16 | 18 | +11 |
| Osaka | 3 | 4 | 7 | 13 | 17 | 21 | 25 | 25 | 23 | 20 | 11 | 6 | + 9 |
| Paris | 3 | 4 | 7 | 11 | 13 | 17 | 19 | 18 | 16 | 11 | 6 | 4 | + 1 |
| Penang | 27 | 28 | 28 | 28 | 28 | 28 | 28 | 27 | 27 | 27 | 27 | 27 | + 8 |
| Perth | 24 | 24 | 22 | 19 | 16 | 14 | 13 | 14 | 15 | 16 | 20 | 22 | + 9 |
| Riyadh | 14 | 16 | 20 | 25 | 30 | 33 | 24 | 33 | 30 | 25 | 21 | 19 | + 3 |
| Rome | 8 | 9 | 11 | 14 | 18 | 22 | 25 | 25 | 22 | 18 | 13 | 9 | + 1 |
| Seoul | 4 | 0 | 3 | 11 | 15 | 20 | 24 | 25 | 20 | 13 | 7 | 0 | + 9 |
| Singapore | 27 | 27 | 27 | 27 | 28 | 28 | 28 | 28 | 28 | 27 | 27 | 27 | + 8 |
| Sydney | 22 | 22 | 21 | 19 | 15 | 13 | 12 | 13 | 15 | 18 | 20 | 21 | +11 |
| Taipei | 15 | 19 | 21 | 21 | 30 | 30 | 28 | 31 | 30 | 23 | 23 | 23 | +8 |
| Tokyo | 3 | 4 | 7 | 13 | 17 | 21 | 20 | 26 | 23 | 17 | 11 | 6 | +9 |
| Toronto | −3 | −4 | 0 | 7 | 13 | 19 | 22 | 22 | 17 | 11 | 6 | 1 | −5 |
| [illegible] | 0 | 3 | 5 | 9 | 14 | 16 | 18 | 16 | 12 | 9 | 4 | 1 | +1 |

(How Duty Free Prices Compare in US Dollars)
(Currency Conversions from Reuter quotations on Sept 18, 1989)
(NA = Answer not available)

| Spirits | Abu Dhabi | Bangkok | Dabai | Hongkong | Sinpo | Taipei | Tok |
|---|---|---|---|---|---|---|---|
| Ballantiness (1 liter) | 10.89 | 9.54 | 5.55 | 9.96 | 5.01 | NA | NA |
| Johnie Walker *Black Label* (1 liter) | 11.44 | 17.49 | 11.60 | 11.80 | 10.67 | 8·65 | 15.67 |
| Camus V SOP | 19.07 | NA | 15,27 | NA | NA | NA | NA |
| Martell (1 liter) | 16.38 | 26.03 | NA | 16.39 | 14.07 | 14.35 | 28.62 |
| Metaxa (1 liter) | 20.43 | NA | NA | NA | NA | NA | NA |
| Metaxa (1 liter) | N A | NA | NA | NA | N A | NA | NA |
| Beefeater (1 liter) | 4.63 | 7.55 | 4.72 | 6.39 | 4.36 | 4.77 | 10.22 |
| Absolut (1 liter) | NA | NA | NA | NA | NA | NA | NA |
| Finlandia ( " ) | 4.63 | NA | NA | NA | 4,20 | NA | NA |
| Stolichanaya (1 liter) | 4.40 | NA | NA | 7.09 | 3.39 | NA | NA |
| Grand Marnier (1 liter) | 8.71 | 16.69 | 11.11 | 11.88 | 10.03 | 11.49 | 19.08 |
| Tio Pepe (1 liter) | 10.89 | NA | NA | NA | 8.72 | NA | NA |
| **Cigarettes** | | | | | | | |
| Camel Filter (200) | 6.53 | NA | 6.38 | 5.08 | 4.36 | NA | NA |
| Dunhill International (200) | 6,81 | NA | 6.94 | 6.39 | 4,92 | 8·95 | 11.58 |
| *Kent* King Size(200) | 6.53 | NA | 6.38 | 5,08 | 4·36 | 7.41 | 8.17 |
| Malboro King ( " ) | 6.53 | NA | 6.57 | 5.40 | 4,36 | 7.41 | 10.22 |
| Rothmans King ( " ) | 6.26 | NA | 6.38 | 5.73 | 3.72 | 6.89 | 9.54 |
| **Perfumes** | | | | | | | |
| Amauage (50 ml) | 107.62 | NA | 129,16 | NA | NA | NA | NA |
| Amouage ( " ) | 94,00 | NA | NA | NA | NA | NA | 46.33 |
| Channel No. 5 | 23.79 | NA | 31.94 | NA | NA | NA | 23.85 |
| Christian Dior Poison (50 ml) | 27.24 | NA | 27.77 | NA | NA | NA | 47.70 |
| **Other** | | | | | | | |
| Porsche Sunglasses | 143.05 | NA | 94.44 | NA | NA | NA | NA |
| Longines Watches | 713.80 | NA | 181.94 | NA | NA | NA | NA |